စာ အုပ် အ မှတ် - ၂၄

လူငယ်စာစဉ် ၁၁

# မိန်းမတစ်ခွန်း လူရည်မွန်

အောင်သင်း
ခင်ဆွေဦး
သင့်နော်
လက်ာရည်ကျော်
ခင်လန်းဆန်း
မနွယ်(ကလော)
မောင်ခိုင်တည်
သကျနွယ်(ရွှေပင်လယ်)
မြမြစန်း
(ရန်ကုန်တက္ကသိုလ်)

မောင်ခင်မင်(ဓနုဖြူ)
ခင်စောတင့်
မောင်သိန်းလွင်
ယဉ်ယဉ်နု(မန္တလေး)
ဦးဘုန်း(ဓာတု)
ရွှေစကား
မင်းချမ်းမွန်
လန်ထောင်စပ်စုလေး
မေငွန်အေး

ဒေါက်တာခင်မောင်ညို
မြနှောင်းညို
ကျော်ရင်မြင့်
ဒေါက်တာမြင့်သန်း
နှင်းဆီအောင် (ညောင်လေးပင်)
တက္ကသိုလ်အေးမြစန္ဒာ
တင်နိုင်တိုး
အောင်ပြည့်လင်း(ALO)
မြင့်မြင့်ကြည်
ခင်စိမ်းရွက်

လူငယ်အကျိုးပြုစာပေစုစည်းမှု

■

တကယ်တော့
လယ်တောနဲ့စက်ရုံထဲက မိန်းမသူတွေ
အမြင်ကျယ်အသိမြင့်မားစေဖို့
ကျမတို့တာဝန်ယူရမယ်လေ။

လိုအပ်သမျှဖြည့်ဆည်း
ပြေးထူကြ ဖေးကူမရင်း
လမ်းဘေးရောက်ဈေးသည်ကလေးနဲ့
စားဖို့ဆောင်ကမိန်းမမကျန်
ကျမတို့ ယုံကြည်ပေါင်းစည်း
စိတ်ဓာတ်ချင်းနီးကြရင်
စုစည်းမှုအင်အားအဖြစ်
ပြည်သူရဲ့သမီးများအစစ်ပေါ့ရှင်။

**ခင်လန်းဆန်း**

(ကျမတို့သည် မိန်းမများဖြစ်ကြသည်)

အသစ်စက်စက် ဆောင်းပါး (၂၈) ပုဒ် ပါဝင်သည်။

**စီစဉ်ဖန်တီး** – **ရွှေစကား (စာပေခရီးသွားများ)**

ထုတ်ဝေသူ – ဒေါ်ခင်မို့မို့နီ (၀၄၉၄၈)
စာပေခရီးသွားများစာအုပ်တိုက်
အမှတ်–၀၀၁၊ တိုက်(C)၊ ကန်ရိပ်မွန်အိမ်ရာ၊
ကန်လမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။

စာအုပ်အတွင်းအပြင်အဆင် – စာပေခရီးသွားများ

အတွင်းဖလင် – AZ

ပုံနှိပ်ခြင်း – ပထမအကြိမ်၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ

အုပ်ရေ – ၁၀၀၀

အတွင်းပုံနှိပ် – ဦးဝင်းလွင် (၀၅၃၆၆–မြဲ)
ရွှေဟင်္သာစာပေ
အမှတ်–၃၁၊ ဦးရွှေဂွန်းလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးဒီဇိုင်း – စာပေခရီးသွားများ

မျက်နှာဖုံးပုံနှိပ် – STARS

စာအုပ်ချုပ် – ကိုမြင့်

ဖြန့်ချိရေး – **စာပေခရီးသွားများ**
ဖုန်း – ၀၉ ၅၄၀၃၃၆၉၊ ၀၉ ၅၄၁၅၃၀၉
Email: literarytravellers@gmail.com

တန်ဖိုး – ၃၃၀၀ ကျပ်

စာရေးဆရာများ
မိန်းမတံခွန် လူရည်မွန်/စာရေးဆရာများ
––– ရန်ကုန်၊ စာပေခရီးသွားများ၊ ပထမအကြိမ်၊ ၂၀၁၄။
– စာ ၂၈၈ ၊ အလျား – ၁၃.၅ စင်တီမီတာ x အနံ – ၂၁ စင်တီမီတာ။
(၁) မိန်းမတံခွန် လူရည်မွန်

လှုငယ်စာစဉ် – ၁၁ ၊ စာအုပ်အမှတ် – ၂၄

# မိန်းမတာံခွန် လူရည်မွန်

လှူငယ်အကျိုးပြုစာပေစုစည်းမှု

**စာလေ**

စာရေးဆရာများ

စာပေခရီးသွားများ စာအုပ်တိုက်

အမှတ်– ၀၀၁၊ တိုက်(C)၊ ကန်ရိပ်မွန်အိမ်ရာ၊ (၁၀)ရပ်ကွက်၊
ကန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၀၉ ၅၄၀၃၃၆၉၊ ၀၉ ၅၄၁၅၃၀၉

**Email:** literarytravellers@gmail.com

**Facebook:** https://www.facebook.com/literarytravellers

# မာတိကာ


| | | |
|---|---|---|
| ၁။ အောင်သင်း | မိန်းမတံခွန် လူရည်ချွန် | ၉ |
| ၂။ မောင်ခင်မင်(ဓနုဖြူ) | ကောင်းမြတ်သော အစဉ်အလာ ၂ ရပ် | ၁၅ |
| ၃။ ဒေါက်တာခင်မောင်ညို | ပုခက်လွှဲသောလက် | ၂၃ |
| ၄။ ခင်ဆွေဦး | ဣတ္ထိယမိန်းမတို့အစွမ်း | ၃၁ |
| ၅။ လက်ျာရည်ကျော် | ဒေါက်တာဟယ်လင်တောဆစ် အကြောင်း | ၃၇ |
| ၆။ ခင်စောတင့် | ရှေ့သို့သာချီ | ၄၇ |
| ၇။ သင့်နော် | ဂန္ထဝင်အမျိုးသားပြယုဂ်၏ ပကတိတန်ဖိုး | ၅၃ |
| ၈။ မြနှောင်းညို | လူထုမိခင်များ | ၅၉ |
| ၉။ မောင်ခိုင်တည် | ပဏ္ဍုကမ္ဗလာပန်းပွင့် | ၇၁ |
| ၁၀။ ဒေါက်တာမြင့်သန်း (ညောင်လေးပင်) | Mother Daw Khin Kyi သမီးကောင်းမိခင် ဒေါ်ခင်ကြည် | ၉၉ |
| ၁၁။ ခင်လန်းဆန်း | ကျမတို့သည် မိန်းမများဖြစ်ကြသည် | ၁၀၅ |
| ၁၂။ ကျော်ရင်မြင့် | ဘာဘာရာ ကော်ကိုရန် | ၁၁၁ |
| ၁၃။ မောင်သိန်းလွင် | မေတ္တာ စေတနာ ကရုဏာရှင် | ၁၂၁ |
| ၁၄။ နှင်းဆီအောင် | ကမ္ဘာပေါ်မှာထွန်းကားတဲ့ မန္တလေးက အာရှကြယ် | ၁၃၃ |
| ၁၅။ သကျနွယ်(ရွှေပင်လယ်) | မိန်းမသားတို့ဘဝခွင့်တူညီမျှရကြ ပါစေ | ၁၄၅ |
| ၁၆။ လန်ထောင်စပ်စုလေး | နိုင်ငံရေးသမားလင်သားမတော်လိုပြီ | ၁၅၃ |
| ၁၇။ ယဉ်ယဉ်နု(မန္တလေး) | အညတြစွမ်းအားရှင် | ၁၆၇ |

| | | |
|---|---|---|
| ၁၈။ ဦးဘုန်း(ဓာတု) | သော့ခလောက် သီအိုရီ | ၁၇၅ |
| ၁၉။ မနွယ်(ကလော) | မြန်မာမိခင် ပါရမီရှင် | ၁၈၅ |
| ၂၀။ တင်နိုင်တိုး | နရပတေ့မင်း၏ မိဖုရားဖွားစော | ၁၉၅ |
| ၂၁။ တက္ကသိုလ်အေးမြစန္ဒာ | တိမ်ဘုံဖျားမှ လ,ကို ဆွတ်မှာလား | ၂၀၁ |
| ၂၂။ မင်းချမ်းမွန် | ရုံမတင်တဲ့ ရုပ်ရှင် | ၂၀၉ |
| ၂၃။ မြမြစန်း(ရန်ကုန်တက္ကသိုလ်) | ထက်မြက်ထူးချွန် မိန်းမတံခွန် | ၂၁၉ |
| ၂၄။ မေဇွန်အေး | သူက သိန်းစွန်ငှက်လိုပျံတယ်<br>ကျွန်မက လင်းယုန်ငှက်လိုပျံတယ် | ၂၃၇ |
| ၂၅။ မြင့်မြင့်ကြည် | အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ | ၂၄၇ |
| ၂၆။ အောင်ပြည့်လင်း (ALO) | အုပ်ချုပ်ရေးမှူးရုံးအား လွှမ်းမိုး<br>ချုပ်ကိုင်လာသော အိန္ဒိယအမျိုးသမီးများ | ၂၇၃ |
| ၂၇။ ခင်စိမ်းရွက် | မိန်းမတံခွန် | ၂၅၇ |
| ၂၈။ ရွှေစကား | မိန်းမတံခွန်လူရည်မွန် | ၂၇၉ |


++++++++++++++++

# ရည်ညွှန်းစကား

'မြင့်မြင့်မားမား ခေါင်ထက်ဖျားမှာ

ကြွားဝင့်လူလူ တံခွန်ထူ' ဟု တင်စားလိုကြသည်ဟု ထင်မြင်မိပါသည်။ တံခွန်တိုင်ဟူသည် မြတ်ဗုဒ္ဓအား ရည်မှန်း၍တည်ထားကိုးကွယ်သော စေတီပုထိုးတို့၏ အနီးအနားတွင် အထွတ်အမြတ်ထားသော မြင့်မားထိုးထွက်၍ မိုးစွန်ယံထိမလောက် တလူလူထူထားသည့် မြင့်မြင့်မတ်စွင့်တိုင်လုံးကို ခေါ်ဆိုသည်မဟုတ်ပါလား။

သာမန်ထက်သာလွန်သူ၊ ထူးချွန်ထက်မြက်သူ၊ ထို့ထက်ပို၍ လူသားအကျိုး၊ သတ္တဝါအကျိုး၊ အများအကျိုး သယ်ပိုးရွက်ဆောင်သူ၊ လူ့နှလုံးသား အပြည့်အဝရှိသူ 'လူသားမိန်းမများ' ကို 'မိန်းမတံခွန်' ဟူ၍ ခေါ်ဆိုတင်စားခဲ့ကြသည်။ လောကတွင် လူသားမိန်းမရှိနေသမျှ မိန်းမတံခွန်သည်လည်း ပေါ်ထွက်နေမှာပင်။ မိန်းမဟူသည် နူးညံ့သိမ်မွေ့လှသော နှလုံးအိမ်ကို ပိုင်ဆိုင်ထားကြသူများဖြစ်သည့်အပြင် မိခင်ဟူသော မြင့်မြတ်လှသည့် ဘဝတစ်ခုကိုလည်း ပိုင်ဆိုင်ထားကြပြန်သည်။ မိခင်တစ်ယောက်၏ကဏ္ဍသည် မိသားစုအတွင်းတွင် အဘယ်မျှ အရေးပါအရာရောက်ကြောင်းကို အထူးဖော်ပြရန်ပင် မလိုအပ်တော့ပါ။

'အမိမဲ့သား ရေနည်းငါး' ဟူသော စကားရပ်သည် မိခင်ဟူသော မိန်းမတစ်ယောက်၏ ရပ်တည်ရာကို သိသာလောက်ပါပြီ။

တော်လေးဝဝင် အမရာသတို့သမီး၏ ဉာဏ်ပညာစွမ်းက မိန်းမတစ်ယောက်၏ ဦးနှောက်အသိကို ချပြသကဲ့သို့ သစ္စာရှိဖြောင့်မတ်မှန်ကန်သော မိန်းမတစ်ယောက်၏ နှလုံးသားကိုလည်း ဖွင့်ဟနိုင်စွမ်းရှိခဲ့သည်ဟု ဆိုလျှင် လွန်အံ့မထင်ပါ။

ကောက်ကျစ်စဉ်းလဲ ဉာဏ်ပညာနည်းပါးလှသော အမတ်ကြီး ၄ ဦး၏ ယုတ်မာလှည့်ဖျားမှုများကို အကွက်ကျကျ ချက်ပိုင်ပိုင် ဖြေရှင်းပြလိုက်သော အမရာသတို့သမီး၏ ပညာနှင့် သတ္တိက ထင်ရှားသော သာဓကပင်။

စာပေခရီးသွားများ၏ အစဉ်အလာအတိုင်းပင် ယခုတစ်ပုတ် 'မိန်းမတံခွန် လူရည်မွန်' ဟူသည့် ခေါင်းစဉ်ဖြင့် လူငယ်စာစဉ်အမှတ်စဉ်-၁၁ ကို စာဖတ်ပရိသတ်လက်ဝယ်သို့ ပို့ဆောင်လိုက်နိုင်ပါပြီ။ စီစဉ်ထုတ်လုပ်သူ၏ ကျန်းမာရေးအခြေအနေကြောင့် လူငယ်စာစဉ် အနည်းငယ်အဆက်ပြတ်သွားရသဖြင့်လည်း စာပေမြတ်နိုးသူ ပရိသတ်အပေါင်းကို အနူးအညွတ်တောင်းပန်အပ်ပါသည်။ ယခု ကျန်းမာရေးပြန်လည်ကောင်းမွန်ပြီဖြစ်ပါ၍ ဆက်လက်၍ အဆက်မပြတ် စီစဉ်သွားမည်ဖြစ်ပါကြောင်းကိုလည်း သတင်းကောင်းပါးအပ်ပါသည်။

ယခုအထိ ထွက်ရှိပြီးသော လူငယ်စာစဉ်များမှာ-

၁။ 'ကိုယ်ပိုင်လား အငှားလား ကိုယ်တိုင်တည်ဆောက်ယူမှာလား' (စာရေးဆရာများ)
၂။ 'ကိုယ်တိုင်တည်ဆောက်သူများ' (စာရေးဆရာများ)
၃။ 'ကိုယ်တိုင်တည်ဆောက်သူရဲ့ခရီးလည်ပြန်' (စာရေးဆရာများ)
၄။ 'သမီးလေးတို့အရေး ဝိုင်းဝန်းတွေးဆပေးကြပါ' (စာရေးဆရာများ)
၅။ 'ရောက်တဲ့နေရာမှာရပ်နေမှာလား' (စာရေးဆရာများ)
၆။ 'ကွေ့' (စာရေးဆရာများ)
၇။ 'ကိုယ်ပိုင်လား အငှားလား ကိုယ်တိုင်တည်ဆောက်ယူမှာလား' (ဒုတိယတွဲ) (စာရေးဆရာများ)
၈။ 'ကိုယ့်ကိုယ်ကိုယ်ပြဋ္ဌာန်းပါ' (စာရေးဆရာများ)
၉။ 'ယောကျ်ားတံခွန်လူရည်ချွန်' (စာရေးဆရာများ)
၁၀။ 'မင်းအချိန်ကို မင်းပိုင်တယ်' (စာရေးဆရာများ)
၁၁။ (ယခု) 'မိန်းမတံခွန်လူရည်မွန်' (စာရေးဆရာများ)
၁၂။ 'မှသားဆိုလျှင် ရယ်ဖွယ်မျှပင်မပြောလေနှင့်' (ခင်လန်းဆန်း) (သမီးချစ်ကလေးတို့အတွက် တွေးမြင်ခံစားသုတရသစာစုများ)

စသည့် စာစဉ်များအထိ ထုတ်ဝေပြီးဖြစ်ပါသည်။

ဆက်လက်၍ လူငယ်စာစဉ်များဖြစ်ကြသော အမှတ်စဉ်-

၁၃။ ခင်လန်းဆန်း - 'ချစ်ညီမလေးသို့' (အားဖြည့်စာများ)

၁၄။ စာရေးဆရာများ - 'တာဝန်သိစိတ် တာဝန်ယူစိတ်'

၁၅။ စာရေးဆရာများ - 'လူဆိုသည်မှာ'

၁၆။ ခင်လန်းဆန်း - 'သမီးချစ်ကလေးတို့အတွက် -၂'

၁၇။ စာရေးဆရာများ - 'ပညာအသိ'

၁၈။ စာရေးဆရာများ - 'ကိုယ်ကျင့်နဲ့သိက္ခာ'

၁၉။ ရွှေစကား - 'ရွှေစကားစာစုများ'

စသည့် လူငယ်စာစဉ်များကို စဉ်ဆက်မပြတ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

စာပေခရီးသွားများ၏ လှုံ့လပြုမှု၊ ကြိုးပမ်းအားထုတ်မှုများကို စောင့်မျှော်အားပေးဖတ်ရှုကြသော စာဖတ်ပရိသတ်အပေါင်းအတွက် ဆက်လက် ဆက်လက်၍ ထူးခြားကောင်းမွန်သော စာစဉ်များကို အဆက်မပြတ် စီစဉ်ပေးပို့သွားမည်ဖြစ်ပါကြောင်းကိုလည်း ထပ်လောင်းဖော်ပြအပ်ပါသည်။

ဖတ်ရှုဆင့်ပွား၍ ကောင်းကျိုးတရားပွားများနိုင်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။ ထို့ပြင် ထက်မြက်ထူးချွန်၍ နှလုံးသားမြင့်မြတ်လှသော 'မိန်းမတံခွန်'များလည်း ဆထက်တိုး၍ ပေါ်ထွက်လာနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

**စီစဉ်သူ**
**ရွှေစကား**

သိပ္ပံပညာရပ်ကြောင့် ခေတ်ကြီးက
အကြီးအကျယ် ပြောင်းလဲသွားစေကာမူ
ကာယဗလပြိုင်သောခေတ်မဟုတ်။
ကျား၊ မ မဟူ ဦးနှောက်ချင်းပြိုင်သောခေတ်ကြီးသို့
ရောက်နေပြီမဟုတ်ပါလား။

# မိန်းမတံခွန် လူရည်ချွန်

## အောင်သင်း

"ယောကျ်ားတံခွန်၊ လူရည်ချွန်က၊ မိုးစွန်တမွတ်၊ ကြယ်ကိုဆွတ်လည်း၊ မလွတ်စတမ်း၊ ရမြဲလမ်းတည့်" ဟူသော စကားမှာ ကျွန်တော်တို့ ကလေးဘဝက အားတက်စေခဲ့သော ဆောင်ပုဒ်တစ်ခု ဖြစ်ပါသည်။ 'ယောကျ်ားတံခွန်၊ လူရည်ချွန်က' ဟူသော စကားကို ကျွန်တော်တို့ ယောကျ်ားလေးတွေ၏ လက်သုံးစကား ဖြစ်ခဲ့ဖူးသည်။ ယနေ့ လူတိုင်းသိမီ သုံးစွဲနေကြသော 'လူရည်ချွန်' ဟူသော စကားမှာ ထိုဆောင်ပုဒ်မှ ယူထားသော ဝေါဟာရဖြစ်သည်ဟု ကျွန်တော် ယူဆမိပါသည်။ ထိုစဉ်ကာလက 'မိန်းမတံခွန်၊ လူရည်ချွန်က' ဟူသော စကားကို သုံးလိုက်လျှင် ဟာသပြက်လုံးတစ်ခုသဖွယ် ရယ်မောကြတတ်ပါသည်။ ရယ်စရာဟု သဘောထားလိုက်ကြပါသည်။

ယခုသော်ကား ရယ်စရာ မဟုတ်တော့ပေ။ ရယ်စရာမဟုတ်ဘဲ တကယ်ဖြစ်လာသော လောကကြီးကို ပက်ပင်းကြုံကြရလေသည်။ ယောကျ်ားဟူသည်ကား ဖို၊ မ သဘာဝအတိုင်း မိန်းမတို့ထက် ခွန်အားဗလ ပိုမိုကြွံခိုင်သည်။ သန်မာသည်။ တစ်နည်းအားဖြင့်ဆိုလျှင် မိန်းမတို့

ထက် အရပ်အမောင်း ခွန်အားဗလ ပိုမိုတောင့်တင်း သန်မာသည်။

ယခုမူကား သိပ္ပံပညာ၏ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာသော ခေတ်ကြီးသည်လည်း ပြောင်းလဲလာခဲ့ပေပြီ။ လောကကြီးသည်လည်း ပြောင်းလဲခဲ့ပေပြီ။ မသိမသာ ပြောင်းလဲခြင်း မဟုတ်။ သိသိသာသာကြီး ပြောင်းလဲလာခဲ့သည်။

ရှေးခေတ်ကမူကား ကာယဗလခွန်အားကို အသုံးပြု၍ ပြိုင်ဆိုင်အနိုင်ယူတတ်ကြသည်။ ရှေးခေတ်သော်ကား ကာယဗလချင်း ပြိုင်ကြရသည်။ ယခုခေတ်ကား ဉာဏဗလ ပြိုင်ကြရသည်။ တစ်နည်းအားဖြင့် ကိုယ်ခန္ဓာစွမ်းရည်ထက် ဦးနှောက်စွမ်းရည်ချင်း ပြိုင်ကြရသည်။ ထို့ကြောင့် ကမ္ဘာကြီးတစ်ခုလုံးတွင် ဦးနှောက်စွမ်းရည် ထက်မြက်သော တိုင်းပြည်က တစ်နည်းအားဖြင့် ဆိုရသော် ပညာထက်မြက်သော တိုင်းပြည်က ပညာနည်းသော တိုင်းပြည်များကို လွှမ်းမိုးသွားခြင်း ဖြစ်ပေတော့သည်။

ရှေးခေတ် ဗလအားကိုးနှင့် ဓားခုတ်၊ လှံထိုး၊ စစ်ထိုးစဉ်ကာလက မူကား ကာယဗလ ထူးချွန်သန်မာသော စစ်တပ်က စစ်အောင်နိုင်မြဲ ဖြစ်ခဲ့ပါလိမ့်မည်။ ယခုခေတ်တွင်မူကား ဦးနှောက်ဖွံ့ဖြိုးသူ ကျား၊ မ မဟူ ပညာရှင်များက သိပ္ပံခန်းမထဲမှ စစ်ထိုးနေကြလေ့ရှိသည်။ ယနေ့ နောက်ဆုံးခေတ်ပေါ် အဏုမြူနျူကလီးယားဆိုသည့် လက်နက်များကို ကာယဗလစွမ်းရည်ထက်မြက်သောသူများက တီထွင်ခဲ့ခြင်းမဟုတ်။ ဉာဏဗလဖွံ့ဖြိုးသူ ပညာရေးခေါင်းဆောင်များက တီထွင်ခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ ပညာရေးထက်မြက်သောသူများသည် ခွန်းအားဗလကောင်းသော ယောကျ်ားကြီးတွေ ဖြစ်ချင်မှဖြစ်မည်။ ဦးနှောက်ဖွံ့ဖြိုးမှုတွင် တံခွန်ထူသော အမျိုးသမီးတွေ ဖြစ်နေကြသည်ကို မကြာခဏ တွေ့နေကြရသည်။

ကျွန်တော်တို့ မြန်မာပြည်တွင်လည်း "မိန်းမတံခွန်၊ လူရည်မွန်" များ ထွက်ပေါ်စပြုလာနေပြီဖြစ်ကြောင်း သတိပြုမိဖွယ်ရာ ဖြစ်ပါသည်။

အလွတ်ပညာသင်ကျောင်းများနှင့် ကျူရှင်များ ကြော်ငြာရာတွင်

ဂုဏ်ထူးရ ဘာသာစုံဂုဏ်ထူးရ စာရင်းများ၊ ဓာတ်ပုံများကို ကြည့်လိုက်လျှင် ကျောင်းသူ မိန်းမကလေးများ ဖြစ်နေကြသည်ကို တွေ့ကြပါလိမ့်မည်။ ဤသည်မှာ 'မိန်းမတံခွန် လူရည်မွန်' များ ထွက်ပေါ်လာတော့မည့် နိမိတ်လက္ခဏာများ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ သို့သော် ပညာဆိုသည်မှာ မှတ်ဉာဏ်ကောင်းခြင်း မဟုတ်။ မိမိ မှတ်မိသမျှ သဘောတရားကို အခြေခံ၍ ထိုးထွင်းတွေးတောနိုင်ခြင်းသာလျှင် ပညာဖြစ်ပေသည်။ အကျိုးကိုတွေ့လျှင် အကြောင်းကိုရှာတတ်ခြင်း၊ အကြောင်းကိုတွေ့လျှင် အကျိုးရှာတတ်ခြင်း၊ တစ်နည်းအားဖြင့် ကျိုးကြောင်းဆက်စပ် တွေးတောတတ်ခြင်းသည် ပင်လျှင် ပညာ၏စွမ်းအင် ဖြစ်ပါသည်။ ထို့ကြောင့် ကြောင်းကျိုးဆင်ခြင်စူးစမ်းတွေးတောတတ်ခြင်း ကင်းမဲ့နေပါသေးလျှင် ပညာတတ်သည်ဟု မဆိုသာတော့ပါ။

သည်ကဲ့သို့ဆိုတော့ 'အရှေ့ အနောက်သိစေရန်၊ တို့အိမ်လိုက်ခဲ့' ဆိုတာမျိုး ဖြစ်နေပြီပေါ့။ ကိုယ့်အိမ်မှာဆိုလျှင်တော့ အရှေ့အနောက်ကို ကောင်းကောင်းခွဲခြား ပြောနိုင်သည်။ ဘုရားစင်ရှိတဲ့ဘက်က အရှေ့၊ မီးဖိုချောင်ဘက်က အနောက်၊ လှူဝင်ပေါက်က မြောက်၊ အိမ်ခန်းက တောင်ဘက် ဤကဲ့သို့ ပြောနိုင်သည်။ သို့သော် အိမ်ပြင်ရောက်လျှင်တော့ အရှေ့ အနောက် တောင်မြောက် မပြောတတ်တော့ပြီ။

ကျွန်တော်တို့ မှီခဲ့သမျှ ရှေးခေတ်က စာမေးပွဲမေးခွန်းများတွင် 'မဖြေမနေရ' ဟူသော ဉာဏ်စမ်းပုစ္ဆာတစ်ခုတော့ ပါလာလေ့ရှိပါသည်။ ထိုဉာဏ်စမ်းပုစ္ဆာကို မဖြေတတ်လျှင် ဂုဏ်ထူးထွက်ဖို့အတွက် မမျှော်မှန်းနိုင်တော့ပါ။ အထူးသဖြင့် သင်္ချာပုစ္ဆာများတွင် 'မဖြေမနေရ' ဉာဏ်စမ်းပုစ္ဆာများ ပါလာလေ့ရှိတတ်ပါသည်။ ပြဋ္ဌာန်းစာအုပ်တွင် ပါသော အမေး၊ အဖြေများကို ညက်ညက်ကြေအောင် လေ့ကျင့်မှတ်သားထားရုံနှင့် ထိုဘာသာရပ်ကို ဂုဏ်ထူးထွက်လိမ့်မည် မဟုတ်ပါ။

ဆိုလိုသည်က ပညာဆိုသည်မှာ အကြောင်းကိုတွေ့လျှင် အကျိုး၊

အကျိုးကိုတွေ့လျှင် အကြောင်းရင်းကို စူးစမ်းလေ့လာတတ်ခြင်းဖြစ်ရာ ထို ကဲ့သို့ ကြောင်းကျိုးဆက်စပ်ကာ လေ့လာတတ်သော အလေ့အထ (ဝါ) ပညာစစ်စစ်ကို ရသွားပါပြီလောဟု စစ်မေးခြင်းသာဖြစ်သည်။

ယခုအခါ ကိုယ်ပိုင်ကျောင်းတွေ၊ ကျူရှင်ကျောင်းတွေ ဒလဟော ပေါ်ပေါက်လာသည်ကို အားလုံး အသိပင် ဖြစ်ပါသည်။ ထိုကျောင်းတွေ က ပညာစစ်စစ်ကိုရအောင် ကျောင်းသားများအား သင်ပေးနိုင်ပြီလော။ စောင့်ကြည့်ရုံသာ ရှိပါတော့သည်။ သင်ရိုးညွှန်းတမ်းပါ ပြဋ္ဌာန်းချက်များ ကို ညက်ညက်ကြေအောင် သင်ပေးရုံမျှသာ ဆိုလျှင်တော့ 'မိန်းမတံခွန်၊ လူရည်မွန်' ထွက်လာဖို့ ဝေးစွ။ 'ယောကျ်ားတံခွန်၊ လူရည်ချွန်' များပင် ထွက်လာဖို့ ခဲယဉ်းလိမ့်မည်မဟုတ်ပါလား။

သိပ္ပံပညာရပ်ကြောင့် ခေတ်ကြီးက အကြီးအကျယ် ပြောင်းလဲသွား စေကာမူ ကာယဗလပြိုင်သောခေတ်မဟုတ်။ ကျား၊ မ မဟူ ဦးနှောက် ချင်း ပြိုင်သောခေတ်ကြီးသို့ ရောက်နေပြီမဟုတ်ပါလား။

အောင်သင်း

ဒေါ်ဦးဖွန်း (ဘွားဦးဖွန်း) သည်လည်းကောင်း၊
ဒေါ်မိန်းကလေးသည်လည်းကောင်း
ကောင်းမြတ်သော အစဉ်အလာ နှစ်ရပ်ကို
စတင်ထူထောင်သော ရှေ့ဆောင်လမ်းပြ
မီးရှူးတန်ဆောင်များ ဖြစ်ကြသည်။

# ကောင်းမြတ်သော အစဉ်အလာ ၂ ရပ်

## မောင်ခင်မင်(ဓနုဖြူ)

အောင်လံတံခွန် တလူလူ တလွင့်လွင့် မြင့်မြင့်မားမား ရှိသကဲ့သို့ အလေးအမြတ်ပြုအပ်သော ဂုဏ်ရည်များဖြင့် ထင်ထင်ရှားရှားရှိသည့် ပုဂ္ဂိုလ်ကို တံခွန်ဖြင့် တင်စားလေ့ရှိသည်။ ထိုသို့သော ဂုဏ်ရည်များဖြင့် ပြောစမှတ်ပြုအပ်သော အမျိုးသမီးများကို 'မိန်းမတံခွန် လူရည်မွန်'ဟု တင်စားနိုင်ပါသည်။ မြန်မာ့လူအဖွဲ့အစည်းတွင် သံဃာတော်များကိုပင် စာဝါပို့ချရသည်အထိ ပညာကြီးသော ထက်မြက်သော 'သံပျင်မင်းသမီး' ကဲ့သို့သော ပုဂ္ဂိုလ်မျိုးမှသည် မျက်မှောက်ခေတ် မြန်မာ့အမျိုးသားခေါင်းဆောင်၊ ငြိမ်းချမ်းရေး နိုဗယ်ဆုရှင် 'ဒေါ်အောင်ဆန်းစုကြည်' ကဲ့သို့သော ပုဂ္ဂိုလ်မျိုးအထိ မြန်မာ့အကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်သော မိန်းမတံခွန် လူရည်မွန်များ၏ ဂုဏ်ရည်ကို ခေတ်အဆက်ဆက် ဖော်ထုတ်ခဲ့ကြသည်။ နောင်တွင်လည်း ဆက်လက် ဖော်ထုတ်ကြပါလိမ့်ဦးမည်။

စာပေခရီးသွားများ

မြန်မာ့လူ့အဖွဲ့အစည်းတွင် ယခင်က အစဉ်အလာမရှိသေးသော လူမှုရေး ဆောင်ရွက်မှုမျိုးကို အမြော်အမြင်ကြီးမားစွာ ဆောင်ရွက်ခြင်းဖြင့် အစဉ်အလာကောင်းများကို နောင်လာနောက်သားများအား အမွေပေးခဲ့သော မြန်မာအမျိုးသမီးကြီးနှစ်ယောက်၏ စွမ်းဆောင်မှုများကို ဆင်ခြင်နှလုံးသွင်းမိပါသည်။ ထိုအမျိုးသမီးကြီးနှစ်ယောက်ကား ဘိုးဘွားရိပ်သာကို စတင်တည်ထောင်သော ဒေါ်ဦးဇွန်း(ဘွားဦးဇွန်း)နှင့် ဒေါ်မိန်းကလေး စာကြည့်တိုက်ကို စတင်တည်ထောင်သော ဒေါ်မိန်းကလေးတို့ ဖြစ်ပါသည်။

ယခု 'ဘိုးဘွားရိပ်သာ'ဟု အများသိကြသော ဝေါဟာရကို ယခင်က 'လူအိုရုံ'ဟု ခေါ်ကြသည်။ 'လူအိုရုံ'ဆိုသော ဝေါဟာရနှင့် တွဲဖက်ပါနေသော နာမည်ကား 'ဒေါ်ဦးဇွန်း'ဆိုသော အမည်ဖြစ်သည်။ ဒေါ်ဦးဇွန်းကို လူအိုရုံစတင်တည်ထောင်သူအဖြစ် သိကြခြင်းဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် ကျရောက်လာသော နှင်းဆီကုန်း ဘိုးဘွားရိပ်သာ စိန်ရတု အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော 'တိုင်းကျိုးပြည်ကျိုးဆောင် T.P.S ဘွဲ့ရ ဘွားဦးဇွန်း' ခေါင်းစဉ်ပါ စာအုပ်ကလေးမှာ ၂၀၀၇ ခုနှစ်တွင် ဆရာတက္ကသိုလ်စိန်တင် ရေးသားသော စာအုပ်ကို ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့က အနှစ်ချုပ်ထားသော စာအုပ်ကလေးဖြစ်သည်။ ထိုစာအုပ်ကလေး၏ ကျေးဇူးကြောင့် ဘွားဦးဇွန်း၏ ကြိုးပမ်းအားထုတ်မှုများကို သိခွင့်ရသည်။ ဘွားဦးဇွန်းဟု ထင်ရှားလာသည့် ဒေါ်ဦးဇွန်းမှာ မန္တလေးဇာတိ၊ ၁၂၃၀ ပြည့်နှစ် ဖွားမြင်သည်။ ပိုးထည်လုပ်ငန်းဖြင့် အသက်မွေးသည်။ မန္တလေး ပတ္တမြားကျောင်းတိုက်တွင် ဆရာတော်ကြီးကို အုတ်ကျောင်းကြီး တည်ဆောက် လှူဒါန်းသည်။ 'ပတ္တမြားအုတ်ကျောင်းအစ်မ ဒေါ်ဦးဇွန်း' အဖြစ် ထင်ရှားသည်။

ဒေါ်ဦးဇွန်းသည် ရန်ကုန်မြို့သို့ ရောက်စဉ် သိမ်ဖြူလမ်းရှိ ခရစ်ယာန်ဘုန်းတော်ကြီး ဘစ်ရှော့ဂီဂန်းဒတ် တည်ထောင်သော လူအိုရုံသို့ သွားရောက်ပြီး ငွေကြေးလှူဒါန်းသည်။ လူအိုရုံတွင် မြန်မာဗုဒ္ဓဘာသာ အဘွားအို



**ဘိုးဘွားရိပ်သာကို စတင်တည်ထောင်သော ဒေါ်ဦးဖွန်း(ဘွားဦးဖွန်း)**

များအား ပြုစုစောင့်ရှောက်ထားသည်ကို တွေ့မြင်ရာမှ မြန်မာဗုဒ္ဓဘာသာ အဘိုးအဘွားများကို ပြုစုစောင့်ရှောက်နိုင်ရေးအတွက် လူအိုရုံတစ်ရုံ ဖွင့်လှစ်နိုင်ရန် စိတ်ကူးရပြီး စတင်ကြိုးပမ်းသည်။ ဆရာတော်၊ သံဃာတော်များ၊ လူကြီးကလေးများနှင့် တိုင်ပင်ပြီး ၁၂၇၆ ခုနှစ်တွင်၊ မင်းကွန်းကျေးရွာ၌ ပထမဆုံး ဗုဒ္ဓဘာသာ လူအိုရုံကို စတင်တည်ထောင် သည်။ စတင်စဉ်က အသက် ၉၅ နှစ်အရွယ် ဘိုးဆင့်၊ အသက် ၉၈ နှစ်အရွယ် ဘွားစိုး၊ အသက် ၈၅ နှစ်အရွယ် ဘွားမယ်တို့ သုံးယောက်နှင့် စတင်ခဲ့ရာမှ ဘိုးဘွားများ တိုးပွားလာသည်။ ၁၂၈၀ ပြည့်နှစ်တွင် 'မင်းကွန်း ဗုဒ္ဓဘာသာ

လူအိုရုံအသင်း’ကို စနစ်တကျ ဖွဲ့စည်းတည်ထောင်ပြီး ကျယ် ကျယ်ပြန့်ပြန့် ဆောင်ရွက်သည်။ နာယက ဒေါ်ဦးဖွန်း အမှူးပြု၍ တတ်နိုင်သူများက ငွေအားလူအား ဖြည့်ဆည်းသည်။ ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရများကလည်း ကူညီသည်။ ယခုအခါ မင်းကွန်းဗုဒ္ဓဘာသာ ဘိုးဘွားရိပ်သာကြီးမှာ အဆောက်အအုံများ၊ လိုအပ်သော အသုံးအဆောင်များဖြင့် စည်ကားဝေစည်လျက် ရှိနေပါပြီ။

ဘွားဦးဖွန်းသည် ၁၂၈၄ ခုနှစ်တွင် သထုံမြို့၌ သုဝဏ္ဏဘူမိ လူအိုရုံ (ဘိုးဘွားရိပ်သာ)ကို ဒုတိယဘိုးဘွားရိပ်သာအဖြစ် တည်ထောင်ဖွင့်လှစ်သည်။ ဂုဏ်သရေရှိ လူကြီးလူကောင်းများက ဘိုးဘွားရိပ်သာကို စစ်ပြီးချိန်တွင် ပြန်လည်တည်ထောင်ပြီး ဆက်လက်ဆောင်ရွက်ကြသည်။ ၁၂၉၃ ခုနှစ်တွင် ပေါင်းတည်မြို့၌ ဗုဒ္ဓဘာသာကယ်ဆယ်ရေး လူအိုရုံကို ဒေါ်ဦးဖွန်း အမှူးပြု၍ တတိယဘိုးဘွားရိပ်သာအဖြစ် တည်ထောင်သည်။ ၁၂၉၄ ခုနှစ်တွင် ‘ပေါင်းတည်မြို့ ဗုဒ္ဓဘာသာ လူအိုရုံ’ ဟု အမည်ပြောင်းသည်။ ၁၂၉၃ ခုနှစ်တွင် ဒေါ်ဦးဖွန်းသည် လူဝတ်ကြောင်မှ သီလရှင်ဘဝသို့ ကူးပြောင်းပြီး ဒေါ်သုမာလာဘွဲ့ ခံယူသည်။ ၁၂၉၅ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း လူအိုရုံဟု ပြောင်းလဲခေါ်ခဲ့သည်။ စစ်ပြီးကာတွင် မြန်မာ့အလင်းသတင်းစာ အယ်ဒီတာ ဦးတင်က နှင်းဆီကုန်း လူအိုရုံကို ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ စောင့်ရှောက်ပြီး ယခုတည်ရှိရာ ကမ္ဘာအေးစေတီလမ်းသို့ ပြောင်းရွှေ့ခဲ့သည်။ ယခုအခါ နှင်းဆီကုန်းဘိုးဘွားရိပ်သာအဖြစ် စည်ပင်ဝေဆာနေပြီဖြစ်သည်။ ဘွားဦးဖွန်း နောက်ဆုံးတည်ထောင်သော လူအိုရုံမှာ ၁၂၉၉ ခုနှစ်တွင် ပခုက္ကူမြို့တွင် နောက်ဆုံးတည်ထောင်သော လူအိုရုံဖြစ်သည်။

ယခုအခါတွင် လူမှုရေးကုသိုလ်ရှင်ကြီး ဘွားဦးဖွန်း၏ အမြော်အမြင်ကြီးမှု၊ စေတနာထက်သန်မှုတို့၏ ရလဒ်များအဖြစ် ပေါ်ပေါက်လာသော ဘိုးဘွားရိပ်များသည် အားကိုးရာမဲ့ ဘိုးဘွားတို့၏ မှီခိုအားထားရာ အမာ

ခံများအဖြစ် တင့်တယ်စွာ ရပ်တည်လျက်ရှိသည်။ လူမှုရေး စိတ်ဓာတ် အပြည့်အဝဖြင့် လူမှုရေးဒါန ပြုခဲ့သော ဘွားဦးဖွန်း၏ အမည်သည်လည်း အစဉ်အဆက် ပြောစမှတ် ပြုစရာ စံနမူနာအဖြစ် တည်ရှိနေပါသည်။

လူမှုရေး အစဉ်အလာကောင်း တစ်ခုကို အမြော်အမြင်ကြီးစွာ စတင် ပျိုးထောင်ပေးသော စံပြဖွယ် အမျိုးသမီးကြီးတစ်ယောက်မှာ သုံးခွမြို့ ဒေါ်မိန်းကလေး စာကြည့်တိုက်ကို စတင်တည်ထောင်ပေးသော ဒေါ်မိန်း ကလေးပင်ဖြစ်ပါသည်။

၁၉၉၀ ကျော်ကာလတွင် သုံးခွမြို့ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲသို့ ကျွန်တော် ၂ နှစ်ဆက်တိုက် လိုက်ပါဟောပြောဖြစ်ခဲ့ သည်။ ဒေါ်မိန်းကလေး ပြည်သူ့စာကြည့်တိုက် အမှုဆောင်ကော်မတီက ဖိတ်ကြားသည့်အတွက် သွားရောက်ဟောပြောခဲ့ခြင်းဖြစ်သည်။ အဆောက် အအုံမှာ သားနားခံ့ညားပြီး စာအုပ်များကို ဘီရိုများဖြင့် စနစ်တကျ ထည့် ထားသည်။ စာကြည့်တိုက်ကော်မတီဝင်များဖြင့် ပြောဆိုရာမှ ဒေါ် မိန်းကလေး အကြောင်း မှတ်သားဖွယ် သိလာရသည်။ ဒေါ်မိန်းကလေးမှာ ဤစာကြည့်တိုက်ကြီး တည်ထောင်နိုင်ရန် ငွေလုံးငွေရင်းထည့်၍ လှူဒါန်းသူ ဖြစ်သည်။ အချိန်ကာလမှာ ကိုလိုနီခေတ်အတွင်း ၁၉၄၁ ခုနှစ်က ဖြစ်သည်။ ဒေါ်မိန်းကလေး၏ ကောင်းမှုဖြင့် ထိုနှစ်တွင် ပြည်သူ့စာကြည့်တိုက်ကြီး စတင်တည်ဆောက်ခဲ့သည်။ ကျသင့်ငွေမှာ ၃၂၀၀ ကျပ်ဖြစ်သည်။ ထိုခေတ် ငွေတန်ဖိုးအရ ၃၂၀၀ ဆိုသော ငွေမှာ နည်းနည်းနောနော မဟုတ်ပါ။ ဤကဲ့သို့ စာကြည့်တိုက် တည်ထောင်ဖွင့်လှစ်သည့် လူမှုရေးလုပ်ငန်းမျိုးကို ငွေလုံးငွေရင်း ထည့်ဝင်လှူဒါန်းမှုများမှာ ထိုခေတ်က အလွန်ရှားပါသည်။ မြန်မာတို့သည် အလှူဒါန ထက်သန်သော်လည်း ထိုကာလတွင် ထိုကဲ့သို့ လူမှုရေး အလှူပြုရန် အမြင်မကျယ်သေးပါ။ ထိုသို့သော အခြေအနေတွင် စာကြည့်တိုက် တည်ထောင်ပေးသော ဒေါ်မိန်းကလေး၏ အမြော်အမြင် ကြီးမားမှုမှာ လေးစားစရာ ကောင်းလှပါသည်။ ပို၍ စိတ်ဝင်စားစရာ

ကောင်းသောအချက်မှာ စာကြည့်တိုက် အလှူရှင် ဒေါ်မိန်းကလေးကိုယ်တိုင်က စာမတတ်သူဖြစ်နေသည့် အချက်ပင် ဖြစ်သည်။

မိမိကိုယ်တိုင်က စာမတတ်သူဖြစ်ပါလျက် စာတတ်သူများ စာပေဖတ်ရှုနိုင်ရန်စေရန် စာကြည့်တိုက် တည်ထောင်ပေးသော ဒေါ်မိန်းကလေး၏ စိတ်ထားမွန်မြတ်မှုမှာ လေးစားစရာ ကောင်းလှပါသည်။ မိမိတွင် မပြည့်စုံသော လိုအပ်ချက်ကို သူတစ်ပါးတွင် ပြည့်စုံစေရန် ဖြည့်ဆည်းပေးလိုသော စေတနာကား ထူးခြားလှပါသည်။ သုံးခွမြို့မှ ဂုဏ်သရေရှိ လူကြီးများက ကြီးကြပ်၍ စာကြည့်တိုက် စည်ပင်ဖွံ့ဖြိုးရေးကို ဆောင်ရွက်နေကြကြောင်းလည်း သိခဲ့ရပါသည်။

ဒေါ်ဦးဖွန်း (ဘွားဦးဖွန်း) သည်လည်းကောင်း၊ ဒေါ်မိန်းကလေးသည်လည်းကောင်း ကောင်းမြတ်သော အစဉ်အလာ နှစ်ရပ်ကို စတင်ထူထောင်သော ရှေ့ဆောင်လမ်းပြ မီးရှူးတန်ဆောင်များ ဖြစ်ကြသည်။ ယနေ့ဆိုလျှင် ဘွားဦးဖွန်း၏ လမ်းပြမှုကြောင့် ဘိုးဘွားရိပ်သာများ ပေါ်ပေါက်လာသည်နှင့်အတူ သက်ကြီးရွယ်အို ဘိုးဘွားများ၏ ဘဝနေဝင်ချိန်တွင် အေးချမ်းစွာ နေထိုင်ပြီး တရားဓမ္မကို အာရုံပြုနိုင်အောင် ထိုအသက်အရွယ်သို့ မရောက်သေးသူများက အလေးထား ဆောင်ရွက်သင့်ကြသည်ဟူသော ခံယူချက်ကို ရင်ထဲတွင် အလေးအမြတ် နှလုံးသွင်းပြီး ဆောင်ရွက်ချင်စိတ်များ ထက်သန်နိုးကြားလာအောင် ဘွားဦးဖွန်း၏ ကြိုးပမ်းမှုများက သမ်မွေ့စွာ လှုံ့ဆော်လျက် ရှိပါသည်။ ထို့အတူ ယနေ့ အစိုးရအဖွဲ့အစည်းများက တာဝန်ယူဆောင်ရွက်ရသည့် စာကြည့်တိုက်တည်ထောင်ရေးလုပ်ငန်းများကို မိမိတစ်ဦးတည်းက အခြေတည်၍ လမ်းပြပေးသည့် ဒေါ်မိန်းကလေး၏ လမ်းပြမှုကြောင့် စာကြည့်တိုက် တည်ထောင်ဖွင့်လှစ်သည့် လုပ်ငန်းကို မွန်မြတ်သော ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ကျယ်ကျယ်ပြန့်ပြန့်နားလည်သဘောပေါက်ကာ ဆောင်ရွက်သည့် လုပ်ငန်းအဖြစ် အလေးအမြတ် လက်ခံကျင့်သုံးနေကြပြီ ဖြစ်ပါသည်။

ကျွန်တော်သည် 'မိန်းမတံခွန် လူရည်မွန်' အမျိုးသမီးကြီး နှစ်ယောက်၏ မွန်မြတ်သော အစဉ်အလာ ထူထောင်ပုံများကို ဆင်ခြင်နှလုံးသွင်းမိစဉ် ကြည်ညိုလေးစားစိတ်၊ နှစ်သက်ကြည်နူးစိတ်တို့သည် ရင်ထဲတွင် ပွံ့နှံ့ဖွံ့ယှက်နေပါတော့သည်။

မောင်ခင်မင် (ဓနုဖြူ)

လူသားတို့သည် လောကကြီးတွင်
တစ်ယောက်ကိုတစ်ယောက်
အမုန်းတရားများဖြင့် တည်ဆောက်နေကြသည်။
ငါနှင့်မတူ ငါ့ရန်သူဟု သဘောထားကြသည်။
ထို့ကြောင့် ဘယ်အခါမှာမှ ငြိမ်းချမ်းမည်မဟုတ်။
တစ်ယောက်အမြင်ကို နောက်တစ်ယောက်က
လေးစားမှု (Respect) ရှိဖို့လိုသည်။
မိန်းမဖြစ်ဖြစ် ယောကျ်ားဖြစ်ဖြစ် လောကကို
ချမ်းမြေ့အောင် တည်ဆောက်နိုင်ကြပါသည်။
ပညာတတ်၍ စိတ်ကောင်းစေတနာကောင်းထားသော
လူသားသည်သာ အဓိကဟူ၏။

# ပုခက်လွဲသော လက်

## ဒေါက်တာခင်မောင်ညို

ပုခက်လွှဲသောလက်သည် ကမ္ဘာကို အုပ်စိုးနိုင်သတဲ့။ ကျွန်တော်တို့ ငယ်ငယ်က ကြားဖူးသော စကားပါ။ ထိုစကားကို မှတည်၍ ကာတွန်း ဆရာတစ်ဦးက အမျိုးသားတစ်ဦး ကလေးပုခက်လွှဲနေသည့် ပုံကို ရေးဆွဲ ထားပြီး အောက်တွင် ပုခက်လွှဲသော လက်သည် ကမ္ဘာကို အုပ်စိုးနိုင်သည် ဟု ရေးထားခဲ့သည်။ ကျားဖြစ်ဖြစ် မဖြစ်ဖြစ် အစွမ်းတွေ ရှိကြပါသည်။ ကမ္ဘာကို လွှမ်းမိုးနိုင်ကြသည်။

### ဆန့်ကျင်ဘက်လိင်

အမျိုးသားနဲ့ အမျိုးသမီးကို ဆန့်ကျင်ဘက်လိင်ဟု ခေါ်ကြသည်။ လူချင်းတူပေမယ့် အသက်ရှုခြင်းကွဲသည်ဟု မြန်မာတွေ ပြောကြသည်။ လူတွေအချင်းချင်း သာမန်ကွဲပြားသည်ထက် ယောက်ျားနဲ့ မိန်းမကတော့ အတော်ကွဲသည်။ တစ်ယောက်နဲ့တစ်ယောက် ဆန့်ကျင်သော အတွေးအမြင် တွေ များစွာရှိသည်။ ထိုဆန့်ကျင်သော အမြင်များကို ပေါင်းစပ်ကာ ဘဝကို တည်ထောင်သည့်အခါ ပိုမိုတိုးတက်သည်ဟု ဆိုနိုင်သည်။

အမျိုးသမီး အများစုသည် ယောကျ်ားများလောက် ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှု နည်းပါသည်။ အမျိုးသမီးတို့၏ တည်ဆောက်ပုံသည် မျိုးဆက်ပွားရန် နေရာဌာန အဓိက ပါဝင်နေသည်။ ထို့ကြောင့် အမျိုးသမီးများသည် နူးညံ့သိမ်မွေ့၍ အမျိုးကို စောင့်ရှောက်ရန် သဘာဝကို ပိုင်ဆိုင်ထားသည်။

အစာရေစာပေါများပြီး အဆင်ပြေနေသမျှ ကာလပတ်လုံး မိန်းမများသည် သူတို့၏ သားသမီးများကို ပြုစုစောင့်ရှောက်ကာ အိမ်ရှင်မအဖြစ် အိမ်တွင်းတွင်သာ နေထိုင်ကြသည်။

ဓားဆွဲ၊ လှံဆွဲ သားရှာ၊ ငါးရှာ အလုပ်ကိုတော့ ယောကျ်ားများသာ လုပ်ကြရသည်။ သို့သော် အမျိုးသမီးများသည် လိုအပ်သည့်အခါတွေမှာ လိုအပ်သလို သူတို့၏ အစွမ်းအစကို ထုတ်ပြတတ်သည်။ ထိုအခါ သူတို့ကို အထင်သေးသော အမျိုးသားများက သူတို့ကို နှိမ်ထားကြသည်။ ထိုအခါ Gender Issue ဟုခေါ်သော လိင်ခွဲခြားဆက်ဆံသော ပြဿနာများသည် ရှေ့တန်းကို ရောက်လာရလေတော့သည်။

**ခေါင်းမြီးခြုံအစွမ်း**

ကျွန်တော်ငယ်ငယ်က မော်လမြိုင်ကောလိပ်တွင် ကျောင်းတက်ခဲ့သည်။ ကျွန်တော်က အဆောင်မနေခဲ့ပါ။ ကျွန်တော့်အဒေါ်အိမ်ကနေ ကျောင်းတက်ခြင်းဖြစ်သည်။ အဒေါ်အိမ်တစ်ဖက်တွင် ခေါင်းမြီးခြုံကာနေသည့် ခလေ့ရှိသော အိန္ဒိယသားလင်မယား နေကြသည်။ သူတို့တွင် ဘုစုခရု ကလေးတွေ အများကြီး မွေးထားသည်။ ယောကျ်ားဖြစ်သူကသာ အပြင်ထွက်ကာ အလုပ်လုပ်သည်။ ကိုယ်တိုင် ဈေးဝယ်သည်။ မိန်းကတော့ ချက်ပြုတ် အိမ်အမှုကိုသာ လုပ်သည်။

ကျွန်တော် စာမေးပွဲအောင်ပြီး မန္တလေးတက္ကသိုလ်အပြောင်းတွင် အဆိုပါ ခေါင်းမြီးခြုံ အမျိုးသမီး၏ယောကျ်ား ဆုံးလေသည်။ ငိုသံရှိုက်သံတွေ တစ်ဖက် ကြားနေရသည်။ ဒုက္ခပါပဲ ဒီအမျိုးသမီးတော့ လုပ်တတ်

ကိုင်တတ်မှာ မဟုတ်ဘူးဟု တွေးနေမိသည်။ ကျွန်တော့်အဒေါ်တွေကလည်း စိတ်ပူနေကြသည်။ ကျွန်တော် မော်လမြိုင်က ထွက်ခွာ၍ မန္တလေး တက္ကသိုလ်တက်ခဲ့သည်။

မန္တလေးတက္ကသိုလ်တက်ပြီး နှစ်နှစ်ကြာသည့်အခါ မော်လမြိုင် ကောလိပ်တွင် ဆရာပြန်ဖြစ်သည်။ မော်လမြိုင်ကောလိပ် အဆောင်တွင်ပင် နေဖြစ်သည်။ မြို့ထဲရောက်သည့်အခါ ကျွန်တော့်အဒေါ်အိမ်ကို သွား နှုတ်ဆက်တော့ တစ်ဖက်အိမ်ကို သတိထားမိသည်။

"ဟယ်... အိမ်ဆိုင်လေး ဖြစ်နေပါလား"

အိမ်ဆိုင်လေးသည် အတော်ခမ်းနားသည်။ ထို့ကြောင့် အဒေါ်ကို မေးကြည့်သည်။

"ဟို ခေါင်းမြီးခြုံအမျိုးသမီး ဘယ်ရောက်သွားလဲ"

"ဟိုမှာလေ ဈေးရောင်းနေတယ်"

"ဟုတ်လား...၊ ကျွန်တော်က သူဘာမှ မလုပ်တတ်ဘူးထင်လို့"

ကျွန်တော့်အဒေါ် ဘာမှမပြော ပြုံးနေပါသည်။ တကယ်တမ်း ဈေး ကိုတောင် မသွားတတ်သည့် မိန်းမသည် စီးပွားရေးကို ဦးဆောင်လာနိုင် ခဲ့ပါသည်။ မိန်းမတွေကို လျှော့တွက်လို့ မရပါဘူး။

## ဂျေကေရိုးရင်း (J.K Rowling)

သူ့ကို ဒီအတိုင်း မသိကြရင်တောင် ဟယ်ရီပေါ်တာရေးတဲ့ အမျိုး သမီး စာရေးဆရာမလို့ ပြောရင် သိကြမှာပါပဲ။ ယနေ့တွင် ရိုးရင်းသည် ဗြိတိန်တွင် ဗြိတိသျှဘုရင်မကြီးပြီးလျှင် အချမ်းသာဆုံး အမျိုးသမီးတစ် ယောက် ဖြစ်နေပါသည်။ တကယ်တော့ သူသည် အတော်ကံဆိုးသူ တစ်ယောက် ဖြစ်ခဲ့ဖူးပါသည်။ သူသည် ဝါသနာပါသည့် အင်္ဂလိပ်စာပြ ဆရာမအလုပ်ကို ပေါ်တူဂီသို့ သွားရောက်လုပ်ကိုင်ခဲ့ပါသည်။ အဲဒီမှာ အရှေ့အလယ်ပိုင်း နိုင်ငံသားတစ်ယောက်နှင့် ချစ်ကြိုက်ကာ လက်ထပ်ခဲ့

ပါသည်။ တစ်နှစ်အကြာ ကလေးတစ်ယောက်ရပြီး တစ်နှစ်နှင့်တစ်လ အကြာ ယောက်ျားနှင့် ကွဲသွားခဲ့သည်။ (ယောက်ျားနှိပ်စက်တာကို ခံခဲ့ရသည်ဟု ဆိုသည်။)

နောက်ဆုံး သမီးတစ်ယောက်အမေဖြစ်သူ ရိုလင်းဟာ အင်္ဂလန်ကို ပြန်လာခဲ့သည်။ ထိုစဉ်ကအကြောင်းကို အင်တာဗျူးရာတွင်···

"အဲဒီအချိန်က ကျွန်မဟာ အဆင်းရဲဆုံးနိုင်ငံသားတစ်ယောက် ဖြစ်ခဲ့ပါတယ်"

ဟု ဖြေကြားခဲ့သည်ကို ဖတ်ရဖူးသည်။ သူ တကယ်လည်း ဆင်းရဲခဲ့ပါသည်။ သူ့မှာ နေစရာမရှိဘူး။ မိတ်ဆွေတွေအိမ်မှာ ဟိုကပ်နေ ဒီကပ်နေဖြင့် လမ်းဘေးကို ရောက်ခဲ့ရသည်။ အစိုးရထောက်ပံ့ကြေးနဲ့ စားနေရသည်။ လက်နှိပ်စက်တစ်လုံးနှင့် သူ ရေးချင်သော မှော်ကမ္ဘာအကြောင်းကို ရေးနေပါသည်။ သူ့ရဲ့စာတွေကို ကဖေးဆိုင်တွေမှာ သွားရေးခဲ့သည်ဟု ဆိုသည်။ ထိုစာမူကို တိုက်တွေအများကြီးက လက်မခံဘဲ ပယ်ချခဲ့ပါသည်။ နောက်ဆုံး တိုက်တစ်တိုက်ကသာ ထုတ်ဝေခဲ့သည်။

"ဟယ်ရီပေါ်တာ"

တစ်ကမ္ဘာလုံး နာမည်ကြီးသည့် ဝတ္ထုဖြစ်လာသည်။ ကလေးများသာမက လူလတ်ပိုင်းကပါ စိတ်ဝင်စားသည်။ အုပ်ရေသန်းပေါင်းများစွာ ရိုက်ရသည်။ ဘာသာ ၂၀ ကျော် ဘာသာပြန်ခဲ့သည်။ ရုပ်ရှင်တွေ ရိုက်သည်။ သူမ သန်းကြွယ်သူဌေးကြီး ဖြစ်လာလေသည်။

ဟယ်ရီပေါ်တာစာအုပ် ၇ အုပ်ကို ရေးခဲ့သည်။ (စုစုပေါင်း အုပ်ရေသန်း ၄၀၀ ကျော်ရိုက်ခဲ့ရသည်) စာအုပ်ထွက်တိုင်း လန်ဒန်တွင် ၂ မိုင်ကျော် ရှည်လျားသော တန်းစီနေသည့် စာအုပ်ဝယ်သူ လူအုပ်ကြီးအတွက် လက်မှတ်ထိုးပေးခဲ့ရသည်။ အကယ်၍ ရိုးရင်းသည် အိမ်ထောင်မပျက်ဘဲ ပေါ်တူဂီတွင် နေသွားပါက ဒီအတိုင်း သာမန်မိန်းကလေးအဖြစ် ဘဝကို အဆုံးသတ်သွားနိုင်ပါသည်။ သူ့တွင် ကြီးကျယ်သော အရည်အသွေး

(Talent) ရှိသည်ကို သိကြမည် မဟုတ်ပေ။ ယနေ့ ရီးရင်းသည် ဗြိတိသျှ နိုင်ငံရေး၊ လူမှုရေးတွင် အရေးပါသော သံတမန်တစ်ယောက်ဖြစ်နေလေပြီ။

## ပါးလ်အက်စ်ဘတ် (Pearl S.Buck)

သူသည် အမေရိကန် စာရေးဆရာမတစ်ယောက် ဖြစ်သည်။ ပထမ ဦးဆုံး စာပေနိုဘယ်ဆုရှင် အမေရိကန်အမျိုးသမီးလည်း ဖြစ်သည်။ လူလူ ချင်း စာနာထောက်ထားမှုနှင့် ပတ်သက်သော စာရေးဆရာမဟူ၍ သတ် မှတ်သည်။

တရုတ်ကျေးလက်ဒေသဘဝများကို ရေးသားခဲ့သည်။ သူ၏ စိတ် ကောင်း စေတနာကောင်းအပြင် လုပ်ဆောင်ချက်များကလည်း သူ့ကို အောင်မြင်စေခဲ့သည်။ သူ၏ မိခင်ဖခင်များသည် သာသနာပြုများဖြစ်၍ တရုတ်ပြည်တွင် သာသနာပြုရန် သွားရောက်ခဲ့သည်။ ထို့အတွက် သူ သည်လည်း တရုတ်ပြည်တွင် သွားရောက်နေဖြစ်ခဲ့သည်။ တရုတ်စာကို သင်ယူခဲ့သည်။ တရုတ်ဂန္ထဝင်စာပေများကို ဖတ်ရှုလေ့လာနိုင်ခဲ့သည်။ ဒါ တွေကို နားလည်သည့်အတွက်လည်း တကယ့်အဖြစ်မှန်တွေကို အနောက် တိုင်းက စာဖတ်သူများ သဘောပေါက်အောင် ရေးသားနိုင်သည်ဟု ပညာ ရှင်များက ကောက်ချက်ချသည်။

ပါးလ်ဘတ်၏ ပထမဦးဆုံး စာအုပ်ဖြစ်သည့် ကောင်းမွန်သော မြေကြီး (The Good Earth) မှာ တရုတ်ယဉ်ကျေးမှုကို အနောက်တိုင်းသား တို့အား ပထမဦးဆုံး သဘောပေါက်စေသည့် စာအုပ်ကောင်းတစ်အုပ် ဖြစ် သည်။ ပါးလ်ဘတ်ရဲ့ စာအုပ်ကို ပထမဆုံး နယူးယောက်မှ ပုံနှိပ်စဉ်မှာ အရောင်းရ ဆုံးစာအုပ် (Best Seller) ဖြစ်ခဲ့သကဲ့သို့ ပူလစ်ဇာဆု (Pulitzer prize) ကိုလည်း ရရှိခဲ့ပါသည်။

၁၉၃၈ ခုနှစ်က ထိုစာအုပ်ကို စာပေနိုဘယ်ဆုအဖြစ် ရွေးချယ်ရာ တွင် "ပါးလ်ဘတ်ရဲ့ စာအုပ်သည် လူသားတွေကို မျိုးနွယ်စုတွေအနေနဲ့

ခွဲခြားခြင်းမရှိဘဲ တစ်ယောက်နဲ့တစ်ယောက် နားလည်သဘောပေါက်စေဖို့ မေတ္တာတရားကို အခြေခံထားတာပါ”ဟု နိုဘယ်ဆုကော်မတီ (Swiss Academy)က ဆုံးဖြတ်ခဲ့သည်။ “ကျွန်မဟာ တရုတ်ပြည်က သင်ယူရတာတွေ အများကြီးပါ” ဟု ပြောခဲ့သည်။ သူသည် တရုတ်နိုင်ငံကို ချစ်မြတ်နိုးသည်။ သူသည် တရုတ်ပြည် နန်ကင်းတက္ကသိုလ်တွင် (တရုတ်နှင့် အင်္ဂလိပ်စာ နှစ်ဘာသာပြ) ဆရာမအဖြစ် နှစ်အတန်ကြာ အမှုထမ်းခဲ့သည်။

ပါးလ်ဘတ်ဟာ တကယ့်ကို တရုတ်တွေကို ချစ်မြတ်နိုးခဲ့ပါတယ်။ သို့သော် တရုတ်ပြည်ကတော့ ယဉ်ကျေးမှုတော်လှန်ရေးကာလတွင် သူ့ကို တရုတ်နိုင်ငံမှာ တစ်ချိန်က တည်ရှိနေခဲ့သည့် အရင်းရှင်များကို အားပေးအားမြှောက်သည့်စာကို ရေးသူအဖြစ် ရှုတ်ချခဲ့သည်။ ထို့ကြောင့် ၁၉၇၂ ခုနှစ်၊ တရုတ်-အမေရိကန် ချစ်ကြည်ရေးအတွက် တရုတ်နိုင်ငံသို့ သမ္မတနစ်ဆင် သွားရောက်ရာတွင် သူ့အား လိုက်ပါခွင့် မပြုခဲ့ပေ။

“ကျွန်မ အင်မတန် ဝမ်းနည်းရပါတယ်” ဟု သူ ပြောခဲ့ရှာသည်။ လူသားမျိုးနွယ်များ မခွဲခြားဖို့ ရေးခဲ့သည့် စာရေးဆရာမသည် သူကိုယ်တိုင် ဝါဒရေးရာ ခွဲခြားမှုကို ခံခဲ့ရသည်။ ပါးအက်စ်ဘတ်သည် ၁၉၇၃ ခုနှစ် အသက် ၈၀ နှစ်တွင် ကွယ်လွန်ခဲ့သည်။ သူ၏အုတ်ဂူကို ကိုယ်တိုင်ဒီဇိုင်းလုပ်ကာ အမည်ကိုလည်း တရုတ်စာဖြင့် ရေးသားခဲ့သည်။

## နိဂုံး

ကမ္ဘာကြီးသည် အင်မတန်ရှုပ်ထွေးလှသည်။ ပုခက်လွှဲသောလက်သည် ကမ္ဘာကို အုပ်စိုးနိုင်သည်။ သို့သော် ခွဲခြားမှုတွေက ပြည့်နှက်နေပါသည်။ အသားအရောင် ခွဲခြားသည်။ ဘာသာတွေ ခွဲကြသည်။ လူမျိုးတွေ ခွဲခြားသည်။ ဝါဒရေးရာများ ခွဲခြားကြသည်။ လူငယ်လူကြီး ခွဲခြားသည်။ နောက်ဆုံး ကျားမ Gender ခွဲကြသည်။

လူသားတို့သည် လောကကြီးတွင် တစ်ယောက်ကိုတစ်ယောက် အမှန်းတရားများဖြင့် တည်ဆောက်နေကြသည်။ ငါနှင့်မတူ ငါ့ရန်သူဟု သဘောထားကြသည်။ ထို့ကြောင့် ဘယ်အခါမှာမှ ငြိမ်းချမ်းမည်မဟုတ်။ တစ်ယောက်အမြင်ကို နောက်တစ်ယောက်က လေးစားမှု (Respect) ရှိဖို့လိုသည်။ မိန်းမဖြစ်ဖြစ် ယောကျ်ားဖြစ်ဖြစ် လောကကို ချမ်းမြေ့အောင် တည်ဆောက်နိုင်ကြပါသည်။ ပညာတတ်၍ စိတ်ကောင်းစေတနာကောင်းထားသော လူသားသည်သာ အဓိကဟူ၍။

ဒေါက်တာခင်မောင်ညို

တိုင်းသူပြည်သားတွေ
တစ်စုံတစ်ရာ လွတ်လပ်ခွင့် ရှိပါတယ်။
မြတ်စွာဘုရားတရားတော်အစစ်အမှန်ကလည်း
တရားသေ မဟုတ်ပါဘူး။
စိတ်ရဲ့လွတ်မြောက်မှုကို အားပေးတဲ့ တရား၊
တရားရှင်၊ တရားစစ်၊ တရားမှန်ပါ။

# ဣတ္ထိယ မိန်းမတို့အစွမ်း

ခင်ဆွေဦး

[၁]

မေမေ့မေတ္တာ...

"ဣတ္ထိယဟူဘိ ထိုမိန်းမ ရှိမကောင်း မရှိမကောင်း"

ဆိုတဲ့ ရှေးရိုးစကားပုံကို ပြင်ကြပါစို့။ မိန်းမများမှာ သားသမီးရှိတာဖြစ်စေ၊ မရှိတာဖြစ်စေ မေတ္တာကြီးမားလှပါတယ်။ မိခင်တို့ဟာ မေတ္တာနှင့်တွဲလျက် ကြင်နာတရား ပါလာတယ်။ မကြင်နာတတ်သူ၊ ရက်စက်သူတို့ မရှိသလောက် နည်းပါးပါတယ်။ ကမ္ဘာမီးလောင်ရာ သားကောင်ပမာ ချနင်းသူလည်း မရှိသလောက် နည်းပါးပါတယ်။ သားကို ရင်ခွင်ပိုက် အတူသေမယ် မိခင်တွေပါပဲ။ သေချာပါတယ်။

**မာတာယထာ နိယံပုတ္တ** ဆိုတဲ့ ပါဠိအပိုဒ်မှာ **တစ်ယောက်သာလျှင်သူ့မိခင်မှာ သက်ပေးကာဖြင့် ချစ်ကြင်သူသား မေတ္တာထားသို့** အဆိုရှိပါတယ်။ လောကတစ်ခွင် ဒီလိုမေတ္တာမျိုးရှိတဲ့ မိခင်တွေ များပါတယ်။

မိခင်အရင်းမဟုတ်ဘဲ ဒွေးတော်မိကြီးတွေလည်း ကိုယ်တိုင်ထိန်းကျောင်းတဲ့ သားသမီးများကို မိခင်ရင်းလို ချစ်တတ်ကြပါတယ်။ လောကပါလ နှလုံးသားနှင့် ရင်းခဲ့ကြတာပါပဲ။

## ဣတ္တိယမိန်းမတို့အစွမ်းသတ္တိ

မိန်းမတို့ ဘဝတိုင်းမှာ စွမ်းအင်ပေါ်လာပါတယ်။ သူ လူလားမြောက်တဲ့ အရွယ်က စလို့ပေါ့။ အဲဒီစွမ်းရည်ဟာ လူရဲ့ ခိုင်မာတဲ့စိတ်ဓာတ်နှင့် အတူ မွေးဖွားလာပါတယ်။ လုံ့လ၊ ဝီရိယ အထောက်အကူပြုလို့ပေါ့။ ကျွန်မအမြင် ရေးရရင် မွေးရာပါစွမ်းရည် (ability) ပေါ့။ လူတိုင်းမှာ အဲဒီ ability ရှိတာပဲ။ အဲဒီ ability ကို အရင်းပြုပြီး ဆောင်ရွက်မှုတွေ ပေါ်လာတာပဲ။ ဒါကို တိုးတက်ဖွံ့ဖြိုးတဲ့ နိုင်ငံတွေမှာ achievement ကြောင့် ထွန်းကားလာတာ။

ဥပမာ လင်ကွန်းလို သမ္မတကြီးဟာ အစွမ်းအစပေါ်မှာ ဆောင်ရွက်လုပ်ကိုင်မှုတွေနှင့် အရာရာ အောင်မြင်လာတာပဲ။ ဂန္ဓီနှင့် နေရူးတို့လည်း သည်နည်းလည်းကောင်းပဲ။ ကျွန်မတို့ မြန်မာနိုင်ငံ ဗိုလ်ချုပ်အောင်ဆန်းရော။ ကိုလိုနီခေတ်မှ ဖက်ဆစ်ဂျပန်ခေတ် စပ်ကူးမတ်ကူးအချိန် ဘယ်လောက်ကြိုးပမ်းရသလဲ။

ဗိုလ်ချုပ်အောင်ဆန်းလို စစ်ခေါင်းဆောင်အပြင် နိုင်ငံရေးခေါင်းဆောင်တွေပါ ဖက်ဆစ်စနစ်၊ ကိုလိုနီစနစ် အသက်စွန့်ဆံဖျား ကြိုးပမ်းအားထုတ်တဲ့အခါ အမျိုးသမီးတွေပါ တော်လှန်ရေးမယ်တွေ၊ ပြည်သူ့ရဲဘော်မတွေ၊ အာရှလူငယ်တွေပါ လွတ်လပ်ရေးတိုက်ပွဲ ဝင်ခဲ့ကြပါတယ်။ ဂျပန်ဖက်ဆစ်တွေ အညှင်းပန်းခံပြီး ကျဆုံးတဲ့ အမျိုးသမီးတွေလည်း အများကြီးပါပဲ။

ကျွန်မကိုယ်တွေ့ ကျွန်မဖခင် စာရေးဆရာ မဟာဆွေရဲ့ စာဖတ်သူ ၁၈ နှစ်အရွယ် အမျိုးသမီးတစ်ဦးပင် ဂျပန်ကင်ပေတိုင်လက်ထဲ ကျဆုံးသွားခဲ့ဖူးပါတယ်။ ကျွန်မ အသက် ၇ နှစ်အရွယ် ကလေးဘဝတုန်းကပေါ့။ ဒါကြောင့် ကျွန်မရဲ့ ထင်ရှားတဲ့ ဝတ္ထုတစ်ပုဒ် ပေါ်ထွန်းလာခဲ့ပါတယ်။

'မလေးသုံးပန်လှ' နာမည်နှင့် ဝတ္ထုဇာတ်လမ်း သရုပ်ဖော် ရေးသားခဲ့ပါတယ်။ ကျွန်မတို့ မြန်မာအမျိုးသမီးတွေ ရှေးခေတ်အခါကတည်းကကို ထက်ထက်မြက်မြက် ရှိခဲ့ပါသည်။ ကုန်းဘောင်ခေတ် မင်းပြောင်းမင်းလွဲမှာ မင်းမိဖုရား၊ နန်းကျမိဖုရားအဖြစ် အနောက်နန်းမ မမြလေးကို အာဏာ

ပါးကွက်သားတွေ လူသတ်ကုန်းကို ခေါ်သွားတော့ လည်မျိုကို တုတ်တို နှင့်ရိုက်ဖို့ ဆံပင်ဆွဲလှည့်တဲ့အခါ…

"ဟယ်… ငါ နန်းရမိဖုရား၊ ငါ့ဆံပင်ကို မကိုင်နှင့် ငါကိုယ်တိုင် လည်စင်းပေးမယ်ပ" ဆိုပြီး ရဲစွမ်းသတ္တိနှင့် လည်စင်းပေးခဲ့တာကို ကျွန်မရဲ့ အဘွား ပြောခဲ့ဖူးလို့ သိခဲ့ရပါတယ်။ ကျွန်မဖခင်ရဲ့ မိခင် ဒေါ်မယ်မြင့်ဟာ နန်းတွင်းသူ တိုင်တားမင်းကြီးရဲ့ တူမအရင်း ဖြစ်တာမို့ မဟာဆွေဟာ တိုင်တားမင်းကြီးရဲ့ မြေးအဖြစ် စွယ်စုံကျမ်းမှာ မှတ်တမ်းတင်ခဲ့ဖူးပါတယ်။

## တိုက်ပွဲဝင် စစ်သူရဲကောင်းမလေး

ဒါက ပုံပြင်မဟုတ်ပါဘူး။ ဘာသာရေး ရိုမန်ကက်သလစ်သမိုင်းကြောင်းမှာ သိခွင့်ရတဲ့ ဇာတ်ဆောင်တစ်ယောက်မှာ ကျွန်မ မှတ်မိသလောက် ဇာတ်ကောင်စရိုက်ဝင် နာမည်ထင်ရှားတဲ့ 'ဂျုန်းအော့(ဖ်)အာ့(ခ်) (Joan of Arc) ပါ။ ကျွန်မ ရှစ်တန်းကျောင်းသူဘဝ ရုပ်ရှင်အဖြစ် မကြာခဏကြည့်ခဲ့ရတာမို့ မမေ့နိုင်တဲ့ အခန်းကဏ္ဍဟာ အင်မတန်မှ အမျိုးသမီး စစ်ခေါင်းဆောင်အနေနဲ့ ဂုဏ်ယူစရာကောင်းလှပါတယ်။

ဆံပင်တိုတိုနှင့် သရုပ်ဆောင်သူကတော့ နာမည်ကျော်ကြားတဲ့ အင်ဂရစ်ဘာ့ခ်မင်း (Ingrid Bergmin) ပါ။ စစ်အင်အား များပြားလှတဲ့ ရန်သူတွေကို တိုက်ရတာ ဖြစ်ပါတယ်။ ဂျုန်းအော့(ဖ်)အာ့(ခ်) ချပ်ဝတ်တန်ဆာဝတ်လို့ လက်နက်လေးမြားနှင့် စစ်ထွက်လာတဲ့အခါ ရင်ဆိုင်တိုက်ရတဲ့အခါ တစ်ဖက်က ပစ်လွှတ်လိုက်တဲ့ မြားဟာ ဂျုန်းရဲ့ လက်မောင်းရင်းချိုင်း(ဂျိုင်း)အောက် ဆိပ်လူးမြား အရှိန်နှင့် စိုက်ဝင်သွားခဲ့ပါတယ်။ လက်နက်ချဖို့ဝေးလို့ တခက်တခဲ ရင်ဆိုင်လိုက်ရတာပါ။

"မြားတန်းလန်းစိုက်လျက် စစ်တိုက်ရတာလား"

စာသင်ရင်း ကျွန်မတပည့်တွေက မေးပါတယ်။

"သူ လက်နက်ချ အရှုံးမပေးပါဘူး"

တကယ်တော့ သူ အသားအနာခံ မြားကို ချိုးပြီး စစ်ပွဲ ဆက်ဝင်ခဲ့ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံ တေးဂီတပညာရှင် တွံတေးသိန်းတန် ဆိုသလို ပါပဲ။

"တိုက်ပွဲတစ်ရာ အောင်ပွဲတစ်ရာ" ပါပဲ။

ဂျုန်းအော့ဖ်အာ့(ခ်)ကတော့ ကျွန်မမှတ်မိသလောက်ပါပဲ။ သမိုင်းကြောင်းတော့ မေ့ကုန်ပါပြီ။ နောက်ဆုံး သူ့ခမျာ ဇာတ်သိမ်းမှာ ဆုလာဘ်မရတဲ့အပြင် စုန်းမအဖြစ် ပြစ်ဒဏ်ပေးဖို့ မီးလောင်တိုက်သွင်းခံရပြီး ကျဆုံးသွားရှာပါတယ်။ ဒါဟာ လူ့ဘဝဆိုး သံသရာမှာ အဆိုးစွန်ဒုက္ခနှင့် အသက်ကို စတေးခံရရှာပါတယ်။

အာဏာရှင်ခေတ် အာဏာရှင်စနစ်မှာ ဒီလိုဒုက္ခတွေ အများကြီးပါပဲ။ ကျွန်မ မြန်မာနိုင်ငံမှာ နရသိန်အကျဉ်းမှာ အမျိုးသမီး အာဇာနည်တွေ အများကြီး ရှိနေခဲ့ပါတယ်။ လူမသိ သူမသိ ကျဆုံးသွားတဲ့လူတွေ အများကြီးပဲ ပြောလို့ရပါတယ်။

## အာဏာရှင်ခေတ် ဟူသမျှ

အမျိုးသမီး ဇာနည်တွေ ထွန်းပေါ်လာတာပါပဲ။ မိန်းမတံခွန် လူရည်ချွန်ဆိုတာဟာလည်း လက်တွေ့ဖြစ်စဉ်ဖြစ်ရပ်တွေ အများကြီးပါပဲ။ မြန်မာနိုင်ငံ သမိုင်းခေတ်မှာလည်း မယ်ဘယက်တို့ ပေါ်ထွန်းခဲ့ပါတယ်။ မြင်းစီးကျွမ်းကျင်တဲ့ မိန်းမတွေလည်း ရှိခဲ့ပါတယ်။ အလယ်ခေတ် (သူ့ကျွန်ခေတ်) ရုပ်ရှင်သရုပ်ပြတွေမှာ အာဇာနည်စမ်းစမ်းတို့နောက် နှောင်းခေတ်မှာ 'ကျားခင်စိန်' လိုမျိုး သရုပ်ဖော် ဇာတ်ဆောင်တွေနှင့် အားရစရာ ကောင်းလှပါတယ်။

ဖ-ဆ-ပ-လ တို့အပြင် န-ဝ-တ၊ န-အ-ဖ တို့ မ-ဆ-လ ခေတ်ချိန်ခါမှာ အာဇာနည်မခင်ညွန့်တို့ မြင်းဖြူရှင်မခင်ညွန့်တို့ ပေါ်ခဲ့ဖူးသေးတယ် မဟုတ်လား။ မိန်းမဟူဘိ ထိုက္ကတ္တိ မရှိမကောင်း ရှိမကောင်းဆိုတဲ့ စကားပုံဟာ ဆွေးမြေ့တဲ့ ရော်ရွက်တွေလို ကြွေကုန်ပါပြီ။

## လွမ်းစရာ မကောင်းတော့ပါဘူး

သုဒ္ဓေါဓနမင်းကြီး မယ်တော်မာယာ နတ်ရွာစံတော်မူသွားတော့ မိထွေးတော်ဂေါတမီအဖြစ် ထင်ရှားခဲ့တယ် မဟုတ်လား။ မြတ်စွာဘုရား သီတင်းသုံးရာ ကျောင်းတံခါးဝမှာ 'ဘိက္ခုနီသာသနာ'ဖြစ်ဖို့ ထိုင်သပိတ် ဆောင်ရွက်ခဲ့တယ် မဟုတ်လား။ သုဒ္ဓေါဓနမင်းကြီးကလည်း အာဏာရှင် ဆန်တဲ့ ဘုရင်မဟုတ်တဲ့အပြင် မင်းကျင့်တရားနှင့် ညီညွတ်တဲ့ မင်း မဟုတ်ပါလား။

တိုင်းသူပြည်သားတွေ တစ်စုံတစ်ရာ လွတ်လပ်ခွင့် ရှိပါတယ်။ မြတ်စွာဘုရားတရားတော် အစစ်အမှန်ကလည်း တရားသေ မဟုတ်ပါဘူး။ စိတ်ရဲ့လွတ်မြောက်မှုကို အားပေးတဲ့တရား၊ တရားရှင် တရားစစ် တရားမှန်ပါ။

အို··· သူတော်ကောင်းအပေါင်းတို့ မိန်းမဟူဘိ ထိုက္ကုဏ္ဍိ မရှိမကောင်း၊ ရှိမကောင်း အတွေးအခေါ်ကို ပယ်ဖျက်ကြပါစို့ပဲ ပြောလိုပါတယ်။ မိခင်တိုင်းကလည်း ကုဏ္ဍိအနွယ်ဝင်ဖြစ်တဲ့အတွက် အယူမမှားသင့်တော့ပါ။ သစ္စာမဲ့သူ ဖောက်ပြန်သူတွေဟာ ဆွမ်းဆန်ထဲ ကြွက်ချေးရောဘိသကဲ့သို့ ဖယ်ရှားလိုက်ဖို့ပဲ။ မိန်းမတံခွန် လူရည်မွန်လို့ပဲ အဆိုပြုကြစေလိုပါတယ်။

ခင်ဆွေဦး

အမျိုးသမီးတစ်ဦးဖြစ်ပါလျက် ဆေးပညာတွင် အမျိုးသမီးများကို နေရာပေးလေ့မရှိသောခေတ်တွင် မွေးဖွားကြီးပြင်းခဲ့ရသူလည်းဖြစ်ပါလျက် ငယ်စဉ်က အဆုတ်တီဘီရောဂါကြောင့် နာတာရှည် လူမမာဖြစ်ခဲ့ဖူးသူ၊ အသက်ကြီးလာသည်နှင့်အမျှ အကြားအာရုံ တဖြည်းဖြည်း ချို့တဲ့လာခဲ့သူ၊ ငယ်စဉ်ကပင် Dyslexia ခေါ် စာဖတ်ရာတွင် ဝေါဟာရများကို နားလည်ရန်ခက်ခဲသည့် ဦးနှောက်အာရုံကြောဆိုင်ရာ ရောဂါရှိဖူးသူလည်း ဖြစ်ပါလျက်နှင့် 'ကလေးအထူးကုဘာသာရပ်' ၏ မိခင်ကြီးအဖြစ် အသိအမှတ်ပြုခံရသည်အထိ ကြိုးပမ်းအားထုတ်ခဲ့သော ဒေါက်တာဟယ်လင်တောဆစ်၏ စေတနာနှင့် အားမာန်တို့မှာ ကျွန်တော့်အတွက် ကြက်သီးမွေးညင်းထရမလောက် လေးစားအားကျဖွယ်ရာတွေပါ။

# ဒေါက်တာဟယ်လင်တောဆစ်အကြောင်း

## လက်ာရည်ကျော်

စာပေခရီးသွားများစာစဉ်က 'ယောကျ်ားတံခွန် လူရည်ချွန်' ခေါင်းစဉ်ဖြင့် ရေးခိုင်းတုန်းက ကျွန်တော့်မှာ ရေးစရာအပြည့်။

'မိန်းမတံခွန် လူရည်မွန်' ရေးခိုင်းတော့ ရုတ်တရက် ရေးစရာစဉ်းစား ၍မရ။ မိန်းမသူရဲကောင်းတွေ ရာဇဝင်မှာ မရှိခဲ့လို့ မဟုတ်။ 'Joan of Arc' အာဇာနည်ဂျုံးကစ၍ ဒေါ်အောင်ဆန်းစုကြည်အဆုံး ရေးမကုန်အောင် များပြားလှသည်။ မိန်းမသားတန်မဲ့နှင့် ယောကျ်ားကြီးတွေ ပါးစပ်အဟောင်း သားဖြစ်လောက်အောင် စွန့်လွှတ်အနစ်နာခံပြခဲ့သူတွေမှ ဒုနှင့်ဒေး။

သို့သော် အမျိုးသမီး စာရေးဆရာတစ်ဦးဦးက ရေးဖွဲ့ပြတာက အမျိုးသမီးတွေဘဝကို ပိုကိုယ်ချင်းစာ ရေးဖွဲ့နိုင်မည်လားဟု တွေးမိတာပါ။ လက်ာရည်ကျော်ဆိုသည့် ကလောင်အမည်ကလည်း မြန်အောင် စာပေဟောပြောပွဲတုန်းက မမ 'သန်းမြင့်အောင်' ပြောသလိုပင် 'ခုတော့ လက်ာရည်ကျော်ဆိုတာ ယောကျ်ား၊ သန်းမြင့်အောင်ဆိုတာ မိန်းမဆိုတာ သိကြပြီမဟုတ်လား'ဟုမေးယူရသော နာမည်မို့ ပိုအထင်လွဲခံရမှာကလည်း ကြောက်ရသေး။

အဲသည်အချိန်မှာ ကျွန်တော် ဒေါက်တာ ဟယ်လင်တောဆစ်ကို သတိရမိသည်။ ဘဝမှာ အခက်အခဲနှင့် တွေ့ရတိုင်း လွယ်လွယ်အားလျှော့ချင်တတ်သော လူငယ်တချို့၊ ရုန်းကန်ကြိုးစားဖို့ အားမထုတ်ချင်သော လူငယ်တချို့အတွက် ကျွန်တော် ဆုံးမစကားပြောတိုင်း 'ဟယ်လင်'

အကြောင်းကို ပြောပြဖြစ်သည်။

ဟယ်လင်က ကလေးနှလုံးအထူးကုဆရာဝန်တစ်ဦးဖြစ်သည်။ သူ့အကြောင်းကို လွန်ခဲ့သော ငါးနှစ်ခန့်က ဇီဝကမဂ္ဂဇင်းမှာ ကျွန်တော်ဆောင်းပါးရေးဖူးသည်။ စာပေခရီးသွားများ၏ 'ကိုယ့်ကိုယ်ကိုယ်ပြင်ဆွာန်းပါ' မှာလည်း အနည်းအကျဉ်း ထည့်ရေးဖူးသည်။ တခြားစာရေးဆရာတွေ သူ့အကြောင်းရေးတာ တစ်ခါမှ မတွေ့ဖူးခဲ့။

'ဟယ်လင်'အကြောင်းကိုပင် ထပ်ရေးပြတာ အသင့်တော်ဆုံးဟု ကျွန်တော်ထင်မိသည်။

## ဟယ်လင်တောဆစ်ဆိုတာ ဘယ်သူလဲ

နောက်ဆုံးနှစ် အပိုင်း(က)ဆေးကျောင်းသူ၊ ကျောင်းသားများမှ အစပြု၍ ဆရာဝန်အားလုံး မွေးရာပါ ပြာနှမ်းသော နှလုံးရောဂါတွင် ပြုလုပ်ရသော ခွဲစိတ်မှု blalock-taussing (ဘလားလော့-တောဆစ်ခွဲစိတ်မှု) အကြောင်း ကောင်းကောင်းကြီး ကြားဖူးကြသည်။ ဘလားလော့ ဆိုသည်က ဒေါက်တာ အဲလ်ဖရက်ဘလားလော့ ဆိုသည့် နှလုံးခွဲစိတ်ဆရာဝန်ကြီးဖြစ်ပြီး တောဆစ်ဆိုသည်က ဒေါက်တာ ဘလားလော့ထက် အသက်ဆယ်နှစ်နီးပါးငယ်သော ဒေါက်တာ ဟယ်လင်ဘရွတ်ခ်တောဆစ် ဖြစ်ပါသည်။

ဆရာကြီး ပါမောက္ခ ဦးခင်မောင်အေး (နှလုံးခွဲစိတ်ကု ဆရာဝန်ကြီး-အငြိမ်းစား)ကတော့ စာသင်တိုင်း ဒေါက်တာ ဘလားလော့အကြောင်း ထည့်ထည့်ပြောသည်ကို လူငယ်ဆရာဝန်လေးများနှင့်အတူ လိုက်လိုက်နားထောင်ရင်း ကျွန်တော် မကြာခဏ ကြားဖူးပါသည်။ ကျွန်တော်ကတော့ 'ဟယ်လင်တောဆစ်'အကြောင်းကို ပိုစိတ်ဝင်စားနေမိသည်။

အကြောင်းကတော့ 'ဟယ်လင်တောဆစ်'က ကျွန်တော့်လိုပင် ကလေးအထူးကုဆရာဝန်တစ်ဦးဖြစ်နေ၍ ဖြစ်ပါသည်။ ပြီးတော့ ကျွန်တော့်ကိုယ်ကျွန်တော် 'ကလေးနှလုံးအထူးကုဆရာဝန်' ဟု မခံယူတော့သော်လည်း ကလေးနှလုံးအထူးကုဘာသာရပ်နှင့် ရင်းနှီးစွာ နွယ်ပတ်နေဆဲ

လူတစ်ဦးဖြစ်လေရာ အမျိုးသမီးတစ်ဦးလည်း ဖြစ်ပါလျက် ဆေးပညာတွင် အမျိုးသမီးများကို နေရာပေးလေ့မရှိသော ခေတ်တွင် မွေးဖွားကြီးပြင်းခဲ့ရသူလည်း ဖြစ်ပါလျက် ငယ်စဉ်က အဆုတ်တီဘီရောဂါကြောင့် နာတာရှည်လူမမာ ဖြစ်ခဲ့ဖူးသူ၊ အသက်ကြီးလာသည်နှင့်အမျှ အကြားအာရုံ တဖြည်းဖြည်း ချို့တဲ့လာခဲ့သူ၊ ငယ်စဉ်ကပင် Dyslexia ခေါ် စာဖတ်ရာတွင် ဝေါဟာရများကို နားလည်ရန် ခက်ခဲသည့် ဦးနှောက်အာရုံကြောဆိုင်ရာ ရောဂါ ရှိဖူးသူလည်း ဖြစ်ပါလျက်နှင့် 'ကလေးအထူးကု ဘာသာရပ်'၏ မိခင်ကြီးအဖြစ် အသိအမှတ်ပြုခံရသည်အထိ ကြိုးပမ်းအားထုတ်ခဲ့သော ဒေါက်တာဟယ်လင်တောဆစ်၏ စေတနာနှင့် အားမာန်တို့မှာ ကျွန်တော့်အတွက် ကြက်သီးမွေးညင်းထရမလောက် လေးစားအားကျဖွယ်ရာ တွေ့ပါ။

## ကြမ်းတမ်းသည့် ငယ်ဘဝ

'ဟယ်လင်'လေးကို အမေရိကန်ပြည်ထောင်စု၊ မန်ဆာချူးဆက်ပြည်နယ်၊ ကင်းဘရစ်မြို့ (အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေးလျနိုင်ငံရှိ မြို့တော်တော်များများမှာ ယူကေနိုင်ငံမှ မြို့အမည်များကို ပွားယူထားတတ်ပါတယ်။ ရန်ကုန်မြို့တွင် မြောင်းမြလမ်းတို့၊ ပုသိမ်လမ်းတို့ ရှိသလိုပါပေ)၌ ၁၈၉၈-ခုနှစ်၊ မေလ ၄ ရက်နေ့တွင် မွေးဖွားခဲ့သည်။

'ဟယ်လင်' အသက် ၈ နှစ်အရွယ်တွင် မိခင်ဆုံးပါးခဲ့သည်။ ဖော်ပြပြီးခဲ့သည့်အတိုင်း ငယ်စဉ်ကတည်းက မကျန်းမာသူဖြစ်သော်လည်း စိတ်ဓာတ်စေတနာ ထက်သန်စွာ ကြိုးစားအားထုတ်ခဲ့မှုကြောင့် ကင်တပ်ကီပြည်နယ်၊ ရက်ကလစ်ဖ်ကောလိပ်သို့ တက်ရောက်ခွင့် ရရှိခဲ့သည်။ ၁၉၂၁ ခုနှစ်၊ ဟယ်လင် အသက် ၂၃ နှစ်တွင် ဘာကလေမြို့၊ ကယ်လီဖိုးနီးယားတက္ကသိုလ်မှာ 'အေတီ'ဘွဲ့ ရရှိခဲ့သည်။ ဖခင်မှာ နာမည်ကျော် ဟားဗတ်တက္ကသိုလ်မှ နာမည်ကြီး စီးပွားရေးပညာ ပါမောက္ခကြီးတစ်ဦးဖြစ်သော်လည်း 'မိန်းကလေးတစ်ဦးဖြစ်နေသည့်အပြစ်ကြောင့်' ဟယ်လင် ဟားဗတ်

သို့ ဝင်ခွင့်မရရှာပါ။

ထို့ကြောင့် ဘော်စတွန်မြို့ရှိ ဘော့စတွန်တက္ကသိုလ်တွင် ခန္ဓာဗေဒ ဘာသာရပ်ကို သင်ကြားလေ့လာခဲ့ရသည်။ ၁၉၂၃ ခုနှစ်၊ ဟယ်လင် အသက် ၂၅ နှစ်တွင်မှ ဘောလ်တီမိုးမြို့ရှိ ကမ္ဘာကျော် ဂျွန်ဟော့ပ်ကင်း ဆေး တက္ကသိုလ်သို့ စတင်ဝင်ရောက်ခွင့် ရခဲ့ပြီး ၁၉၂၇ ခုနှစ်၊ အသက် ၂၉ နှစ်တွင်မှ ဆရာဝန်ဘွဲ့ရခဲ့သည်။

ထိုအချိန်မှစ၍ ကလေးကျန်းမာရေးပညာဌာန ပါမောက္ခ ဒေါက်တာ အက်ဒဝတ်အေပတ်ခ်၏ နွေးထွေးရင်းနှီးသော သွန်သင်ညွှန်ကြားမှုအောက် တွင် ကလေးအထူးကုဆရာဝန်လောင်းတစ်ဦး၏ ဘဝကို လျှောက်လှမ်းခဲ့ သည်။

## ကလေးအထူးကုဆရာဝန်တစ်ယောက်ပေါ်ထွန်းလာခြင်း

၁၉၃၀ ခုနှစ်တွင် ဒေါက်တာပတ်ခ်က ဒေါက်တာဟယ်လင် တောဆစ်ကို ဟယ်ရီယက်လမ်း ဆေးကုခန်း၏ ကလေးနှလုံးကုသခန်းကို အုပ်ချုပ်ရန် တာဝန်ပေးခဲ့သည်။

ဟယ်လင်၏ အသက်က ၃၂ နှစ်၊ နားအကြားအာရုံက တော်တော် ချို့တဲ့လာနေပြီ။ ဒါကို ထေမိစေရန် လူနာကလေးကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာခြင်း၊ ကျွမ်းကျင်စွာ ကိုယ်တွယ်စမ်းသပ်ခြင်း၊ စနစ်တကျ ဆေးမှတ်တမ်းများ ထားရှိလေ့လာခြင်း၊ မှတ်ဉာဏ်အလွန် ကောင်းမွန်ခြင်း တို့အပြင် ပြင်းထန်သော ဇွဲ၊ လုံ့လ၊ စေတနာတို့ဖြင့် လေ့လာခဲ့ရသည်။

၁၉၂၆ မှ ၁၉၈၈ ခုနှစ်အတွင်း ဒေါက်တာ ဟယ်လင်တောဆစ်၏ ကလေးနှလုံးရောဂါဆိုင်ရာကျမ်းများ များစွာ ထွက်ရှိလာခဲ့လေသည်။ Dyslexia ခေါ် ဝေါဟာရပိုင်းဆိုင်ရာ နားလည်နိုင်စွမ်း အားနည်းမှု ဝေဒနာ ရှင်တစ်ယောက် ကျမ်းစာများ ပြုစုရေးသားနိုင်ခဲ့သည်မှာ အံ့မခန်းဖွယ်ရာ ကြိုးစားအားထုတ်မှုပါ။ ၁၉၄၇ ခုနှစ်၊ ဒေါက်တာဟယ်လင်တောဆစ် အသက် ၄၉ နှစ်အရွယ်တွင် ရေးသားခဲ့သော 'မွေးရာပါ ကလေးနှလုံး

အားနည်းရောဂါများအကြောင်း' စာအုပ်မှာ သူ ၁၀ နှစ်ကိုင်တိုင် ကြိုးစားရေးသားခဲ့ရခြင်းဖြစ်ပြီး ကမ္ဘာကျော်ခဲ့သည်။ ၁၉၆၀မှ ၁၉၆၂ ခုနှစ်အတွင်းတွင် ဒုတိယအကြိမ် ဖြည့်စွက်ရေးသားခဲ့သေးသည်။

သူကိုယ်တိုင် ခံစားနေရသော နားထိုင်းသည့် ဝေဒနာအကြောင်းကိုလည်း ပွင့်ပွင့်လင်းလင်း ရိုးသားစွာ ဟာသစွက်၍ စာနှစ်ပုဒ် ရေးသားခဲ့ဖူးသေးသည်။ နောက်ပိုင်း ဆေးပညာတိုးတက်လာချိန်တွင်တော့ သူ၏နားအကြားအာရုံမှာ ခွဲစိတ်ကုသ၍ တိုးတက်ကောင်းမွန်သွားခဲ့သည်။

## ကမ္ဘာကျော်လေပြီ

၁၉၄၀၊ ဒေါက်တာဟယ်လင်တောဆစ် အသက် ၄၂ နှစ်အရွယ်တွင် မွေးရာပါ ပြာနှမ်းသော ကလေးနှလုံးရောဂါများ (Tetralogy Fallot) အတွက် ကုထုံး မပေါ်သေးပါ။ ထိုအချိန်တွင် ဒေါက်တာဟယ်လင်တောဆစ်က ထိုကလေးများထဲမှ မွေးရာပါ အဆုတ်သွေးလွှတ်ကြောနှင့် သွေးမကြီးကြားတွင် အပိုပြွန်ငယ် (Patent ductus arteriosus) ပါလာသော ကလေးများကို စောင့်ကြည့်ခဲ့သည်။ ထိုသို့သော ကလေးများတွင် ထိုပြွန်ငယ်လေးများ ပိတ်သွားချိန်တွင် ကလေးများ ပိုမိုပြာနှမ်းလာပြီး ကွယ်လွန်သွားကြကြောင်း သတိထားမိသည်။ ထို့ကြောင့် အလားတူ ပြွန်ငယ်မျိုးကို ခွဲစိတ်၍ ထည့်ပေးလိုက်ပါက မူလက ပြာနှမ်းနေသော ကလေးများ သက်သာလာဖွယ်ရှိကြောင်း တွက်ဆမိလာသည်။ ယင်းကို ထိုနှစ်တွင် ဗင်ဒါဘစ်လ်တ် တက္ကသိုလ်မှ ဂျွန်ဟော့ပ်ကင်းစ် တက္ကသိုလ်သို့ ခွဲစိတ်ကုပညာဌာနမှူးအဖြစ် ပြောင်းရွှေ့လာသော ဒေါက်တာ အယ်ဖရက်ဘားလော့နှင့် ဆွေးနွေးသည်။

ဒေါက်တာ ဘလားလော့က သူမ၏ အဆိုပြုချက်ကို လက်ခံစမ်းသပ်ကြည့်ခဲ့ပြီး ၁၉၄၄ ခုနှစ်၊ နိုဝင်ဘာလတွင် 'အယ်လင်းဆက်ဆွန်' အမည်ရှိကလေးငယ်ကို ပြာနှမ်းနေရာမှ နီမြန်းလာအောင် အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့သည်။

'ဘာလားလော့-တောဆစ်' ခွဲစိတ်မှု၏ အစီရင်ခံစာကိုတော့ နောက်ထပ် အောင်မြင်သော ခွဲစိတ်မှုနှစ်ခုအပြီး ၁၉၄၅ တွင် ထုတ်ပြန်ခဲ့သည်။ ယင်းအစီရင်ခံစာက ကမ္ဘာကျော်ခဲ့လေသည်။

၁၉၇၇ ခုနှစ်က ထုတ်ဝေခဲ့သော ဂျွန်ဟော့ကင်စ် ဆေးပညာဂျာနယ်တွင် ပါမောက္ခ အင်းဂဲလ်က 'ဒေါက်တာ ဘာလားလော့ကို နှလုံးခွဲစိတ်ကုပညာ၏ ဖခင်ဟု သတ်မှတ်မည်ဆိုပါက ဒေါက်တာတောဆစ်ကိုလည်း ကလေးနှလုံးအထူးကုပညာ၏ မိခင်ဖြစ်ကြောင်း အငြင်းပွားဖွယ် မရှိချေ' ဟု ရေးသားခဲ့ဖူးလေသည်။

## ဘဝတစ်လျှောက်လုံး အနားမယူသည့် ဆရာဝန်

ထို ၁၉၄၅ ခုနှစ်တွင် ဒေါက်တာဟယ်လင်တောဆစ်၏ အသက်မှာ ၄၇ နှစ် ရှိနေပြီ။ ထိုအချိန်မှစ၍ တစ်ကမ္ဘာလုံးမှ လူနာများနှင့် ဆရာဝန်များ ဘောလ်တီမိုးသို့ လာရောက်လေ့လာကြသည်။ ဒေါက်တာဘာလားလော့ရော၊ ဒေါက်တာဟယ်လင်တောဆစ်ပါ ကမ္ဘာ့နိုင်ငံအနှံ့အပြားသို့ သွားရောက်ဟောပြောကြရသည်။

၁၉၆၂ ခုနှစ်တွင်တော့ ဒေါက်တာ ဟယ်လင်တောဆစ်က ၆၄ နှစ် ရှိနေပြီ။ သူတို့ ခွဲစိတ်ကုသပေးခဲ့သော ကလေးငယ်ပေါင်းတစ်ထောင်၏ ရလဒ်ကို စာတမ်းပြုစု ထုတ်ဝေခဲ့သည်။ ၁၉၇၁ ခုနှစ် သူ အသက် ၇၃ နှစ်၌ပင် ထိုစာတမ်းကို ဖြည့်စွက်ထုတ်ဝေခဲ့သေးသည်။

၁၉၅၉ ခုနှစ် သူ အသက် ၆၁ နှစ်တွင်မှ ဂျွန်ဟော့ကင်းစ်တက္ကသိုလ်၏ ကလေးကျန်းမာရေးပညာဌာန ပါမောက္ခရာထူးကို ရခဲ့သည်။ အသက် ၆၅ နှစ်တွင် အမေရိကန်ပြည်ထောင်စု၏ လုပ်ထုံးလုပ်နည်းအတိုင်း အလုပ်မှ အငြိမ်းစားယူခဲ့သော်လည်း သူ တကယ်အနားမယူပါ။

အမေရိကန် ကလေးအထူးကုအဖွဲ့၏ လက်အောက်တွင် ကလေးနှလုံးအထူးကုပညာအဖွဲ့ငယ် ပေါ်ပေါက်လာစေရေးအတွက် ဆက်လက်ကြိုးပမ်းအားထုတ်ခဲ့သည်။ ၁၉၆၅ ခုနှစ်၊ အသက် ၆၇ နှစ်အရောက်

တွင် ဒေါက်တာဟယ်လင်တောဆစ်သည် အမေရိကန်နှလုံးရောဂါအသင်း (AHA American Heart Association) ဥက္ကဋ္ဌ ဖြစ်လာသည်။ သည် အသင်းတွင် အမျိုးသမီးများထဲမှ ဥက္ကဋ္ဌဖြစ်တာ သူ အရင်ဆုံးဖြစ်သလို ကလေးအထူးကုဆရာဝန်များထဲမှ ဥက္ကဋ္ဌဖြစ်လာခြင်းမှာလည်း သူ အရင် ဆုံး ဖြစ်လေသည်။

## အခြားသော မှတ်တိုင်များ

၁၉၆၂ ခုနှစ်၊ သူ ပင်စင်ယူခါနီးဆဲဆဲတွင် ဒေါက်တာ ဟယ်လင် တောဆစ် ဥရောပသို့ လေ့လာရေးခရီး ထွက်ခဲ့သည်။ ကိုယ်ဝန်ဆောင်မိခင် များ 'သာလီဒိုမိုက်' ခေါ် အိပ်ဆေးကို သောက်သုံးမိပါက မွေးကင်းစ ကလေးများ ခြေလက်အင်္ဂါချို့တဲ့နိုင်တဲ့အကြောင်းကို ပထမဦးဆုံးအကြိမ် ဂျာမဏီနိုင်ငံတွင် စတင်ဖြစ်ပွားစဉ်ကတည်းက ဒေါက်တာ ဟယ်လင်တော ဆစ် လေ့လာသိရှိခဲ့သည်။ သူ၏ တွေ့ရှိချက်များကို သူ ပြန်ရောက်ချိန် တွင် 'အမေရိကန်ဆရာဝန်များကောလိပ်' အဖွဲ့ကြီးနှင့် လွှတ်တော်တို့သို့ အစီရင်ခံစာ တင်ပြခဲ့သဖြင့် ထိုဆေးကို အမေရိကန်ပြည်ထောင်စု၌ ခွင့်မပြု တော့ရုံသာမက ဆေးဝါးဥပဒေများကို ပိုမိုတင်းကြပ်ခဲ့သဖြင့် ကမ္ဘာကျော် 'သာလီဒိုမိုက်' ကပ်ဆိုးကြီးကို အမေရိကန်ပြည်ထောင်စုက ရှောင်လွှဲနိုင် ခဲ့သည်။

ဒေါက်တာဟယ်လင်တောဆစ်သည် အမေရိကန်ပြည်ထောင်စု သာမက ပြင်သစ်၊ အီတလီ အစရှိသည့် နိုင်ငံရပ်ခြားများမှလည်း ဂုဏ်ပြုဆု များစွာ ချီးမြှင့်ခြင်း ခံခဲ့ရသည်။ ၁၉၆၄ ခုနှစ်တွင် အမေရိကန်သမ္မတ ဂျွန်ဆင်က သူမကို အရပ်သားများအတွက် ချီးမြှင့်သည့်ဆုထဲတွင် အမြင့်ဆုံး ဆု ဖြစ်သော Medal of freedom (လွတ်လပ်ရေး ဆုတံဆိပ်)ကို ချီးမြှင့် ခဲ့သည်။

၁၉၇၆နှင့် ၁၉၈၃ခုနှစ်တွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာ ကလေးနှလုံးရောဂါညီလာခံများကို သူ့အမည်သုံး၍ ဂုဏ်ပြုကျင်းပခဲ့ကြ

သည်။ ဌန်ဟော့ပ်ကင်းစ် တက္ကသိုလ်ရှိ ကလေးနှလုံးအထူးကုဌာနကိုလည်း သူ့ကို ဂုဏ်ပြု၍ 'ဟယ်လင်၊ ဘီ၊ တောဆစ်' ဌာနဟု အမည်ပေးခဲ့သည်။

"ဘဝတစ်လျှောက်လုံးမှာ ကြိုးစားသလောက် အသိအမှတ်ပြုခံရတာတွေရှိသလို အသိအမှတ်ပြုမခံရတာတွေလည်း ရှိတာပေါ့။ အဲဒါတွေနဲ့ ကြုံလာရင်လည်း နည်းနည်းတော့ ခံစားရတာပေါ့။ ဒေါက်တာဘလားလော့ကို အမျိုးသားသိပ္ပံနဲ့ ဝိဇ္ဇာတက္ကသိုလ်ကြီးတစ်ခုလုံးရဲ့ အဖွဲ့ဝင်အဖြစ် အရွေးခံခဲ့ရတဲ့အချိန်မှာ ကျွန်မကိုတော့ လက်ထောက်ဆရာဝန်ဘဝကနေ တွဲဖက်ပါမောက္ခရာထူးလေးတောင် တိုးမပေးခဲ့တာတွေလည်း ကြုံဖူးပါရဲ့"

ဒေါက်တာဟယ်လင်တောဆစ်က အပြုံးမပျက် သံဝေဂစကားလေး ဆိုဖူးပါသည်။ အသိပညာရှင်၊ အတတ်ပညာရှင်ကောင်းတို့မည်သည် မိမိကြိုးစားအားထုတ်မှုကို မည်မျှ အသိအမှတ်ပြု ခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ စေတနာနှင့် လုံ့လ၊ ဝီရိယကို မလျှော့တတ်ကြသည်မှာ လေးစားအားကျဖွယ်ရာပါပေ။

ရုပ်ရည်ချောမောသလောက် စာသင်ပြရာတွင် ဆွဲဆောင်အားကောင်းကောင်းနှင့် စေတနာပြည့်ဝစွာ သင်ကြားတတ်သော ဒေါက်တာဟယ်လင်တောဆစ်ကို ကမ္ဘာ့ဒေသအသီးသီးမှလာသော သူ၏ တပည့်ဆရာဝန်များကလည်း ချစ်ခင်တွယ်တာကြသည်။ နှစ်နှစ်၊ သုံးနှစ် တစ်ခါဆိုသလို တပည့်ဟောင်းများနှင့် သူ့အိမ် မြက်ခင်းပြင်လေးတွင် မိတ်ဆုံစားပွဲ လုပ်လေ့ရှိသည်။

၁၉၇၀ တွင်တော့ သူနှင့် သူ့ဖခင်ကိုယ်တိုင် ၁၉၃၀ပြည့်လွန်နှစ်များတွင် တည်ဆောက်ခဲ့ပြီး ပန်းပင်စိုက်၊ ထင်းခုတ်၊ ရေကူး၊ စာရေးအနားယူခဲ့သော မန်ဆာချူးပြည်နယ်၊ ကွန်တုတ်မြို့လေးရှိ နွေရာသီစံအိမ်လေးမှ ပင်ဆာဗေးနီးယားပြည်နယ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

၁၉၇၁ ခုနှစ်မှစ၍ ဒယ်လ်ဝဲယား တက္ကသိုလ်၊ ဝီလ်မင်တန် သဘာဝသမိုင်းပြတိုက်တို့နှင့် တွဲဖက်၍ ငှက်များ၏ မွေးရာပါ နှလုံးရောဂါများကို လေ့လာရင်း နှလုံးရောဂါများ ဖြစ်ပေါ်လာပုံသမိုင်းကို ရေးသားခဲ့သည်။

၁၉၈၆ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင်တော့ ရွေးကောက်ပွဲအတွက်

မဲဆန္ဒပေးရန် သူကိုယ်တိုင် ကားမောင်းလာရင်း 'ကင်နက်စကွဲယား' တွင် ယာဉ်တိုက်မှုဖြစ်၍ ကွယ်လွန်ခဲ့ရှာပါသည်။ ထိုနေ့သည်ကား သူ အသက် ၈၈ နှစ်ပြည့်ပြီးခါစ အချိန်ပါပေ။

## မိန်းမတံခွန်လူရည်ချွန်ဖြစ်ဖို့လိုသော အရည်အချင်း

လူချွန်လူကောင်းဟူသည် ယောကျ်ား၊ မိန်းမမရွေး ကြိုးစားလျှင် ဖြစ်နိုင်လောက်သည်ဆိုတာက လူတိုင်း လက်ခံထားပြီး အချက်ပါ။

ကြိုးစားတိုင်း ဖြစ်နိုင်သလားဆိုသည့် မေးခွန်းက လူတိုင်းသိချင်သည့် မေးခွန်း။

ရေခံမြေခံကောင်းသူ၊ မိဘဆွေမျိုး အသိုင်းအဝိုင်းက ပံ့ပိုးနိုင်သူတွေမှ ခေါင်းဆောင်ကောင်းတွေ ဖြစ်လာကြကြေးဆိုလျှင် မာတင်လူသာကင်းကို ဘယ်နားမှာ သွားထားရပါမည်နည်း။ အာဇာနည် ဂျုန်းကို ဘယ်နားမှာ သွားထားရပါမည်နည်း။ ဘီသိုဗင်ကို ဘယ်နားသွားထားရပါမည်နည်း။

ထိုနည်းတူစွာ...

ဒေါက်တာ ဟယ်လင်ကောဆစ်ကို ဘယ်နားသွားထားရပါမည်နည်း။

ကြိုးစားတိုင်း ဖြစ်နိုင်ပါသည်။

လုံလောက်သော ဆည်းပူးလေ့လာတတ်မှု၊ အလျှော့မပေးတတ်သော ဇွဲနှင့် စိတ်ရှည်ရှည်စောင့်တတ်သော သည်းခံတတ်မှုတို့သာ လိုပါသည်။

ဆန္ဒမွန်ဖြင့်
လက်ာရည်ကျော်

ဒေါ်အင်္ဂဒေဝီ၏ အပြင်းပြဆုံး အာသီသမှာ ပညာရေးကို မြှင့်တင်ပေးလိုခြင်းဖြစ်သည့်အလျောက် ရည်ရွယ်ချက်များ ချမှတ်ခဲ့သည်။

* သာမဏေများ၊ သီလရှင်လေးများ ပရိယတ္တိစာပေနှင့် အခြေခံရှိအပ်သော လောကီပညာရပ်များကို သင်ယူခွင့်ရရှိစေရန်။
* ပညာသင်ကြားရန် အခက်အခဲရှိသော ကလေးများ လွယ်ကူစွာ ပညာသင်ကြားခွင့် ရရှိစေရန်။
* ဗုဒ္ဓဘာသာ အခြေခံရှိပြီး ထူးချွန်ထက်မြက် ယဉ်ကျေးလိမ္မာသော ပညာတတ်လေးများ မွေးထုတ်ပေးနိုင်ရန်။

# ရှေ့သို့သာချီ

## ခင်စောတင့်

ကျွန်မတို့ အမျိုးသမီးတွေကို အားနွဲ့သူတွေဟု သတ်မှတ်ကြပါသည်။ ရုပ်ခန္ဓာအားဖြင့် အားနွဲ့သူတွေ ဖြစ်ကြသော်လည်း တကယ့်အရေးမှာ ဦးဆောင်ကြရမည်ဆိုလျှင် စိတ်ဓာတ်အင်အား ကြံ့ခိုင်ကြသည်မှာ မည်သူမှ လိုက်၍ မမီကြပါ။ ကမ္ဘာကျော်ခဲ့သော ဟယ်လင်ကဲလား၊ မာသာထရီဇာ၊ ဖလော်ရင့်နိုက်တင်ဂေး(လ်)၊ မာရီကျူရီ စသည်တို့က အားနွဲ့သော မိန်းမသားတွေ ဖြစ်လင့်ကစား စိတ်ဓာတ်အင်အား ကြီးမားခဲ့ပြီး ဇွဲ၊ လုံ့လ၊ ဝီရိယတို့ကြောင့် အောင်မြင်ခဲ့ကြပါသည်။

အမေရိကန်သမ္မတကတော် နန်စီရေဂင် (Nancy Reagan) ပြောခဲ့သော စကားစုက အမျိုးသမီးတွေအတွက် အားတက်စရာ ဖြစ်သည့်အတွက် ကျွန်မ မှတ်သားထားခဲ့သည်။ 'A woman is like a tea bag: you never know her strength until you drop her in hot water' "အမျိုးသမီးတစ်ဦးသည် တစ်ခါသောက် လက်ဖက်ခြောက်ထုပ်နှင့် တူပါသည်။ သူ၏စွမ်းအင်ကို ရေနွေးပူပူထဲကို ထည့်လိုက်သောအခါမှ သိလာရသည်။" ဟုတ်ပါသည်။ လက်ဖက်ခြောက်ထုပ်ကလေးက သူ့အတိုင်းထားလျှင် ဘာမှ မထူးခြားပါ။ ရေနွေးပူပူထဲကို ထည့်လိုက်မှ လက်ဖက်ရည်ကျကျတစ်ခွက်အဖြစ် အစွမ်းပြပြီး ပြောင်းလဲသွားရပါသည်။

စွမ်းအားဆိုသည်မှာ အောင်နိုင်ခြင်းကြောင့် ပေါ်ထွက်လာသည် မဟုတ်ပါ။ မိမိ၏ အားထုတ်ကြိုးပမ်းမှုတွေက မိမိ၏ စွမ်းအားတွေကို ထူထောင်ပေးခြင်း ဖြစ်ပါသည်။ မိမိက အခက်အခဲ အကြပ်အတည်းများကို ကျော်ဖြတ်ရသော အချိန်မှာ အရှုံးမပေးဖို့ ဆုံးဖြတ်ခြင်းသည် အင်အားပင်

ဖြစ်ပါသည်။

ကျွန်မသည် ကျွန်မနှင့် လက်လှမ်းမီသော သီလရှင်စာသင်တိုက်မှ ဆရာကြီး၊ ဆရာလေးတွေကို လေ့လာမိသောအခါ အမျိုးသမီးတို့၏ ကြံ့ခိုင်သော စိတ်ဓာတ်၊ ကြင်နာတတ်သော မိခင်စိတ်နှင့် ဖွဲ၊ လုံ့လတို့ကို တွေ့ရ၍ အားကျဂုဏ်ယူမိပါသည်။ စံပြအဖြစ် ဘိုးဘွားရိပ်သာတို့ကို တည်ထောင်ခဲ့ပြီး တစ်သက်လုံး သီလရှင်အဖြစ် နေထိုင်သွားခဲ့သော ဒေါ်ဦးဇွန်း။ ရုပ်ချောလှပပြီး B.Ed အောင်မြင်ခဲ့ပြီးမှ သီလရှင်ဝတ်သွားခဲ့သော ဒေါ်ဉာဏသီ သီလရှင်ဆရာကြီးသည် မြစ်ကြီးနားမြို့တွင် သမိဒ္ဓေါဒယ သီလရှင်စာသင်တိုက်ကြီး တည်ထောင်ပြီး အောင်မြင်နေပါပြီ။ သင်္ချိုင်းမြေကြီးဖြစ်သဖြင့် ဆရာလေးများကိုယ်တိုင် ရှင်းလင်းဖော်ထုတ်ခဲ့ကြရသည်။ ယခုအခါ ကျောင်းဆောင်များ ဆောက်လုပ်ပြီး စည်ပင်ဝပြောနေပါပြီ။ ဘာသာခြားများ ပတ်ဝန်းကျင်မှာ အောင်မြင်ရန် အများကြီး ကြိုးစားခဲ့ရသည်ကို ချီးကျူး ဂုဏ်ယူရပါသည်။

ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်မှာရှိသော ဝိသာခါ သီလရှင်ကျောင်းတိုက်ကို တည်ထောင်အုပ်ချုပ်သူ ဆရာကြီး ဒေါ်ကိဿရထေရီသည် မိဘမဲ့ကလေးများကို ပြုစုပျိုးထောင်ပေးပြီး မူလတန်းကျောင်းဖွင့်ပြီး ပညာသင်ပေးပါသည်။ အစပိုင်းမှာ အတော်ပင် ကြိုးစားရုန်းကန်ခဲ့ရသည်။ ဆရာကြီး၏ စေတနာနှင့် ဖွဲကြောင့် ယခုအခါ တိုးတက်ဖွံ့ဖြိုးနေပါပြီ။ လှူဒါန်းကြသူတွေလည်း များပြားနေပါပြီ။

ရွှေပြည်သာမြို့နယ် ဆရာကြီး ဒေါ်သုနန္ဒသည်လည်း 'မြိုင်သီလရှင်ကျောင်း' ထူထောင်ကာစက မြေနေရာက ကျဉ်းပြီး အဆောက်အအုံတွေကလည်း မလုံလောက်ပါ။ မူလတန်းကျောင်းကလေးကလည်း မလုံမခြုံနဲ့ပါပဲ။ သို့သော်လည်း ဆရာကြီး၏ ကြိုးစားအားထုတ်မှုနှင့် စေတနာကြောင့် မြေလှူမည့်သူ၊ ကျောင်းဆောက်ပေးမည့်အလှူရှင်များ ပေါ်ပေါက်လာပြီး နှစ်တိုတိုအတွင်းမှာပဲ ပြည့်စုံလာသည်ကို အံ့သြစွာ တွေ့ရှိရပါသည်။ သီလရှင်ဝတ်စုံလှူပွဲတွေ၊ ယဉ်ကျေးလိမ္မာသင်တန်းတွေ၊ တရားပတ်တွေ၊ သီလရှင်ဝတ်ပွဲတွေ နှစ်စဉ်ကျင်းပနေပါသည်။

ယခုတစ်ခါ မိန်းမတံခွန် လူရည်မွန်ဟု ပြောရလောက်အောင် လောကဓံတရားတွေကို ရင်ဆိုင်ပြီး ကြိုးစားခဲ့သဖြင့် အောင်မြင်နေသော 'သုခကာမီ ရေနံချောင်း သီလရှင်စာသင်တိုက်' ၏ ပဓာနနာယကဆရာကြီး ဒေါ်အဂ္ဂညာဏီဆရာကြီးနှင့် ပတ်သက်သမျှ တွေ့မြင်ရသည်ကို ရေးပြလိုက်ပါသည်။

ဆရာကြီး ဒေါ်အဂ္ဂညာဏီသည် ရေနံချောင်းမြို့ဇာတိဖြစ်ပြီး လောကီပညာ အဋ္ဌမတန်းအထိ သင်ယူခဲ့ပါသည်။ အသက် ၁၇ နှစ်အရွယ်တွင် သာသနာ့နွယ်ဝင် သီလရှင်အဖြစ်သို့ ကူးပြောင်းရောက်ရှိခဲ့ပါသည်။ ရေနံချောင်းမြို့ရှိ ရန်မျိုးအောင် မဟာစည်ရိပ်သာတွင် ဝိပဿနာတရားများကို ၄လကြာ ရှုမှတ်အားထုတ်ပြီးနောက် စစ်ကိုင်းမြို့ ရွှေစေတီ သာသနာ့ရိပ်သာတွင် လောကုတ္တရာစာပေများကို သင်ယူခဲ့သည်။

ပထမငယ်တန်းအောင်မြင်ပြီးနောက် ရန်ကုန်မြို့၊ ကျွန်းတောလမ်း၊ သမိဒ္ဓေါဒယသုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်ကျောင်းတိုက်သို့ ရောက်ရှိပြီး ၁၃ နှစ်ကြာမျှ ပထမလတ်၊ ပထမကြီး၊ ဓမ္မာစရိယတန်း စာဝါများ သင်ယူခဲ့ပါသည်။ ရေနံချောင်းမြို့၊ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်၊ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်၊ ဗြဟ္မနိမ္မိတာရုံကျောင်းတိုက် ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ကြားခဲ့ပြီး ၁၃၇၀ ခုနှစ်တွင် အစိုးရဓမ္မာစရိယစာမေးပွဲတွင် ပါရာဇိကဏ်ကျမ်းကိုလည်းကောင်း၊ ၁၃၇၂ ခုနှစ်တွင် အဋ္ဌသာလိနီကျမ်းကိုလည်းကောင်း အောင်မြင်ခဲ့ပါသည်။

ယခုအခါမှာမူ သုခကာမီ သီလရှင်စာသင်တိုက်ကို ဖွင့်လှစ်ခဲ့သည်မှာ ၁၁ နှစ် ရှိသွားပါပြီ။ အောင်မြင်သော လမ်းကို လွယ်လွယ်နှင့် လျှောက်လှမ်းခဲ့သည် မဟုတ်ပါ။

မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက်တွင် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် ဆရာတော်ကြီး ဦးတိလောကာဘိဝံသ၏ ညွှန်ကြားချက်နှင့် ကျေးဇူးတော်အတိုင်း မြေကွက်ဝယ်ယူခဲ့ပြီး သာသနာပြုလုပ်ငန်းများကို စတင်ခဲ့သည်။ သီလရှင်ဆရာလေး ၁၇ ပါးနှင့် 'တောင်ပေါ်လင်း' ကျောင်း

တိုက်ဆရာတော်ထံတွင် ၃ လမျှ အရိပ်ခိုရင်း စာချ၊ စာသင်၊ အုတ်သယ်၊ သဲသယ်၊ ပဋ္ဌာန်းရွတ်၊ စာကျက်ရင်းနှင့် ကျောင်းဆောင်တစ်ဆောင် စတင် ဆောင်လုပ်ခဲ့ကြပါသည်။ အလှူရှင်များ၏ ကျေးဇူးကြောင့် စာသင်တိုက် ကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ကျောင်းမြေနှင့် ဆက်စပ်နေသော မြေကွက်ကို လည်း ဘာသာခြားလက်ထဲသို့ မရောက်မီ အလှူရှင်များ ဝယ်ယူလှူဒါန်း ခဲ့ကြပါသည်။

'သုခကာမီ' သီလရှင်စာသင်တိုက်ကြီး ပီပီပြင်ပြင် ထွန်းပေါက် လာခြင်းသည် ဆရာကောင်း ပညာရှိပုဂ္ဂိုလ်တွေကို မှီဝဲဆည်းကပ်ခွင့်ရခဲ့၍ ဖြစ်သည်ဟု ဆရာကြီး ဒေါ်အဂ္ဂဉာဏီက မိန့်ဆိုပါသည်။ ယခုအခါမှာ နှစ်စဉ်ပင် ပရိယတ္တိစာပေများ သင်ယူပို့ချခြင်း၊ ဒုလ္လဘသီလရှင်ဝတ်ပွဲများ ပြုလုပ်ပေးခြင်း၊ သင်္ကြန်တွင်း ၅ ရက်တရားစခန်းပွဲ ပြုလုပ်ပေးခြင်း၊ သင်္ကြန် တွင်း ၅ ရက်တရားစခန်းဖွင့်ပွဲ ပြုလုပ်ပေးခြင်း၊ ဝါဆိုသင်္ကန်းနှင့် သီလရှင်ဝတ်စုံ ဆက်ကပ်လှူဒါန်းခြင်းနှင့် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ် ပူဇော်ပွဲကို ၅ ရက်တိုင်တိုင် ကျင်းပခြင်းများ ပြုလုပ်ဆောင်ရွက်လျက် ရှိသည်။ ထို့အပြင် စတုဒီသာကျွေးမွေးခြင်းကိုလည်း တန်ဆောင်မုန်းလပြည့် နေ့မှစ၍ ၃ ရက်တိုင်တိုင် ကျွေးမွေးလျက်ရှိပါသည်။

ဒေါ်အဂ္ဂဉာဏီ၏ အပြင်းပြဆုံး အာသီသမှာ ပညာရေးကို မြှင့်တင် ပေးလိုခြင်းဖြစ်သည့်အလျောက် ရည်ရွယ်ချက်များ ချမှတ်ခဲ့သည်။

* သာမဏေများ၊ သီလရှင်လေးများ ပရိယတ္တိစာပေနှင့် အခြေခံ ရှိအပ်သော လောကီပညာရပ်များကို သင်ယူခွင့် ရရှိစေရန်။

* ပညာသင်ကြားရန် အခက်အခဲရှိသော ကလေးများ လွယ်ကူစွာ ပညာသင်ကြားခွင့် ရရှိစေရန်။

* ဗုဒ္ဓဘာသာ အခြေခံရှိပြီး ထူးချွန်ထက်မြက်ယဉ်ကျေးလိမ္မာသော ပညာတတ်လေးများ မွေးထုတ်ပေးနိုင်ရန်။

၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှာ စာသင်ကျောင်းလေးစတင်တည် ထောင်ခဲ့သည်။ သွပ်မိုး၊ ထရံကာ ကျောင်းဆောင်နှစ်ဆောင်ဆောက်ပြီး ကျောင်းသူကျောင်းသား ၉၈ ဦး၊ ဆရာမ ၅ ယောက်နှင့် ဖွင့်လှစ်ခဲ့သည်။

စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ခဲ့သည်။ ယခုအခါ 'မူလတန်းလွန် သီလရှင်ပညာရေးကျောင်း'မှ သတ္တမတန်းအထိ သင်ကြားပေးနိုင်လာသည်။ ၂၀၁၁ ခုနှစ်မှာ ဂျပန်နိုင်ငံမှ Mr. Akinariikka က နှစ်ထပ်စာသင်ကျောင်းဆောင် လှူဒါန်းခဲ့ပါသည်။

၂၀၁၁-၂၀၁၃ ပညာသင်နှစ်မှာ ကျောင်းသားဦးရေ ၅၇၃ နှင့် ဆရာ၊ ဆရာမ ၃၀ ရှိပါသည်။ ပညာသင် သီတင်းသုံးနေထိုင်သော သီလရှင်ဦးရေ ၁၆၀ ရှိပါသည်။ နှစ်စဉ်လည်း တရားပွဲကျင်းပပြီး ကလေးများအတွက် ဦးဂိုအင်ကာအဖွဲ့မှ အာနာပါနတရားသင်တန်းများ ဖွင့်လှစ်နေပါသည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများလည်း ရှိပါသည်။

အောင်မြင်ပြီး ဘက်စုံဖွံ့ဖြိုးနေသော ရွှေသို့သာချီ သုခကာမီ သီလရှင်ကျောင်းတိုက်ကြီးက အားကျစရာကောင်းလှသည်။ အောင်မြင်ဖို့ရာ အချိန်ယူရပါသည်။ အောင်မြင်ခြင်းဆိုသည်မှာ တစ်စုံတစ်ရာကို အချိန်ယူပြီး လုပ်ဆောင်ခြင်းအတွက် သဘာဝတရားကပေးသော ဆုလာဘ်ပင် ဖြစ်ပါသည်။ မိန်းမသားများဖြစ်ကြသော သီလရှင်ဆရာကြီးများနှင့် ဆရာလေးတို့က ခေါင်းဆောင်နှင့် နောက်လိုက် အတူတွဲပြီး မမြင်ရသော ခေါင်းဆောင်နောက်သို့ လိုက်ခဲ့ကြသည်။ ထိုမမြင်ရသော ခေါင်းဆောင်ဆိုသည်မှာ 'တူညီသော ရည်ရွယ်ချက်'ပင် ဖြစ်သည်မဟုတ်ပါလား။ ရွှေသို့သာချီလေ သုခကာမီ။

ပါရမီဖြည့်နိုင်ကြပါစေ။

ခင်စောတင့်

သဘာဝကိုက မြတ်နိုးလိုတဲ့ စိတ်ဓာတ်။
မိသားစုအသိုက်အမြုံကို လုံခြုံစေလိုတဲ့ စိတ်ဓာတ်။
လောကဓံကို ကြံ့ကြံ့ခံနိုင်တဲ့ စိတ်ဓာတ်။
ဘာကိုမဆို မှန်မှန်ကန်ကန် ရင်ဆိုင်ရဲတဲ့ကိစ္စတွေဟာ
မိခင်မှာသာ အသေအချာရှိပါစေ။ သူ့ရင်သွေးဆီကို
ဆိုက်ဆိုက်မြိုက်မြိုက်ရောက်မှာ သေချာတယ်။
မျိုးစေ့မှန်လို့ အပင်သန်တာ။
သတ္တိအရာမှာ မိန်းမသားက ပိုတယ်။
အောင်မြင်ကျော်ကြား ထင်ရှားထွန်းကားတဲ့
ယောကျ်ားတိုင်းရဲ့ နောက်ကွယ်မှာ
မိန်းမတစ်ယောက် ရှိနေစမြဲပဲတဲ့။

# ဂန္ဓဝင်အမျိုးသားပြယုဂ်၏ ပကတိတန်ဖိုး

သင့်နော်

ကမ္ဘာ့ဆိုရိုးအကိုးအကားတစ်ရပ်မှာ 'ပုခက်လွှဲသောလက်သည် ကမ္ဘာကို အုပ်စိုးနိုင်၏။' မိခင်တစ်ယောက်ရဲ့ကဏ္ဍ။ မိန်းမသားတစ်ဦးရဲ့ Power။ သူ ဘယ်လောက်သိ။ သူ ဘယ်လောက်တတ်။ သူ ဘယ်လောက် နားလည်။ သူ ဘယ်လောက် လိမ္မာပါးနပ်။ သူ ဘယ်လောက် ဉာဏ်ရည် ပြည့်ဝ။ သူ ဘယ်လောက် အစစအရာရာကို ထိန်းချုပ်နိုင်သူ ဘယ်လောက် ကိုယ်ကျင့်တရား ကောင်းမွန်။

သူ့အရည်အချင်း ရှိရှိသမျှ အကုန်လုံးကို သူ လွှဲပေးနေတဲ့ ပုခက်ထဲက သူ့ရင်သွေးဆီကို သူက အလုံးစုံ အိတ်သွန်ဖာမှောက် အပြီးအပိုင် လွှဲအပ်ပေးမှာ သေချာတယ်။ သူကိုယ်တိုင် တိုက်ရိုက်လုပ်သာကိုင်သာ မရှိပေမယ့် သူ့ရင်သွေးဆီမှာ အဲသည်အမွေအနှစ်တွေ လွှမ်းခြုံသွားပြီ။ ကလေးဟာ မိခင်ရင်ငွေ့နဲ့အတူ မိခင်ဆီက စိတ်ဓာတ်ခွန်အားတွေကို အမြဲရနေမှာပါ။ စွမ်းတဲ့မိခင် ထက်တဲ့မိခင် အင်အားကြီးတဲ့ မိခင်နဲ့ ရှင်သန်နေ့ထွေးခွင့် သာရခဲ့ရင် သာမန်ကလေးများထက် အများကြီးသာတဲ့ အများကြီးထူးချွန်တဲ့ ကလေးတစ်ယောက်အဖြစ် သူ ကြီးထွားခွင့်ရမှာပါ။ သားကောင်း တစ်ယောက် ကျောက်ကောင်းတစ်စ ဆိုသလိုပေါ့။ အဖိုးတန်တဲ့ ရတနာ

တစ်ပါးပေါ့။

မိခင် တည့်မတ်မှန်ကန်တဲ့အခါ သူ့ရင်သွေးအတွက် စိတ်ချရတယ်။ 'အမိမဲ့သား ရေနည်းငါး' ဆိုတဲ့ စကားရှိတယ်။ မိခင်က ရေသောက်မြစ်ဖြစ်တယ်။ ဝမ်းကြာတိုက်ထဲမှာ ရှိစဉ်ကတည်းက ချစ်ခြင်းအားဖြင့် ရှင်သန်ခွင့်နဲ့ နေကြရတာ။ မိခင်စိတ်ရဲ့ စွမ်းပကား အံ့လောက်စရာ။ မိန်းမသားတို့ရဲ့ အဓိက မသိစိတ်ဟာ မိခင်ဖြစ်လိုမှုပဲ။ စောင့်ရှောက်လိုမှု။ အလိုကိုဖြည့်ဆည်းလိုမှု။ ကောင်းစွာ ထိန်းကျောင်းလိုမှုတွေပဲ။

သဘာဝကိုက မြတ်နိုးလိုတဲ့ စိတ်ဓာတ်။ မိသားစု အသိုက်အမြုံကို လုံခြုံစေလိုတဲ့ စိတ်ဓာတ်။ လောကဓံကို ကြံ့ကြံ့ခံနိုင်တဲ့စိတ်ဓာတ်။ ဘာကိုမဆို မှန်မှန်ကန်ကန် ရင်ဆိုင်ရဲတဲ့ ကိစ္စတွေဟာ မိခင်မှာသာ အသေအချာရှိပါစေ။ သူ့ရင်သွေးဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်မှာ သေချာတယ်။ မျိုးစေ့မှန်လို့ အပင်သန်တာ။ သတ္တိအရာမှာ မိန်းမသားက ပိုတယ်။ အောင်မြင်ကျော်ကြား ထင်ရှားထွန်းကားတဲ့ ယောက်ျားတိုင်းရဲ့ နောက်ကွယ်မှာ မိန်းမတစ်ယောက် ရှိနေစမြဲပဲတဲ့။

တိုက်ရိုက်ထိန်းချုပ်မှုကို ဆိုလိုတာ မဟုတ်။ အတိအကျ စီမံအုပ်ချုပ်ခန့်ခွဲတာ မဟုတ်။ အကြံကောင်းဉာဏ်ကောင်းတွေ ပေးတာမျိုး။ တည့်မတ်တဲ့ ဆုံးဖြတ်ချက်အတွက် ပံ့ပိုးနိုင်တာမျိုး။ ဘဝရဲ့ ချိုမြိန်မှုအတွက် အမြဲတမ်း အသင့်ဖြည့်စွက်ပေးနိုင်တာမျိုး။ အလိုလိုက်အကြိုက်ဆောင် အလိုက်သိ ကွက်တိ ချမ်းမြေ့ကျေနပ်စေတာမျိုး။ အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘူလတော်လေးဝဆိုတာက အစဉ်အဆက် သတ်မှတ်ခဲ့ကြတဲ့ မိန်းမသားတွေ။ သူတို့တွေက ပါရမီဖြည့်ဖက်တွေ။ ဝတ္တရားကျေပွန်ကြသူတွေ။ အလွန်တည့်မတ်တဲ့ မိန်းမသားတွေ။ သစ္စာရှင်တွေ။

စံသတ်မှတ်နှုန်း မတူညီတဲ့ အနေအထားမှာ မိန်းမတွေရဲ့ စွမ်းပကားတွေကို နေရာပြောင်းလဲမှုတွေနဲ့ တွေ့ကြရပါပြီ။ မဒမ်ကျူရီလို ထူးချွန်ထက်မြက်တဲ့ သိပ္ပံပညာရှင်ကို တန်ဖိုးထား ရရှိခဲ့တယ်။ ဖလောရင့်စ်နိုက်တင်

ဂေးလ်လို မိန်းမမျိုးကို သမိုင်းတင်ခဲ့ကြတယ်။ မာသာထရီဇာလို ထူးခြားတဲ့ အမျိုးသမီးကြီးတစ်ယောက်ကို တွေ့ကြရတယ်။ ကမ္ဘာကြီးက ပြောင်းလဲနေတော့ နိုင်ငံရေးရာကိစ္စရပ်တွေမှာပါ ဦးနှောက်ကြီးတဲ့ မိန်းမသားတွေ ထွန်းကားလာတယ်။ အင်ဒီယာဂန္ဒီဟာ သူတစ်ဦးထဲ ပြီးမသွားဘဲ သူ့မျိုးဆက် ရာဂျစ်၊ ဆန်ဂျေးတို့သာမ အခု သူ့ချွေးမအထိ BLOOD LINE ကို ချန်ရစ်နိုင်ခဲ့တယ်။ မကြာခင်ကမှ ကွယ်လွန်ခဲ့တဲ့ ဗြိတိန်က IRON LADY။ မကြာခင်ကမှ အငြိမ်းစားယူခဲ့တဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Secretary of State ဟီလာရီကလင်တန်။ အခုလောလောဆယ် တောင်ကိုရီးယားမှာ သမ္မတဖြစ်လာတဲ့ (Ms. Park Geam Hye) ပတ်ဂမ်ဟေးတို့ဟာ ထင်ရှားတဲ့ သာဓကတွေပေါ့။

အဲသည်ထက်ပိုပြီး ထင်ရှားတဲ့ LADY တစ်ယောက်ရှိသေးတယ်။ ကျွန်တော်တို့ရဲ့ ဒေါ်အောင်ဆန်းစုကြည်ပေါ့။ ကမ္ဘာပေါ်မှာ သူ့လောက် ဘွဲ့ထူးဂုဏ်ထူး အမျိုးအစား အမြောက်အမြားရဖူးတဲ့ အမျိုးသမီးများ ရှိတယ်လို့ ကြားဖူးကြရဲ့လား။ 'နိုဘယ်ငြိမ်းချမ်းရေးဆု' ဆိုတဲ့ မြန်မာလူမျိုးတွေ ဘယ်တုန်းက အိပ်မက်မက်ဖူးလို့လဲ။ ကမ္ဘာမှာ ဗမာဟေ့လို့ လက်မထောင်ခွင့်ရခဲ့တာ ယုံတောင်မယုံနိုင်ဘူး။

ထင်ပေါ်ရင် စင်တော်က ကောက်တယ်။ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်ကို တက်နိုင်ခဲ့တယ်။ အမေရိကန်သမ္မတက လေယာဉ်ပေါ်ကနေ သူ့ဆီ လှမ်းစကားပြောရတယ်။ သိပ်မကြာဘူး။ လူကိုယ်တိုင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာရတယ်။ သိပ်မကြာဘူး ရွှေလမ်းငွေလမ်းပေါက်တယ်။

နိုဘယ်ဆုရတဲ့အချိန်မှာ ငွေသားအားဖြင့် USD တစ်သန်း ရတယ်။ အမေရိကန်ဒေါ်လာ တစ်သန်း။ တစ်နောက်မှာ သုညခြောက်လုံး ပမာဏ။ မြန်မာကျပ်ငွေ ဘယ်လောက်လဲဆိုတာ...။ အဲသည့် ဒေါ်လာတစ်သန်းကို LADY က စိတ်ကူးနဲ့တောင် ယောင်မှားပြီး တစ်ပြားမှ မသုံးဘူး။ သူ့အတွက် ဘာတစ်ခုမှ မစဉ်းစားဘူး။ ထိုင်းမှာရောက်နေတဲ့ ဒုက္ခတွင်းဆုံးကျ

ဆင်းရဲခြင်းအနန္တနဲ့ ကြုံနေရတဲ့ မြန်မာမိန်းမသားတွေအတွက် အကုန်လုံးပြစ်တယ်။ စတန့်ထွင်တာ မဟုတ်ဘူး။ ကဲ… ဘယ့်နှယ်လဲ။ အကျိုးမျှော်ပြီး ညောင် ရေလောင်းတာ မဟုတ်ဘူးဆိုတာ အလွန်ထင်ရှားနေတယ်။



အသက်တောင်စွန့်ရဲသေးတာပဲ။ ဘဝတောင်စွန့်ရဲသေးတာပဲ။ နိုင်ငံနဲ့ ပြည်သူအတွက် အရာအားလုံးကို စွန့်လွှတ်ထားတာပဲ။ မိသားစုကိုတောင် စွန့်လွှတ်နိုင်တာပဲ။ ဘာကျန်သေးလို့လဲ။ အကြွင်းမဲ့ပါ။ **သည့်ထက်များ ဘယ်မိန်းမတစ်ယောက်က ပိုပြီး သူ့လောက်စွန့်လွှတ်နိုင်လို့တုန်း။**

**ပညာရဲရင့် ပွဲလယ်တင့်လွှန်းလွန်းလို့** ဂုဏ်ထူးဆောင်ပါမောက္ခ Ph.D ဘွဲ့တွေ အလျှံပယ်ပဲ မဟုတ်လား။ ကမ္ဘာပေါ်က ရှိရှိသမျှ တက္ကသိုလ်တွေ

က သူ့ကို မဟာပညာရှင်တစ်ယောက် အနေအထားနဲ့ ချစ်ခင်ရိုသေလေးစား ကြည်ညိုကြတယ်။ သူတို့ကလေးငယ်တွေအတွက် စံပြုအပ်တဲ့ ပုဂ္ဂိုလ်ကျော် အဖြစ် ကျောင်းသင်ခန်းစာထဲမှာ ဒေါ်အောင်ဆန်းစုကြည်အကြောင်း ထည့် သွင်းပြီး အတုယူရအောင် သင်ကြားပို့ချပေးတယ်။

တစ်ခေတ်တစ်ခါက နိုင်ငံရပ်ခြားမှာ ကြုံကြိုက်တဲ့အခါ မြန်မာ (Burma ) ကို မသိရင် ဦးသန့်ရဲ့ တိုင်းပြည်လို့ ရှင်းလင်းပြမှ ချက်ချင်းသိ ကြသလို ခုခေတ်မှာလဲ (ပြောမယ့်သာ ပြောရတာပါ။ သိသလောက်တော့ သိနေကြပါပြီ။) မြန်မာ(Myanmar) ကို ဘယ်နားမှာလဲ ဘယ်သူတွေလဲ လို့ ဇဝေဇဝါ ဖြစ်နေရင် ဒေါ်အောင်ဆန်းစုကြည်လို့ ပြောလိုက်တာနဲ့ အားလုံး က "Oh, I See" ဖြစ်ကုန်ကြပါပြီ။

ဟုတ်ကဲ့။ "အောင်ဆန်းဇာနည် ဘာမထီ" လို့ အရင်က သုံးနှုန်း ခဲ့ကြတယ်။ ခုတော့ "အောင်ဆန်းစုကြည် ဘာမထီ" ပေါ့ဗျာ။

သင့်နော်

မိန်းမတံခွန် လူရည်မွန်ဆိုသည်မှာ
ကောင်းကင်တမွတ် ကြယ်စင်ကို
ကိုယ်တိုင်ကိုယ်ကျ ဆွတ်ချူသူလည်း ရှိလိမ့်မည်။
ထိုက်သင့်သူက ဆွတ်ချူနိုင်လောက်အောင်
ကူညီပံ့ပိုးပေးခဲ့သူလည်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

# လူထုမိခင်များ

## မြနှောင်းညို

စာပေခရီးသွားများမှ အဆိုပြုလာသော **မိန်းမတံခွန် လူရည်မွန်** ဆိုသည့် ဆောင်းပါးစာတစ်ပုဒ်အား စာရေးသူသည် တစ်တပ်တစ်အား ပါဝင်အားဖြည့်ပါမည်ဟု ဤစာပေအပေါ် ခင်မင်လေးစားရင်းစွဲရှိသည်နှင့် အညီ ကတိကဝတ်ပြုထားခဲ့ပါတော့သည်။

စာပေပါရမီရှင် အများအပြားက အမွန်မြတ်ဆုံး အတွေးအခေါ် အယူအဆတွေဖြင့် ထုံမွှမ်းသော ဖတ်ရှုလေ့လာစရာ စာတွေဖြန့်ကြဲဝေ ပေးမှာ မြေကြီးလက်ခတ်မလွဲ သေချာလှပါ၏။

ထိုစဉ်မှစ၍ စာရေးသူသည် အဘယ်သို့သော မိန်းသားတွေကို တံခွန်ထူသည် လူရည်မွန်သည်ဟု ဖွဲ့ဆိုသညာပြုနိုင်ပါသလဲဟူ၍ ကိုယ့် ကိုယ်ကိုယ် မေးခွန်းထုတ်နေမိပါသည်။

ကျွန်မတွင်ရှိသမျှ ဉာဏ်စွမ်းဉာဏ်စကို အသုံးပြုကာ မိန်းမတံခွန် လူရည်မွန်ဟု ရွေးချယ်သတ်မှတ်နိုင်သည်ဟု ကျွန်မက ယူဆထားသူတို့အား စာရင်းပြုစုပါသည်။

၁။ လောကီအစွဲအလမ်း အနှောင်အဖွဲ့များအား ဖြတ်တောက်ခဲ့ပြီး ပရိယတ္တိ၊ ပရိပတ္တိဝန်ကိုဆောင်ကာ လောကုတ္တရာလမ်းအတိုင်း တစိုက်မတ်မတ် လျှောက်လှမ်းသူများ

၂။ တိုင်းရေးပြည်ရေး နိုင်ငံရေးအပေါ် ကိုယ်စွမ်းအား စိတ်စွမ်းအား အပြင် ပြည့်ဝသော နှလုံးသားအင်အားဖြင့် ကိုယ်ရေးပိုင်ဆိုင်ခွင့် အဝဝကို စွန့်လွှတ်ပေးဆက်သူများ။

၃။ မိမိတတ်မြောက်သော ကျောင်းပညာကို သွန်သင်ပြသခြင်းဖြင့် ဝါသနာ၊ အကြင်နာ၊ အနစ်နာခံပြီး လက်ဆင့်ကမ်းပေးဝေကြ သူများ။

၄။ ပြည်သူလူထုအတွက် ဆရာဝန်၊ အင်ဂျင်နီယာ၊ နည်းပညာ ကျွမ်းကျင်သူ၊ သူနာပြု၊ အလုပ်သမား၊ လယ်သမား၊ ကျရာ ဇာတ်ရုပ်အားဖြင့် ပြည်သူလူထုအား အလုပ်အကျွေးပြုသူများ။

၅။ လူ့လောကထဲသို့ မပြည့်မစုံ ရောက်ရှိလာရသည့်တိုင် အရှုံးမပေး တမ်း ရုန်းကန်တိုးဝှေ့ပြီး အသက်ရှုခဲ့ကြသူများ။

အနီးထံပါးမှာလည်း ရှိကြသည်။ အဝေးရပ်ကျေးမှာလည်း ရှိကြ သည်။ ယနေ့ခေတ်မှာလည်း ရှိကြသည်။ ရာဇဝင်သမိုင်းမှာလည်း ခြေရာ တွေ မှတ်တိုင်တွေ ထားရစ်ကြချေသည်။

လောကီအစွဲအလမ်း အနှောင်အဖွဲ့များအား ဖြတ်တောက်ခဲ့သော မိန်းမတာခွန် လူရည်မွန်တစ်ဦးအဖြစ် မာသာထရီဇာအား ပုံပမာညွှန်းပြချင် မိပါသည်။

သူသည် အယ်လ်ဘေးနီးယားနွယ်ဖွား အိန္ဒိယရေဖျန်းဘာသာဝင် ဖြစ်ပြီး မေတ္တာနှင့် စောင့်ရှောက်မှု သာသနာအဖွဲ့အစည်းများကို နိုင်ငံပေါင်း အမြောက်အမြားတွင် တည်ထောင်ခဲ့သူဖြစ်ပါသည်။ သက်ကြီးရွယ်အိုများကို စောင့်ရှောက်ခြင်း၊ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဝေဒနာရှင်များ၊ ကုဋ္ဌ နူနာရောဂါရှင်များ၊ တီဘီလူနာများအား နားခိုစရာ နေရာထိုင်ခင်းပေးခြင်း တို့အတွက် ကြင်နာသနားခြင်း၊ ဆင်းရဲခံခြင်း၊ လေးစားကျိုးနွံခြင်းနှင့် အဆင်းရဲအနွမ်းပါးဆုံးသူများအတွက် အသည်းနှလုံးပုံပြီး လွတ်ငြိမ်းစွာ ဝန်ဆောင်မှုပေးအပ်ခြင်းတို့အပေါ်တွင် အမေထရီဇာနှင့်တကွ အမှုတော် ဆောင်များက သစ္စာတိုင်ထားကြပါသည်။

နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်လည်းဟုတ်၊ သူတော်စင်အဖြစ်လည်း သိမှတ်ခံရသူ အမေထရီဇာသည် သူ့ရပ်သူ့မြေ သူ့လူမျိုးမဟုတ်သူတွေ အပေါ်မှာလည်း ကြင်နာပြုစုပေးသူဖြစ်ပါသည်။ ဆုတကယ်ယူခြင်း မပြုခဲ့ သလို ချီးမြှင့်သော သန်းနှင့်ချီသည့် ဆုငွေကိုလည်း အိန္ဒိယမှ မပြည့်မစုံ ဆင်းရဲနွမ်းပါးသူများအတွက် ပေးအပ်ခဲ့ပါသည်။

၁၉၉၇ ခုနှစ်တွင် မာသာထရီဇာ ကွယ်လွန်သွားခဲ့ပြီးနောက် သူ့ကို ယုံစားအားထားသူတွေက တန်ခိုးပြာဋိဟာများကို တွေ့မြင်ခံစားရသည်ဟု ပြောကြသည်။ ၂၀၀၂ ခုနှစ်တွင် အိန္ဒိယအမျိုးသမီးတစ်ဦးသည် ဝမ်းဗိုက် ကင်ဆာရောဂါဖြစ်ပွားရာ သူ့ယုံကြည်ချစ်ခင်မှုအရ အမေထရီဇာ၏ ဓာတ်ပုံ ပါ လော့ကတ်ကလေးကို ဝမ်းဗိုက်ပေါ်တင်ထားခဲ့ရာ ဓာတ်ပုံမှ အလင်း ရောင်ဖြာထွက်ပြီး ကင်ဆာကို ကုသပေးသည်ဟု ဆိုပါသည်။

တိုင်းရေးပြည်ရေး နိုင်ငံရေးအတွက် ကိုယ်ရေးပိုင်ဆိုင်ခွင့် အဝဝကို စွန့်လွှတ်ပေးဆက်သူ အမျိုးသမီးတစ်ဦးအဖြစ် လတ်တလော အနီးကပ်ဆုံး တွေ့မြင်နေရသူကတော့ (ဒေါ်)အောင်ဆန်းစုကြည် ဖြစ်ပါသည်။

သူသည် အိမ်ထောင်ဖက်နှင့် သားနှစ်ယောက်အား ထားရစ်ခဲ့ကာ စစ်အာဏာရှင်လက်အောက်တွင် နှစ်ပေါင်းငါးဆယ် နစ်မြုပ်မွန်းကြပ် ဆင်းရဲ ခဲ့ရသော အမိမြန်မာပြည်အား ပြန်လည်ထူမတ်ဖို့ အားသွန်ခွန်စိုက် အသက် စွန့်ပြီး ကြိုးစားနေသူ ဖြစ်ပါသည်။ ကင်ဆာရောဂါရှင် ခင်ပွန်းဖြစ်သူအား အာဏာရှင်အစိုးရက တိုင်းပြည်ထဲ အဝင်မခံခဲ့ပါ။ သူတို့၏ရည်ရွယ်ချက်က အောင်ဆန်းစုကြည်သည် မြန်မာပြည်မှ ထွက်ခွာသွားစေလို၍ ဖြစ်သည်။

သူကိုယ်တိုင် အရည်အသွေးပြည့်စုံတာ မှန်ပါသည်။ သူ့ဖခင်၏ အရည်အသွေးနှင့် စွမ်းဆောင်ချက်တွေက သူ့အပေါ် ရောင်ပြန်ဟပ် အရိပ်ထိုး နေတာကြောင့် သူမှသူ လူထုက အားထားမျှော်လင့်ကြပါသည်။ စောစော စီးစီး ကြွေလွင့်ဆုံးရှုံးလိုက်ရသော ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကိုယ်စား သူ့သမီးက တိုင်းပြည်နှင့် လူမျိုးအတွက် အောင်ပန်းတွေ ပွေ့ပိုက် ဖြန့်လာမည်ဟု စောင့်ကြိုနေကြပါသည်။

မကြာသေးခင်တုန်းက ရခိုင်အရေးအခင်း ဖြစ်ပွားခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံသားတွေဘက်မှ ရပ်တည်မှုအား ပေါ်လွင်ထင်ရှားအောင် ဖော်ပြခြင်းမှ ပျက်ကွက်ခဲ့သည်ဟု ရခိုင်တွေ ကြေကွဲနာကျင်ခဲ့ကြရပါသည်။ ဇူလိုင်လပထမရက်သတ္တပတ်အတွင်း ဗုဒ္ဓဂါယာကို အကြမ်းဖက်သမားများက ဗုံးဖောက်ခွဲခဲ့ပါသည်။ မြန်မာနိုင်ငံသို့ ရောက်ရှိနေသော အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးနှင့် ဆုံတွေ့ခိုက်တွင် ထိုအကြောင်းနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့စဉ်က ဒေါ်အောင်ဆန်းစုကြည်၏ မျက်နှာသည် အလွန်တရာစိတ်မချမ်းမြေ့သော အသွင်ဆောင်သည်ဟု ဧရာဝတီသတင်းစာမှ ဖော်ပြထားပါသည်။ ယင်းဖော်ပြချက်သည် မြန်မာလူထု၏ စိတ်ဓာတ်အင်အားကို သိသိသာသာ မြှင့်တင်ပေးပါသည်။

အောင်ဆန်း၏သမီးသည် အောင်ဆန်းသဖွယ် ပြည်သူလူထုအတွက် ကြင်နာစောင့်ရှောက်မှုကို ပေးအပ်သောကြောင့် သားသမီးများသည် မိဘမေတ္တာလွှမ်းခြုံကာ နူးညံ့သော အသည်းနှလုံးနှင့် ခိုင်မာသော စွမ်းရည်သတ္တိပိုင်ရှင်တွေ ဖြစ်လာနိုင်ကြပါသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဗုဒ္ဓဘာသာဝင်စစ်စစ်ဖြစ်ပြီးကြောင်းနှင့် ခင်ပွန်းနှင့် သားနှစ်ယောက်တို့အား သာသနာ့ဘောင်အတွင်း ပို့သွင်းခဲ့သော သာဓကက ရဟန်းအစ်မအဖြစ် ထင်ရှားစေပါသည်။

သူသည် မြန်မာနိုင်ငံတွင် နေထိုင်ခွင့် မရခဲ့သောကြောင့် နိုင်ငံရပ်ခြားတွင် နေထိုင်ကြီးပြင်းလာရပြီး အချိန်တန် အရွယ်ရောက်လာသောအခါ လူမျိုးခြားနှင့် အိမ်ထောင်ကျခဲ့ပါသည်။ ယင်းအချက်မှာလည်း ဆေးပညာရှုထောင့်မှကြည့်ကာ နားလည်သဘောပေါက်နိုင်ပါသည်။

အရှေ့တိုင်းအစဉ်အလာအရ နိုင်ငံခေါင်းဆောင်တို့သည် ဆွေစဉ်မျိုးဆက် တိုင်းပြည်နှင့် လူမျိုးအား ဦးဆောင်ခေါ်ယူသွားကြမည်ဟု ယုံကြည်ချက်ထားကြပါသည်။

၁၉၉၀ ရွေးကောက်ပွဲမတိုင်မီက ပုသိမ်တွင် သူ့အား ဆက်မသွားရန် ပိတ်ပင်တားမြစ်ခဲ့သည်ကို မှတ်မိကြပါလိမ့်ဦးမည်။ မိန်းမသားတစ်ဦးကို

သေနတ်တွေနှင့် ချိန်ထားကြသည်မှာလည်း မခံချိမ့်ဖွယ် ရင်နင့်ဖွယ်ကောင်းလှပါသည်။

ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည်သည် တစ်သက်မှာ တစ်ခါသေရသည့် လူ့အသက်အကြောင်းကို မှန်ကန်စွာချိန်ဆလျက် နောက်မလှည့်တမ်း ရှေ့တိုးဝံ့ခဲ့ပါသည်။ အကျယ်ချုပ်နှင့် နှစ်ပေါင်းများစွာ အသက်တာကုန်ဆုံးခဲ့သော်လည်း အချိန်တိုင်းသည် အကျိုးရှိနိုင်ခဲ့ပါသည်။

သည်တစ်နှစ်ကျော်လောက်တွင် သူ့လုံခြုံရေးသည် အခြေအနေကောင်းသည့်ဘက်သို့ ရောက်ရှိလာသည်ဟု ဆိုနိုင်ပါသည်။

ကျွန်မတို့ငယ်စဉ်ကလိုပင် တပ်မတော်ကို ပြန်လည်ချစ်ခင်ရင်းနှီးအားကိုးလာကြအောင် သူက ကူညီဦးဆောင်မည်ဟု ယုံကြည်အားထားပါသည်။ သေနတ်သည် ပြည်သူ့လုံခြုံရေးအတွက် တိုင်းတစ်ပါးရန်၊ လူမျိုးခြားရန်တို့မှ ကာကွယ်ပေးရန်သာ ဖြစ်သည်ဟူသော အယူအဆသို့ ပြန်လည်ပို့ဆောင်ပေးစေချင်လှပါသည်။

မြန်မာနိုင်ငံသည် တရားမျှတမှုကို ကိုင်ဆွဲထားနိုင်သော အကြောက်တရားကင်းသော ဒီမိုကရေစီလူ့ဘောင်သို့ မကြာခင် အပြည့်အဝ ရောက်ရှိကြတော့မည်ဟု မျှော်လင့်စောင့်စားနေကြပါသည်။

ကျွန်မနှင့် အနီးဆုံးလူအကြောင်း မီးမောင်းထိုးပြချင်ပါသည်။

လက်တစ်ကမ်းအကွာမှ အိန္ဒိယနိုင်ငံခေါင်းဆောင် ဝန်ကြီးချုပ် အင်ဒီယာဂန္ဒီပင် ဖြစ်ပါသည်။ တိုင်းရေးပြည်ရေး နိုင်ငံရေးအတွက် အသက်ကိုပေးဆက်ခဲ့သော သူ့အကြောင်းပြောမှ ပြည့်စုံပါမည်။ သူ့ဖခင်သည် အိန္ဒိယနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ် နေရူးဖြစ်ပါသည်။

သူတို့၏ ကိုယ်ကျိုးပါသလို တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးဖြစ်ထွန်းမည်ဆိုသော မေတ္တာ၊ စေတနာများစွာဖြင့် ဦးဆောင်ခေါ်ယူသွားကြရန် ယုံကြည်အားသွန်ထားကြပါသော်လည်း ရည်မှန်းထားသည့်အတိုင်း ဖြစ်မလာတတ်သည်ကိုလည်း ကမ္ဘာ့သမိုင်းမှာ တွေ့ရှိနိုင်ကြပါသည်။

ဟယ်လင်ကဲလား Helen Keller (၁၈၈၀-၁၉၆၈)သည် မွေးကာစ

တုန်းက မြင်နိုင်ကြားနိုင်သော်လည်း အသက် ၁၉ လအရွယ်မှာ မျက်စိ မမြင် နားမကြား ဖြစ်ခဲ့ရသည်။ အိမ်ထောင်စု ထမင်းချက် အမျိုးသမီးကြီး၏ ၆ နှစ်အရွယ် သမီးကလေးနှင့် သင်္ကေတအမှတ်အသားတွေအားဖြင့် အဆက်အသွယ်ပြုလုပ်နားလည်ရာမှ မျက်မမြင်စာကို တီထွင်နိုင်လာသည်။ သူ့လက်များဖြင့် စာလုံးပေါင်းပြတတ်လာသည်။ သူသည် နားမကြားကျောင်းတွင် ပညာသင်ယူပြီး အမေရိကန်မျက်မမြင်များအတွက် ဖောင်ဒေးရှင်းထူထောင်ခဲ့ပါသည်။ ယခုအခါ ကမ္ဘာ့အနှံ့အပြားတွင် မျက်မမြင်စာပေနှင့် သင်ကြားရေးတွေ ပေါ်ပေါက်ထွန်းကားနေပါပြီ။ မျက်မမြင်တွေ စာရေးစာဖတ်နိုင်အောင် တီထွင်လမ်းပြခဲ့သော ဟယ်လင်ကဲလားသည် မိန်းမတစ်ခွန်လူရည်မွန် ကေန်ဖြစ်ပါတော့သည်။

တစ်ဦးတစ်ယောက်ချင်း ပုံဆောင်ပြရမည်ဆိုပါလျှင် တစ်မိသားစုချင်းတွင်လည်း သူတို့တန်ဖိုးထားသော မိန်းမတစ်ခွန် လူရည်မွန် အသီးသီးအသက ရှိနေနိုင်ကြပါသည်။ အများဆုံး တွေ့ရှိရသည်မှာ သူတို့၏ မိခင်သည် သူတို့သတ်မှတ်ထားသော မိန်းမတစ်ခွန် လူရည်မွန်ပင် ဖြစ်နေတတ်ပါသည်။

သူတို့၏မိခင်သည် သွေးမုဖြစ်သော နို့ချိုက သူတို့အား တိုက်ကျွေးကာ အသက်ရှင်စေခဲ့ပါသည်။ သူတို့ ငိုက်မြည်းလာ ဂျိကျလာလျှင် ပျောင်းနွဲ့ချိုသာသော သားချော့တေးကို ဆိုညည်းပြီး တစ်ရေးမေးမှိတ်အောင် ချော့သိပ်တတ်ပါသည်။ မွေးကင်းစကလေးသည် ပခုံးလက်နှစ်သစ်သာရှိသည်ဟု တင်စားပြောဆိုလေ့ ရှိကြပါသည်။ မှန်လည်း မှန်ကန်လှပါပေသည်။ မိခင်သည် သူ့အလှ သူ့ဘဝကို သားသမီးများအား ပေးဆက်လေ့ရှိကြပါသည်။ မိခင်နို့မထွက်သောကြောင့် နို့ဘူးတိုက်ကျွေးလျှင်ပင် မိခင်၏ မေတ္တာတွေထုံမွှမ်းထားသောကြောင့် ရင်သွေးငယ်သည် အားအင်ပြည့်ဖြိုးမြဲ ဖြစ်ရပါတော့သည်။

ကမ္ဘာပေါ်ရှိ လူမျိုးဘာသာမရွေး မည်သူမဆို မိခင်ကို ချစ်ကြသည်။ သူတို့ကို အသက်ရှင်အောင် ပြုစုပျိုးထောင်ပေးရုံမက ကာကွယ်ပြီး မိခင်

၏ ကျေးဇူးတရားကို သိမှတ်တန်ဖိုးထားကြသည်။ သူတို့၏ မျက်စိတွင် သူတို့၏မိခင်သည် အလှပဆုံးဟု တွေ့မြင်ကြသည်။ သူတို့၏ အသည်းနှလုံးတွင် သူတို့၏မိခင်သည် အနူးညံ့ဆုံးသော သဘောသကာယ အပြည့်ဝဆုံးဟု ခံစားရသည်။ သူတို့၏ ဦးနှောက်က အရှိအတိုင်း အမှန်အတိုင်း တွက်ချက်သုံးသပ်တတ်တန်ရာပါရဲ့။ သို့ကစေ သူတို့ခံစားရသည့်အတိုင်းသာ ဆုံးဖြတ်ရှုမြင်ကြလေသည်။

ကမ္ဘာမီးလောင် သားကောင်ချုနင်းဆိုသော စကားသည် သားကိုတောင် ချနင်းသည်ဟု ဆိုလိုဟန်ရှိပါသည်။ မိခင်စိတ် အပြည့်အဝရှိသော မိခင်ကတော့ ရင်မှဖြစ်သော သားကို မီးလောင်ပြင်မှာ လုံးဝချနင်းမှာမဟုတ်ဘဲ သူသာ အလောင်ကျွမ်းခံသွားမှာပါ။ သားသည် သူ့ကုသိုလ်ကံကြွမှာ အလျောက် လွတ်ကင်းသွားနိုင်ကောင်းပါရဲ့။

ဘုရားဟောပုံပြင်ဝတ္ထုတွင် အထင်အရှားရှိဖူးသည့်အတိုင်း ဘီလူးမက ကလေးငယ်သည် သူ့သားဖြစ်သည်ဟု စွပ်စွဲအငြင်းပွားသောကြောင့် ပညာရှိမဟောသဓာက ကလေးကိုတစ်ဖက်စီမှဆွဲပြီး အနိုင်ရသူက ကလေးကို ရယူစေဟု အဆုံးအဖြတ်ပေးသောအခါ မိခင်သည် ကလေးနာကျင်ခံစားရမည်ကို မရှုစိမ့်ဘဲ သူမွေးဖွားထားသောကလေးဖြစ်ပါလျက်သားနှင့် အလျှော့ပေးလိုက်ရရှာပါသည်။ အဲသည်ကလေး၏ သက်သာရာရရေးနှင့် ကောင်းစားရေးကိုသာ မိခင်က ဦးစားပေးခဲ့ရှာပါ၏။

မိန်းမတံခွန် လူရည်မွန်ဆိုသည်မှာ ကောင်းကင်တမွတ် ကြယ်စင်ကို ကိုယ်တိုင်ကိုယ်ကျ ဆွတ်ချူသူလည်း ရှိလိမ့်မည်။ ထိုက်သင့်သူက ဆွတ်ချူနိုင်လောက်အောင် ကူညီပံ့ပိုးပေးခဲ့သူလည်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

မိမိကျွမ်းကျင်တတ်မြောက်သော ကျောင်းပညာကို ဝါသနာ၊ အကြင်နာ၊ အနစ်နာခံပြီး သင်ကြားပြသပေးခြင်းဖြင့် လက်ဆင့်ကမ်းပေးဝေကြသူတွေထဲမှာ ကျောင်းဆရာမများကို အထူးပြု ညွှန်ပြရပါတော့မည်။

ကျောင်းစာသင်ကြားရာမှ ရရှိသော လစာငွေသည် မိသားစုဝမ်းစာအတွက် မလုံလောက်ကြတော့သောအခါ ကျောင်းဆရာတွေသည် အထက်

တန်းကျောင်း၊ တက္ကသိုလ်ပရဝဏ်တွေမှာ နည်းပါးလာကြပြီး အခြားသော နည်းလမ်းများအားဖြင့် အသပြာ ရှာဖွေလာကြပါတော့သည်။ စာသင်ကျောင်းတွေမှာ ဆရာမတွေကိုသာလျှင် အများအပြား တွေ့မြင်ကြရပါတော့၏။ ဆရာတွေသည် ကျူရှင်တွေမှာ ကျက်စားကြပါတော့သည်။ ဆရာမတွေကလည်း စေတနာထက် အသပြာဖော ကပ်လာကြပါတော့သည်။ အစိုးရလခသည် မပြောပလောက်သော ငွေကြေးမျှသာဖြစ်လျက် ကျောင်းတွင် ရာထူးရဖို့သာ လိုရင်းဖြစ်နေပါတော့သည်။

လွန်ခဲ့သော ဆယ်နှစ်လောက်တုန်းက အယူအဆ အတွေးအခေါ် ခံယူချက်တွေသည် ယခုအခါ အားလုံးပြောင်းလဲနေပါပြီ။ ကျောင်းချိန်ပြင်ပတွင် ကျူရှင်ပြသည်က ဆရာမတို့၏ ငွေဝင်လမ်း ဖြောင့်ဖြူးစေပါသည်။ ပီတိကိုစား အားရှိပါသည်ဆိုသော ခေတ်သည် ကျန်ရစ်ခဲ့ပါပြီ။ တစ်နေ့ကပဲ အလယ်တန်းကျောင်းသူတစ်ယောက်၏ မိခင်တစ်ယောက်က ခြုံသံပါအောင် ညည်းတွားနေသည်ကို နားနှင့်ဆတ်ဆတ် ကြားလိုက်ရသည်။

အတန်းပိုင်ဆရာမ၏ မှတ်ချက်မှာ...

"မိဘတွေကလည်း အကျင့်ပျက်၊ သားသမီးတွေကလည်း အကျင့်ပျက်၊ တကယ်ဆို ဆရာမ၏ တယ်လီဖုန်းနံပါတ်ကို မေးမြန်းရှာဖွေထား၊ ကိုင်ဆောင်ထား၊ မသိတာရှိလျှင်၊ လိုချင်တာရှိလျှင်၊ ချက်ချင်း မဆိုင်းမတွ ဆက်သွယ်သင့်ကြသည်"

ကျောင်းသူကလေး၏ မျက်ရည်တွေသည် သူ့မိဘသားချင်းတွေ၏ ရင်ကို ပူလောင်ကျွမ်းမြိုက်စေသည်။ မိခင် ဆူပွက်ပေါက်ကွဲနေ၏။

"ကျွန်မရဲ့ကလေးက စာမှန်မှန်ကျက်တယ်၊ အိမ်စာအကုန်လုပ်တယ်၊ ကျောင်းအချိန်မှန်သွားတယ်၊ ကျောင်းမပျက်ဘူး၊ ဘာအကြောင်းပြစ်ချက်နဲ့ ကလေးကို အတန်းရှေ့မှာ လက်ပိုက်ပြီး မတ်တတ်ရပ်ခိုင်းထားရတာလဲ၊ ကျွန်မ လုံးဝမကျေနပ်ဘူး"

အခြားမိခင်တွေကလည်း အလုအယက် ရင်ဖွင့်ကြသည်။ ကိုယ်ပိုင်ကား မပါသူတို့မှာ ခွဲခြားဆက်ဆံခံရသည့်အကြောင်း၊ ကလေးချင်းယှဉ်လျှင်

တတ်နိုင်သမျှ နောက်တန်းပို့ခံရသည့်အကြောင်း၊ 'အတန်းထဲမှာ ရတဲ့အမှတ်တွေက ထိပ်ဆုံးမဟုတ်ပေမယ့် အလယ်အလတ် အထက်ပိုင်းမှာရှိပါတယ်' ဟု မိခင်တစ်ယောက်က ပြောသည်။

"သိလာတယ်၊ ဆရာမက လက်ဆောင်ပေးစေချင်တာပါ။ လက်ဆောင်ဆိုတာက ကော်ဖီထုပ်ကြီးကြီးတစ်ထုပ်လောက်နဲ့ ပြီးတာမဟုတ်ဘူး။ တစ်ပုံးလောက်တော့ အနည်းလေး မှန်းထားရတယ်။ ကျွန်မတို့ကလည်း သီတင်းကျွတ်လို အခါကြီးရက်ကြီးကျရင် သူ့ကို ကန်တော့ပသဖို့ ပြင်ဆင်ထားပြီးသားပါ။ ခုတော့ ကန်တော့ချင်စိတ်မရှိတော့ဘူး"

"တိုင်ကြမလား၊ ကျောင်းအုပ်ကို တိုင်ကြရအောင်"

"မဖြစ်ဘူးထင်တယ်၊ ကျွန်မတို့ကလေးတွေက သူ့လက်အောက်မှာ နှစ်ကုန်အောင် နေရဦးမှာ၊ ကလေးတွေကို အငြိုးထားပြီး စိတ်ဒုက္ခပေးနေလိမ့်မယ်"

မိန်းမတံခွန် လူရည်မွန်ဟု ခေါ်ဆိုအပ်သောသူတွေအနက် မိခင်ကောင်းတွေ အမြောက်အမြား ပါဝင်ပါသည်။ သားသမီး၏ ပညာ၊ ကျန်းမာရေးနှင့် အသိတရား ဗဟုသုတ တိုးမြင့်စေဖို့အတွက် မျှော်တွေးအားစိုက်သော မိခင်တွေသည် သားသမီးထံမှ ပြန်လည်ရရှိမည့် အမြတ်အစွန်းကို ငွေကြေးဖြင့် မပိုင်းဖြတ်ဘဲ သားသမီးများ ထုတ်လုပ်နိုင်လာသော တောက်ပသည့် အရည်အသွေးဖြင့် ဂုဏ်ယူတတ်သူများ ဖြစ်ကြပါသည်။

ဒေါ်ဦးဖွန်း(မန္တလေး)သည် ၁၉၃၃ ခုနှစ်တွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာကို တည်ထောင်ခဲ့ပါသည်။ အကျိုးအမြတ်မယူသော လူမှုအဖွဲ့အစည်းအဖြစ်ရော လူသားချင်း စာနာထောက်ထားမှု အဖွဲ့အစည်းအဖြစ်ပါ ကမ္ဘာက လေးစားခြင်းခံရပါသည်။

လူထုဒေါ်အမာသည် (၁၉၁၅-၂၀၀၈)သည် လူသိများထင်ရှားပြီး လေးစားခံရသော မိန်းမတံခွန် လူရည်မွန်တစ်ဦး ဖြစ်ပါသည်။ လူထုသတင်းစာ၊ ဂျာနယ်တို့တွင် အစိုးရကို ပွင့်လင်းစွာ ဝေဖန်လေ့ရှိသော လက်ဝဲယိမ်း

ဂျာနယ်လစ်ဖြစ်ပြီး မြန်မာ့အနုပညာ၊ ဓာတ်သဘင်၊ အက၊ ဂီတ၊ ဘာသာပြန် စသည်တို့ကို လေ့လာမှတ်တမ်းပြုစုသည်သာမ စာပေရေးသားသော စာရေးဆရာအလုပ်ကိုလည်း လုပ်ကိုင်နိုင်စွမ်းရှိသူတစ်ဦးဖြစ်ပါသည်။

(ဒေါ်)ခင်မျိုးချစ်သည် (၁၉၁၅-၁၉၉၉) သည်လည်း လူထုဒေါ်အမာနှင့် ခေတ်ပြိုင်ပေါ်ထွန်းခဲ့သော မိန်းမတံခွန် လူရည်မွန်တစ်ဦးပင် ဖြစ်ပါသည်။ ကလောင်ကိုကိုင်စွဲပြီး လူလူချင်း ချိုးနှိမ်ကြမ်းကြုတ်ခြင်း၊ မိန်းမတို့အား ရရှိသင့်သော အခွင့်အရေးများ မရရှိအောင် ပိတ်ပင်တားဆီးခြင်းတို့ကို ဆန့်ကျင်သူဖြစ်ပါသည်။

ဟာဂျီမ ပျဉ်းမနား (စိန်) ဒေါ်ပုသည် မြန်မာ-မွတ်စလင်တစ်ဦးဖြစ်ပြီး လူလူချင်း စာနာထောက်ထားတတ်သူအဖြစ် ထင်ရှားကျော်ကြားပါသည်၊ ကျောက်ကပ်ဌာနသစ်တစ်ခုကို တည်ဆောက်လှူဒါန်းခဲ့ပါသည်။ လူမှုရေးထူးချွန်ဘွဲ့ ရရှိခဲ့ပါသည်။

သူတို့၏ ပါရမီအစွမ်းအစကြောင့် ထင်ရှားခဲ့ကြသော မေရှင်၊ ကြည်ကြည်ဌေး စသော အနုပညာရှင်များသည် လူထုအား စိတ်အပန်းပြေစေသည့် ကုသိုလ်ရကြသည့် မိန်းမတံခွန် လူရည်မွန်များဟု ထင်မြင်မိပါသည်။

ယနေ့ မြန်မာအမျိုးသမီးများသည် အမျိုးသမီးရေးရာ၊ Myanmar Women Empowerment Organization Myanmar, Women Entrepreneurs Association စသည့် အဖွဲ့အစည်းများစွာဖြင့် မိန်းမနှင့်ကလေး အခွင့်အရေးတန်းတူညီမျှရရှိရေးအတွက် တောင်းဆိုလှုပ်ရှားနေကြပါပြီ။ ငွေကြေးချမ်းသာကြွယ်ဝသူများလည်း ပါဝင်နေမည်ဖြစ်သော်လည်း သူတို့သည် သာယာချမ်းမြေ့သော အိမ်ထောင်စုများ တည်ဆောက်ရန် လုံးပမ်းကြိုးစားနေကြသူများ ဖြစ်ကြပါသည်။

မိန်းမတံခွန် လူရည်မွန်များကို ကျွန်မ အထူးလေးစား ဦးညွှတ်နေပါ၏။

မြနှောင်းညို

စာပေခရီးသွားများ

နံနက်ခင်းနေခြည် အနမ်းဦးပန်းတွေ ဖူးနေချိန်
ဝေနေချိန်မှာတော့ ဘဝဟူသည်မှာ အနာဂတ်ဝန်
တစ်ထမ်းတစ်ပိုးကြီးနှင့် ပျော်မွေ့နေချင်စဖွယ်ပင်။
ကျနေရီပန်းတွေညှိုးချိန်မတော့ ဘဝဟူသည်မှာ
ဒုက္ခဝန် မနိုင်မနင်းနဲ့ ပျော်မှုအတိကင်း သချိုင်းမြေ
ခြေတစ်ဖက်နင်းလျက်က နောင်တပူပန် စိုးရိမ်ပူဆွေး
ငိုကြွေးခြင်းတွေဖြင့် လူ့စာရင်းပိတ်သည်သာ
များပေသည်။ ဘဝကို ဆန်းစစ်ကြည့်သော်
ဘဝမှာ ပျော်တော့ ပျော်ချင်ကြပါ၏။
ပျော်ခြင်းရဲ့နောက်က မောခြင်းဆိုတာတွေ
ကပ်ပါလာတတ်သည်ကို လူအများစု မေ့နေခဲ့သည်။
ကြောက်ရမှန်းမသိခဲ့။ ပျော်ပြီးလျှင် မောရခြင်းမှာ
ချမ်းသာအစစ်တော့ မဖြစ်တန်ရာ။

# ပဉ္စာကြမ္မလာ ပန်းပွင့်

## မောင်ခိုင်တည်

ယုတ်,မြတ်ဟူကြ၊ ဤလောကဥ္၊ မိန်းမယောကျ်ား၊ သဘောအား ဖြင့်၊ ခြားနားမရှိ၊ သားချစ်သိလော့၊ သတိပညာ၊ အရင်းသာတည့်၊ ပညာ မည်ငြား၊ ဤတရားလည်း၊ ယောကျ်ားဥ္သာ၊ မဟူရာဘူး၊ အမရာဒေဝီ၊ ဘေရီဓမ္မ၊ ဒိန္နာစသည်၊ အပွကဟူ၊ နည်းငယ်မူကား၊ လူဝယ်ထိုသို့၊ မိန်းမ တို့လည်း၊ မချို့ပညာ၊ ရှိတတ်စွာ၏။

**(မဃဒေဝ၊ ပိုဒ်ရေ -၃၁၄)**

မချို့ပညာ၊ ရှိတတ်စွာသော အနည်းငယ်သော အမျိုးသမီးထုထဲက ထက်မြက်ထူးချွန်သူ၊ အမျိုးသမီးတစ်ဦးနှင့် အများနည်းတူ ဆုံဆည်းခွင့် ရခဲ့သည်။ အများနည်းတူဟု ဆိုရခြင်းမှာ ယင်းထူးချွန်သူ အမျိုးသမီးမှာ တိုင်းသိပြည်ကျော် ထင်ပေါ်ပြီးသား အမျိုးသမီးဖြစ်နေခြင်းကြောင့် သူ့ အကြောင်း စိတ်ဝင်စားသူများ၊ သူ့အကြောင်းရေးလိုသူများနှင့် ရေပန်းစား နေဆဲကာလတွင် စာရေးသူလည်း သူ့ကို စတွေ့ခွင့် ရခဲ့၍ ဖြစ်ပါသည်။ လူသိရှင်ကြား ထင်ပေါ်ပြီးသား ဂုဏ်များထက် သူ့ဘဝ၏ အတွင်းသား သာမန်မမြင်နိုင်သော ဂုဏ်သိက္ခာများက ပို၍ ကြီးမားခိုင်ခံ့နေပါတော့သည်။

လန်းဆတ်နုပျိုသော်လည်း သူ၏ ရုပ်ကြွေက လေးနက်တည်ငြိမ်နေ ပါသည်။ ရွှန်းမြကြည်စင်သော သူ၏ မျက်ဝန်းအစုံဝယ် ငြိမ်းအေးမှု နိမိတ်ပုံလရိပ် လွှမ်းခြုံနေပါသည်။ ချိုလွင်ရှင်းသန့်သော သူ၏ အသံလှိုင်း တွင် သန္တရန့် အအေးဓာတ်ဖြင့် ထွေးပတ်မွှေးရီနေပါသည်။ သူကား **မလှလှ ထွန်း** တစ်ဖြစ်လဲ ပထမကျော်၊ အဂ္ဂမဟာအကျော်၊ (B.Com)

ဘွဲ့ရဆရာလေး မဂူပသန္တာ…။

လူကသာ သဘော်နှင့်အတူ မြစ်ကိုစုန်နေသော်လည်း မဂူပသန္တာ၏ စိတ်အစဉ်များက မိမိဖြတ်သန်းခဲ့ရာ မြစ်ရေအလျဉ် လှိုင်းဂယက်များအလား အတိတ်နယ်မြေ ခြေရာဟောင်းတို့ ချဖူးခဲ့ရာ အရပ်ဆီသို့ တစ်ဖန်ဦးတည်ဆန်တက် ကျက်စားနေရစ်ခဲ့ကြပြီ။

◆ ◆ ◆

မဂူပသန္တာ၏ ဘဝကို မရမ်းကုန်းမြို့နယ်၊ ပေါက်စေတီကျောင်းတိုက် ၃ ကြိမ်မြောက် ဓမ္မဒူတ ဆရာတော်ဘုရား၏ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကမ္မဋ္ဌာန်း အလုပ်ပေးတရားစခန်းမှ စခဲ့ခြင်း ဖြစ်သည်။ သည်ဘဝ၊ သည်လမ်း၊ သည်ခရီးကို လျှောက်ခဲ့ရလိမ့်မည်ဟု အိပ်မက်ပင် မမက်ဘူးခဲ့။ အခုတော့ သည်ဘဝ၊ သည်လမ်း၊ သည်ခရီးကို မည်သူကမျှ တိုက်တွန်းခဲ့၊ လှုံ့ဆော်ခဲ့၊ ရွေးချယ်ပေးခဲ့သည် မဟုတ်ဘဲ မိမိ၏ ကိုယ်ပိုင်ဉာဏ် ဆုံးဖြတ်ချက်တစ်ခုတည်းနှင့် ပြတ်ပြတ်သားသား ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ မိမိသည်လမ်းကို ရွေးခဲ့သည့်အတွက် မိမိ၏ အချစ်ဆုံး၊ အခင်ဆုံး မိသားစုများကပင် မိမိကို နားလည်နိုင်ကြမည် မဟုတ်။ ကမ္ဘာလောကတစ်ခုလုံးကတော့ မိမိကို နားလည်နိုင်ကြပါမည်လား။ မိမိကို နားလည်သူတစ်ဦးကတော့ ဟောဒီကမ္ဘာမှာ အမှန်တကယ် ရှိခဲ့ပါ၏။ သူကား မဂူပသန္တာ၏ မွေးစားအမေလည်းဖြစ်၊ အဖေ၏ ညီမအရင်းလည်းဖြစ်သည့် ကျေးဇူးရှင် အဒေါ်မိခင်ကြီး ဒေါ်စောရီပင် ဖြစ်သည်။ ဒေါ်စောရီမှာ မြောက်ဥက္ကလာပမြို့၊ ရွှေဥမင်တောရရိပ်သာ ဆရာတော်ဘုရားကြီး၏ အဆုံးအမကို ခံယူကာ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ယင်းရိပ်သာ၌ တရားထိုင် သွားလေ့ရှိပါသည်။ ဝါတွင်း၊ ဝါပ ဥပုသ်နေ့တိုင်း ဥပုသ်သီတင်းစောင့်သည်။ ရံဖန်ရံခါ တစ်လနှစ်လ ရွှေဥမင်တောရရိပ်သာ၌ ရက်ရှည် တရားဝင်လေ့လည်း ရှိသည်။ သည်အဒေါ် မိခင်ကြီးကို အကြောင်းပြု၍လည်းကောင်း၊ ရွှေဥမင်ရိပ်သာ နွေရာသီ ယဉ်ကျေးလိမ္မာမဂ်လာသင်တန်း၌ သင်တန်းနည်းပြဆရာမဖြစ်သည့် အစ်မ မစံပယ်ဦးကို အကြောင်းပြု၍လည်းကောင်း၊

မလှလှထွန်းဘဝကပင် ကျောင်းပိတ်ရက်များ၌ ရွှေမင်ရိပ်သာတွင် ညပိုင်း တစ်ချိန် တရားထိုင်လိုက်လေ့ ရှိခဲ့ပါသည်။

သည်စဉ်အခါကပင် မလှလှထွန်းအဖို့ စိတ်ကြည်လင်ချမ်းမြေ့မှု သုခကို ရရှိခံစားခဲ့ရလေသည်။ ရက်ရှည်လများ တရားတော်ကို ကြိုးစား အားထုတ်ချင်သည့် စိတ်ဆန္ဒများ ထက်သန်နိုးကြားခဲ့ရဖူးလေသည်။

◆ ◆ ◆

မလှလှထွန်း စီးပွားရေးတက္ကသိုလ် နောက်ဆုံးနှစ် စာမေးပွဲ ဖြေပြီးစ အချိန်မှာတော့ ရွှေမင်တောရ ဆရာတော်ဘုရားကြီး၏တပည့် ဓမ္မဒူတ အရှင်ပညာဇောတ ဆရာတော်၏ ၈ မိုင် မရမ်းကုန်း၊ ပေါက်စေတီကျောင်း တိုက်၌ ကျင်းပသော တတိယအကြိမ်မြောက် ၁၀ ရက် တရားစခန်းသို့ အဒေါ်မိခင်ကြီးနှင့်အတူ တရားအားထုတ်ဖြစ်ခဲ့သည်။

ဓမ္မဒူတ အရှင်ပညာဇောတ ဆရာတော်မှာ မွန်ပြည်နယ်၊ ဘီးလင်း မြို့နယ်၊ တောင်စွန်း ဓမ္မဒူတတောရ စာသင်တိုက်ကြီးနှင့် အနယ်နယ်အရပ် ရပ်တွင်ရှိသော ဓမ္မဒူတတောရကျောင်းတိုက်တို့၏ ပဓာနနာယကဆရာတော် ဖြစ်သကဲ့သို့ တောင်စွန်း မဏိဇေယျသီလရှင်စာသင်တိုက်နှင့် အနယ်နယ် အရပ်ရပ်ရှိ ဩဝါဒခံ သီလရှင် စာသင်တိုက်တို့၏ ပဓာနနာယကဆရာ တော်လည်း ဖြစ်ပေသည်။ 'တရားဟော၊ တရားပြ၊ စာရေး၊ စာချ - ဓမ္မဒူတ' ဟူသော ကြွေးကြော်သံနှင့်အညီ ဆရာတော်၏ တရားဟော၊ တရားပြ၊ စာရေး၊ စာချ အဓိကလုပ်ငန်းကြီးလေးရပ်မှာ နိုင်ငံက သိအောင်ပင် တိုးတက်စည်ပင် ပြန့်ပွားနေပြီ ဖြစ်ပါသည်။

ဆရာတော်၏ ထွက်ရှိပြီး ကျမ်းစာအုပ်ပေါင်း ၄၀ ကျော်နှင့် လစဉ် စာစောင်၊ မဂ္ဂဇင်းတို့တွင် ဆရာတော်ရေးသော စာများက 'စာရေး' ခြင်း အလုပ်ကို သက်သေပြနေပါသည်။

အောက်ဖော်ပြပါ မြန်မာနိုင်ငံ အစိုးရ ပါဠိပထမပြန်စာမေးပွဲ အထူး အောင် ပုဂ္ဂိုလ်များနှင့် အစိုးရ ဓမ္မာစရိယ စာချတန်း အထူးအောင်ပုဂ္ဂိုလ် များမှာ ဓမ္မဒူတတောရ စာသင်တိုက်၊ မဏိဇေယျ သီလရှင် စာသင်တိုက်တို့

မှ ဖြစ်သည်။

| | | | | |
|---|---|---|---|---|
| ၁။ | ၁၃၅၇ | - **မဥ္စပသဿာ** | ဓမ္မာစရိယတန်း (အဂ္ဂမဟာအကျော်) | - ပထမ |
| ၂။ | ၁၃၅၇ | - အရှင်ဝိဝေက | ပထမကြီးတန်း (ပထမကျော်) | - ပထမ |
| ၃။ | ၁၃၅၇ | - မကုသလနန္ဒီ | ပထမလတ်တန်း | - ပထမ |
| ၄။ | ၁၃၅၇ | - မဝိလာသီ | ပထမငယ်တန်း | - ပထမ |
| ၅။ | ၁၃၅၅ | - မခေမက်ရာ | မူလတန်း | - ပထမ |
| ၆။ | ၁၃၅၅ | - အရှင်ဓမ္မသက | မူလတန်း | - ဒုတိယ |
| ၇။ | ၁၃၅၄ | - အရှင်ပုညာနန္ဒ | မူလတန်း | - ပထမ |
| ၈။ | ၁၃၅၄ | - **မဥ္စပသဿာ** | ပထမကြီးတန်း (ပထမကျော်) | - ပထမ |
| ၉။ | ၁၃၅၃ | - မသစ္စဝါဒီ | ပထမကြီးတန်း (ပထမကျော်) | - ပထမ |
| ၁၀။ | ၁၃၅၂ | - မကေဝလီ | ပထမလတ်တန်း | - ပထမ |
| ၁၁။ | ၁၃၅၂ | - **မဥ္စပသဿာ** | ပထမလတ်တန်း | - ပထမ |
| ၁၂။ | ၁၃၅၂ | - မကဉ္စနာ | ပထမငယ်တန်း | - ပထမ |
| ၁၃။ | ၁၃၅၁ | - မအတုလဉာဏီ | အခြေပြုမူလတန်း | - ပထမ |
| ၁၄။ | ၁၃၅၀ | - မသစ္စဝါဒီ | ပထမငယ်တန်း | - ပထမ |
| ၁၅။ | ၁၃၅၀ | - **မဥ္စပသဿာ** | အခြေပြု မူလတန်း | - ပထမ |

အထက်ပါ စာရင်းဇယားက 'စာချ'ခြင်းအလုပ်ကို သက်သေပြနေပါသည်။ သာမန်ရိုးရိုးအောင် (အတန်းစုံ) စာရင်းအရေအတွက်မှာ များစွာရှိသော်လည်း ဖော်ပြနိုင်ခြင်း မရှိတော့ပါ။

တရားဟော၊ တရားပြ အလုပ်ကိုတော့ နိုင်ငံအတွင်း မြို့ရွာနယ်ပါဝါတွင်းသုံးလမှအပ စဉ်ဆက်မပြတ် လှည့်လည်ပြသ ဆိုဆုံးမနေသော ဓမ္မာနုပဿနာ ၁၀ ရက်၊ ၇ ရက် တရားစခန်းများက သက်သေပြနေပါသည်။

ယင်းတရားစခန်းများမှပင် ထူးချွန်ထက်မြက်သော ရှင်၊ ရဟန်း၊ သီလရှင် စာသင်သားများကို ဆရာတော်အတွက် အပိုဆုအဖြစ် အမြတ်ရခဲ့ခြင်းလည်း မည်ပေသည်။

ဆရာတော် ဓမ္မဒူတဘောရကျောင်းတိုင်ကြီးကို တည်ထောင်ခဲ့သည်မှာ ၁၈ နှစ်ပင် ရှိသေးသော်လည်း ယင်းကျောင်းတိုက်က မွေးထုတ်ပေးလိုက်သော ထူးချွန်ထက်မြက် အောင်မြင်ပေါက်ရောက်သည့် စာသင်သားရဟန်း၊ ရှင်၊ သီလရှင်အရေအတွက်မှာ မနည်းလှတော့ပါ။ ဤမျှ အချိန်တိုတိုအတွင်းမှာ ယခုလောက် အောင်မြင်ထင်ရှားလာခြင်းကို ကံကောင်းသည်။ အကျိုးပေးကောင်းသည်ဟု ဆိုပါအံ့။ ထိုအဆိုကို စာရေးသူ လက်မခံငြင်းဆန်ပါမည်။ ဆရာတော်၏ သည်းခံစိတ်ရှည်ခြင်း၊ စည်းကမ်းတကျထိန်းသိမ်းတတ်ခြင်း၊ ဝီရိယ လွန်စွာအားကောင်းခြင်းတို့ကသာ အောင်မြင်ခြင်း၏ အဓိက အကြောင်းရင်းဖြစ်သည်ဟု စာရေးသူ လက်ခံယုံကြည်ပါသည်။ ဆရာတော် တရားဟော၊ တရားပြ၊ စာရေး၊ စာချ အလုပ်များကို မည်မျှကြိုးစားအားထုတ်သည်ကို ဆရာတော်၏ အနီးနေ တပည့်များသာ ပိုသိနိုင်ပါလိမ့်မည်။ ဆရာတော်၏ ဣရိယာပုထ်လေးပါးတိုင်းလိုလိုမှာ တရားဟော၊ တရားပြ၊ စာရေး၊ စာချ လုပ်ငန်းကြီးလေးရပ်တို့ အလှည့်ကျဖြစ်အောင် ယှဉ်တွဲနေပါတော့သည်။

ဤသို့သော ဆရာတော်၏ အလုပ်ပေးတရားစခန်း၌ တစ်နာရီထိုင်၊ နာရီဝက် စင်္ကြံလျှောက်။ ထိုင် ၇ ကြိမ်၊ စင်္ကြံလျှောက် ၇ ကြိမ်ဖြစ်ပြီး နေ့လယ်တွင် အလုပ်ပေးတရား တစ်နာရီဟောကြားကာ ညနေပိုင်းတွင် ယောဂီတို့အား တစ်ဦးချင်း တရားစစ်ဆေးပေးသည်။ ညပိုင်းမှာ သံဝေဂဖြစ်ဖွယ် သဒ္ဓါတရားတိုးပွားဖွယ် တရားများကို တစ်နာရီဟောကြားခြင်းဖြင့် တစ်နေ့တာကို ကုန်လွန်စေပါသည်။

မလှုလှုထွန်းသည် ဆရာတော် ဟောပြတော်မူသော အလုပ်ပေးတရားကို သေချာစွာ နာယူသည်။ ဆရာတော်မိန့်သည့်အတိုင်း တရားတော်ကို စနစ်တကျ ကြိုးစားအားထုတ်သည်။ 'မဂ်ကျဖို့ရာ ခဲခဲယဉ်းယဉ်း

ကြီး မဟုတ်ဘူး။ အကြောင်းအကျိုး ညီညွတ်ရင် ရသွားမှာပဲ။ အဓိက ကတော့ ဣရိယာပုထ် ၄ ပါးလုံးမှာ သတိတရားလက်ကိုင်ထားပြီး မပြတ် ရှုမှတ်နေဖို့ပဲ' ဟူသော ဆရာတော်အဆုံးအမသြဝါဒက နားထဲစွဲနေသည်။ အရှုခံအာရုံနှင့် ရှုမှတ်မှု တစ်ထပ်တည်းဖြစ်အောင် ကြိုးစားရှုမှတ်သည်။ သမာဓိအနည်းငယ် ရရှိရုံမျှဖြင့် ဤမျှအေးချမ်းပါလျှင် နိဗ္ဗာန်ချမ်းသာဆို လျှင် မည်မျှအေးချမ်းလိုက်မလဲဟုတွေးကာ နိဗ္ဗာန်ကို တောင့်တလိုချင်စိတ် ပြင်းပြထက်သန်ခဲ့ပေသည်။

တရားအားထုတ်၍ ၅ ရက်မြောက်သောနေ့မှာတော့ မလူလူထွန်း တရားတော်ကို မဂ်ရောက်ဖိုလ်ထိ ဆက်လက်အားထုတ်ချင်သော ဆန္ဒ၊ မြတ်စွာဘုရား ဟောကြားတော်မူသော ပိဋကတ်တော်များကို နှံ့စပ်အောင် သင်ယူချင်သော ဆန္ဒ၊ မိမိ ပရိယတ်၊ ပဋိပတ်နှင့် ပြည့်စုံလျှင် ဆရာတော် ဘုရားကဲ့သို့ ပြန်လည်ဟောပြချင်သော ဆန္ဒများ ပြင်းထန်စွာ ဖြစ်ပေါ်လာ သည်။ မိမိ၌ ဖြစ်ပေါ်လာသည့် ဆန္ဒများကို မဓမ္မဒူတ ဆရာတော်ဘုရား အား လျှောက်ထားလေရာ ဆရာတော်ဘုရားက 'ဖြစ်အောင်ကြိုးစား' ဟု မိန့်တော်မူလေသည်။

မလူလူထွန်းအဖို့ ၁၀ ရက်စခန်းပြီးက အိမ်ပြန်ရမည်ဖြစ်သည်။ အခြားသူများမှာ အိမ်ပြန်ရတော့မည်မို့ ပျော်နေကြသည်။ မလူလူထွန်းတစ် ယောက်သာ မပျော်နိုင်ရှာ ဖြစ်နေသည်။ မိမိဆန္ဒအတိုင်း ဖြစ်အောင်ကြိုး စားဖို့က လူ့ဘောင်ဘဝနှင့် ဖြစ်ဖို့ရာ မလွယ်။ သီလရှင်ဘဝသည် မိမိဆန္ဒ များကို အကောင်အထည်ဖော်ဖို့၊ ဖြစ်အောင်ကြိုးစားဖို့ အသင့်မြတ်ဆုံးဖြစ် သည်ဟု ယုံကြည်မိသည်။ ထို့ကြောင့် သီလရှင်ဝတ်ဖို့ ဆရာတော်ကို လျှောက်သည်။ ဆရာတော်က 'မိဘများထံမှာ ခွင့်တောင်းဦး၊ မိဘများက ခွင့်ပြုလျှင် ဝတ်ပေးမည်' ဟု မိန့်တော်မူသည်။

မလူလူထွန်း မိမိဆန္ဒများကို ဆရာတော်ဘုရားအား သွားလျှောက် သည်ကို အဒေါ်မိခင်ကြီး သိသွားလေပြီ။ သမီးငယ်လေး သီလရှင်ဝတ်သွား မည်ကို စိုးရိမ်မိသည်။ ဆရာတော်နှင့် ဝတ်ရင်တော့ သမီးငယ်လေး မိမိ

ရင်ခွင်ထဲမှ အပြီးခွဲထွက်သွားမှာပဲဟု တွေးကာ ငိုယိုပြီး 'သမီးလေးကို တရားရိပ်သာဝင်စေတာဟာ ဘဝမှာ နေတတ်သွားအောင်လို့ပါ။ အခုလို သီလရှင်ဝတ်ဖို့ထိ မမျှော်လင့်ခဲ့ပါဘူး။ သမီးလေးတို့ ဒီအရွယ်ရောက်အောင် မမကြီးတစ်ယောက် ရုန်းကန်လှုပ်ရှားခဲ့ရတာ မမကြီးကို မသနားဘူးလား၊ သမီးလေးတို့ ကျောင်းပြီးလို့ အလုပ်တွေရရင် မမကြီးကို တစ်လှည့် ပြုစုစောင့်ရှောက်လို့ မမကြီးနားမယ်လို့ စိတ်ကူးထားတာ။ နောက်ပြီး သမီးအောင်စာရင်းထွက်လို့ အမှတ်မီရင် C.P.A ဆက်တက်ရဦးမယ် မဟုတ်လား' ဟု တားပါလေသည်။

မလှလှထွန်းက အဒေါ်မိခင်ကြီးအား 'ရွှေဥမင်တောရ ဆရာတော်က မိဘကို တရားနဲ့ကျေးဇူးဆပ်တာ အမြတ်ဆုံးလို့ ဟောခဲ့တာ မမကြီး မှတ်မိသေးလား၊ သမီးလဲ မမကြီးတို့ကို တရားနဲ့ ကျေးဇူးဆပ်မှာပေါ့၊ သမီးရဲ့ ဆန္ဒအတိုင်း ကြိုးစားကြည့်ချင်ပါတယ်၊ ခွင့်ပြုပါ' ဟု ခွင့်တောင်းရင်း ငယ်စဉ်ကတည်းက မိဘသဖွယ် အရိပ်တကြည့်ကြည့် ပြုစုစောင့်ရှောက်လာသော အဒေါ်မိခင်ကြီးကို သနားမိသည်ကတစ်ကြောင်း၊ မိမိ၏ဆန္ဒများကို အကောင်အထည်ဖော်ခွင့်မရမည်စိုးသည်ကတစ်ကြောင်းကြောင့် မျက်ရည်ကျမိသည်။ အဒေါ်မိခင်ကြီးနှင့် မလှလှထွန်း မျက်ရည်ဖြိုင်ဖြိုင်ကျမိလေပြီ။ သို့သော် မျက်ရည်ချင်းကတော့ မတူပါချေ။

အဒေါ်မိခင်ကြီး တရားဖြောင့်အောင် အားမထုတ်နိုင်ရှာတော့ပြီ။ သမီးငယ်ကို မျက်စိအောက်က ရုတ်တရက် ခွဲထွက်သွားဖို့ မလိုလား။ ခွဲထွက်သွားလိမ့်မည်ဟုလည်း ဘယ်တုန်းကမှ မမျှော်လင့်ခဲ့။ သမီးငယ်ကတော့ သူ့ဆန္ဒတွေ ထုတ်ဖော်ပြောပြပြီး အချိန်ပြည့် တရားထိုင်နေပေပြီ။ တားခွင့်က မသာ။ တခြားယောဂီများ သိသွားမည်ကိုလည်း စိုးရိမ်မိသည်။ တရားအားထုတ်ကြသည့် ယောဂီများအားလုံးကလည်း ဒီသားအမိ နှစ်ယောက်ကို အထူးစိတ်ဝင်စားနေကြသည်။ အဒေါ်မိခင်ကြီးမှာ မအိပ်နိုင်ရှာ။ ညအိပ်ရာဝင် သမီးငယ်ကို တိတ်တဆိတ် တားမြစ်ရင်း မျက်ရည်တွေတွေ ကျနေရှာသည်။ မလှလှထွန်း ဝေခွဲမရ စိတ်ဒွိဟနှင့် အခက်ကြုံနေရ

ပြန်သည်။

တရားစခန်း ၇ ရက်မြောက်ည တရားတော်တွင် ဆရာတော်က ဥဒကူပမသုတ္တန် တရားတော်ကို ဟောကြားတော်မူလေသည်။ ဥဒကူပမ သုတ္တန် တရားနာကြားလိုက်ရချိန်မှာတော့ မလူလူထွန်း၏ စိတ်ထဲ၌ "ငါ့မှာ ခုမှ သဒ္ဓါ၊ ဝီရိယ၊ ပညာစတဲ့ တရားတွေဟာ ပေါ်လာရုံပဲ ရှိသေးတယ်။ လူ့ဘဝနဲ့ဆိုရင် အာရုံတွေက များလှတယ်၊ လောကီကြီးပွားတိုးတက်ရေး ကလည်း ကြိုးစားရဦးမှာ။ ခုချိန်မှာပေါ်နေတဲ့ သဒ္ဓါ၊ ဝီရိယ၊ ပညာတရား တွေဟာ ပြန်မြုပ်သွားဖို့က များတယ်၊ ငါ့ဆန္ဒတွေ အကောင်အထည်ဖော်နိုင် ဖို့ သီလရှင်ဘဝက အကောင်းဆုံးပဲ"ဟု တွေးမိကာ သီလရှင်ဝတ်မည် ဟု ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်ချလိုက်လေတော့သည်။

၈ ရက်မြောက်ညမှာတော့ ဆရာတော်က ဓမ္မန္တရာယ်တရားတော်ကို ဟောကြားတော်မူသည်မို့ အဒေါ်မိခင်ကြီးမျာလည်း သမီးငယ်အား သီလ ရှင် ဝတ်တော့မည်ကို မတားသာတော့။ မျက်ရည်နှင့် သောကကို ကြိုးစား ထိန်းသိမ်းရင်း ရင်နင့်နင့်ဖြင့်ပင် လိုက်လျောခွင့်ပြုရလေတော့သည်။

အဒေါ်မိခင်ကြီးက အကြောင်းကြားလိုက်သည်နှင့် မိဘ၊ မောင်နှမ များ၊ ဆွေမျိုးသားချင်းများအားလုံး သိရှိကာ လိုက်လာပြီး တစ်ဖန် ကန့်ကွက် တားမြစ်ကြပြန်လေသည်။ အဒေါ်မိခင်ကြီးအားလည်း 'တရားအားထုတ်ရင် ဒီလိုပဲ သဒ္ဓါတရားက ဖြစ်တတ်တာပဲ၊ ကလေးကို အလိုမလိုက်သင့်ဘူး၊ တော်တော်ကြာ တစ်ပိုင်းတစ်စနဲ့ ဒုက္ခရောက်နေမယ်' စသည်ဖြင့် ဝိုင်းဆူ ကြပါတော့သည်။ အမျိုးမျိုးအဖုံဖုံ ထောင့်ပေါင်းစုံက အပြစ်ကိုပြ၍ တားမြစ် ကန့်ကွက် ပိတ်ပင်ကြပါတော့သည်။ ဘယ်လိုနည်းနှင့်မှ ပြောမရတော့သည့် အဆုံး စိတ်ပျက်လက်ပျက်နှင့် လက်လျှော့ကာ မသာမယာ ပြန်သွားကြ ပါသည်။ မလူလူထွန်း စိတ်မကောင်းပါ။ မိမိအတွက် လောကအတွက် တကယ့်ကောင်းကျိုးကို ဆောင်ရွက်ရာ၌ သံယောဇဉ် အနှောင်အဖွဲ့က ကိုယ်လွတ်ရုန်းထွက်ရသည်မှာ မည်မျှခက်ခဲပင်ပန်း စွန့်စားရသည်ကို ပြန်၍ ပင် ပြောမပြချင်တော့ပါ။ တစ်ခါတစ်ရံမှာ လိုအပ်လာလျှင် လောက

ကောင်းကျိုးအတွက် မိမိဘဝ မိမိအသက်ကိုပင် စွန့်လွှတ်တော်မူသွားကြသည့် အလောင်းတော်မြတ် ဗောဓိသတ်တို့၏ မြင့်မြတ်ကြီးကျယ်မှုကို နှလုံးသွင်းမိပြန်တော့ မိမိလုပ်ရပ်အတွက် ဂုဏ်ယူမဆုံး ဖြစ်ရပြန်သည်။

၁၃၄၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်၊ တရားစခန်း ၉ ရက်မြောက်နေ့မှာတော့ 'ခိုင်ကျည်နှလုံး၊ တစ်ဖြောင့်သုံး၍၊ နှောင်ထုံးကေမင်၊ လျှော့ဖြေစဉ်၌၊ ရင်ဝယ်ဖိုလှိုက်၊ သည်းအူခိုက်မျှ၊ လောင်မြိုက်သောက၊ နမြောတလျက်၊ ကျမျက်ရည်ဆည် မတားနိုင်ကြသည့် မိဘမောင်ဘွား ဆွေမျိုးသားချင်းတို့၏ ရင်ထဲက သူစိမ်းပြင်ပြင် မကြင်ဖဲထွက်ပြီး မလူလူထွန်းတစ်ယောက် ဓမ္မဒူတ အရှင်ပညာဇောတ ဆရာတော်၏ ကရုဏာ ဓမ္မအေးရိပ်ကို ခိုလှုံကာ သာသနာ့နွယ်ဝင် သီလရှင်ဘဝကို ခံမင်နှစ်ခြိုက်စွာ အလေးအနက် ခံယူလိုက်ပါလေသတည်း။

ဆရာတော်က 'မဂ္ဂပသန္နာ' ဟု အမည်ချီးမြှင့် ပေးသနားတော်မူပါသည်။ 'မဂ္ဂပသန္နာ' ဆိုတော့ မလူလူထွန်းက လူဆိုတဲ့ ကာရန်နဲ့လည်း လိုက်တယ်။ မြန်မာလိုတော့ 'မငြိမ်းအေး' ပေါ့။ 'နာမည်နဲ့ လူနဲ့လိုက်အောင် ကြိုးစား။ နာမည်နဲ့လူနဲ့လိုက်ရင် ကြီးပွားတယ်' ဟုလည်း ဆရာတော် အမိန့်ရှိလိုက်ပါသည်။ ယင်း ၉ ရက်မြောက်ညမှာပင် သီလရှင်ဝတ် အနုမောဒနာတရားတော်ကို ဟောကြားချီးမြှင့်တော်မူပါသည်။

ဆရာလေး မဂ္ဂပသန္နာ၊ ဓမ္မဒူတ ဆရာတော်ဘုရား၏ တရားစခန်းများကို ဆက်လက်ဝင်ကာ တရားအားထုတ်ခဲ့သည်။ ဆရာတော်ဘုရားက 'သီလရှင်ဘဝဆိုတာ သိပ်ပြီး ဆင်းရဲတယ်၊ နေနိုင်ပါ့မလား' ဟု မိန့်တော်မူသည်။ မဂ္ဂပသန္နာကလည်း နေနိုင်ပါကြောင်း လျှောက်တင်သည်။ တရားစခန်း သုံးခုဆက်တိုက် ဝင်ပြီးချိန်မှာတော့ ဆရာတော်က ဆင်းရဲဒဏ်ခံနိုင်ရန်၊ အလေ့အကျင့်ဖြစ်စေရန် ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ အင်းရဲ ဓမ္မဒီပရိပ်သာသို့ ပို့လေသည်။ မသန္တဝါဒီ (ပထမကျော်၊ ဓမ္မာစရိယ၊ B.A) နှင့် အတူ ဖြစ်လေသည်။

အင်းရဲဓမ္မဒီပ၌ တစ်နေ့ တရား ၃ နာရီသာ ထိုင်ချိန်ရှိတော့သည်။

ပရိတ်ကြီး၊ ဓမ္မစကြာ၊ ပဋ္ဌာန်း၊ သဒ္ဒါကြီး သုတ်စဉ်ကျက်မှတ်ရသည်။ ထိုရိပ်သာတွင် ဘုရားပျက်များကို ပြင်နေသည်မို့ ညနေ တစ်နာရီခန့်တွင် အုတ်ခဲကျိုးများ သယ်ရသည်။ အဖိတ်နေ့တိုင်း ဗန်းကုံးကလေးရွက်ကာ ရွာစဉ်တစ်လျှောက် မနားတမ်း ဆွမ်းဆန်ခံ ထွက်ရလေသည်။

အင်းရဲမှာနေစဉ်ပင် ဖြေထားသော စာမေးပွဲ နောက်ဆုံးနှစ် အောင်စာရင်းများ ထွက်လာသည်။ မဂ္ဂပသန္နာ အောင်ပါသည်။ အောင်ရုံတင်မက C.P.A ကိုပင် ဆက်တက်ခွင့်ရပါလေသည်။ မိဘများက အသက်ကြီး မှ သာသနာ့ဘောင်မှာ မပျော်လျှင် C.P.A တက်ပြီးက အချိန်မရွေး အလုပ် ပြန်ဝင်နိုင်သည်ဟု နောင်ရေးကို စိတ်မအေးကြသဖြင့် C.P.A နှစ်နှစ်တက် ပြီးမှ ပြန်ဝတ်ပါ။ ဝတ်ခွင့်ပေးပါမည်ဟု ဆိုကာ လူထွက်ခိုင်းကြသည်။

ဤတွင် မဂ္ဂပသန္နာ စဉ်းစားရပါလေပြီ။ ယခု အင်းရဲကို လာရာ၌ပင် မိဘများက လုံးဝမထောက်ပံ့ခဲ့။ သီလရှင်ဘဝမှာ အစကတည်းက လာဘ်လာဘ ရှားပါးသည်ဖြစ်လေရာ မထောက်ပံ့ဘဲ ထားလိုက်လျှင် ပို၍ဆင်းရဲမည်။ ဆင်းရဲဒဏ် မခံနိုင်လျှင် လူပြန်ထွက်လာမည် အထင်နှင့် မဂ္ဂပသန္နာကို မည်သူမျှ မထောက်ပံ့ကြရန် ဖခင်က အမိန့်ထုတ်ထားခြင်း ဖြစ်သည်။ မဂ္ဂပသန္နာကို ထောက်ပံ့ချင်ကြသော်လည်း ဖခင်ကို ကြောက်သဖြင့် မည်သူမျှ မထောက်ပံ့ရဲကြ။ ထို့ကြောင့်ပင် အင်းရဲသို့ လက်ဆွဲခြင်းလေးတစ်လုံးဖြင့် ချိုချို့တဲ့တဲ့ မဂ္ဂပသန္နာ ထွက်ခဲ့ရလေသည်။ မဂ္ဂပသန္နာတို့ မိသားစုမှာ ချမ်းချမ်းသာသာထဲက မဟုတ်သော်လည်း ပင်ပင်ပန်းပန်းကြီးတော့ မရုန်းကန်ကြရပါ။ မဂ္ဂပသန္နာတို့ မောင်နှမတစ်တွေ ပညာကိုတော့ ခြိုးခြံချွေတာကာ သင်ယူနိုင်ခဲ့ကြပါသည်။ သို့ဖြစ်၍ပင် ဆွမ်းဆန်ခံ တစ်နေကုန် ထွက်ရခြင်း၊ အုတ်ခဲကျိုးသယ်ရခြင်းတို့ကိုလည်း မဂ္ဂပသန္နာ မနည်းဖွဲ့တင်းကာ ကြိုးစားခဲ့ရလေသည်။ ခိုင်မာပြတ်သားသည့် ဆုံးဖြတ်ချက်တစ်ခု ချထားပြီးဖြစ်၍သာ ပင်ပန်းဆင်းရဲမှုဒဏ်ကို အံကြိတ်တင်းခံနိုင်ခဲ့ခြင်းဖြစ်သည်။ အပျော်သဘော သီလရှင်ဝတ်ရုံသာဆိုလျှင်တော့ မဂ္ဂပသန္နာ

မိဘရပ်ထံ ပြန်ပြေးခဲ့သည်မှာ ကြာလှပေါ့။ ယခု အောင်စာရင်းထွက်လာခဥ် အခွင့်ကြုံခိုက် C.P.A ဆက်တက်ရန် မိဘများ အကျိုးကြောင်းပြလာသည်မှာလည်း စိတ်မချနိုင်ကြသေးသည့် သူတို့အဖို့ ခိုင်လုံသင့်မြတ်သော အကြောင်းပြချက်ပင် ဖြစ်ပါသည်။

မဂ္ဂပသန္တာမှာ သံယောဇဉ် အရှုပ်မျှင်တွေကို ခုတ်ထွင်ရှင်းလင်းခဲ့ပြီ ဖြစ်ပါသော်လည်း ယခုတစ်ဖန် အစမ်းသပ်ခံ အားပြိုင်မှုတစ်ခုက ထပ်မံ စိန်ခေါ်လာပြန်ချေပြီ။ မဂ္ဂပသန္တာဖြင့် နေရသည်က လမ်းနှစ်သွယ်။ လမ်း တစ်သွယ်က မပီပိုးတဝါးနှင့် လမ်းစပင် ရှာမရသေးသည့် ခက်ခဲပင်ပန်း ကြမ်းတမ်းမည့် မိမိတစ်ဦးတည်း ရွေးခဲ့သည့် အဆန်လမ်း။ လမ်းတစ်သွယ် ကတော့ ပန်းတိုင်နှင့်လည်း မဝေးတော့။ နွေးထွေးစွာ လက်ကမ်းကြိုဆိုမှု တို့ကလည်း အဆင်သင့်။ လျှောက်ရမည့်လမ်းကလည်း ဆူးငြောင့်မသန်း ဖြူးဖြောင့်သည့် ပန်းခင်းလမ်း။ မပင်မပန်း သက်သက်သာသာ လျှောက်ရမည့် အစုန်လမ်း။ လမ်းနှစ်သွယ်ရှိသည့်အနက် လမ်းတစ်သွယ်ကိုတော့ မဂ္ဂပသန္တာ ပြတ်ပြတ်သားသား ရွေးချယ်ရပေတော့မည်။ တစ်သွယ်က လမ်းမှန်။ တစ်သွယ်က လမ်းမှားဟု ယူဆလျှင်တော့ သမုတိနယ်မှာ ပြေလည်မှုရနိုင်မည် မထင်ပါ။ မိမိယုံကြည်နှစ်သက်ရာလမ်းကို ရွေးချယ်မိသဖြင့် မည်သို့သော အကြောင်းကြောင့်မျှ နောင်တမရဖို့တော့ အထူးပင် လိုအပ်ပါလိမ့်မည်။

မည်သည့်လမ်းကို ရွေးချယ်ရမည်ဟု တိကျရေရာသော အဖြေတစ်ခု မရခင်မှာပင် မသစ္စဝါဒီနှင့် မဂ္ဂပသန္တာတို့ ရန်ကုန်ပြန်ခဲ့ကြသည်။

◆ ◆ ◆

အတိတ်နယ်မြေ ခြေချမင်းမူနေသည့် မိမိ၏ စိတ်အစဉ်ကို ပစ္စုပ္ပန်အရပ်ဆီသို့ ပြန်လည်ဦးတည်မိချိန်မှာတော့ တစ်နေကုန် ပျားပန်းခတ်မျှ လှုပ်ရှားနေကြသည့် ခရီးသည်များ ညဥ့်နက်ပိုင်းရောက်လာပြီမို့ အိပ်မောကျလျက်ရှိနေကြသည်။ အတိတ်ကမ္ဘာက အိပ်ရာထလာသူ မဂ္ဂသန္တာက တော့ အများနည်းတူ အိပ်မပျော်နိုင်သေးသည်နှင့် ပရိတ်ရွတ်ပြီး တရားရှု

မှတ်နေလိုက်သည်။ သဘော်ကြီးကတော့ မည်းမှောင်နေသည့် မိုးကောင်းကင်အောက်က ပြာလဲ့လဲ့ မြစ်လယ်ပြင်မှာ ပုံမှန်ခုတ်မောင်းနေသည်။ ကုန်တင်သဘော်ဖြစ်၍ သဘော်အောက်ထပ်၌ ကြက်၊ ဝက်၊ ဘဲငန်း တိရစ္ဆာန်များကလည်း နေရာလပ်မရှိအောင် ပါလာကြသည်။ မဂ္ဂပသန္နာစိတ်ထဲမှာတော့ ‘ယခုနေ သဘော်မှောက်ခဲ့သော် တရားရှုမှတ်ရင်း သေဆုံးသွားမှာမို့ သေပျော်သည်’ ဟု တွေးမိသည်။ ကုဋီသွားချင်လာသည်မို့ အောက်ထပ် ဆင်းလိုက်သည်တွင် သဘော်အိမ်သာအဝ၌ ဝက်ကြီးတစ်ကောင်ကို ရင်ခွဲကာ အထဲက ကလီစာများထုတ်ပြီး အကောင်အတိုင်း ချိတ်ဆွဲထားသည်ကို ဘွားခနဲ မြင်လိုက်ရလေသည်။ ဘေးဝက်ခြံထဲမှာတော့ အိပ်ပျော်နေသောဝက်များ၊ ဆော့ကစားနေသောဝက်များ အကောင် ၂၀ ခန့် တွေ့ မြင်ရသည်။ ဝက်များကိုကြည့်ရင်း မဂ္ဂပသန္နာစိတ်ထဲမှာ ‘ဒီဝက်အရှင်တွေ ဟာ သူတို့ကို သားသတ်ရုံပို့မယ်ဆိုတာ မသိကြဘူး။ သူတို့ရှေ့မှာ ဝက်တစ်ကောင်လုံး သတ်ပြီး ရင်ခွဲချိတ်ဆွဲထားတာလည်း သတိမမူကြဘူး။ ငါလဲပဲ လူ့ဘဝနဲ့ ရှုန်းကန်လှုပ်ရှားပြီး တရားမေ့နေရင် ဒီဝက်တွေနဲ့ ဘာမှ ထူးမှာ မဟုတ်ဘူး။ ဒီသီလရှင်အဝတ်ဟာ ငါ့ကို တရားအားထုတ်ဖို့ အမြဲသတိပေးနေတယ်။ ဒီသီလရှင်အဝတ်ဟာ ငါ့ရဲ့ ချုပ်ဝတ်တန်ဆာပဲ။ စစ်ဝတ်စုံကို အပြည့်ဝတ်ဆင်ထားတဲ့ စစ်ဗိုလ်ချုပ်တစ်ယောက်ဟာ စစ်တိုက်ဖို့ အမြဲအဆင်သင့်ဖြစ်နေသလို သတိရတာက်ကြွနေသလို ဒီသီလရှင်အဝတ်ဟာလဲ ငါ့ကို တရားအားထုတ်ဖို့ အမြဲသတိပေးနေမှာပဲ’ ဟု သီလရှင်ဘဝနှင့် သီလရှင်ဝတ်စုံကို ပိုမိုနှစ်သက်သဘောကျမိလာသည်။ မဂ္ဂပသန္နာ ဆက်လက်တွေးမိသည်မှာ ‘လောကီပညာရေးသည် ဘုရားရှင် ပွင့်ပွင့် မပွင့်ပွင့် သံသရာတစ်လျှောက်လုံး သင်ဖူးခဲ့လှလေပြီ၊ ဆက်၍လည်း အချိန်မရွေး သင်ယူနိုင်လေသည်၊ မြတ်စွာဘုရား ပိဋကတ်တော်များကိုကား ဘုရားရှင် ပွင့်တော်မူမှသာလျှင် သင်ယူနိုင်ပေသည်။ ကြုံနိုင်ခဲလှသည့် သာသနာတော်နှင့် အခွင့်သင့်ခိုက်မှာ ပိဋကတ်စာပေများကိုသာ သင်ကြားတတ်မြောက်ချင်ပေသည်။ သည်အတွေးသည် သည်အကြံများနှင့်အတူ မဂ္ဂပသန္နာ မိမိ အမှန်တကယ်

ရွေးချယ်ရမည့်လမ်းကို ထင်လင်းပြတ်သားစွာ ရွေးချယ်နိုင်ခဲ့ပါလေပြီ။

မဂ္ဂပသန္နာကို သယ်ဆောင်ခုတ်မောင်းနေသော သင်္ဘောကြီးမှာ အစုန်ခရီးဖြစ်သော်လည်း မဂ္ဂပသန္နာ ဉာဏ်မျက်စိဖြင့် ရှေ့ရှုဦးတည်ရွေး ချယ်ပြီး ဘဝတစ်ခုလုံးနှင့် သက်ဆိုင်နေသည့် ခရီးကတော့ သတိတရား လက်ကိုင်ထားကာ အစဉ်နိုးကြားရှန်းကန်နေရမည့် လောကဓံ လှိုင်းဒဏ် ကြားက အဆန်ခရီး ဖြစ်လေသည်။

အမှန်ကတော့ မဂ္ဂပသန္နာတို့ လိုက်ပါလာသော သင်္ဘောကြီးမှာ အချိန်မရွေး ဘေးအန္တရာယ်အဖုံဖုံ ကြုံတွေ့ပြီး နစ်မြုပ်ပျက်စီးသွားနိုင်သည် သာ။ အကယ်၍ ဘေးအန္တရာယ်နှင့် ကြုံတွေ့လို့ နစ်မြုပ်သွားငြားအံ့။ ယခု တစ်ဘဝသာ နစ်မွန်းနိုင်မည်ဖြစ်ပြီး ပေါ့ပေါ့နေ ပေါ့ပေါ့စား ပျော် ပျော်ပါးပါး သတိလက်လွတ်ဖြင့် အချိန်တွေကုန်လွန်ကာ ဘဝရေလျဉ် ကြော မျောလျက် အိပ်မောကျနေမည်ဆိုပါက ဝဋ္ဋဒုက္ခဝဲဂယက်မှ ခွဲမထွက် သာ သေကြေနစ်မွန်းခြင်းခံရမည့် ဘေးဆိုးကြီးက အကြိမ်ကြိမ်အခါခါပင်။

ကျူပျော် - ရန်ကုန် သင်္ဘောနှစ်ညတာခရီး အတွေ့အကြုံက မဂ္ဂပသန္နာ၏ သီလရှင်ဘဝကို အထူးခိုင်မြဲစေဖို့ တရားပြလိုက်သည့် သံဝေဂ လက်ာရှည် တစ်ပုဒ်အဖြစ် ဘဝမှတ်တမ်း ကမ္ပည်းထိုးရစ်ခဲ့ရပေတော့မည်။

◆ ◆ ◆

C.P.A ဆက်တက်ခွင့်ကို မဂ္ဂပသန္နာ စွန့်လွှတ်လိုက်ပြီဖြစ်၍ မိဘ များ လက်လျှော့လိုက်ရလေသည်။ အဒေါ်မိခင်ကြီးကတော့ 'ငါ့သမီး ဆန္ဒအတိုင်း ကြိုးစားပါ၊ မမကြီး ပါရမီဖြည့်ပါမည်' ဟု အားပေးစကား ဆိုသည်။

အဒေါ်မိခင်ကြီးသည် ရွှေဥမင်တောရရိပ်သာ၌ပင် ဇရပ်တစ်ခန်း လှူဒါန်းကာ သမီးငယ်နှင့်အတူ လူတို့ထုပွတ် လောကီဇာတ်မှ အပြီးအပိုင် နှုတ်ထွက်လိုက်လေသည်။ မဂ္ဂပသန္နာမှာ အထက်သန်ဆုံးဖြစ်သည့် ပရိယတ္တိ စာပေကို မသင်ကြားနိုင်သေး။ လူ့ဘဝတုန်းက ကျောက်ကပ်ရောဂါအခံက ပြန်လည်ပေါ်လာသည်မို့ ယင်းရိပ်သာ၌ ဆရာတော်ဘုရားကြီး၏ မေတ္တာရိပ်၊

တရားရိပ်ကို ခိုလှုံကာ ၂ နှစ်ခန့် တရားအားထုတ်ရင်း အနားယူနေခဲ့ရပါသည်။

ကျန်းမာရေးအရ တရားအားထုတ်ခွင့်ရခဲ့ခြင်းသည် မဂ္ဂပသန္တာအတွက် ကံကောင်းခြင်းဆုလာဘ်တစ်ပါးကို ထိုက်ထိုက်တန်တန် အပိုဆုရခဲ့ခြင်းပင် ဖြစ်သည်။ စာပေမသင်ကြားခင် တရားအားထုတ်ခွင့် ရခဲ့သဖြင့် စာပေသင်ကြားရေးတွင် များစွာ အထောက်အကူပြုခဲ့ရုံသာမျှမက တကယ့်အရေး တကယ့်ဘေးနှင့် ကြုံတွေ့စဉ်အခါမှာလည်း မဂ္ဂပသန္တာ တည်တည်ငြိမ်ငြိမ် ရင်ဆိုင်နိုင်ခဲ့ပါသည်။ တရားဓမ္မကြောင့်ပင် မဂ္ဂပသန္တာ သာသနာ့နွယ်ဝင် သီလရှင်ဘဝရောက်လာသလို၊ တရားဓမ္မကြောင့်ပင် ပရိယတ္တိစာပေကို အထက်တန်းက အောင်မြင်ခဲ့ကာ၊ တရားဓမ္မကြောင့်ပင် လောကဓံတရားတို့နှင့် ကြုံတွေ့လာစဉ် မတုန်မလှုပ် ရဲဝံ့ပြတ်သား ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ခဲ့ပါသည်။ 'ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ' တရားစောင့်သူကို တရားက ပြန်လည်စောင့်ရှောက်သည်ဟူသော ဘုရားရှင်၏ အဆုံးအမတော်ကို မဂ္ဂပသန္တာ အကြွင်းမဲ့ လက်ခံယုံကြည်ခဲ့ပါပြီ။ တရားသဖြင့်ရသင့်ရထိုက်သော အခွင့်အရေးတို့ကို အလိုရှိသည် ဆိုငြားအံ့၊ တရားဓမ္မကိုသာ စောင့်ပါ။ မိမိဘဝ ဘေးဒုက္ခအပေါင်းမှ ကင်းဝေးလိုသည် ဆိုငြားအံ့၊ တရားဓမ္မကိုသာ စောင့်ပါဟု မဂ္ဂပသန္တာ ဓမ္မလက်ဆောင် ဝေငှဖြန့်ချိရပါဦးမည်။

◆ ◆ ◆

မဂ္ဂပသန္တာ စာပေသင်ကြားရန် အဆင်သင့်ဖြစ်လာသောအခါတွင် အဒေါ်မိခင်ကြီးတစ်ဦးမှတစ်ပါး မိဘများမှာ သူတို့ဆန္ဒကို ဆန့်ကျင်သည်ဆိုကာ ဘာထောက်ပံ့ကူညီမှုမှ မပေးဘဲ ဆင်းရဲဒဏ် မခံနိုင်လျှင် လူပြန်ထွက်မည့်နေ့ကိုသာ နောက်ဆုံး မျှော်လင့်နေကြပါသေးသည်။

မဂ္ဂပသန္တာမှာ လိုအပ်သော စာအုပ်စာတမ်းများ ဝယ်ယူရဦးမည်ဖြစ်သဖြင့် ကျောင်းသူဘဝကတည်းက မထုတ်ဘဲ ထားခဲ့သော ပညာသင်ထောက်ပံ့ကြေး (Scholarship) များကို ထုတ်ယူရလေတော့သည်။

ထိုအချိန် ထိုအခါက ငွေငါးရာကျော်မျှသည် မဖြစ်မနေ အသုံးပြုရမည့် စာအုပ်စာတမ်း များ ဝယ်ယူနိုင်ခဲ့ပါသည်။

စာပေသင်ကြားပြီးဆိုသောအခါ ထူးချွန်သူ မဂ္ဂပသန္တာ အဖို့ အထက်တန်းကချည်း အထူးအောင်မြင်ခဲ့သည်မို့ အခြေပြု မူလတန်းတွင် မြန်မာတစ်နိုင်ငံလုံး သီလရှင် ပထမရသည့်အချိန်မှစ၍ မဂ္ဂပသန္တာကို အများက ဂရုစိုက်လာပြီဖြစ်သည်။ အများ၏ ဂရုစိုက်ခြင်းခံရသော မဂ္ဂပသန္တာ မှာလည်း တကယ့်ကို ထက်မြက်ထူးချွန်သူဖြစ်လေရာ ပညာသင်ကြားရေးတွင် လိုအပ်ချက်မှန်သမျှ ဝိုင်းဝန်းကူညီ ဖြည့်ဆည်းပေးကြသော စေတနာရှင်များကြောင့် အခက်အခဲမရှိတော့ဘဲ ပရိယတ္တိစာပေကို ပိုမိုကြိုးစား အားထုတ်လာနိုင်ပါသည်။

ထူးချွန်သူတို့သမိုင်းတွင် တစ်ဦးအပါအဝင်ဖြစ်သော မဂ္ဂပသန္တာ မည်ကဲ့သို့ ပညာကို သင်ယူဆည်းပူးခဲ့သည်ကို စိတ်ဝင်စားကြပါလိမ့်မည်။

မဂ္ဂပသန္တာ စာပေလေ့လာသင်ကြားရာတွင် သာမန်လူတို့ထက် မပိုခဲ့ပါ။ မပိုဟုဆိုရာတွင် ညဥ့်နက်သန်းခေါင်အထိ စာမလုပ်ခြင်း၊ နံနက် ၃ နာရီ၊ ၄ နာရီ ထပြီး စာမလုပ်ခြင်း၊ စာမေးပွဲနီးမှ မအိပ်မနေ အပူတပြင်း စာမလုပ်ခြင်းတို့ကို ဆိုလိုပါသည်။ နေ့၏အလင်းရောင်ကိုသာ မဂ္ဂပသန္တာ ပိုအားကိုးကာ စားချိန်၊ သောက်ချိန်၊ ရေချိုးချိန်တို့မှလွဲလျှင် စာကို အချိန်ပြည့် လုပ်ပါသည်။ နေ့ခင်းနေ့လယ် လိုအပ်လို့ အနားယူလျှင် ၁၅ မိနစ်ထက် ပိုမယူပါ။ ညဘက်ကိုလည်း ၉ နာရီထက် စာပိုမလုပ်ပါ။ သာမန်လူတို့ထက် မဂ္ဂပသန္တာ ပိုနိုင်သောအချက်တို့ လုံးဝမရှိတော့ မဟုတ်ပါ။ ရှိနေပါသည်။

*စိတ်ရှည်ဖွဲ့သံ သည်းညည်းခံ ပြုရန်သာသနာ။
*စိတ်ကောင်းစာတတ် ပုဂ္ဂိုလ်မြတ် လိုအပ်သာသနာ။
*စာမှာသာတတ် ကိုယ်မှာမတတ် ဂဟာကိုက်တတ်သည်။
*စာမှာလည်းတတ် ကိုယ်မှာတတ် ဂဟာကင်းပြတ်သည်။

(ရွှေဥမင်တောရ ဆရာတော်ဘုရားကြီး၏ ဩဝါဒ)

ကိစ္စမများ၊ စကားနည်းစေ
အိပ်နေမကြီး၊ ကိုယ်တည်းပျော်လေ
ဣန္ဒြေရှိ၊ တိုင်းသိစားလေ
စာသင်သား စာများရကြောင်းပေ (တရားရကြောင်းပေ)။

(မင်္ဂလ၀ဒူတ အရှင်ပညာဓောတ၏ ဩ၀ါဒ)

ဤဩ၀ါဒအဆိုအမိန့်များကို တိကျလေးနက်စွာ လိုက်နာခဲ့ခြင်းက ပရိယတ္တိစာပေ သင်ယူတာချင်း တူသော်လည်း မဂ္ဂပသန္တာ ကို သာမန် လူတို့ထက် သာလွန်တောက်ပစေခဲ့ပါသည်။

တရားအားထုတ်ပြီးမှ မဂ္ဂပသန္တာ စာကျက်ရာတွင် ပိုမိုမှတ်ဉာဏ် ကောင်းလာပါသည်။ စာကို အသံတိတ်ကျက်တတ်လာပါသည်။ ဘေးက ဆူညံသော အသံဗလံများကြောင့် အနှောင့်အယှက် မဖြစ်တော့ပါ။ ကျောင်း သူဘ၀တုန်းက မဂ္ဂပသန္တာ စာကို အသံထွက်ကျက်ရမှ အားရသလို ဘေး ကဆူညံသော အသံဗလံများကိုလည်း သည်းမခံနိုင်ခဲ့။ တရားအားထုတ် ခြင်းကြောင့် လက်တွေ့ခံစားရသော အကျိုးကျေးဇူးများကို မဂ္ဂပသန္တာ၏ ကိုယ်တွေ့မှတ်တမ်းများတွင် လေ့လာနိုင်ပါသည်။

မဂ္ဂပသန္တာ အောင်မြင်ခဲ့သော စာမေးပွဲများမှာ...

၁။ ၁၉၈၆ ခုနှစ် (B.Com)

၂။ ၁၉၈၈ ခုနှစ်၊ အစိုးရအဘိဓမ္မာနှင့် အဘိဓမ္မာရိုးရိုး နှစ်ချင်း သုံးဆင့်အောင် မြန်မာတစ်နိုင်ငံလုံးတွင် (ဒုတိယ)

၃။ ၁၉၈၉ ခုနှစ်၊ အစိုးရအခြေပြုမူလတန်း မြန်မာတစ်နိုင်ငံလုံးတွင်



**M.A (B.Dh) ဘွဲ့ယူစဉ်**

သီလရှင် (ပထမ)။ အစိုးရ အဘိဓမ္မာ (ဂုဏ်ထူးဆောင်) နှစ်ချင်း သုံးဆင့်အောင်

၄။ ၁၉၉၀ ပြည့်နှစ်၊ အစိုးရ ပထမငယ်တန်း။

၅။ ၁၉၉၁ ခုနှစ်၊ အစိုးရ ပထမလတ်တန်း မြန်မာတစ်နိုင်ငံလုံး သီလရှင် (ပထမ)။

၆။ ၁၉၉၃ ခုနှစ်၊ အစိုးရ ပထမကြီးတန်း မြန်မာတစ်နိုင်ငံလုံး သီလရှင် ပထမ (ပထမကျော်)

၇။ ၁၉၉၆ ခုနှစ်၊ အစိုးရ ဓမ္မာစရိယတန်း မြန်မာတစ်နိုင်ငံလုံး သီလရှင် ပထမ (အဂ္ဂမဟာအကျော်)

မဂ္ဂပသန္တာ၏ ဩဝါဒါစရိယဆရာတော်များနှင့် စာချဆရာတော်များမှာ -

မြောက်ဥက္ကလာပ ရွှေဥမင်တောရရိပ်သာ ဆရာတော်ဘုရားကြီး ဦးကောသလ္လ။ ဦးဣန္ဒာသီရိ။

ပေါက်ဆရာတော် ဦးသုမိတ္တာဘိဝံသ။

ဓမ္မဒူတဆရာတော် ဦးပညာဇောတ။

ဗဟန်းဝိသုဒ္ဓါရုံဆရာတော် ဦးကောဏ္ဍည။ တိပိဋကဓရ(ယော) ဆရာတော် ဦးသီရိန္ဒာဘိဝံသ။

ဓမ္မဒူတတောရကျောင်းမှ အရှင်ဝါသေဋ္ဌာဘိဝံသ (ဓမ္မာစရိယ၊ ပိဋကတ္တယပါရဂူ)။ အရှင်ပညိဿရ (ဓမ္မာစရိယ၊B.A, M.A)။ အရှင်ဆေကိန္ဒ (ဓမ္မာစရိယ A.G.T.I(Civil))။ အရှင်ကေသဝ (ဓမ္မာစရိယ)။

ဗဟန်းညောင်တုန်းကျောင်းတိုက်မှ အရှင်နာရဒါဘိဝံသ (သ·စ·အ ဓမ္မာစရိယ) (ပထမကျော်)(အဂ္ဂမဟာအကျော်)။

တောင်တွင်းကြီး ဂန္ဓာရုံကျောင်းမှ ဦးဝိလာသ(ဓမ္မာစရိယ)။ ဦးပညာသီရိ။

မဏိဇေယျကျောင်းမှ ဒေါ်သုခေသီ (B.Ed, ဓမ္မာစရိယ)။ အင်းရဲဓမ္မဒီပမှ ဒေါ်ဓမ္မာနုဝတ္တီ (B.A)။

စမ်းချောင်း ဒေါ်ဉာဏစာရီကျောင်းမှ ဒေါ်စာလာဉာဏီ (ဓမ္မာစရိယ၊ B.A) ဒေါ်ဉာဏသီ (ဓမ္မာစရိယ၊ B.Ed)

ဦးအောင်ထွဋ် (ဓမ္မာစရိယ M.A) ရန်ကုန်တက္ကသိုလ် တို့ ဖြစ်ကြပါသည်။

◆ ◆ ◆

ဆရာလေး မဂ္ဂပသန္တာကို မြောက်ဥက္ကလာပမြို့နေ အဘဦးသန်းထွန်း၊ အမိ ဒေါ်အုန်းတို့မှ ၁၃၂၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက် (၁၆-၁၁-၁၉၆၆)နေ့တွင် ဖွားမြင်ခဲ့လေသည်။

ဦးသန်းထွန်း+ဒေါ်အုန်းတို့တွင် မစံပယ်ဦး (အ.မ.က-ဖ)။ မောင်မိုးမြင့်(B.E)၊ မလှုလှုထွန်း (B.Com)၊ မသူသူဝင်း (B.Sc)၊ မောင်ထွန်းဇော်၊ မဖြူဖြူဝင်း (B.A)၊ မသက်သက်စိုး (B.Sc) ဟူ၍ သားသမီး ၇ ယောက် ရှိရာ ဆရာလေးမဂူပသန္တာမှာ တတိယမြောက် မလှုလှုထွန်း ဖြစ်လေသည်။

အစ်မအကြီးဆုံး မစံပယ်ဦးနှင့် မလှုလှုထွန်းတို့ကို ဖခင်ကြီး၏ နှမဖြစ်သူ အဒေါ်အပျိုကြီး ဒေါ်စောရီက ငယ်စဉ်ကပင် အပြီးအပိုင် မွေးစားခဲ့လေသည်။

မလှုလှုထွန်း သာသနာ့နွယ်ဝင် သီလရှင်ဖြစ်လာသည်မှာ အဒေါ်မိခင်ကြီး၏ ကျေးဇူးတရားက အခြေခံအကျဆုံး အုတ်မြစ်ကြီးအဖြစ် များစွာ အထောက်အကူ ပြုခဲ့ပါသည်။

◆ ◆ ◆

➲ ပရိယတ္တိစာပေနဲ့ လောကီစာပေ သင်ကြားရတာ ဘယ်လိုကွာခြားပါသလဲ။ အားထုတ်ရတာ ဘယ်စာပေက ပိုပင်ပန်းပြီး ခက်ခဲပါသလဲ။

"ပရိယတ္တိစာပေက ပိုပင်ပန်းခက်ခဲပါတယ်၊ ပိုပြီးအားထုတ်ရပါတယ်၊ ဆယ်တန်းတုန်းကသာ ပရိယတ္တိစာပေလို ကြိုးစားခဲ့ရင် တစ်နိုင်ငံလုံး ပထမရနိုင်တယ်။ M.Sc ဆိုတာလည်း တန်းနေမှာပဲလို့ ဆရာလေးတောင် သူငယ်ချင်းတွေ ပြောခဲ့ဖူးပါတယ်။ ဆရာလေးတို့ ကျောင်းနေတုန်းက အတန်းတော့ မှန်မှန်တက်တယ်။ သေချာတော့ လိုက်နားထောင်တယ်။ ဘယ်တော့မှ စာကို လိုက်မကျက်ဘူး။ နီးမှ တစ်လလောက်အလိုမှ စာကျက်တာ။ ပရိယတ္တိစာပေကတော့ ပုံမှန်ကျက်သွားရတယ်။ စားချိန်၊ အိပ်ချိန်၊ ရေချိုးချိန်က လွဲရင်ပေါ့။

➲ ပါဠိအဘိဓာန် တစ်နေ့ဘယ်နှစ်ဂါထာ ကျက်လို့ရပါသလဲ။

"ဆရာလေးက လုံးကောက်ပဲ ကျက်တာ၊ တစ်နေ့ကို ဆယ်ဂါထာ

ပဲ ကျက်တယ်၊ တစ်နာရီမှာ ဆယ်ဂါထာ ကျက်မယ်ဆိုရင် ကျေသော်ရှိ မကျေသော်ရှိ ပြီးအောင်ကျက်တယ်၊ နောက်တစ်ခါ ပြန်ကျက်တော့ ချော သွားတာပေါ့၊ စာကျက်ချိန်ကိုတော့ စနစ်တကျ အချိန်ဇယားဆွဲပြီး ကျက် ပါတယ်။

➲ ဆရာလေး ထူးထူးခြားခြား ပထမတန်းကချည်း စာမေးပွဲ အောင်ခဲ့တာ ကံနဲ့ဆိုင်ပါသလား။

"ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးလုံးနဲ့ ဆိုင်ပါတယ်၊ ကံတစ်ခုထဲဆို ရင်တော့ မပြည့်စုံဘူးပေါ့"

➲ ဆရာလေး အားလပ်ချိန်တွေမှာ ဘယ်လိုစာပေမျိုးတွေ ဖတ်တတ် ပါသလဲ။

"စာကတော့ အကုန်ဖတ်တာပဲ၊ ဖတ်ပြီးရင်လဲ ဆရာလေးက ဝေဖန် တတ်တယ်၊ တော်ရုံတန်ရုံစာလောက်ကိုတော့ မကြိုက်တတ်တော့ဘူး"

➲ စာရေးဖို့ကော ရည်ရွယ်ချက်ရှိပါသလား။

"ရေးချင်ပါတယ်၊ ဝါသနာပါသလို ရည်ရွယ်ချက်လည်း ရှိပါတယ်၊ မငြိမ်းအေး ကလောင်အမည်နဲ့ ဆောင်းပါးတစ်ပုဒ်တောင် ရတနာမွန်မဂ္ဂဇင်း မှာ ပါသွားပါပြီ"

➲ ဆရာလေး အငယ်တန်းနစ်မှာ ဖခင်ကြီးဆုံးတယ်နော်၊ ဖခင်ကြီးရဲ့ ဘဝနောက်ဆုံး အရေးအကြီးဆုံးအချိန်တွေမှာ ဗုဒ္ဓရဲ့ သမီးတော် တစ်ပါးအနေနဲ့ ဘယ်လိုနှလုံးသွင်းခဲ့တယ်၊ ဘယ်လိုကျေးဇူးဆပ်ခဲ့တယ် ဆိုတာ ပြောပြပါဦး။

"ဒကာကြီးဟာ အာရုံကြောအားနည်းပြီး လေဖြတ်သွားတာ။ လေ ဖြတ်သွားတော့ လျှာတိုဝင်သွားပြီး အသက်ရှူလို့ မဝတော့ဘူး။ သိပ်ပြင်း ပြင်းထန်ထန် ခံစားရပါတယ်၊ ဆရာဝန်က ဆေးရုံတင်ဖို့ ပြောပေမယ့် သူ့အတွက် မထူးတော့တာမို့ အိမ်မှာပဲ ချမ်းချမ်းသာသာနဲ့ ပြုစုနိုင်အောင် တစ်နည်းအားဖြင့် အစ်ကိုတွေကလည်း ဆရာလေးကို ငဲ့ကြတာလေ။ ဆေးရုံ

မှာဆိုရင် ဆရာလေး အပြည့်အဝ ပြုစုနိုင်မှာ မဟုတ်ဘူး အခုတော့ ဆရာလေး အနီးကပ် ပြုစုလိုက်နိုင်တာ နှစ်ပတ်ပဲ။ ဝေဒနာခံစားရတာတော့ သုံးရက်ဟာ အပြင်းအထန်ပဲ။ အားလုံးက ဆရာလေးကို သတိကပ်ပေးဖို့ တရားဟောပေးဖို့ တာဝန်ပေးကြတယ်၊ ဒကာကြီးက နဂိုက မိုးကုတ်တရားတွေ အများကြီး နာခဲ့ဖူး၊ အာနာပါနကိုလည်း မှတ်ခဲ့ဖူးပါတယ်၊ ဒါပေမယ့် သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ဆိုတော့ တောက်လျှောက်ကြီး မလုပ်နိုင်ခဲ့ဘူးနဲ့ တူပါတယ်။ တရားအနာများခဲ့တော့ ဒကာကြီးဟာ တရားကို တစ်ဆင့်ပြန်ဟောတဲ့အခါ သိပ်ကောင်းပါတယ်။ ဒီအချိန်မှာ ဆရာလေးက ဒကာကြီးကို အဖေလို့လဲ မခေါ်ဘူး၊ ဒကာကြီးလို့ပဲ ခေါ်တယ်။ သားသမီးဆိုတဲ့အစွဲ ဝင်သွားမှာစိုးလို့၊ ဒကာကြီးလို့ ဒီခန္ဓာကိုယ်ကြီးဟာ ကိုယ့်အလိုကို မလိုက်ဘူး၊ ဒီအချိန်မှာ အကောင်းဆုံးဟာ တရားရှုမှတ်မှုပဲလို့။ အဖေက ပြောခဲ့ဖူးတယ်၊ ကောင်းတုန်းအချိန်ကဆိုရင် ဆရာလေး အိမ်ခဏပြန်လာခိုက် တရားဆွေးနွေးနေကြ။ တစ်ခါတလေ ည နှစ်ချက်ထိုးတယ်၊ များသောအားဖြင့် အဖေက ပြောတာများပါတယ်။ ဒကာကြီး အခုချိန်မှာ တရားကို ကြိုးစားပြီး နှလုံးသွင်းနေပါဆိုတော့ သူက ပြုံးတယ်။ ဝေဒနာ တအားပြင်းထန်တဲ့အခါမှာ ဘယ်လိုမှ တရားရှုမှတ်လို့ မရဘူးတဲ့။ ဒါနဲ့ ဆရာလေးက တရားရှုမှတ်လို့မရရင် ဘုရားဂုဏ်တော်တွေကို နှလုံးသွင်းနေလိုက်ပါ။ ဘာကြောင့်လဲဆိုတော့ အလွယ်ဆုံးဟာ သရဏဂုံပဲ၊ မွေးလာကတည်းက ဗုဒ္ဓဘာသာဆိုလျှင် သရဏဂုံက ယဉ်ပါးနေတာဆိုတော့ ဆရာလေးကပဲ ဘေးနားက သရဏဂုံသုံးပါးကို ရွတ်ပေးမယ်လို့၊ ပါဠိလိုရော၊ မြန်မာလိုရောပေါ့၊ ဆရာလေးရဲ့အသံကိုပဲ အာရုံစိုက်ပြီးတော့ တခြားကို အာရုံမရောက်ဘဲ ဒီအသံမှာပဲ အာရုံပြောင်းလိုက်ပါဆိုပြီး ဆရာလေး သရဏဂုံသုံးပါးကို ရွတ်ပေးတယ်။ တရားမှတ်လို့ရတဲ့အခါကျရင်လဲ ပြောင်းပြီး မှတ်လိုက်ပါ၊ မှတ်လို့မရတဲ့အခါကျတော့လဲ သရဏဂုံသုံးပါးရွတ်နေတာကိုပဲ မှတ်ပါ။ သူက ဘယ်လိုမှ မလှုပ်နိုင်တော့ဘူး၊ ဆိုလို့လဲ မရတော့ဘူး၊

မချိမဆံ့ဝေဒနာကို ခံစားနေရတယ်။ သိတတ်တဲ့အရွယ်ကစပြီး တစ်ခါမှ မမြင်ဖူးခဲ့ဘူးလေ သူခံစားရတာကို။ ဆရာလေးက သရဏဂုံသုံးပါးပဲ ရွတ်ပေးနေတယ်။ အဲဒီအချိန်မှာ လုံးဝငြိမ်ကျသွားတယ်။ စောစောကဆိုရင် ကုန်းလိုက် ထလိုက်၊ ကုန်းလိုက် ထလိုက်နဲ့ ခံစားနေရတာ။ အခုတော့ ငြိမ်ကျသွားတယ်။ ငြိမ်သွားတာမှ လုံးဝ လှုပ်ကို မလှုပ်တော့ဘူး။ နာရီဝက်ကျော် တစ်နာရီလာက်ကြာတဲ့အထိ သူမလှုပ်တော့ဘူး။ ဆရာလေးလဲ ဘုရားစာတွေ ရွတ်ပေးလိုက် သတိကပ်ပေးလိုက်နဲ့ သူငြိမ်နေတာဟာ သတိလက်လွတ် ငြိမ်သွားတာ မဟုတ်ဘူး။ တရားနှလုံးသွင်းလို့ ငြိမ်သွားတယ်ဆိုတာ သိသာတယ်။ တစ်နာရီကျော်ကြာသွားတော့ မွေ့ရာကို သူက ကုတ်တယ်။ ဒါဟာ သူ အပေါ့၊ အလေး တစ်ခုခု သွားချင်လို့ပဲဆိုပြီး စီစဉ်ပေးတော့ သူ ဆီးသွားတယ်၊ အဲဒီကနောက်ပိုင်း သူငြိမ်သွားတယ်။ ဆရာလေးလဲ တစ်ညလုံး မအိပ်ဘူး။ ပရိတ်ရွတ်ပေးလိုက်၊ တရားရှုမှတ်ဖို့ သတိပေးလိုက်၊ သရဏဂုံသုံးပါး ရွတ်ပေးလိုက်နဲ့ တစ်ချိန်လုံး သူ့ကို ပြုစုပေးနေတယ်။ ဆရာလေး သိပ်ပင်ပန်းတဲ့အခါကျတော့ ဆရာလေးရဲ့ အစ်မက ဆရာလေးလိုပဲ တစ်လှည့် ရွတ်ပေး ဖတ်ပေးတယ်။ ဆရာလေးရဲ့ ညီမလည်း ပါတယ်။ စိတ်ခိုင်တဲ့ အစ်မနဲ့ ညီမလေးကိုပဲ အနီးကပ်ပြုစုဖို့ သတိပေးဖို့ ဆရာလေးက ခေါ်ထားရတာ။ ဘာလို့လဲဆိုတော့ စိတ်ခိုင်မှ ဖြစ်မယ်လေ။ ဒီအချိန်မှာ စိတ်မခိုင်လို့ ငိုသံပါသွားရင် သူ့စိတ်အာရုံက ဒီငိုသံကို စိတ်စွဲပြီး အသေဖြောင့်မှာ မဟုတ်ဘူး။ အဖေက သားသမီးတွေကို သိပ်ချစ်တာ။ စိတ်လည်း မချဘူး။ အငယ်လေးမှ ဆယ်တန်းအောင်ပြီးစပဲ ရှိသေးတယ်။ ဘယ်သူ့ကိုမှ သူ စိတ်မချသေးဘူး။ ဒါကြောင့် ကျန်တဲ့ကလေးတွေကိုလည်း ဆရာလေးက မငိုဖို့၊ သိပ်ငိုချင်ရင်လဲ အဖေ ကျန်းမာပါစေ၊ ချမ်းသာပါစေဆိုပြီး မေတ္တာသာပို့ပေးနေလို့။ စိတ်ချင်းဆက်သွယ်မှု ရှိတယ်လို့ ဆရာလေးက နားချတော့ ကလေးတွေကလည်း နားလည်တဲ့အရွယ် ရောက်နေကြတော့ သူတို့စိတ်ကို သူတို့ ကြိုးစားထိန်းသိမ်းကြပါတယ်။ အဲဒီလိုနဲ့ အဖေဟာ နှစ်ရက်လောက်

ပြင်းပြင်းထန်ထန်ခံစားပြီး ဆရာလေး အမြဲသတိကပ်ပေးနေတဲ့ကြားက ငြိမ်ငြိမ်သက်သက်ပဲ ဆုံးသွားပါတယ်။

အဲဒီမှာလဲ ပြဿနာတစ်ခုက တက်သေးတယ်။ အသုဘအေးမှာလေ ဆရာလေးအစ်ကိုက (R.I.T) က။ သူတို့ကလေ ဘယ်လိုခေါ်မလဲဆိုတော့ အတိုက်အခံသမားတွေ။ သူတို့က ပြဿနာတစ်ခုခုကို အတိုက်အခံလုပ်ရမှ။ အဲဒါကတော့ ဆရာလေး ကိုယ့်အဖေတစ်ယောက်လုံး ဆုံးသွားတာကိုတောင်မှ ပြုံးပြုံးလေးနဲ့ ဘုရားစာတွေ ရွတ်ပေးနိုင်တာကို မကျေနပ်ဘူး၊ ဆရာလေးမှာ ခံစားချက်မရှိတော့ဘူးလားတဲ့။ အစ်ကို့ သူငယ်ချင်းတွေကလည်း ဒီအတိုင်းပဲ ဓောဒက တက်လာကြသေးတယ်။ သူတို့ကိုနားလည်အောင် ရှင်းပြလိုက်တဲ့အခါကျတော့ နောက်ဆုံး သူတို့လက်ခံသွားကြပါတယ်။ ဆရာလေးကို သူတို့ အထင်လွဲမိတာကိုလည်း ခွင့်လွှတ်ပါတဲ့။ တောင်းပန်ကြတယ်။

အဖေဆုံးသွားပြီးမှ ဆွေမျိုးသားချင်းတွေကလည်း ဆရာလေးကိုကြည့်ရတာ သိပ်အေးချမ်းတယ်ပေါ့လေ၊ သူ့ဘဝနဲ့သူ ပျော်မွေ့နေတာနေပါစေတော့။ လူမထွက်ခိုင်းကြပါနဲ့တော့လို့။ အဲဒီအချိန်ကစပြီး ကျေကျေနပ်နပ် ခွင့်ပြုလာကြတယ်"

➲ ဆရာလေး ဖခင်ကြီး ဆုံးပြီးစမှာပဲ ပထမငယ်တန်းကို မဖြေချင်ဘဲ ဖြေလိုက်ရတယ်နော်။

"ဟုတ်ပါတယ်။ ဆရာလေး စာတွေလုပ်ထားတာ အရှိန်ပျက်သွားတော့ မဖြေတော့ဘူး လုပ်တာနဲ့ ဆရာတော်တွေ သီတင်းသုံးဖော်တွေအားလုံးက ဝိုင်းဝန်းတိုက်တွန်းကြတာနဲ့ ဆရာလေး ဖြေလိုက်ရတယ်။ ရိုးရိုးပဲအောင်ပါတယ်"

➲ ဆရာလေး ရိုးရိုးအောင်တာကလဲ ဒီပထမငယ်တန်းတစ်ခုထဲနော်။ ကျန်တဲ့အတန်းတွေတိုင်းမှာ ပထမချည်းရခဲ့တယ် မဟုတ်လား?

"ဟုတ်ပါတယ်"

➲ ဆရာလေး စာဖြေတိုင်း ပထမချည်း ရကို ရရမယ်ဆိုတဲ့ ဆုံးဖြတ်ချက် ရှိပါသလား။

"ပထမရဖို့ထက် စာဖြေရင် စာတွေ ပြည့်ပြည့်စုံစုံ ဖြစ်နေဖို့ကိုပဲ အဓိက ထားပါတယ်"

ဤသို့ မင်္ဂပသန္တာက မေးသည်တို့ကို ဖြေကြားခဲ့ပါသည်။

◆ ◆ ◆

ဆရာလေး မင်္ဂပသန္တာမှာ ဓမ္မာစရိယဘွဲ့ ရပြီးဖြစ်သော်လည်း ပိဋကတ်စာပေ ပိုမိုနှံ့စပ်စေရန်အတွက် နိကာယ်စာမေးပွဲနှင့် အခြားလိုအပ်သော စာမေးပွဲများလည်း အခြေအနေပေးလျှင် ပေးသလို ဆက်လက်ဖြေဆိုဦးမှာဖြစ်သည်။ မင်္ဂပသန္တာ၏ ပညာရေးခရီးမှာ မဆုံးသေးပါ။ အသက်အားဖြင့်လည်း ပညာသင်ယူရန် များစွာငယ်ပါသေးသည်။

ယခုအခါတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ဆရာလေး မင်္ဂပသန္တာသည် နည်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရင်း ဓမ္မဒူတဆရာတော်ဘုရား၏ "စာရေး၊ စာချ၊ တရားဟော၊ တရားပြ၊ ဓမ္မဒူတ" ဟူသည့် ကြွေးကြော်သံနှင့်အညီ စာရေးနိုင်အောင် တရားဟော၊ တရားပြနိုင်အောင်လည်း ကြိုးပမ်းရပါဦးမည်။ ယင်းကြွေးကြော်သံ လုပ်ငန်းကြီး ၄ ရပ်မှာလည်း ဆရာလေး မင်္ဂပသန္တာ၏ ဝါသနာဗီဇနှင့် ကိုက်ညီဆီလျော်နေပါသည်။

မင်္ဂပသန္တာကား သူ့ဘဝ၏ အချိန်တွေကို တန်ဖိုးရှိစွာ အသုံးချခဲ့လေပြီ။ များစွာ ကျန်ရှိနေသေးသည့် သူ့ဘဝ၏ အချိန်တွေကိုလည်း တန်ဖိုးရှိစွာပင် အသုံးချပါလေဦးမည်။ ဤလောက၌ လူတို့၏ တန်ဖိုးထားရာဟူသည်မှာ အခြေအနေနှင့် အတန်းအစားလိုက်၍ များစွာပင် ကွဲပြားခြားနားမှု ရှိနိုင်ပါသည်။ လောကီစည်းစိမ် ရာထူးဂုဏ်သိန် ထင်ပေါ်ကျော်ကြားမှုဟူသည်တို့မှာ မင်္ဂပသန္တာ၏ တကယ့်တန်ဖိုးအစစ်တို့ မဖြစ်နိုင်တော့သည်မှာ သေချာသလောက်ရှိနေပါသည်။

မဂ္ဂပသန္တာ ပိုင်ဆိုင်ထားသော ပညာရေးဒီဂရီများမှာ သာမန်အမြင်အားဖြင့် ကြည့်လျှင်တော့ ခရီးပန်းတိုင်တစ်ခုသို့ အမှတ်ထင်ထင် ပေါက်ရောက်ခဲ့ပြီ ဖြစ်ပါသည်။ ယင်းဘွဲ့ဒီဂရီတို့ဖြင့်ပင် မဂ္ဂပသန္တာမှာ လောကအလယ်တွင် တင့်တယ်ဂုဏ်ရှိနေပါပြီ။ မိမိ၏ လုပ်ငန်းဆောင်တာမှန်သမျှတို့ကိုလည်း တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နိုင်ပါပြီ။ သို့သော်လည်း မဂ္ဂသန္တာ၏ တကယ့်ရည်မှန်းချက်ပန်းတိုင်ကား စာမေးပွဲဖြင့် အကဲဖြတ်သော လောက၏ဂုဏ်သိက္ခာဟု သမုတ်ကြသည့် ထင်သာမြင်သာ မှတ်တိုင်များ မဟုတ်။ ထိုဂုဏ်သိက္ခာမှတ်တိုင်များတွင်သာ မိမိဘဝကို ကျောက်ချရွေးသိပ်မနေချင်သေး။ ကျောက်ချရွေးသိပ်၍ ကျေနပ်နှစ်သက်ကာ လမ်းဆုံးနေရမည်ဟုလည်း မယုံကြည်ပါ။ မဂ္ဂပသန္တာ တကယ်အလိုရှိသည့် ပန်းတိုင်သို့ရောက်ရန်မှာ ယခုမှ တာထွက်ကာစပင် ရှိပါသေးသည်။ မဂ္ဂပသန္တာ ပန်းဝင်နိုင်မည် မဝင်နိုင်မည်ဆိုသည်ကတော့ သူကိုယ်တိုင်ရေးခဲ့မည့် သူ့ဘဝ၏ သမိုင်းနိဂုံး အဆုံးစာမျက်နှာများကိုသာ စောင့်ဖတ်ရန်ရှိပါသည်။

မဂ္ဂပသန္တာ၏ အဒေါ်မိခင်ကြီးက "သူသာ C.P.A တက်ဖြစ်ခဲ့လို့ လူ့ဘဝပြန်ရောက်ခဲ့ရင် အခုလို အတူနေခွင့်ရမှာတောင် မဟုတ်ဘူး။ တခြားတူတွေ တူမတွေလိုပဲ သူ့ခရီးသူလျှောက် သူ့ဘဝသူတည်ဆောက်ပြီး တစ်ရပ်တစ်နယ်ဆီ ရောက်နေလောက်ပြီ။ အခုတော့ သူ ဒီလမ်းကို ရွေးခဲ့တာ မိသားစုတွေ ဆွေမျိုးတွေ စိတ်ချမ်းသာကြသလို အမေ့အတွက်လည်း တစ်သက်လုံး အားကိုးရတော့မယ့် သမီးကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့ပါပဲ" ဟု လှိုက်လှဲစွာ ဆိုပါသည်။

မဂ္ဂပသန္တာ ဘဝကို အပြောင်းလဲကြီး ပြောင်းလဲစေခဲ့သော ကျုံပျော်-ရန်ကုန်သင်္ဘောကြီးကို အကြိမ်ကြိမ်အခါခါ စီးခွင့်ရခဲ့သော မိတ်ဆွေ စာရေးဆရာတစ်ဦးကတော့ 'ကျွန်တော် သိပ်ကြည်ညိုတယ်ဗျာ။ ဒီသီလရှင်ကို တွေ့ရင် ရှိခိုးခွင့်ရှိလို့ကတော့ ကျွန်တော် တကယ် ရှိခိုးချင်ပါတယ်။ သူ့နောက်က မမြင်နိုင်တဲ့ ဖြည့်ဆည်းမှုတွေ ဘယ်လောက်ရှိခဲ့မယ်ဆိုတာ

တော့ မသိဘူး။ ကျွန်တော်ဆိုရင် ဒီသင်္ဘောပေါ်မှာ ဒီ့ထက် အကျည်းတန်တဲ့ အနိဋ္ဌာရုံပေါင်းများစွာကို အကြိမ်ပေါင်းများစွာ တွေ့ဖူးကြုံဖူးခဲ့လှပေါ့။ ဘာတစ်ခုမှ ပြောင်းလဲမှု မရှိခဲ့တဲ့အပြင် ကြက်ခြင်းထဲက သင်္ဘောပေါ်ရောက်မှ ဥတဲ့ကြက်ဥတွေကို ခိုးနှိုက်တယ်။ ကြက်ခြင်းတွေပေါ် အုပ်ထားတဲ့ မြွေရေခွံအိတ်ကို ချမ်းရင် ဆွဲခြုံတယ်။ ပေါ်ထားတဲ့ ဝက်ကောင်လုံးကို မြင်ရင် သံဝေဂရဖို့ နေနေသာသာ သွားရည်တောင် ကျမိသေးတယ်။ ကျွန်တော်လဲ ဒီဝက်တွေ ကြက်တွေနဲ့ ဘာမှ မထူးတော့ပါဘူးဗျာ။ ဒီဆရာလေးဆီ နောက်တစ်ခါသွားရင် ကျွန်တော့်ကိုလည်း ခေါ်ပါ။ ကျွန်တော်တတ်အားသရွေ့ ဂုဏ်ပြုချင်လို့ပါ' ဟု ဆိုလေသည်။

◆ ◆ ◆

နံနက်ခင်းနေခြည် အနမ်းဦးပန်းတွေ ဖူးနေချိန် ဝေနေချိန်မှာတော့ ဘဝဟူသည်မှာ အနာဂတ်ဝန် တစ်ထမ်းတစ်ပိုးကြီးနှင့် ပျော်မွေ့နေချင်စဖွယ်ပင်။

ကျနေရီ ပန်းတွေညှိုးချိန်မတော့ ဘဝဟူသည်မှာ ဒုက္ခဝန် မနိုင်မနင်းနဲ့ ပျော်မှုအတိကင်း သချိုင်းမြေ ခြေတစ်ဖက်နင်းလျက်က နောင်တပူပန်စိုးရိမ်ပူဆွေး ငိုကြွေးခြင်းတွေဖြင့် လူ့စာရင်းပိတ်သည်သာ များပေသည်။

ဘဝကို ဆန်းစစ်ကြည့်သော် ဘဝမှာ ပျော်တော့ ပျော်ချင်ကြပါ၏။ ပျော်ခြင်းရဲ့နောက်က မောခြင်းဆိုတာတွေ ကပ်ပါလာတတ်သည်ကို လူအများစု မေ့နေခဲ့သည်။ ကြောက်ရမှန်း မသိခဲ့။

ပျော်ပြီးလျှင် မောရခြင်းမှာ ချမ်းသာအစစ်တော့ မဖြစ်တန်ရာ။

ဘဝမှာ ပျော်ပျော်နေမည်။ မောရမှာကို မကြောက်ဟုဆိုလျှင်လည်း ထိုသူ မသိ၍ပင် ဖြစ်မည်။

မောရမှာကို တကယ်တမ်းကြောက်ခဲ့သူ ဆရာလေး မဝူပသန္တာကတော့ တစ်ခဏတာ အပျော်အပါးကို ဖယ်ခွာပြီး တစ်ဘဝတာ အတော်တရားကို ရှာဖွေခဲ့လေပြီ။

◆ ◆ ◆

ဝတ်မှုန်လှသော မလူလူထွန်းသည်
မိဘရင်ခွင်
လောကီစည်းစိမ်
လူ့တံစက်မြိတ်တို့ကို
သံယောဇဉ် ဖြတ်တောက်ကာ
ရဲရဲရင့်ရင့်
စွန့်လွှတ်ပြီး
အေးချမ်းလှသည့် ဗုဒ္ဓအရိပ်တော်အောက်၌
တစ်သက်တာ
ပဏ္ဏာ့ကြာမွှလာရန့် ပွင့်နေပါလေဦးတော့မည်။

မောင်ခိုင်တည်

လူမမယ်သားသမီးငယ်တို့နှင့်အတူ
ဘဝခရီးကို ကြံ့ကြံ့ခံရင်ဆိုင်ရင်း သားသမီးတို့ကို
ရတနာများဖြစ်အောင် ပြုစုမွေးမြူနိုင်ခဲ့သည်။
အထူးသဖြင့် သမီး အောင်ဆန်းစုကြည်ကို
ပညာရှိ ပညာတတ် အမျိုးသားရေးကိုပါ
ဦးဆောင်နိုင်သည့် အမျိုးသမီးတစ်ဦးအဖြစ်
ထွန်းတောက်နိုင်အောင်
ဖခင်ကြီး၏စိတ်ဓာတ်မျိုးမွေးမြူကာ
အမျိုးအတွက် တိုင်းပြည်အတွက် ပေးဆပ်ရဲသည့်
လူတော်လူကောင်းတစ်ဦးဖြစ်လာအောင်
သွန်သင်မွေးမြူနိုင်ခဲ့သည်။

**Mother Daw Khin Kyi**

# သမီးကောင်းမိခင် ဒေါ်ခင်ကြည်

ဒေါက်တာမြင့်သန်း
(ညောင်လေးပင်)

'မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်'

သည်မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ မိခင်၊ ပထမဆုံး မြန်မာအမျိုးသမီး သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရသူ၊ စစ်အတွင်း မြန်မာသူနာပြုလောကကို စတင်တည်ထောင် ထာဝန်ထမ်းဆောင်သူဟု ဆိုထိုက်သော အမျိုးသမီးဂုဏ်ဆောင် အမျိုးသမီးတစ်ဦးပင် ဖြစ်ပါသည်။ ဒေါ်ခင်ကြည်ကို အဖ ဦးဗိုလ်ငြိမ်း၊ အမိ ဒေါ်ဖွားစုတို့က ၁၉၁၂ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့တွင် မွေးဖွားခဲ့သည်။ ABM High School ယခု အ·ထ·က (၁) ကြည့်မြင်တိုင် မိန်းကလေး အထက်တန်းကျောင်းတွင် ဆယ်တန်းအောင်ခဲ့ပြီး သားဖွားနှင့် သူနာပြုသင်တန်းကျောင်းကို ဒပ်ဖရင် အမျိုးသမီးဆေးရုံနှင့် ရန်ကုန်ဆေးရုံကြီးတို့တွင် တက်ရောက်အောင်မြင်ခဲ့သည်။ ထို့နောက် သူနာပြုအမျိုးသမီးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း၊ ဂျပန်ခေတ်ဆေးရုံကြီး (ရန်ကုန်)တွင် တာဝန်ထမ်းဆောင်စဉ်



**သမီးကောင်းမိခင် ဒေါ်ခင်ကြည်**

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံခဲ့သည်။ အလုပ်တာဝန်များ အပြင်းအထန် ထမ်းဆောင်ရသော ဗိုလ်ချုပ်အောင်ဆန်းသည် အပြင်းဖျားတော့ရာ ဆေးရုံတက် ကုသမှု ခံယူရသည်။ အလွန် တည်ကြည်ပြီး ဘုနှင့်ဘောက်သာ ပြောလေ့ရှိသော ဗိုလ်ချုပ်အား အနီးကပ်ပြုစုရန် သူနာပြုများထဲမှ စိတ်ရှည်သည်းခံတတ်သည့် အကြီးတန်း သူနာဆရာမ ဒေါ်ခင်ကြည်ကို ရွေးချယ်ခဲ့ရာ ဗိုလ်ချုပ်နှင့် ဆုံဆည်းခဲ့သည်။

ကျန်းမာရေး ပြန်ကောင်းလာသော်လည်း နှလုံးသားက စကားပြောလာသည်ကို ဗိုလ်ချုပ်ခမျာ ခံစားမိလာသည်။ အချိန်အားလျှင် ဒေါ်ခင်ကြည်ထံ အလည်သွားလိုစိတ်များ ဝင်လာခဲ့သည်။ တစ်နေ့ ဒေါ်ခင်ကြည်ထံ အလည်သွားပြီး မယ်ခုမျှော် သီချင်းသီဆိုသည်ကို နှစ်သက်စွာ နားထောင်မိရာမှ နှစ်သက်စွဲလမ်းခဲ့သည်။ သို့နှင့် ၁၉၄၂ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် လက်ထပ်ဖြစ်ခဲ့သည်။ အိမ်ထောင်ရေးသာယာအောင်

စောင့်ရှောက်ထိန်းသိမ်းနိုင်ခဲ့သည့် အိမ်ရှင်မကောင်းတစ်ဦးဖြစ်ခဲ့သည်။ သားနှင့် သမီး နှစ်ဦးစီ ထွန်းကားခဲ့သည်။ သားကြီး အောင်ဆန်းဦးကို ၁၉၄၃ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ၁၉၄၄ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် ဒုတိယသား အောင်ဆန်းလင်းကို မွေးဖွားခဲ့ပြီး အောင်ဆန်းလင်းမှာ ငယ်စဉ်မှာပင် ရေနစ်သေဆုံးခဲ့သည်။ တတိယမြောက်အဖြစ် သမီး အောင်ဆန်းစုကြည်ကို ၁၉၄၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ ၁၉၄၆ ခုနှစ်၊ စက်တင်ဘာ လ ၂၂ ရက်နေ့တွင် စတုတ္ထမြောက် သမီးလေးကို ဖွားမြင်ခဲ့သော်လည်း မွေးပြီး ၅ ရက်အကြာတွင် ကွယ်လွန်ခဲ့သည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့ အတွင်းဝန်များရုံးတွင် အစည်းအဝေးကျင်းပနေစဉ် ဂဠုန်ဦးစော၏ လက်ပါးစေတို့၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ကျဆုံးခဲ့ရသည်။ လူမမယ်သားသမီးငယ်တို့နှင့်အတူ ဘဝခရီးကို ကြံ့ကြံ့ခံ ရင်ဆိုင်ရင်း သားသမီးတို့ကို ရတနာများဖြစ်အောင် ပြုစုမွေးမြူနိုင်ခဲ့သည်။ မိခင်ကောင်းတစ်ဦးအဖြစ် တွေ့မြင်နိုင်ပါသည်။ အထူးသဖြင့် သမီး အောင်ဆန်းစုကြည်ကို ပညာရှိ ပညာတတ် အမျိုးသားရေးကိုပါ ဦးဆောင်နိုင်သည့် အမျိုးသမီးတစ်ဦးအဖြစ် ထွန်းတောက်နိုင်အောင် ဖခင်ကြီး၏စိတ်ဓာတ်မျိုး မွေးမြူကာ အမျိုးအတွက် တိုင်းပြည်အတွက်ပေးဆပ်ရဲသည့် လူတော်လူကောင်းတစ်ဦးဖြစ်လာအောင် သွန်သင်မွေးမြူနိုင်ခဲ့သည်။ မိခင်ကောင်းတစ်ဦးဟုလည်း ယူဆပါသည်။ အမေဒေါ်ခင်ကြည်သည် ၁၉၄၇ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ လွှတ်တော်အမတ်၊ ၁၉၅၈ ခုနှစ်တွင် မြန်မာ အမျိုးသမီးများအသင်းဥက္ကဋ္ဌအဖြစ် တာဝန်များထမ်းဆောင်ခဲ့သည်။ အခြား လူမှုရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပြီး ၁၉၅၅ ခုနှစ်တွင် ထိုင်းနိုင်ငံ ဦးသျှောင်အဖွဲ့တံဆိပ် ချီးမြှင့်ခံခဲ့ရသည်။ ၁၉၆၀ ခုနှစ်တွင် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ်နှင့်အတူ နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ်နှင့်ပါ ပူးတွဲတာဝန်များ ထမ်း

ဆောင်ခဲ့သည်။ ဒေါခင်ကြည်၏ စွမ်းဆောင်မှုများကို မြန်မာနိုင်ငံအစိုးရက အသိအမှတ်ပြုသည့်အနေဖြင့် မဟာသီရိသုဓမ္မဘွဲ့ကို ၁၉၅၁ ခုနှစ်တွင် ချီးမြှင့်ခဲ့သည်။

အမေဒေါခင်ကြည်သည် ၁၉၈၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လေဖြတ်ခြင်းခံခဲ့ရပြီး၊ ဒုတိယအကြိမ် လေဖြတ်မှုကြောင့် ၁၉၈၈ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ အမေဒေါခင်ကြည်သည် အလွန်စိတ်ထားမြင့်မြတ်ပြီး ဂျူနိုးစော၏ ဇနီးကိုပင် ခွင့်လွှတ်ကာ ကောင်းမွန်စွာ ဆက်ဆံခဲ့ကြောင်း သိရသည်။ အမေဒေါခင်ကြည်သည် MOTHER ဟူသော မိခင်ကောင်းတစ်ဦးပင် ဖြစ်သည်။

M = Millions of tasks အလုပ်ပေါင်း သန်းနှင့်ချီ၍ လုပ်ရသူ
O = Old အိုမင်းလာသော်လည်း နုပျိုဆဲဖြစ်သူ
T = Tears မျက်ရည်များ ပင်လယ်ဝေနေရသော်လည်း ဘဝကို ကြံ့ခိုင်စွာ ရင်ဆိုင်နိုင်ခဲ့သူ
H = Heart လှပသော နှလုံးသားပိုင်ရှင်
E = Eyes လောကကို အကောင်းဆုံးဘက်မှ ကြည့်တတ် မြင်တတ်သူ
R = Right အမြဲ အမှန်တရားဘက်မှ ရပ်တည်သူ။ ။

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

လက်ရှိအချိန်မှာ အရှိန်တောက်ပဖို့
'လူရည်ချွန်မိန်းမ' 'မိန်းမတော်ခွန်လူရည်မွန်'
လူထုအတွက် သီးသန့် ခန့်ခန့်ထည်ထည်ရပ်တည်
ကျမတို့ရှေ့မှာ အသင့်ရှိနေပြီလေ။

## ကျွမတို့သည် မိန်းမများဖြစ်ကြသည်

**ခင်လန်းဆန်း**

- ဒီမှာရှင်·····
ကျွမလည်း မိန်းမ၊ ရှင်လည်း မိန်းမ အတူတူချင်းမှာ
ဘာကြောင့် ဘယ်လို ဘယ်အရာ
ဘယ်လောက် ကင်းကွာများပြား
ထွေရာစကားများ နားမဝင်ရင် ကောင်းမှာရှင်။
ပြိုင်ဆိုင်တတ်တာလူ့သဘာဝတဲ့
ပညာလည်းပြိုင် ဥစ္စာပြိုင်နဲ့ အလှလည်းပြိုင် ဘဝပြိုင်ပြီး
အနိုင်ယူကြ ပြိုင်လိုကြနဲ့
မိန်းမဘဝ ဒါပဲလားရှင်။
- ကျွမတွေးတာ ရှင်တွေး ကျွမပြောတာ ရှင်ပြော
ကျွမလုပ်တာ ရှင်လုပ်
အားလုံးတော့ တူချင်မှတူမယ်လေ။
ဒါပေမယ့် ကျွမတို့အားလုံး ကိုယ်စီသိတာ
**သူလည်းကိုယ် ကိုယ်လည်းသူ အတူတူစာနာတွေး**
**ဖေးဖေးမမ ဝန်တိုခြင်းကင်း အချင်းချင်း**
**ဖေးကူရိုင်းပင်း ပြုသင့်ကြတယ်နော်။**

- နေရာတိုင်း နွံ့မနေဖို့တော့
ကျမတို့စိတ်ကို ပိုင်နိုင်ရမှာပေါ့။
ကျမတို့ သတိချပ်ရမယ်လေ
အဲဒီသတိ အဲဒီအသိနဲ့ ရှေ့ဆက်။
မိန်းမဘဝအပြည့်လှပဖို့ ကျမတို့ရင်ထဲ အသိစွဲစေဖို့
ရှေ့ကသွားသူက နောက်လူအတွက်
နောက်ကလူက ရှေ့စကားနာယူလို့
အားလုံးကြည်ဖြူကြမယ်လေ။
- မိန်းမဟာ မိန်းမပါပဲ ဘာသိလို့ တတ်လို့လဲ
နေရာပေးဖို့မလို နေရာထားဖို့မလို
ပိုနေမြဲ ကျားနေမြဲ ဒါ သူတို့ဘဝပဲလို့
အရိုးစွဲနေတဲ့အယူအဆနဲ့ လိင်ခွဲခြားမှုရှေ့တန်းတင်ပြီး
ဦးဆောင်သူဟာ ဘယ်လိုလူတန်းစားဆိုတဲ့
တရားသေဆုပ်ကိုင်ထားတဲ့ လက်သုံးစကား
ဖယ်ရှားပစ်ဖို့အမြင်အသိတွေ တကယ့်ကိုလိုအပ်နေပြီလေ။
- **မိခင်အုပ်ထိန်းသောခေတ်**
**ဟိုးကမ္ဘာဦးကျောက်ခေတ်ကတည်းက**
**အထင်အရှားရှိနှင့်ပြီးသား**
**မေ့များမေ့နေကြရော့လား။**
- ကျမတို့မိန်းမချင်း သူ့ဂုဏ်ကိုယ်မြှင့် ကိုယ့်သူမြှင့်တော့
ကျိုးဘုတ်ရှိသေး ဘုတ်ကျိုးရှိသေပေါ့ရှင်။
ချစ်သောမျက်စိ ကြည်သောနှလုံး စွဲမြဲသုံးလို့
ကိုယ့်ထက်သာသွား မုဒိတာပွားဖို့
မောင်နှမစိတ်ထား တစ်မိသားပမာ
နှစ်လိုစွာနှင့် မေတ္တာပိုကြရင်ဖြင့်

ကျမတို့အားလုံးရင်ထဲ
ဘယ့်လောက်များကောင်းပါလိမ့်မလဲရှင်။

- ခုလည်း နောက်မကျ ညီတူအသိဖလှယ် ဖြစ်သင့်တယ်ရှင်။
ကျမက မိန်းမ ရှင်တို့လည်း မိန်းမ မိန်းမချင်း အစင်းသိ
ကိုယ့်တာဝန်ကိုယ်ကျေပွန်ဖို့ ကိုယ်ပိုင်ဆိုင်တဲ့စိတ်တစ်ခု
ဘာလုပ်သင့်လဲ စဉ်းစား၊ ဘာပြောသင့်လဲ စဉ်းစား
ဘာဆုံးဖြတ်သင့်လဲ စဉ်းစား။

- ပြီးခဲ့သမျှကာလ ခဏလေးတွေးကြည့်
တကယ်တမ်းအထိနာ ပြည်သူတွေပါ။
အဲဒါက ရှင်တို့ ကျမတို့ရဲ့ မိဘနဲ့ ရင်သွေး
သွေးအေးစရာ တစ်ခုမှ မပါ။

- မငြိမ်းချမ်းတဲ့ပြည်ထောင် စစ်မီးလောင်တငြီးငြီး
ညီအစ်ကိုချင်းပစ်ခတ် ညှင်းပမ်းကြသတ်ဖြတ်ကြနဲ့
အမိမဲ့သမီး သားမဲ့အမေတွေ အိုးပစ်အိမ်ပစ် ကျောင်းပစ်ရွာပစ်
ပညာမသိ စားစရာမရှိနဲ့ ရင်တွင်းပူလောင် သောကမီးတောက်တော့
ဘယ်မှာလဲ ငြိမ်းချမ်းရေး·····
နှစ်ကာလရှည်ကြာ ဝေးသထက်ဝေးရတော့မှာလား။

- တကယ်က ကိုယ်မပိုင်တာ ကိုယ်ပိုင်တယ်ထင်
ငါ့အလှည့်မှာ ငါအကုန်ယူ ငါ့အတွက်စုဆောင်း ငါ့ဥမှ ဥအစစ်
သူတစ်ပါးဥက ငါနဲ့မဆိုင် ငါပိုင်တာငါလုပ်
ငါ့စိတ်နဲ့ငါ့ကိုယ် အလိုတူအလိုကျသမျှ
ပြည်သူနင်းပြား ဆင်းရဲသထက်မွဲတေကြရတာ။

- ကျောင်းနေရွယ်ကလေး စာသင်ခန်းနားမသီနိုင်
ထမင်းတစ်လုတ်စာဝမ်းရေး ဘယ်သူမှမကယ်နိုင်
အိမ်နင်းချင်းကျွန်ဘဝ

အရှင်လတ်လတ်ရောက်ခဲ့ရတဲ့ ရှင်တို့ကျမတို့ရဲ့သွေးသား
အေးဆေးထိုင်ကြည့်နိုင်သတဲ့လား။

- အဆစ်သဘောလည်း အပြစ်မပြောပါဘူး
ဖြစ်ပျက်နေသမျှသည်အတိုင်းထား
အချိန်နဲ့အမျှ တရှူရှူတိုက်စားပြီး
ပိုဆိုးသထက်ဆိုးသွားတော့မှာလေ။

- ပြင်သင့်တာပြင် ညှိသင့်တာညှိ ပြောင်းသင့်တာပြောင်း
အားလုံးစုပေါင်းမှ
အသရေလောင်း ပြည်ရွာကောင်းပြီး
နေတစ်သောင်းအရောင်လင်းမယ်လေ။

- ဩော် မိန်းမ မိန်းမ မိန်းမဖျက်တော့ ပြည်ပျက်သတဲ့လား။
တကယ်တော့ ယောကျ်ားဖျက်တဲ့ပြည်တွေ ဒုနဲ့ဒေး
ဘယ်သူဖျက်ဖျက် ပျက်ပါတယ်
အဲဒီပြည်ထောင် ဘယ်သူတွေထူထောင်ကြမှာလဲ။

- "ဉာဏ်မျက်စိ ဉာဏ်နား ဆင်ခြင်ဉာဏ်နှလုံးသားနဲ့
ပြည်သူကမွေးဖွား ပြည်သူရဲ့သမီးသား
အသီးသီးက စွမ်းဆောင်ကြမှာပေါ့"

- **လက်ရှိအချိန်မှာ အရှိန်တောက်ပဖို့**
**'လူရည်ချွန်မိန်းမ' 'မိန်းမတံခွန် လူရည်မွန်'**
**လူထုအတွက် သီးသန့် ခန့်ခန့်ထည်ထည်ရပ်တည်**
**ကျမတို့ရှေ့မှာ အသင့်ရှိနေပြီလေ။**

- တူတာချင်းပေါင်းစု ညီညွတ်မှုအင်အားတစ်ခု
ထုဆစ်တည်ဆောက်ရမှာပေါ့။
သူ့အပြစ်ပြော ကိုယ့်အပြစ်ပြော
ဘယ်တော့မှမဆုံးနိုင်တဲ့ သံသရာကြော

ကျမတို့ချောကြပြီးမှာလား။

- လူလိမ္မာသားသမီးယဉ်ပါး
ကျမတို့အားလုံး မိန်းမသား
**အချင်းချင်းနားလည်မှုကအင်အား**
အဲဒါ ကျမတို့မိန်းမတွေရဲ့စကား။

- တကယ်တော့ လယ်တောနဲ့စက်ရုံထဲက မိန်းမသူတွေ
အမြင်ကျယ် အသိမြင့်မားစေဖို့
ကျမတို့ တာဝန်ယူရမယ်လေ။
လိုအပ်သမျှဖြည့်ဆည်း၊ ပြေးတူကြ၊ ဖေးကူမရင်း
လမ်းဘေးရောက်ဈေးသည်လေးနဲ့ စားဖိုချောင်ကမိန်းမမကျန်
ကျမတို့ယုံကြည်ပေါင်းစည်း စိတ်ဓါတ်ချင်းနီးကြရင်
စုစည်းမှုအင်အားအဖြစ် ပြည်သူရဲ့သမီးများအစစ်ပေါ့ရှင်။

- အဲဒီအခါ ဘယ်သူ့ဘယ်သူမှ မခွဲခြား
တစ်သားတည်းစုပေါင်း အားသစ်လောင်းလို့
ကျမတို့ဉာဏ်စွမ်း ကျမတို့ကိုယ်စွမ်းနဲ့
ပြည်သူ့အတွက် ပေးဆက်ကြမယ်လေ။

- **အဲဒါမှ မိန်းမတစ်ခွန် တကယ့်လူရည်မွန်အစစ်ပေါ့ရှင်**
**ဒါကြောင့် ပြောပါတယ်**
**ကျမတို့အားလုံး မိန်းမတွေပါလို့။ ။**

လူသားအားလုံး ငြိမ်းချမ်းပါစေ။
ကမ္ဘာမြေကြီးလည်း ငြိမ်းချမ်းပါစေ။

မေတ္တာမွန်ဖြင့်
ခင်လန်းဆန်း

နယူးဂျာစီပြည်နယ် အိဂ်ျဝါးတားမြို့ကလေးရဲ့
ဆင်ခြေဖုံးက အိမ်တစ်လုံးမှာ ဆွေမျိုးသားချင်း
၂၁ ယောက် အိမ်တစ်လုံးတည်း စုပေါင်းနေရတဲ့ ဘဝ၊
မွေးချင်းမောင်နှမ ၁၀ ယောက်ရှိပြီး
ညီအစ်မခြောက်ယောက် အခန်းတစ်ခန်း၊
ညီအစ်ကိုလေးယောက်က တစ်ခန်း၊ မိဘနှစ်ပါးက
ဧည့်ခန်း ဆိုဖာပေါ်မှာ အိပ်ရတဲ့ဘဝနဲ့ စခဲ့ရတဲ့
ဘာဘရာဟာ သူငယ်စဉ်က သူ့အမေက
ဆုံးမပြောကြားတဲ့ စကားတွေကို
ဘဝလမ်းညွှန်အဖြစ် အသုံးပြုရင်း
ထိပ်ဆုံးတစ်နေရာကို ရောက်နိုင်ခဲ့ပါတယ်။

# ဘာဘရာ ကော်ကိုရန်

ကျော်ရင်မြင့်

စားသောက်ဆိုင်တစ်ဆိုင်မှာ အရောင်းစာရေးမလေး နှစ်ယောက်။ တစ်ယောက်က ဘာဘရာကော်ကိုရန်။ နောက်တစ်ယောက်ကတော့ ဂလိုရီယာ။

ဘာဘရာကော်ရှိရန်က ရွက်ကြမ်းရေကျို။ ဂလိုရီယာက လှလှပပ၊ ရွှေဝါရောင် ဆံပင် အခွေအလိပ်တွေနဲ့။ မိန်းမပီသတဲ့ ကောက်ကြောင်းလှလှ တွေလည်း သူ့ခန္ဓာကိုယ်ပေါ်မှာ ရှိတယ်။ ဂလိုရီယာမှာ ထူးခြားတာကတော့ ရင်သားတွေက ဆွဲဆောင်မှု ရှိတယ်။

စားသောက်ဆိုင်က အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ် အိဂ်ျဝါးတားမြို့ကလေးရဲ့ လမ်းနံဘေးမှာ။ ဂလိုရီယာရဲ့ အလှအပက လမ်းပေါ်မှာ ဆိုင်ရှေ့က ဖြတ်လျှောက်သွားတဲ့ ပုရိသတွေကို ဆိုင်ထဲဝင်လာအောင် ဆွဲဆောင်နိုင်တယ်။

စားသောက်ဆိုင်မှာ ဘာဘရာနဲ့ ဂလိုရီယာက စားပွဲအပိုင် ခွဲထားတာ။ ဂလိုရီယာရဲ့ စားပွဲဘက်မှာတော့ လူတွေစည်တယ်။ ဘာဘရာ ဘက်မှာတော့ ကျီးနဲ့ဖုတ်ဖုတ်။ ဘာဘရာအလုပ်က အိမ်အပြန်မှာ သူ့အမေကို ဆိုင်ထဲကအခြေအနေ ပြန်ပြောပြတယ်။

"မင်းမှာရှိတာကို မင်းအသုံးပြုပြီး သင်ယူတတ်ရမယ်၊ မင်းမှာ ရင်သား ထွားထွားမရှိရင် မင်းရဲ့ ကျစ်ဆံမြီးကြိုးမှာ ဖဲကြိုးချည်ပြီး ချိုသာ ရွှင်ပြတဲ့ မျက်နှာနဲ့ ဘာ့ကြောင့် မနေရတာလဲ" လို့ သူ့အမေက ပြန်ပြော တယ်။

ဘာဘရာအတွက် အမေ့ဒီစကားက ဘဝအတွက် လမ်းညွှန်ဖြစ်သွား တယ်။ ဆိုင်အရောင်းစာမရေးမလေး ဘာဘရာဟာ ယခုအခါ အမေရိကန် အကြီးဆုံး အိမ်၊ ခြံ၊ မြေ အကျိုးဆောင် ဘုရင်မ ဖြစ်နေပါပြီ။ နယူးယော့ မှာ ရုံခန်းဖွင့်ထားတယ်။ နိုင်ငံတစ်ဝှမ်းမှာ ရုံးပေါင်း ၂၂ ခု ဖွင့်ထားပြီး အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်းတွေ လုပ်နေတယ်။ သူ့ဆီကို တစ်လ တစ်လ လူနှစ်သန်းခန့် လာရောက်ဆက်သွယ် စုံစမ်းတယ်။ ဒေါ်လာသန်း ၄၀၀၀ တန် လုပ်ငန်းကြီး ဖြစ်လာတယ်။

ဒီလိုကြီးမားအောင်မြင်တဲ့ လုပ်ငန်းကြီးကို ၁၉၇၃ ခုနှစ်မှာ အသက် ၂၄ နှစ်အရွယ် ဘာဘရာက ရည်းစားဖြစ်သူထံမှ ငွေ ဒေါ်လာ ၁၀၀၀ ချေးယူပြီး စခဲ့ရတာ။ သူ့ဘဝအတွေ့အကြုံတွေကိုလည်း ဘာဘရာက **If you don't have big breast, put ribbon on your pig-tails and other lessons I learned from my mom** (သင့်မှာ ရင်သားထွားထွား မရှိရင် ဆံပင်ကျစ်ဆံမြီးမှာ ဖဲကြိုးစည်းလိုက်ပါနှင့် မေမေ့ထံက သင်ယူခဲ့ရတဲ့ ဘဝသင်ခန်းစာများ) အမည်နဲ့ စာအုပ်တစ်အုပ် ရေးထုတ်ထားတယ်။

သူ့မိခင် အကြံပေးတဲ့အတိုင်းပဲ ဘာဘရာက သူ့ဆံပင် ကျစ်ဆံမြီး မှာ ဖဲကြိုးစည်းလိုက်တယ်။ တစ်နည်းဆိုရရင် ကိုယ့်မှာရှိတဲ့ အရည်အသွေး ကို ဘန်းတင်တယ်။ တကယ်လည်း အလုပ်ဖြစ်ပါတယ်။ တစ်နေ့မှာ စားသုံးသူ အမျိုးသားတစ်ယောက် ဘာဘရာရဲ့ စားပွဲမှာ လာထိုင်တယ်။ ချိုသာရွှင်ပြတဲ့ ဘာဘရာရဲ့ စကားတွေကို သဘောကျတယ်။ သူ့အမည် ကရာမုန်ဆိုင်မွန်။ သူ့ကို ရေး လို့ ခေါ်တယ်။ ရေးနဲ့ ဘာဘရာ နောင်မှာ

ရည်းစားတွေ ဖြစ်သွားကြတယ်။

ချစ်သူနှစ်ယောက်ဟာ နယူးယောက်မြို့တော်မှာ နေကြမယ်လို့ စီစဉ်တယ်။ ၁၉၇၁ ခုနှစ်မှာ ဘာဘရာ သူ့မြို့ကလေးက မထွက်ခွာမီအထိ အလုပ်ပေါင်း ၂၃ မျိုး လုပ်ဖူးတယ်။ နယူယော့ကို ရောက်တော့ ဘာဘရာ ပထမဆုံး လုပ်တာက နယူးယော့နဲ့ လိုက်ဖက်တဲ့ ဝတ်စုံကောင်းကောင်း တစ်စုံကို ဝယ်တာပါ။ ခရမ်းရောင် ဝတ်စုံအသစ်ကို ဝတ်ပြီး ဂစ်ဖန်နီ ညီအစ်ကိုများ အိမ်ခြံမြေ အကျိုးဆောင် ကုမ္ပဏီမှာ ဘာဘရာ အလုပ်လျှောက်တယ်။ စည့်ကြိုအလုပ် ရပါတယ်။

အိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီမှာ အလုပ်လုပ်ရတော့ ဘာဘရာက နယူးယောက်မြို့တော်ရဲ့ အချက်အချာ မဟာန်တန်က အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းတွေရဲ့ သဘာဝကို နားလည်သဘောပေါက်လာတယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်ချင်တယ်လို့ ဘာဘရာ က ရေးကို ပြောတယ်။

"ကျွန်မရည်းစားက မင်း အိမ်ခြံမြေ အကျိုးဆောင်လုပ်ရင် မိုက်မယ်လို့ ပြောတယ်။ ကျွန်မက ဘာကြောင့် သူ ဒီလိုထင်တာလဲ မေးတော့ မင်းက လူမှုဆက်ဆံရေး တော်တယ်တဲ့။ ပြီးတော့ သူက ကျွန်မကို ဒေါ်လာ ၁၀၀၀ ထုတ်ပေးတော့တာပဲ" လို့ ဘာဘရာက ပြန်ပြောပြတယ်။

"တကယ်လို့ ရည်းစားက မင်း ရေပိုက်ဆက် ပိုက်ပြင်သမားလုပ်ရင် ကောင်းမယ်၊ ဘာကြောင့်လဲဆိုရင် မင်း ကော်ဖီခွက်တွေ ကိုင်လာပုံက အရမ်းသေသပ်တာပဲလို့ ပြောရင်လည်း ကျွန်မ ပိုက်ဆက်ပိုက်ပြင်သမား လုပ်ဖြစ်မှာပဲ၊ ဒေါ်လာ ၁၀၀၀ ပေးတဲ့ သူ့ရဲ့အကြံကို ကျွန်မ နာခံမိမှာ သေချာတယ်" ဆိုပြီး ဘာဘရာ က သူ့အနေအထားကို ပြောတယ်။

"ချေးတယ်ဆိုတာထက် သူက ငွေစိုက် ကိုယ်က ပညာစိုက်ပြီး အကျိုးတူ လုပ်ကြတာ"လို့ ဘာဘရာ က ပြောတယ်။ အကျိုးအမြတ်ကို ဘာဘရာ က ၄၉ ရာခိုင်နှုန်း၊ ရေးက ၅၁ ရာခိုင်နှုန်း ခွဲဝေခံစားဖို့ သဘောတူပြီး အလုပ်လုပ်ကြတာပါ။ ကော်ကိုရန်ဆိုင်မွန် ကုမ္ပဏီလို့ အမည်

ပေးပါတယ်။

ဘာဘာရာ ညှော့်ကြီးစာရေးမ လုပ်ခဲ့ဖူးတဲ့ ဂစ်ဖန်နီကုမ္ပဏီက အိမ်ငှား တစ်ယောက် ရှာပေးနိုင်ရင် တစ်လ ပွဲခပေးမယ်။ သူတို့ငှားချင်တဲ့ စာရင်း ထဲမှာပါတဲ့ တိုက်ခန်းတွေထဲက ဈေးအချိုဆုံး၊ အိပ်ခန်းတစ်ခန်းသာပါတဲ့ တိုက်ခန်းလေးကို ဘာဘာရာက ရွေးချယ်လိုက်တယ်။

အဲသည်အချိန်မှာ ဘာဘာရာက အခြားမိန်းကလေးနှစ်ယောက်နဲ့အတူ တိုက်ခန်းလေးတစ်ခန်းမှာ အတူတူ ငှားနေကြတယ်။ အဲဒီ တိုက်ခန်းဟာ ဘာဘာရာအတွက် ရုံးခန်းပါပဲ။ သူ့လက်ထဲမှာ ဒေါ်လာ ၁၀၀၀ ရှိတယ်။ တစ်ပတ်ကို အသုံးစရိတ်က ဒေါ်လာ ၁၅၀။ ဒီငွေက တစ်လခွဲ သုံးနိုင် တယ်။ ကျွန်မ ပြိုင်ပွဲဝင်နွဲဖို့ ခြောက်ပတ်တော့ အခွင့်အလမ်းရှိတယ်လို့ ဘာဘာရာ စဉ်းစားတယ်။

နယူးယောက်တိုင်းမ် သတင်းစာကို လှန်လှောလိုက်တော့ အိပ်ခန်း တစ်ခန်းသာပါတဲ့ တိုက်ခန်းမျိုးတွေ ငှားချင်လို့ ကြော်ငြာထားတာ ၁၂၄ဖြ ခန်းတောင်မှ။ ငှားခက ဒေါ်လာ ၃၂၀ နဲ့ ၃၈၀ ကြား။ အဲသည်ကြော်ငြာ တွေကြားမှာ သူ့ကြော်ငြာကို ဘယ်လိုဆွဲဆောင်အောင် လုပ်ရမှာလဲ။

အဲသည်အချိန်မှာ ဘာဘာရာက စားသောက်ဆိုင်မှာ အလုပ်အတူတူ လုပ်ခဲ့တဲ့ ဂလိုရီယာကို ပြန်သတိရတယ်။ သူက ရင်သားထွားထွား။ ကိုယ်က သူ့လိုဆွဲဆောင်မှုရှိတဲ့ ရင်သားမျိုးမရှိရင်...။ သူ့မိခင်ရဲ့ စကားက ဘာဘာရာရဲ့ အတွေးထဲ ဝင်လာတယ်။ ကိုယ့်ဆံပင် ကျစ်ဆံမြီးမှာ ဖဲကြိုး စည်းလိုက်ပါ။ တိုက်ခန်းရှင်ကို ဘာဘာရာ ဆက်သွယ်တယ်။ တိုက်ခန်း လေးက အိပ်ခန်းတစ်ခန်း၊ ညှော့်ခန်းက တစ်ခန်းပဲပါတာ။ တိုက်ခန်းပိုင်ရှင် နဲ့ ဆွေးနွေးပြီး ညှော့်ထိုင်ခန်းကို နံရံလေးတစ်ခန်းနဲ့ နှစ်ပိုင်းထပ်ပိုင်းလိုက် တယ်။ သူများတိုက်ခန်းနဲ့ မတူတဲ့ ဆွဲဆောင်မှုတစ်ခု ဖြစ်သွားပြီ။

နယူးယောက်တိုင်းမ် သတင်းစာထဲမှာ ကြော်ငြာလိုက်တယ်။

အိပ်ခန်း၊ အနားယူခန်း၊ ဒေါ်လာ ၃၄၀

## ဘာဘာရာ ကော်ကိုရန်

ဖုန်း - ၂၁၂ ၃၅၅ ၃၅၅၀

သတင်းစာထဲမှာ ကြော်ငြာထည့်လိုက်တဲ့ နေ့မှာပဲ စုံစမ်းမေးမြန်းတဲ့ ဖုန်းတွေ ဝင်လာတယ်။ နောက်နေ့မှာ ပထမဆုံးတိုက်ခန်းကို ဘာဘာရာ ငှားလိုက်ရတယ်။ ပွဲခအဖြစ် အိမ်ခန်းငှားခ ဒေါ်လာ ၃၄၀ ရတယ်။ ရတဲ့ ငွေကို ဘာဘာရာ ဘာလုပ်တယ် ထင်ပါသလဲ။ နယူးယောက်မှာ အကောင်းဆုံး ကုတ်အင်္ကျီတစ်ထည်ကို ၃၁၉ ဒေါ်လာနဲ့ ဝယ်ဝတ်လိုက်တယ်။ ဒါက လည်း သူငယ်စဉ်က သူ့အမေပြောဖူးတဲ့ စကား။ အိမ်ခြံစည်းရိုးကို ကာထား တဲ့ သာမန်ကျောက်တုံးတွေကို ဆေးအဖြူရောင် သုတ်လိုက်ပါ။ တစ်ခြံလုံး ကြည့်ကောင်းသွားလိမ့်မယ်ဆိုတဲ့အတိုင်း လုပ်တာပါ။

ကုတ်အင်္ကျီ အကောင်းစားက ဘာဘာရာ ရဲ့ ထူးခြားလှတဲ့ အမှတ် သင်္ကေတတစ်ခု ဖြစ်လာတယ်။ လူတွေက စာအုပ်တစ်အုပ်ကို ဝယ်မယ် ဆိုရင် အတွင်းစာတွေရဲ့ အနှစ်သာရ မသိခင် စာအုပ်မျက်နှာဖုံးကိုကြည့်ပြီး ဆုံးဖြတ်လေ့ရှိတယ်။

အင်္ကျီအကောင်းစား ဝတ်ဆင်ထားတော့ ၃၁၉ ဒေါ်လာတန်ကို ဝတ်နိုင်လောက်အောင် အောင်မြင်နေတဲ့ပုံ ပေါ်နေတယ်။ သူကိုယ်တိုင်လည်း အောင်မြင်သူလို စိတ်ထဲမှာ ခံစားရတယ်။

စီးပွားရေးလုပ်ငန်းမှာ အကောင်းဆုံး သုံးစွဲလိုက်တဲ့ ငွေကြေးဟာ အောင်မြင်သူ ပုံရိပ်ကို ဖန်တီးပေးနိုင်တဲ့ နေရာမှာ သုံးလိုက်တဲ့ ငွေလို့ ဘာဘာရာ က ယူဆတယ်။ ရည်းစားဖြစ်သူ ရေးက ဘာဘာရာရဲ့ အတွင်း ရေးမှူး တီနာနဲ့ ငြိတယ်။ ရေးနဲ့ ဘာဘာရာ လမ်းခွဲရဖို့ အခြေအနေ ဖြစ်လာ ပါတယ်။ ရေးက လုပ်ငန်းရဲ့ ၅၁ ရာခိုင်နှုန်း ပိုင်ဆိုင်ထားတဲ့သူ။ ကိုယ်ပိုင် ကုမ္ပဏီသစ်တစ်ခု ထူထောင်ဖို့ ဘာဘာရာ ဆုံးဖြတ်ပါတယ်။ လုပ်ငန်းသစ် ရဲ့ အမည်က ဘာဘာရာကော်ကိုရန်ဂရု တဲ့။ ၁၉၇၃ ခုနှစ်မှာ ဘာဘာရာ ကိုယ်ပိုင်လုပ်ငန်းကို ထူထောင်ပါတယ်။



**ဘာဘရာ ကော်ကိုရန်**

ဘာဘရာ ကလေးဘဝတုန်းက အဖြစ်အပျက်တစ်ခုရှိတယ်။ သူတို့ ရပ်ကွက်ထဲက မစ္စက်ကာဆီရောတီတို့အိမ်က အုတ်တံတိုင်း အသစ်လုပ်တယ်။ ဘာဘရာက တံတိုင်းသစ်ကို မျက်စိကျတယ်။ တံတိုင်းသစ်က ဘိလပ်မြေစိုစို။ တုတ်ချောင်းကြီးကြီးနဲ့ လတ်လတ်ဆတ်ဆတ် တံတိုင်းသစ်ပေါ်မှာ ဘာဘရာ က BARBARA CORCORAN လို့ သူ့နာမည်ကို စာလုံးကြီးကြီးနဲ့ ရေးချလိုက်တယ်။ ဘာကြာမှာလဲ။ သူ့အမေသိတော့ ဆူတာပေါ့။

မသိခံနိုင်ရိုးလား။ အချက်အချာကျတဲ့ လမ်းနံဘေးက အသစ်စက်စက် တံတိုင်းပေါ်မှာ ဘာဘာရာရဲ့ နာမည်က အထင်းသားကိုး။ ရပ်ကွက်ထဲက လူတွေကလည်း တံတိုင်းပေါ်က နာမည်အကြောင်းပဲ ပြောနေကြတာ။

'တံတိုင်းပေါ်မှာ မင်းရဲ့ နာမည်ကိုရေးရင် မင်းကို လူတွေက သတိပြုမိမယ်ဆိုတာ မင်းမသိဘူးလား' လို့ သူ့အမေက ပြောတယ်။ တံတိုင်းပေါ်မှာ ဘာဘာရာ ရေးခဲ့တဲ့ နာမည်ကို လူငှားပြီး ပြုပြင်ပေးလိုက်ရတယ်။ ဘာဘာရာ ကိုတော့ တံတိုင်းပိုင်ရှင် မစ္စက်ကာဆီရောတီရဲ့အိမ်မှာ နှစ်ပတ် အိမ်အကူအလုပ်တွေ လုပ်ပေးရမယ်လို့ သူ့အမေက ဒဏ်ချတယ်။ သူများအိမ်သွားပြီး တောက်တိုမယ်ရ လုပ်ပေးရတာကို ဘာဘာရာ သဘောမကျပေမယ့် တံတိုင်းပေါ်မှာ သူ့နာမည်ကို ရေးခဲ့ရတာကိုတော့ ကျေနပ်တယ်။ ရပ်ကွက်ထဲမှာ ဘာဘာရာအကြောင်းက နှစ်ရက်လောက် ပြောစရာ ထိပ်တန်းသတင်း ဖြစ်သွားရတယ်လေ။

ငယ်စဉ်က အတွေ့အကြုံလေးက ဘာဘာရာ လုပ်ငန်းအောင်မြင်ဖို့ အထောက်အပံ့ ဖြစ်လာတယ်။ သတင်းစာသမားတွေ မဖြစ်မနေ သတင်းတွေ ရေးကြရမယ်။ သတင်းရေးနိုင်ဖို့ ခိုင်မာတဲ့ သတင်းအချက်အလက်တွေ လိုအပ်တယ်။

သတင်းဆရာတွေကို သတင်းအချက်အလက်သွားပေးရင် ဒါ မျက်နှာလိုအားရလုပ်တာလို့ သူတို့က မယူဆဘူး။ သူတို့ကို လက်ဆောင်ပေးတာ။ သူတို့လုပ်ငန်းကို ကူညီတာလို့ မြင်ကြတယ်။

ဘာဘာရာက ခြောက်လတာ အိမ်ခြံမြေဈေးကွက် အခြေအနေကို စနစ်တကျ လေ့လာသုံးသပ်တယ်။ ကော်ကိုရန်ဂရူရဲ့ အိမ်ခြံမြေဈေးကွက် နှစ်ပတ်လည် လေ့လာသုံးသပ်ချက်လို့ ခေါင်းစဉ်တပ်ပြီး သတင်းစာတိုက်တွေကို ပို့လိုက်တယ်။

နယူးယောက်တိုင်းမ် သတင်းစာကြီးက ကော့ကိုရန်ဂရူ ဥက္ကဋ္ဌ ဘာဘာရာကော်ကိုရန်ရဲ့ အဆိုအရလို့ သတင်းရင်းမြစ် ဖော်ပြပြီး သတင်းရေး

တယ်။ ဘာဘရာ အိမ်ခြံမြေအကျိုးဆောင်လောကမှာ တန်းဝင်လမ်းဝင် နေရာတစ်နေရာ အသိအမှတ်ပြု ခံလိုက်ရတယ်။

ကြော်ငြာမှာ ကိုယ့်အမည်ပါတာထက် သတင်းမှာ နေရာပေးပြီး အကိုးကားခံရတာက လူတွေရဲ့ လေးစားယုံကြည်မှု ခံရတာ ပိုတယ်။ ကြော်ငြာကြောင့် ကိုယ့်အမည်ကို လူသိစေတယ်။ သတင်းက ခိုင်မာစေတယ်။ ဘာဘရာက နည်းလမ်းပေါင်းစုံသုံးပြီး သူ့အမည်ကို တည်ဆောက်ထူထောင်တယ်။

စီးတီးဘဏ်ရုံးချုပ်ကိုသွားပြီး အိမ်ခြံမြေလုပ်ငန်းအကြောင်း လူ ၈၀၀ လောက်ကို ဟောပြောတယ်။ လူရှေ့သူရှေ့မှာ ဟောပြောတဲ့ အတွေ့အကြုံက မရှိ။ စနစ်တကျလည်း ပြင်ဆင်မသွားတော့ အိုးနင်းခွက်နင်းနဲ့ အရှက်ကွဲတော့တာပဲ။ သူ့ကိုယ်သူ သိမ်ငယ်သွားတယ်လို့ ဘာဘရာ ခံစားရတယ်။ ဒါပေမယ့် လက်မလျှော့ဘူး။ နောက်နေ့မှာ နယူးယောက်တက္ကသိုလ်ကို ဖုန်းဆက်ပြီး အိမ်ခြံမြေအကြောင်း သင်တန်းပို့ချပေးချင်တယ်လို့ ကမ်းလှမ်းတယ်။ စီးတီးဘဏ်ရုံးချုပ်မှာ မအောင်မြင်ခဲ့လို့ ဘာဘရာ ပိုပြီး ပြင်းပြင်းထန်ထန် ကြိုးစားပြင်ဆင်တယ်။ အောင်မြင်တယ်။ နယူးယောက်တက္ကသိုလ်မှာ ငါးနှစ်ကျော်ကြာ သင်တန်းတွေကို သင်ပြပို့ချပေးရင်း အလွန်တော်တဲ့ လူထုဟောပြောပို့ချသူ ဖြစ်လာတယ်။ ယခုအခါ CNN ရုပ်/သံမှာ အလွန်ထင်ရှားသူတွေနဲ့ လုပ်တဲ့ လယ်ရီကင်းရဲ့ တွေ့ဆုံမေးမြန်းခန်း တိုက်ရိုက်ထုတ်လွှင့်ခန်း၊ NBC မှာ Today Show၊ စီးပွားရေးအထူးပြု CNBC ရုပ်/ သံမှာ သန်းကြွယ်သူဌေး အိမ်ခြံမြေအကျိုးဆောင် ဘာဘရာ ကော်ကိုရန် အစီအစဉ်တွေကို ရိုက်ကူးထုတ်လွှင့်တယ်။

နယူးဂျာစီပြည်နယ် အိဂျ်ဝါးတားမြို့ကလေးရဲ့ ဆင်ခြေဖုံးက အိမ်တစ်လုံးမှာ ဆွေမျိုးသားချင်း ၂၁ ယောက် အိမ်တစ်လုံးတည်း စုပေါင်းနေရတဲ့ ဘဝ၊ မွေးချင်းမောင်နှမ ၁၀ ယောက်ရှိပြီး ညီအစ်မခြောက်ယောက် အခန်းတစ်ခန်း၊ ညီအစ်ကိုလေးယောက်က တစ်ခန်း၊ မိဘနှစ်ပါးက ဧည့်ခန်း

ဆိုဖာပေါ်မှာ အိပ်ရတဲ့ဘ၀နဲ့ စခဲ့ရတဲ့ ဘာဘာရာဟာ သူငယ်စဉ်က သူ့အမေ က ဆုံးမပြောကြားတဲ့ စကားတွေကို ဘ၀လမ်းညွှန်အဖြစ် အသုံးပြုရင်း ထိပ်ဆုံးတစ်နေရာကို ရောက်နိုင်ခဲ့ပါတယ်။

ကျော်ရင်မြင့်

ဘုန်းတော်ကြီးတွေကိုတောင် စာပေကျမ်းဂန် ပို့ချပေးတဲ့
သံပျင်မင်းသမီး၊ တရားဓမ္မသတ်မှာ ကျွမ်းကျင်တဲ့
မနုစာရီ၊ အုပ်ချုပ်ရေးမှာ လိမ္မာတဲ့ မိဖုရားဖွားစော၊
နယ်ချဲ့အင်္ဂလိပ်ကို ရဲရဲရင့်ရင့် တော်လှန်ခဲ့တဲ့
ရှမ်းညီအစ်မသုံးယောက်၊
နယ်ချဲ့တို့ ဖိနှိပ်ဖိနှိပ်တုန်အောင် ကြောက်ခဲ့ရတဲ့
အမျိုးသမီး သူရဲကောင်း မိနက်ကြီး၊ မယ်ဘယက်စတဲ့
သူတွေ။ ဗိုလ်ချုပ်အောင်ဆန်းရဲ့အဘိုး
တော်လှန်ရေးအာဇာနည် ရွှေလရောင်ဘွဲ့ခံ ဗိုလ်လရောင်
(သို့မဟုတ်) ဦးမင်းရောင်နဲ့အတူ ထပ်ကြပ်မကွာ
လိုက်ပါတိုက်ခိုက်ခဲ့တဲ့ ဦးမင်းရောင်ရဲ့ဇနီးဖြစ်သူ စသည်
စသည်ဖြင့် အမျိုးသမီးပုဂ္ဂိုလ်ကျော်တွေအကြောင်းက
ခေါင်းထဲသို့ အစီအရီ ဝင်ရောက်လာပါတယ်။

# မေတ္တာ စေတနာ ကရုဏာရှင်

**မောင်သိန်းလွင်**

"စာပေခရီးသွားများစာအုပ်တိုက်"မှ ဆရာမ ဒေါ်ခင်မို့မို့ (စာရေးဆရာမ 'ရွှေစကား') က 'မိန်းမတံခွန် လူရည်မွန်' ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါးတစ်ပုဒ်ရေးပေးဖို့ အကြောင်းကြားလာပါတယ်။ မွန်မြတ်တဲ့ အရည်အသွေးနဲ့ ပြည့်စုံသူ အမျိုးသမီးကြီးတွေအကြောင်းကို ရေးရမှာဆိုတော့ ကျွန်တော် စဉ်းစားနေမိပါတယ်။ စဉ်းစားကြည့်တော့မှ ထူးချွန်ထက်မြက်လှတဲ့ အမျိုးသမီး လူရည်မွန်တွေဟာ ကမ္ဘာပေါ်မှာရော မြန်မာပြည်မှာပါ ပေါ်ထွန်းခဲ့တာကို သတိပြုမိပါတယ်။

၁၉၅၄ ခုနှစ်က ကရိုင်းမီးယား စစ်ပွဲကြီး ဖြစ်ခဲ့ပါတယ်။ အင်္ဂလိပ်နဲ့ ပြင်သစ်ကတစ်ဖက် ရုရှားကတစ်ဖက် တိုက်ခိုက်ကြတဲ့ စစ်ပွဲပါ။ စစ်မြေပြင်မှာ ဗြိတိသျှနဲ့ ပြင်သစ်စစ်သားတွေ အထိနာခဲ့တယ်။ ကုသပေးမယ့် ဆရာဝန်၊ ဆရာမ မလုံလောက်တဲ့အပြင် ဝမ်းရောဂါတွေကလည်း ကူးစက်ပြန့်ပွားနေတယ်။ စစ်မြေပြင်ကို သွားရောက်ဖို့ ယောကျ်ားရင့်မကြီးတွေက တောင် တွန့်ဆုတ်ရှောင်ပုန်းနေကြတဲ့အခါလည်း ဖြစ်ပါတယ်။ ဖလော်ရင့်စ်နိုက်တင်ဂေးလ် (Florence Nightingale) ကတော့ သူ(မ)မှာရှိတဲ့ ပစ္စည်းတွေကို ရောင်းချပြီး ဆေးဝါးတွေ၊ လိုအပ်တဲ့အရာတွေကို ဝယ်ယူတယ်။ စစ်မြေပြင်သို့ ရဲရဲရင့်ရင့် သွားရောက်ပြီး ပြုစုကုသတယ်။ နေ့ဘက်မှာသာမက ညဘက်မှာပါ မီးအိမ်ကလေးထွန်းပြီး စွမ်းအားရှိသမျှ လိုက်လံကုသစောင့်

ရောက်တယ်။ ဒါကြောင့် သူမကို **'မီးအိမ်ရှင်မလေး'** " The lady with the Lamp" လို့ စစ်သည်တော်တွေက အမြတ်တနိုး တလေးတစား ဂုဏ်ပြု ခေါ်ဝေါ်ကြတယ်။ မီးအိမ်ရှင်မလေးရဲ့ သတင်းက သူမရဲ့ဇာတိ အင်္ဂလန်နိုင်ငံအထိ ပျံ့နှံ့သွားတယ်။ ဝိတိုရိယဘုရင်မကြီး Queen Victoria ကိုယ်တိုင် နောက်ပိုင်းမှာ သူမကို လက်ခံတွေ့ဆုံပြီး ဂုဏ်ပြုချီးကျူးခဲ့ရတယ်။ သူမကို တစ်မျိုးသားလုံးကလည်း ဂုဏ်ပြုချီးကျူးကြတယ်။ သူမကြောင့် သူနာပြု ကျောင်းကြီးတွေလည်း ပေါ်ပေါက်ခဲ့တယ်။ ကမ္ဘာ့ကျေးဇူးရှင်တစ်ယောက်လို့ မှတ်တမ်းတင်ရမှာ ဖြစ်ပါတယ်။

မာသာထရီဇာ (Mother Teresa) အကြောင်းကိုလည်း တွေးမိပြန်တယ်။ သူမကို ၁၉၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၇ ရက် ယူဂိုစလားဗီးယား (Yugosalvia) မှ မွေးဖွားခဲ့ပါတယ်။ ငယ်စဉ်ကတည်းက ဘာသာတရား ကိုင်းရှိုင်းသူဖြစ်လို့ ၁၉၂၈ ခုနှစ်၊ အိုင်ယာလန်ပြည်မှာ သီလရှင်ဝတ်ခဲ့ပါတယ်။ သာသနာပြုရင်းနဲ့ ဆင်းရဲဒုက္ခရောက်သူများကို ကူညီဖေးမဖို့ အိန္ဒိယပြည် ကိုးလ်ကတ္တား Calcutta (Kolkata) မြို့မှာ အခြေချပြီး နိုင်ငံသားအဖြစ် ခံယူလိုက်တယ်။ အိန္ဒိယ အမျိုးသမီးတစ်ယောက်လို ဆာရီအဖြူလေးကိုပဲ ဝတ်ထားပါတယ်။ ဆင်းရဲသားတွေထဲက အဆင်းရဲဆုံး လူတွေကို ကူညီပါတယ်။ အိမ်ခြေယာခြေမဲ့တွေ၊ စားရမဲ့ သောက်ရမဲ့ ငတ်မွတ်နေသူတွေ၊ ခြေလက်အင်္ဂါမစုံလင်တဲ့ ဒုက္ခိတတွေကို ကယ်တင်တယ်။ ဆင်းရဲသားတွေအတွက် အခမဲ့ ဆေးကုနိုင်ဖို့ ဆောင်ရွက်တယ်။ အိန္ဒိယအာဏာပိုင်တွေဆီက ခွင့်ပြုချက်ယူပြီး စွန့်ပစ်ထားတဲ့ ဟိန္ဒူဘုရားကျောင်းတစ်ခုကို သေကောင်ပေါင်းလဲဖြစ်နေတဲ့ လူနာတွေကို ကုသဖို့ ဆေးရုံအဖြစ် ပြုလုပ်ခဲ့တယ်။ လူမျိုးဘာသာ မခွဲခြားပါဘူး။ အဲဒီလူတွေကို ကုသမပေးရင် လမ်းဘေးမှာ တိရစ္ဆာန်တွေလို သေကြရမှာ ဖြစ်ပါတယ်။ မာသာထရီဇာက သေခါနီးဆဲဆဲလူတွေ စိတ်ချမ်းချမ်းသာသာနဲ့ သက်သောင့်သက်သာ သေနိုင်အောင် ကူညီပေးတာ ဖြစ်ပါတယ်။ သူမက "A beautiful death," she said, "is for people who lived like animals to die like angles ___ Love and wanted." လို့ ကျူးရင့်ခဲ့ပါတယ်။



မာသာထရီဇာ

မိဘမဲ့ကလေးတွေကို ပြုစုစောင့်ရှောက်ဖို့ (The Nirmala Shishu Bhavan, the Children's Home of the Immaculate Heart, as a heaven for orphans and homeless youth.) အိမ်တစ်ဆောင်ကိုလည်း ၁၉၅၅ ခုနှစ်မှာ ဖန်တီးခဲ့တယ်။ ၁၉၆၀ ခုနှစ်တွေ ဝန်းကျင်မှာတော့ အခမဲ့ဆေးရုံတွေ၊ မိဘမဲ့ဂေဟာတွေ၊ ကိုယ်ရေပြားရောဂါသည်တွေကို ကုသပေးဖို့ ဂေဟာတွေ စသည်ဖြင့် အိန္ဒိယပြည် နေရာအနှံ့မှာ ကြိုးစားဖွင့်လှစ်ပေးခဲ့တယ်။ အဲဒီနောက်ပိုင်း ၁၉၆၅ ကနေ ၁၉၇၀ ခုနှစ် အတွင်း ဗင်နီဇွဲလား (Venezuela)၊ ရောမ (Rome)၊ တန်ဇန်နီးယား (Tanzania)၊ ဩစတြေးလျ (Austria)စသည်ဖြင့် အာရှ၊ အာဖရိက၊ ဥရောပ၊ အမေရိကန် ပြည်ထောင်စု စတဲ့ နိုင်ငံဒါဇင်ပေါင်းများစွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ နှစ်ပေါင်း ၅၀ကျော် လူသားထုကောင်းကျိုးကို ဆောင်ရွက်ပေးရင်း မွန်မြတ်လှတဲ့ အမျိုးသမီးကြီးဟာ ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှာ ကွယ်လွန်ခဲ့ပါတယ်။ သူကွယ်လွန်တဲ့အခါ တစ်ကမ္ဘာလုံးက လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုချီးကျူး

မော်ကွန်းတင်ခဲ့ပါတယ်။

၁၅ ရာစုနှစ်အတွင်းက ပြင်သစ်နိုင်ငံကို အင်္ဂလိပ်တွေက ကျူးကျော်သိမ်းပိုက်ခဲ့ပါတယ်။ အဲဒီနယ်ချဲ့အင်္ဂလိပ်တွေကို ခုခံတွန်းလှန်နိုင်ခဲ့တဲ့ **သူ့ရဲ့ကောင်းမလေး ဂျုန်း** ကို ၁၄၁၂ခုနှစ်၊ ပြင်သစ်နိုင်ငံ၊ အရှေ့မြောက်ပိုင်း ဒွန်ရာမီဆိုတဲ့ ရွာလေးမှာ မွေးဖွားခဲ့ပါတယ်။ အဲဒီကျေးတောသူလေးဟာ ပြင်သစ်စစ်သည်တွေကို စုစည်းပြီး သူတို့နိုင်ငံကို ကျူးကျော်သိမ်းပိုက်ထားတဲ့ အင်္ဂလိပ်တွေကို တိုက်ခိုက်အနိုင်ယူပြီး တွန်းလှန်နိုင်ခဲ့ပါတယ်။ ပြင်သစ်လူမျိုးဖြစ်တဲ့ သူမဟာ ကမ္ဘာပေါ်ရှိ အကျော်ကြားဆုံး အမျိုးသမီးများအနက် တစ်ဦးအပါအဝင်ဖြစ်ပါတယ်။ သူမရဲ့ အထုပ္ပတ္တိကလည်း မယုံနိုင်လောက်အောင် ထူးခြားလှပါတယ်။ သူမက တိုက်ပွဲတစ်ပွဲမှာ အဖမ်းခံရတယ်။ သူမကို စုန်းမဖြစ်တယ်။ မိစ္ဆာအယူဝါဒကို ကိုးကွယ်တယ်ဆိုပြီး မီးရှို့သတ်တာကို ခံခဲ့ရပါတယ်။ အဲဒီအချိန်မှာ သူမရဲ့ အသက်က ၂၀ လောက်ပဲရှိပါသေးတယ်။ သူမရဲ့တိုင်းပြည်ကို ကယ်တင်ဖို့အတွက် သူမရဲ့ အသက်ကို ပေးဆပ်ခဲ့တဲ့ သူ့ရဲ့ကောင်းမလေးကို ပြင်သစ်တစ်နိုင်ငံလုံးက ချီးကျူးဂုဏ်ပြုကြတယ်။ ပြင်သစ်နိုင်ငံ တစ်ခွင်တစ်ပြင်မှာ **ဂျုန်း** ရဲ့ ရုပ်တုတွေကို စိုက်ထူထားကြတယ်။ **ဂျုန်း** သေဆုံးပြီး နှစ်ပေါင်း ၅၀၀ လောက်အကြာ ၁၉၂၈ ခုနှစ်မှာတော့ ပုပ်ရဟန်းမင်းကြီးက **ဂျုန်း** ကို သူတော်စင်အဖြစ် သတ်မှတ်ခန့်အပ်တယ်။ တစ်ကမ္ဘာလုံးက မေ့ပျောက်လို့မရတဲ့ အမျိုးသမီး အာဇာနည် လူရည်မွန်တစ်ယောက်ပါပဲ။

ဝေလမင်းသမီး ဒိုင်ယာနာ (Princess Diana) အကြောင်းကိုလည်း တွေးမိပြန်ပါတယ်။ ကမ္ဘာ့အလှဆုံး အမျိုးသမီးစာရင်းဝင်သူတစ်ယောက်လည်း ဖြစ်ပါတယ်။ အင်္ဂလန်ပြည်ရဲ့ အိမ်ရှေ့မင်းသား (Prince Charles) က တော်ကောက်လို့ တော်ဝင်မိသားစုတစ်ဦးလည်း ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် သူမရဲ့ ရုပ်ပိုင်းဆိုင်ရာအလှထက် စိတ်ပိုင်းဆိုင်ရာအလှကို လူတွေက ဂုဏ်ပြုချီးကျူးကြတယ်။ ၁၉၉၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ ဝေလမင်းသမီး ဒိုင်ယာနာဟာ ပြင်သစ်ပြည်၊ ပါရီမြို့မှာ မတော်တဆ ကားတိုက်မှုဖြစ်ပြီး ကွယ်လွန်ခဲ့ပါတယ်။ သူမဟာ မသေခင်ကာလအထိ ဆင်းရဲသား

တွေကောင်းကျိုးကို ဆောင်ရွက်ခဲ့တယ်။ ပရဟိတလုပ်ငန်းအဖွဲ့အစည်းတွေ (ချို့ငဲ့သူတွေအတွက် အလှူခံပေးတဲ့ အဖွဲ့အစည်း)နဲ့ ပူးပေါင်းဆောင်ရွက်တယ်။ ဆေးရုံပေါ် ရောက်နေတဲ့ နာမကျန်းသူ ကလေးငယ်တွေကို ကူညီတယ်။ အိတ်ဒ်စ် (AIDS) ရောဂါသည်တွေကို ကူညီတယ်။ သူတို့တွေအပေါ်မှာ မေတ္တာတရားထားဖို့ လူတွေကို တိုက်တွန်းနှိုးဆော်တယ်။ ရောဂါသည်တွေနဲ့ လက်ပွန်းတတီးနေပြီး ကူညီဆောင်ရွက်တယ်။ အာဖရိကတိုက်ကိုရောက်တော့ အနာကြီးရောဂါသည်တွေကုတဲ့ ဆေးရုံကို သွားတယ်။ နာမကျန်းဖြစ်တဲ့ အနာကြီးရောဂါသည်တွေကို ကိုယ်ဖိရင်ဖိ ပြုစုတယ်။ လူတော်တော်များများကတော့ သူတို့ကို ရွံကြတယ်။ ကြောက်ကြတယ်။ ဒိုင်ယာနာကတော့ မရွံဘူး။ မကြောက်ဘူး။ အကူအညီတွေကို မေတ္တာအပြည့်နဲ့ ပေးအပ်တယ်။ အိန္ဒိယရောက်တော့ မာသာထရီဇာရဲ့ ကလေးဆေးရုံကို သွားတယ်။ ကလေးအများစုက အိုးမဲ့အိမ်မဲ့၊ အမိမဲ့အဖမဲ့လေးတွေဖြစ်တယ်။ သူတို့ကိုလည်း ကူညီထောက်ပံ့ဖို့ အလှူငွေတွေ ထည့်ဝင်လှူဒါန်းတယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ စစ်ဖြစ်တဲ့အခါမှာပဲဖြစ်ဖြစ်၊ နိုင်ငံတစ်နိုင်ငံအတွင်း ပြည်တွင်းစစ်ဖြစ်တဲ့ အခါမှာပဲဖြစ်ဖြစ်၊ မြေမြှုပ်မိုင်းတွေကို အသုံးပြုကြတယ်။ အဲဒီမြေမြှုပ်မိုင်းတွေကြောင့် လူတွေ သေကြတယ်။ ခြေလက်အင်္ဂါတွေ ပြတ်တောက်ကြရတယ်။ အပြစ်မဲ့ပြည်သူတွေ ဒုက္ခခံစားနေကြရတယ်။ စစ်တွေပြီးသွားပြီး နှစ်ပေါင်းများစွာကြာတဲ့အထိ အပြစ်မဲ့တဲ့လူတွေမြေမြှုပ်မိုင်းဒဏ်ကို ခံကြရတယ်။ ဒါကြောင့် သူမက မြေမြှုပ်မိုင်းဒဏ်ခံရတဲ့လူတွေကို ကူညီထောက်ပံ့လှူဒါန်းတယ်။ ပြီးတော့ 'မြေမြှုပ်မိုင်းပြုလုပ်မှု၊ ထုတ်လုပ်မှုတွေကို ရပ်ဆိုင်းပစ်ရမယ်၊ ဘာကောင်းကျိုးမှ မပေးတဲ့အပြင် ဆိုးကျိုးကိုပင် ဖြစ်စေတဲ့ ဖြစ်ရပ်တွေဟာ ကမ္ဘာပေါ်မှာ မရှိသင့်ပါဘူး၊ မလိုလားအပ်ပါဘူး' လို့ သူမက လှုံ့ဆော်တိုက်တွန်းတယ်။ သူမရဲ့ တိုက်တွန်းချက်ကို တိုင်းပြည်တော်တော်များများက လိုက်နာကြတယ်။ ဒီလိုအများကောင်းကျိုးကို ဆောင်ရွက်ခဲ့တဲ့ ဝေလမင်းသမီး ဒိုင်ယာနာ သေဆုံးတဲ့အခါ လူတိုင်းက သနားကရုဏာ သက်ကြတယ်။ တစ်ကမ္ဘာလုံးက လူတွေ သန်းတစ်ထောင်လောက်ကလည်း ရုပ်မြင်သံကြားကနေ စောင့်ကြည့်

ကြတယ်။ လူတိုင်းက ဝမ်းနည်းပြီး ပြည်သူ့မင်းသမီး ဒိုင်ယာနာအတွက် နှမြောတသမဆုံး ဖြစ်ခဲ့ကြပါတယ်။ တကယ့် မိန်းမတံခွန် လူရည်မွန် တစ်ယောက်ပါပဲ။

ကျွန်တော်တို့တိုင်းပြည်(မြန်မာပြည်)မှာကော လူရည်မွန်၊ လူရည်ချွန် အမျိုးသမီးတွေ မရှိပေဘူးလားလို့ တွေးဆစဉ်းစားကြည့်တဲ့အခါ မာသာထရီဇာ၊ ဒိုင်ယာနာ၊ နိုက်တင်ဂေးလ်၊ ဂျုန်းတို့ထက် မညံ့တဲ့ မိန်းမအာဇာနည်တွေ အမြောက်အမြား ရှိနေတာကို တွေ့ရပါတယ်။ ပုဂံခေတ်ကစပြီး ယနေ့ထိ ပညာရေး၊ လူမှုရေး၊ ဘာသာရေး၊ နိုင်ငံရေး စသဖြင့် ထောင့်စုံဘက်စုံကနေ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြတဲ့ အမျိုးသမီး လူရည်မွန်တွေဖြစ်ပါတယ်။ ဘုန်းတော်ကြီးတွေကိုတောင် စာပေကျမ်းဂန် ပို့ချပေးတဲ့ သိပ္ပင်မင်းသမီး၊ တရားဓမ္မသတ်မှာ ကျွမ်းကျင်တဲ့ မနုစာရီ၊ အုပ်ချုပ်ရေးမှာ လိမ္မာတဲ့ မိဖုရားဖွားစော၊ နယ်ချဲ့အင်္ဂလိပ်ကို ရဲရဲရင့်ရင့် တော်လှန်ခဲ့တဲ့ ရှမ်းညီအစ်မသုံးယောက်၊ နယ်ချဲ့တို့ ဖိနှိပ်ဖိနှိပ်တုန်အောင် ကြောက်ခဲ့ရတဲ့ အမျိုးသမီး သူရဲကောင်း မိနက်ကြီး၊ မယ်ဘယက်စတဲ့ သူတွေ။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အဘိုး တော်လှန်ရေးအာဇာနည် ရွှေလရောင်ဘွဲ့ခံ ဗိုလ်လရောင် (သို့မဟုတ်)ဦးမင်းရောင်နဲ့အတူ ထပ်ကြပ်မကွာ လိုက်ပါတိုက်ခိုက်ခဲ့တဲ့ ဦးမင်းရောင်ရဲ့ဇနီးဖြစ်သူ စသည် စသည်ဖြင့် အမျိုးသမီးပုဂ္ဂိုလ်ကျော်တွေအကြောင်းက ခေါင်းထဲသို့ အစီအရီ ဝင်ရောက်လာပါတယ်။

အင်ဒီပင်းဒင့် ဒေါ်စန်း (မြန်မာ ၁၂၄၈-၁၃၁၁)ဆိုတာလည်း ပထမမြန်မာမျှား စာရင်းဝင်သူတစ်ယောက် ဖြစ်ပါတယ်။ မြန်မာသတင်းစာလောကမှ အမျိုးသမီးသတင်းစာဆရာ တစ်ယောက်အဖြစ်နဲ့ ပထမဦးဆုံးပေါ်ပေါက်ခဲ့သူ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ကျော်ကြားထင်ရှားခဲ့သူဖြစ်ပါတယ်။ သူမကို ခရစ် ၁၈၈၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မန္တလေးမြို့၌ မွေးဖွားခဲ့ပါတယ်။ ၁၉၅၀ ပြည့်နှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှာ ကင်ဆာရောဂါ ခံစားရင်း ရန်ကုန်မြို့မှာ ကွယ်လွန်ခဲ့ပါတယ်။

အင်ဒီပင်းဒင့် ဒေါ်စန်းလိုပဲ မိန်းမတံခွန်လူရည်မွန် အမျိုးသမီးကြီးတွေလည်း ရှိပါသေးတယ်။ ဒေါက်တာဒေါ်စောဆိုရင် ခွဲစိတ်ပါရဂူ

(FRCS) ကို ပထမဆုံးရခဲ့တဲ့ မြန်မာအမျိုးသမီးကြီး ဖြစ်ပါတယ်။ နိုင်ငံ့အရေးအတွက် ဦးဘဖေ၊ ဦးချစ်လှိုင်စတဲ့ နိုင်ငံရေးဦးဆောင်အမျိုးသားတွေနဲ့ရင် ပေါင်တန်းပြီး အထက်လွှတ်တော်အမတ်အဖြစ် ဆောင်ရွက်ခဲ့သူ၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရရန် ကြိုးပမ်းခဲ့သူတစ်ဦး ဖြစ်ပါတယ်။ ၁၈၈၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှာ ဒေါ်စောဆကို မွေးဖွားခဲ့တယ်။ ဒေါ်စောဆကို ပြည်သူအများက ချစ်ခင်အားကိုးကြတယ်။ သူမကို မြန်မာအမျိုးသမီးဆေးပညာရှင်တွေရဲ့ မိခင်ကြီးလို့ တင်စားခေါ်ဝေါ်ကြတယ်။

ဂီတအနုပညာဘက်မှာဆိုရင် ဂီတမိခင်ကြီး ဒေါ်စောမြအေးကြည်၊ စန္ဒရားမတင်အုန်း၊ လေဘာတီမမြရင်၊ အဆိုတော် ဒေါ်အောင်ကြည်၊ ဒေါ်မေရှင်၊ အဆိုတော် မကြည်အောင်စတဲ့ လူရည်မွန် အမျိုးသမီးတွေ များစွာပေါ်ပေါက်ခဲ့ပါတယ်။

ပညာရေး၊ နိုင်ငံရေးလောကမှာလည်း မြန်မာအမျိုးသမီးများအသင်းဥက္ကဋ္ဌဒေါ်စု၊ မင်းတိုင်ပင်အမတ် ဒေါ်နှင်းမြ၊ သမိုင်းပညာရှင် ဒေါ်မြစိန်၊ ပညာဝန် ဒေါ်ထားထား၊ ဝတ်လုံတော်ရ ဒေါ်ဖွားမှီ စတဲ့ လူရည်မွန်အမျိုးသမီးတွေ အများကြီး ရှိခဲ့ပါတယ်။ ယခုဖော်ပြတဲ့အထဲမှာ မပါဝင်တဲ့ ပုဂ္ဂိုလ်တွေလည်း အများကြီး ကျန်ပါသေးတယ်။

ဒါပေမယ့် အဲဒီလို အများကြီးရှိတဲ့ လူရည်မွန် အမျိုးသမီးတွေအနက် အကျော်ကြား အထင်ရှားဆုံး လူရည်မွန်အမျိုးသမီးကြီးကတော့ ဒေါ်ဦးခွန်း (မြန်မာ ၁၂၃၀-၁၃၀၆)ဖြစ်ပါတယ်။ သူမကို တိုင်းကျိုးပြည်ကျိုးဆောင် (TPS)ဘွဲ့ ချီးမြှင့်ခံရသူ ဘိုးဘွားရိပ်သာတို့၏ မိခင်ကြီးအဖြစ် လူသိများတဲ့ မေတ္တာကရုဏာရှင်ကြီး ဖြစ်ပါတယ်။

ဒေါ်ဦးခွန်းကို ပဉ္စမသံဃာယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက် ရတနာပုံနေပြည်တော်မှာ ၁၂၃၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၅ ရက် သောကြာနေ့မှာ မွေးဖွားခဲ့ပါတယ်။ အဖ ပိုးကုန်သည်ကြီး ဦးအီ၊ အမိ ဒေါ်မျှင်တို့ရဲ့ တစ်ဦးတည်းသောသမီး ဖြစ်ပါတယ်။ သူမဟာ မြန်မာပြည်ရဲ့ နောက်ဆုံးမင်းဆက် သီပေါမင်းထက် ဆယ်နှစ်ခန့် ငယ်သူ ဖြစ်ပါတယ်။ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့ လွတ်လပ်တဲ့ မြန်မာနိုင်ငံတော်

ကို မီခဲ့သူတစ်ဦးဖြစ်သလို ကိုလိုနီနယ်ချဲ့တွေရဲ့ လက်အောက်မှာ မလွတ်လပ်တဲ့ ကျွန်ဘဝနဲ့ နေခဲ့ရဖူးသူလည်း ဖြစ်ပါတယ်။ ကောင်းမွေဆိုးမွေ အထွေထွေရဲ့ အတွေ့အကြုံ အမျိုးမျိုးကို ဖြတ်သန်းပြီး ဘဝခရီးကို လျှောက်လှမ်းခဲ့ရသူလည်း ဖြစ်ပါတယ်။

ဒေါ်ဦးဖွန်းဟာ ကလေးဘဝကတည်းက ဘာသာတရား ကိုင်းရှိုင်းသူဖြစ်ပါတယ်။ ငါးပါးသီလကို နေ့စဉ်စောင့်ထိန်းပြီး ၈ ရက်သီတင်း လပြည့် လကွယ် ဥပုသ်နေ့တိုင်းမှာလည်း ၈ ပါးသီလကို အမြဲမပြတ် ဆောက်တည်ခဲ့သူတစ်ဦး ဖြစ်ပါတယ်။ မိဘတွေကို အမြဲမပြတ် ပြုစုလုပ်ကျွေးပြီး သက်ကြီးရွယ်အိုများကို ကူညီဖေးမတတ်သူလည်း ဖြစ်ပါတယ်။

ဒေါ်ဦးဖွန်း အသက် ၁၆ နှစ်အရွယ်ကစပြီး မိဘတွေရဲ့ လုပ်ငန်းဖြစ်တဲ့ ပိုးကုန်သည်အလုပ်ကို ဦးစီးလုပ်ကိုင်ခဲ့ရပါတယ်။ စစ်ကိုင်း၊ အမရပူရ၊ မန္တလေးစတဲ့ မြို့တွေကထွက်တဲ့ ပိုးထည်မျိုးစုံကို လက်လီလက်ကား ရောင်းဝယ်ဖောက်ကားတဲ့ ပိုးကုန်သည် စီးပွားရေးသမား သူဌေးမလေးတစ်ဦး ဖြစ်လာခဲ့ပါတယ်။ ပိုးထည်အရောင်းအဝယ်လုပ်ငန်းနဲ့ စပ်လျဉ်းပြီး အမြို့မြို့ အနယ်နယ် ကူးသန်းသွားလာရတဲ့အတွက် အပေါင်းအသင်း ဝင်ဆန့်ပြီး အမြို့မြို့ အနယ်နယ်မှာ မိတ်ဆွေသင်္ဂဟ ပေါများသူလည်း ဖြစ်ပါတယ်။ ဗဟုသုတကြွယ်ဝပြီး အထက်တန်းကျကျ နေထိုင်နိုင်သူတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ဒေါ်ဦးဖွန်းဟာ မောက်မာဝင့်ကြွားခြင်းမရှိဘဲ ခြိုးခြံစွာ ကျင့်သုံးနေထိုင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် နှိမ်ချပြီး မာန်မာနမရှိဘဲ ပေးသင့်ပေးထိုက်သူကိုပေး၊ လှူသင့်လှူထိုက်သူကိုလှူပြီး တရားဓမ္မနဲ့အညီ နေထိုင်ခဲ့ပါတယ်။ အလှူအတန်း ရက်ရောသူတစ်ဦးလည်း ဖြစ်ပါတယ်။

မိဘနှစ်ပါး ကွယ်လွန်သွားတဲ့အခါ မိမိနေထိုင်တဲ့ တိုက်အိမ်အပြင် အခြားတိုက်တာ အိမ်ရာတွေ၊ လယ်ယာမြေတွေ၊ ရွှေ၊ ငွေ၊ စိန်၊ ကျောက်စတဲ့ အတွင်းပစ္စည်းတွေအပြင် ငွေသားတစ်သိန်းခွဲခန့်စတဲ့ အမွေအနှစ်တွေကို ရလိုက်တယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ ကျော်က ငွေတစ်သိန်းခွဲရဲ့ တန်ဖိုးကို ရွှေဈေးနဲ့ ချင့်ချိန်ကြည့်ရင် သိနိုင်ပါတယ်။ အဲဒီခေတ်က ရွှေတစ်ကျပ်သားရဲ့ တန်ဖိုးဟာ ဆယ်ဂဏန်းပဲ ရှိပါတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့

ပစ္စည်းဥစ္စာ အမြောက်အမြားကို အမွေရလိုက်ပေမယ့် မလျော့ကန်တဲ့ နေရာတွေမှာ သုံးစွဲဖြုန်းတီးမပစ်ပါဘူး။ ၁၂၆၀ ပြည့်နှစ် သူမရဲ့ အသက် ၃၀ လောက်မှာ ပတ္တမြားဆရာတော်ကြီးကို အုတ်ကျောင်းဆောက်လုပ် လှူဒါန်းတယ်။ ဒါကြောင့် ပတ္တမြားအုတ်ကျောင်းအစ်မ ဒေါ်ဦးဖွန်းလို့ လူတွေက ဂုဏ်ပြုခေါ်ဝေါ်ကြတယ်။

သူ့ရဲ့ ကြိုးစားလုပ်ဆောင်မှုကြောင့် စီးပွားရေးကလည်း တိုးတက်တယ်။ ပိုးထည်အမျိုးမျိုးကို တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ်ယူပြီး မြန်မာပြည်အောက်ပိုင်း၊ အလယ်ပိုင်း၊ အထက်ပိုင်း ပြည်နယ်အသီးသီးနဲ့ ဆက်သွယ်ပြီး အလုပ်လုပ်တယ်။

စီးပွားရေး ဘယ်လောက်ပဲ အောင်မြင်အောင်မြင် သူမရဲ့ စိတ်အစဉ်ကတော့ မချမ်းသာပါဘူး။ ကွယ်လွန်သွားတဲ့ မိဘနှစ်ပါးကို လွမ်းဆွတ်တမ်းတတဲ့စိတ်ကြောင့် စီးပွားရေးလုပ်ငန်းကို စိတ်မပါတော့သလို ဖြစ်လာမိတယ်။ မိဘနှစ်ပါးရဲ့ ကိုယ်စား ခိုကိုးရာမဲ့ သက်ကြီးရွယ်အိုတွေကို ကျွေးမွေးစောင့်ရှောက်ရရင် ကောင်းမှာပဲဆိုတဲ့ စိတ်ကူးတွေ ရလာတယ်။

ဒါကြောင့် ရန်ကုန်မြို့ကို ရောက်တဲ့အခိုက်မှာ မြန်မာပြည်မှာ တစ်ခုတည်းရှိတဲ့ ပြင်သစ်သာသနာပြု လူအိုရုံကို သွားရောက်လေ့လာတယ်။ ပြင်သစ်ခရစ်ယာန်ဘုန်းတော်ကြီး ဘီဂင်းဒတ်က စတင်တည်ထောင်ပြီး ခရစ်ယာန်သီလရှင်များက ပြုစုစောင့်ရှောက်ပေးနေတဲ့ ကန်တော်လေးရပ် သိမ်ဖြူလမ်းမှာရှိတဲ့ လူအိုရုံ ဖြစ်ပါတယ်။ အဲဒီလူအိုရုံမှာ အသက်အရွယ်ကြီးရင့်ပြီး ဆွေမဲ့မျိုးမဲ့ အကူအညီမဲ့နေတဲ့ ဘိုးဘွားတွေကို ကျွေးမွေးစောင့်ရှောက်ထားတယ်။

ဒေါ်ဦးဖွန်း ရောက်သွားတော့ ပြင်သစ်ခရစ်ယာန်သီလရှင်တစ်ယောက်ကတော့ ဒေါ်ဦးဖွန်းကို လိုက်လံပြသတယ်။ နေစာလှုံနေတဲ့ အဘွားတစ်ယောက်ကိုတွေ့တော့ ပြင်သစ်သီလရှင်က အဘွားအိုကို နေကောင်းရဲ့လားလို့ မြန်မာလို မပီကလာနဲ့မေးတယ်။ အဘွားအိုကလည်း 'သမီးတို့ကျေးဇူးကြောင့် နေကောင်းပါတယ်။ ဒါကြောင့် ညအိပ်ရာဝင်တိုင်းမှာ သမီးတို့ကို ဆုတောင်းမေတ္တာပို့သပါတယ်' လို့ ဖြေကြားတယ်။ ဒီတော့

ပြင်သစ်သီလရှင်က "ကျွန်မတို့ကို ကျေးဇူးမတင်ရဘူး၊ ထာဝရဘုရားသခင်ကို ကျေးဇူးတင်ရမယ်၊ ဘုရားသခင်က အရာရာကို ဖန်ဆင်းတယ်၊ အခု အဘွား ကျန်းကျန်းမာမာနဲ့ ပြေပြေလည်လည် နေနိုင်တာဟာလည်း ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့် ဖြစ်တယ်။ ထာဝရဘုရားသခင်ကို ကျေးဇူးတင်ပါ" လို့ ပြန်ပြောတယ်။

ဒီစကားကို ကြားရတော့ ဒေါ်ဦးဖွန်း စိတ်မချမ်းမမြေ့ ဖြစ်ရတယ်။ စားရမဲ့ သောက်ရမဲ့ ခိုးကိုးရာမဲ့နေတာ မှန်ပေမယ့် သေကာနီးအရွယ်ရောက်မှ မိမိယုံကြည်ကိုးကွယ်တဲ့ ဘာသာရေးကို စွန့်လွှတ်ပြီး အခြားဘာသာတစ်ခုသို့ ကူးပြောင်းကိုးကွယ်ရမယ့် အနေအထားကို ဒေါ်ဦးဖွန်း မလိုလားဘူး။ ဘာသာရေးနဲ့ လူမှုရေးကို သီးခြားခွဲပြီး ဆောင်ရွက်ချင်တယ်။ ဘာသာရေး လွတ်လပ်ခွင့် ရှိစေချင်တယ်။

ဒါကြောင့် မန္တလေးကို ပြန်ရောက်တဲ့အခါ စစ်ကိုင်းတောင်ရိုး အရိယမဂ္ဂင်ချောင် ဆရာတော်ဘုရားကြီးကို လျှောက်ထားပြီး မင်းကွန်းခေါင်းလောင်းကြီး တည်ရှိတဲ့ နေရာအနီး မင်းကွန်းကျေးရွာမှာ ဘီအိုင်အေ ဦးမောင်ကြီး၊ ဦးဘချမ်းတို့နဲ့အတူ ဒေါ်ဦးဖွန်းကိုယ်တိုင် ခုတ်ထွင်မြေညှိပြီး ကမ္ဗဋ္ဌာန်းကျောင်းသုံးကျောင်း စတင်ဆောက်လုပ်တယ်။ မြန်မာသက္ကရာဇ် ၁၂၇၈ ခုနှစ်၊ ခရစ်နှစ် ၁၉၁၅ ဇန်နဝါရီလ ၁၁ ရက်နေ့မှာ မြန်မာပြည်ရဲ့ ပထမဦးဆုံး ဗုဒ္ဓဘာသာလူအိုရုံ (ဘိုးဘွားရိပ်သာ)ကို စတင်တည်ထောင်တယ်။ ခိုကိုးရာမဲ့ အဘိုးအိုတစ်ယောက်၊ အဘွားအိုသုံးယောက်ကို စတင်လက်ခံပြုစုတယ်။ အဖော်မိန်းကလေးတစ်ဦးရဲ့ အကူအညီနဲ့ ဒေါ်ဦးဖွန်းကိုယ်တိုင် ဘိုးဘွားတွေကို ဝတ်ကြီးဝတ်ငယ်ပြုပြီး ပြုစုစောင့်ရှောက်တယ်။

ဒေါ်ဦးဖွန်းဟာ သူပိုင်ဆိုင်တဲ့ မန္တလေးမြို့ပေါ်က တိုက်တာအိမ်ရာလေးလုံး၊ အတွင်းပစ္စည်း ရွှေ၊ ငွေ၊ ရတနာအားလုံး လယ်မြေယာမြေတွေအားလုံးကို ရောင်းချတယ်။ ရောင်းချလို့ရတဲ့ငွေရယ်၊ အမွေအဖြစ်ရတဲ့ငွေတွေရယ် အားလုံးကို ဘိုးဘွားရိပ်သာတွေအတွက် စွန့်လွှတ်လှူဒါန်းခဲ့ပါတယ်။ ၁၉၂၃ ခုနှစ် သထုံမြို့မှာ ဒုတိယဘိုးဘွားရိပ်သာ၊ ၁၉၂၉ ခုနှစ် ပေါင်းတည်မြို့မှာ တတိယဘိုးဘွားရိပ်သာ၊ ၁၉၃၃ ခုနှစ် ရန်ကုန်မြို့

နှင်းဆီကုန်းမှာ စတုတ္ထဘိုးဘွားရိပ်သာ ၁၉၃၇ခုနှစ် ပခုက္ကူမှာ ပဉ္စမ ဘိုးဘွားရိပ်သာတွေကို တည်ထောင်ပေးခဲ့ပါတယ်။ စေတနာရှင် အလှူရှင်များက ဘိုးဘွားရိပ်သာများအတွက် လှူဒါန်းလိုပါကလည်း လှူဒါန်းခွင့်ပြုခဲ့တယ်။ ဒေါ်ဦးဖွန်းဟာ ဘိုးဘွားရိပ်သာများသို့ လှည့်လည်သွားရောက်ပြီး ပြုစုစောင့်ရှောက်တယ်။ ဘိုးဘွားရိပ်သာတွေ အရှည်တည်တံ့အောင် အနာဂတ်အတွက် အစီအစဉ်တွေ ချမှတ်စီစဉ်ပေးခဲ့တယ်။

မြန်မာသက္ကရာဇ် ၁၂၉၀ ပြည့်နှစ် ဒေါ်ဦးဖွန်း အသက် ၆၀ ပြည့်နှစ်ရောက်တော့ ပေါင်းတည်မြို့ ဘိုးဘွားရိပ်သာမှာ လူဝတ်ကြောင်ကိုစွန့်ပြီး သီလရှင်ဝတ်ခဲ့တယ်။ သီလရှင်ဘွဲ့က (ဘွား) **သုမာလ** ဖြစ်ပါတယ်။ ဒါပေမယ့် ဒေါ်ဦးဖွန်း ဆိုတဲ့ အမည်နဲ့ပဲ လူတွေက သိရှိခေါ်ဝေါ်ကြတယ်။ မြန်မာတစ်ပြည်လုံးမှာ ကျော်ကြားထင်ရှားပြီး စံထားထိုက်တဲ့ အမျိုးသမီး အာဇာနည်ကြီးတစ်ဦး ဖြစ်ပါတယ်။ အင်္ဂလိပ်အစိုးရကတောင် အသိအမှတ်ပြုပြီး တိုင်းကျိုးပြည်ဆောင် ဘွဲ့(TPS) ကို ချီးမြှင့်ခဲ့ပါတယ်။ မြန်မာနိုင်ငံအနှံ့အပြားကို သွားလာတဲ့အခါ ဘယ်မီးရထား၊ ဘယ်သင်္ဘောပဲစီးစီး၊ ပထမတန်း၊ အထက်တန်းကနေ အခမဲ့ စီးနင်းခွင့်ကိုလည်း ပြုခဲ့ပါတယ်။

ဘိုးဘွားရိပ်သာတို့ရဲ့ မိခင်ကြီး ဒေါ်ဦးဖွန်းဟာ မိမိမှာရှိနေသမျှ စည်းစိမ်ဥစ္စာတွေကို စွန့်လွှတ်ပြီး ခိုကိုးရာမဲ့ ဘိုးဘွားတွေရဲ့ ဘဝနေဝင်ချိန်ကို သာယာအောင် ဖန်တီးပေးနိုင်ခဲ့တယ်။ ဘိုးဘွားတွေအတွက် ၂၈ နှစ်လုံးလုံး ဘဝကို မြှုပ်နှံပေးဆပ်ခဲ့တယ်။ မြန်မာသက္ကရာဇ် ၁၃၀၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်၊ အသက် ၇၆ နှစ်အရွယ်မှာ သူမ စတင်တည်ထောင်ခဲ့တဲ့ ပထမဦးဆုံး ဘိုးဘွားရိပ်သာ မင်းကွန်းလူအိုရုံမှာ ကွယ်လွန်ခဲ့ပါတယ်။ လူကသေသွားသော်လည်း နာမည်ကတော့ ဘယ်တော့မှမသေတဲ့ ဘိုးဘွားရိပ်သာတို့ရဲ့ မိခင်ကြီးအဖြစ် လူတိုင်းရဲ့ လေးစားမှု၊ ချစ်ခင်မှု၊ အသိအမှတ်ပြုမှုကို ထာဝရခံယူရရှိတဲ့ အမျိုးသမီး အာဇာနည်ကြီး တစ်ဦးပါပဲ။

**မောင်သိန်းလွင်**

စာပေခရီးသွားများ

ရေးလိုက်တဲ့စာတွေကလည်း အများကြီး။
ပင်ကိုယ်ရေး၊ ဘာသာပြန်၊ ဝတ္ထုတို၊ ဆောင်းပါးမကျန်
ရေးနိုင်တယ်။ ရေးသမျှကလည်း ဖတ်ရသူ
အရှုံးမရှိရဆိုတဲ့ စာမျိုးတွေ။ အမေဟာ
သူ့ကလောင်သန့်စင်အောင် ရပ်တည်နိုင်ရုံသာမက
သူနဲ့နှီးနွယ်ပတ်သက်ရာ စာပေသမား
လူငယ်လူရွယ်တွေကို ကိုယ့်ကလောင်ကိုယ်
တန်ဖိုးထားတတ်အောင်၊ စိတ်ဓာတ်ကြည်လင်
သန့်ရှင်းအောင် တတ်နိုင်သမျှ
စည်းရုံးစွမ်းဆောင်နိုင်သူမျိုးပါ။

# ကမ္ဘာပေါ်မှာထွန်းကားတဲ့ မန္တလေးက အာရှကြယ်

**နှင်းဆီအောင်**

ကိုယ့်ထက် အသက်ဂုဏ်ရည်၊ ပညာဂုဏ်ရည်၊ စွမ်းဆောင်ဂုဏ်ရည် မြင့်မားထင်ရှားသူတွေအကြောင်းကို ရေးချင်ပေမယ့် မြင်းထိန်းငတာထက် ကိုယ်ကပိုဆိုးတယ်ဆိုတာ သိနေလို့ မရေးနိုင်ခဲ့ပါဘူး။ ဒါပေမယ့် အဲဒီသူတွေ မရှိတော့တဲ့အခါမှာ နှမြောလွမ်းဆွတ် ကြည်ညိုလေးမြတ်တဲ့အနေနဲ့ ဂုဏ်ယူ တန်ဖိုးထားတဲ့အနေနဲ့ ပူဇော်တဲ့အနေနဲ့ ရေးမိတတ်ပါတယ်။

အခုလည်း မန္တလေးက မွေးဖွားပေးလိုက်ပြီး ကမ္ဘာပေါ်မှာ လင်းပခဲ့တဲ့ အာရှတိုက်ရဲ့ ကြယ်တံခွန်အဖြစ် ကမ္ပည်းတင်ခဲ့တဲ့ အမေမာ (လူထု ဒေါ်အမာ) အကြောင်းကို ကိုယ့်ရင်ထဲရှိသလောက် ရေးမိပါတယ်။ ချို့ယွင်းချက်တွေရှိနေပေမယ့်လည်း ဆီမီးတစ်ထောင် ပူဇော်ပွဲက ဆီမီးခွက်ကလေး တစ်ခွက် ပူဇော်အလင်းအားနဲ့ ဖြည့်ပါရစေ။

◆ ◆ ◆

၁၉၇၀ ခုနှစ်လောက်ကပေါ့။ ကျွန်မအသက် ၁၀ နှစ် မပြည့်ခင်ကာလကပါ။ အဖေတာဝန်ကျရာ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်ကနေ အမေ့ဆွေမျိုးတွေရှိရာ မန္တလေးတိုင်းဒေသကြီးကို ပြောင်းရွှေ့ဖို့ဖြစ်လာပါတယ်။ အမေက ပျော်လို့။ ညအိပ်ရာဝင်တိုင်း အမေပြောပြောနေကြ ရွှေနန်းတော်နဲ့ ကျုံး၊ မန္တလေးတောင်နဲ့ ကုသိုလ်တော်၊ ဘုရားကြီးနဲ့မြင်းလှည်း စတာတွေဟာ ပိုလို့ အသက်ဝင်လှုပ်ရှားလာခဲ့ပါတယ်။

အဖေကတော့…

အဲဒီမန္တလေးမှာ ကမ္ဘာက အသိအမှတ်ပြုရတဲ့ လူထုသတင်းစာတိုက်ရှိတယ်။ လူထုသတင်းစာတိုက်မှာ လူထုဦးလှနဲ့ ဒေါ်အမာဆိုတဲ့ လူထုမောင်နှံ ရှိတယ်။ လူထုဒေါ်အမာဆိုတာ အမျိုးသမီး စာရေးဆရာမ၊ အမျိုးသမီး သတင်းစာ ဆရာမပေါ့လို့ ပြောပြခဲ့ပါတယ်။ အမျိုးသမီးစာရေးဆရာမ၊ အမျိုးသမီး သတင်းစာဆရာမဆိုတဲ့အရာက ကျွန်မအတွက်ဆန်းနေတယ်။ စိမ်းနေတယ်။ ဝေးတယ်။

ဒီနေရာမှာ ကျွန်မတို့ ကြီးပြင်းလာပုံကိုတော့ ပြောဦးမှပါ…။

အဖေက ပြည်တွင်းစစ်ကာလမှာ စာသင်ခန်းကနေ စစ်တန်းလျားကို ရောက်ခဲ့တဲ့ မြိတ်သား။ အမေက မန္တလေးတောင် အရှေ့မြောက်ဘက်က ရွာလေးတစ်ရွာက။ စစ်ပြေးစာမတတ်။ မန္တလေးက အဒေါ်တွေအိမ်မှာဝိုင်းလုပ်ဝိုင်းစား။ အဲဒီမှာ အဖေနဲ့ ဖူးစာဖက်လို့ အိမ်ရာထူထောင်ခဲ့ကြတယ်။ ကျွန်မတို့ မောင်နှမတွေ ကျောင်းစာကလွဲပြီး ဘာမှဖတ်စရာမရှိတဲ့အရပ်မှာ လူဖြစ်ခဲ့ကြရတယ်။ မိန်းမသားတွေဆိုရင်လည်း ကျောင်းဆရာမ၊သူနာပြုဆိုတာမျိုး တစ်ယောက်တစ်လေကလွဲလို့ ကျန်တဲ့သူတွေကတော့မီးဖိုချောင်မှာ အိမ်ထောင်တာဝန်၊ ကလေးတာဝန်နဲ့ လုံးလည်လိုက်နေတာတွေပဲ မြင်ရတွေ့ရတာကို…။

ကျွန်မတို့အဖေက စာဖတ်ဝါသနာပါတာကြောင့် ကျွန်မတို့က ကံကောင်းတယ် ပြောရမှာပါ။ ကမ္ဘာ့သမိုင်းမှတ်တိုင်များ၊ ဗန်းမော်တင်အောင်၊ ညိုဝင်း(အမျိုးသားစာပေဆုရ)ရဲ့ စာအုပ်တွေ ဖတ်ခွင့်ရခဲ့တယ်။ သိပ်နားမလည်ပေမယ့် ဖတ်တော့ ဖတ်နေမိတယ်။ အဲတော့ အမျိုးသမီးစာရေး

ဆရာမ၊ သတင်းစာဆရာမဆိုတာ အံ့သြစရာ ဖြစ်လို့။ ဟုတ်တယ်လေ။ ကျွန်မတို့ ပတ်ဝန်းကျင်မှာ သတင်းစာတောင် မရှိဘူး။ ယောကျ်ားသားကြီးတွေတောင် သတင်းစာဖတ်နေတာ တွေ့ရခဲတဲ့ခေတ်ကာလမျိုး။ နေရာဌာနမျိုး။ ကျွန်မ ဉာဏ်မီသလောက် စဉ်းစားကြည့်မိခဲ့တယ်။ လူထုဒေါ်အမာဟာ ဘယ်လိုတွေ တွေးခေါ်ဆင်ခြင်ခဲ့ပြီး ဘယ်လိုစာတွေကို ရေးနေခဲ့လို့ အဖေတို့က သိရတာလဲပေါ့။ အရမ်းကို စိတ်ဝင်စားစရာ စိတ်လှုပ်ရှားစရာ ကောင်းပါတယ်။ မိန်းမသားတစ်ယောက်ဟာ ကြီးကျယ်ခမ်းနားပြီး ဂုဏ်မြောက်တာတွေ လုပ်ပြနိုင်တာကိုတော့ အားရကျေနပ်မိတယ်။

မန္တလေးရောက်ပြီး တစ်ပတ်လောက်နေတော့ ဘတ်စ်ကားနဲ့ ဘုရားကြီးကို သွားဖူးကြတယ်။ အမေ တသသပြောတဲ့ မြင်းလှည်းကတော့ ဈေးကြီးလို့ မစီးဖြစ်ခဲ့ပါဘူး။ လမ်းရောက်တော့ အဖေက လူထုပုံနှိပ်တိုက်ကို ပြပါတယ်။ လေးတန်းကျောင်းသူ ကျွန်မအတွက် ပုံနှိပ်လုပ်ငန်းဆိုတာကိုက အဆန်းပေါ့။ ကိုယ်ရေးတဲ့ စာတွေကို ပြန်ထုတ်ဝေနိုင်တဲ့ ဘဝမျိုးဟာ အံ့သြမဆုံးပေါ့။ ကျွန်မ မေးခွန်းတွေကို အဖေက တဖြည်းဖြည်းချင်း သိလာ လိမ့်မယ်လို့ ပြောခဲ့ပါတယ်။ အဖေပြောတာ မှန်တယ်။ မန္တလေးဟာ ကျွန်မအတွက် ဂုဏ်ကျက်သရေ အပြည့်နဲ့ အမြဲတမ်း မြို့တစ်မြို့ ဖြစ်ခဲ့ရတယ်။ ဘယ်တော့မှ ဖတ်လို့မဝတဲ့ စာအုပ်တစ်အုပ်လည်း ဖြစ်နေပါသေးတယ်။ နောက်ပြီး အရွယ်ကလေးရလာတဲ့အခါ စာရေးချင်တဲ့ ကျွန်မအတွက် အမေ လူထုဒေါ်အမာဟာ လေးစားစံထားရသူ၊ တန်ဖိုးထား စောင့်ကြည့်ရသူတစ်ဦး ဖြစ်လို့လာခဲ့ပါတယ်။

အမေ လူထုဒေါ်အမာကို ၁၉၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှာ မန္တလေးမြို့ ဂွစာန်ရပ်နေ အဘဦးထင်၊ အမိ ဒေါ်စုတို့က မွေးဖွားခဲ့ပါတယ်။ မွေးချင်း ၁၂ ယောက်မှာ အမေက စတုတ္ထမြောက်ပါ။ ဗိုလ်ချုပ်အောင်ဆန်းက အမေမာနဲ့ တစ်ခုထဲ ဖွားတွေပါ။ ဗိုလ်ချုပ်က အမေ့ထက် ၉ လကျော်ခန့်ပဲ ကြီးပါတယ်။

တရုတ်တန်း အမျိုးသမီး နေရှင်နယ်ကျောင်းမှာ ဒုတိယတန်းထိ၊ တတိယတန်းမှ နဝမတန်းအထိ အေဘီအမ်(မ)ကျောင်းမှာ ပညာသင်ယူခဲ့

ပြီး ဗဟိုအမျိုးသား ကျောင်းကနေ ဆယ်တန်းအောင်မြင်ခဲ့ပါတယ်။

၁၉၃၃-၃၅ မန္တလေး ဥပစာကောလိပ်မှာ ဓာတု၊ ရူပ၊ သင်္ချာဘာသာတွဲဖြင့် သင်ယူခဲ့ရာ ၁၉၃၆ ခုနှစ် ရောက်တဲ့အခါ ရန်ကုန်တက္ကသိုလ် ဘီအေ အောက်တန်းကို ပြောင်းရွှေ့ရောက်ရှိခဲ့ပါတယ်။ ဒုတိယ ကျောင်းသားသပိတ်မှာ ရှေ့တန်းက ပါဝင်လှုပ်ရှားခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။ ရန်ကုန်၊ အင်းလျားဆောင်ရဲ့ သဟာယနဲ့ စာဖတ်အသင်း အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့ပါတယ်။

အိုးဝေမဂ္ဂဇင်း၊ ကြီးပွားရေး မဂ္ဂဇင်း၊ ဘားမားဂျာနယ်တို့တွင် ဝတ္ထု၊ ဆောင်းပါးများ ရေးသားခဲ့ရုံသာမက (ကျွန်စိတ်မွေးသည့် တက္ကသိုလ်) သီချင်းကိုလည်း စပေါင်း ရေးစပ်ခဲ့ပါတယ်။ အမေမာဟာ အဲဒီကာလကတည်းက စာပေနဲ့ နိုင်ငံရေးမှာ စိတ်ပါဝင်စားစွာ လုပ်ဆောင်နေခဲ့ပါပြီ။

၁၉၃၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့မှာ ကြီးပွားရေး ဦးလှနဲ့ လက်ထပ်ခဲ့ပါတယ်။ ဦးလှဟာ အမေနဲ့ လက်ထပ်ပြီး မန္တလေးကို ရောက်ရှိခဲ့ရာကနေ ကြီးပွားရေး စာအုပ်ထုတ်ဝေရေးလုပ်ငန်းအပြင် ၁၉၄၆ မှာ လူထုသတင်းစာကို ထုတ်ဝေနိုင်ခဲ့ပါတယ်။

• • •

အခုဆိုရင် ကျွန်မအသက်ဟာ ၅၃ နှစ်ထဲ ဝင်ခဲ့ပါပြီ။ ဒီသက်တမ်းမှာ သိခဲ့၊ မြင်ခဲ့၊ ကြားခဲ့၊ ဖတ်ခဲ့ရတဲ့ သမိုင်းစာမျက်နှာတွေ မနည်းတော့ပါဘူး။ အမေလူထုဒေါ်အမာရဲ့ မွေးနေ့လို့ လေးစားတန်ဖိုးထားမှုတွေ၊ မြတ်နိုး ကြည်ညိုမှုတွေ အလျှံအပယ်နဲ့ ဝိုင်းဝန်းကျင်းပ ပူးပေါင်းဆင်နွှဲကြတဲ့ မွေးနေ့ မျိုး မရှိသေးပါ။ အဲဒါ အမေ့ရဲ့ မဟာပုံရိပ်စစ်ပါ။

မြန်မာလူမျိုးတွေ ယုံကြည်တာတစ်ခုရှိပါတယ်။ လူတစ်ယောက်အကြောင်း အဆိုး၊ အကောင်းဆိုတာ သူကွယ်လွန်ချိန်မှာ ထင်ထင်လင်းလင်း သိရတယ်ဆိုတာပါ။ ဟုတ်ကဲ့ပါ။ ကျွန်မအတွက် မန္တလေးတစ်မြို့လုံး လိုက်ပို့တယ်လို့ ပြောလို့ရတဲ့ နာရေးဟာ အမေ(လူထုဒေါ်အမာ)ရဲ့ နာရေးပါ။ မြစ်ကူး၊ ချောင်းခြား ရောက်လာတဲ့ ပရိသတ်ကလည်း လျှံလို့ပါ။

အမေဟာ ဘုန်းကြီးလို့သက်ရှည် သက်ရှည်လို့ဘုန်းကြီး ဆိုတဲ့ ရခဲလှတဲ့ဆုနဲ့ တစ်လုံးတစ်ဝ ပြည့်ခဲ့သူပါ။

◆ ◆ ◆

အမေ့ကို နီးနီးကပ်ကပ် ပထမဆုံး မြင်ဖူးတာ (ပြည်သူချစ်သော အနုပညာသည်များ)စာအုပ် ငွေရတုပွဲသို့ အမရပူရ၊ တောင်သမန်အင်းစောင်း က တောင်လေးလုံးကျောင်းတိုက်မှာ ကျင်းပစဉ်ကပါ။

ကျက်သရေရှိလှတဲ့ အမေ့ကို ငေးကြည့်ရင်း တချို့က သံမဏိလို မာကျောတဲ့ အမျိုးသမီးကြီးလို့ ထင်မှတ်ကြတာကို သတိရမိတယ်။ တကယ် တော့ အမေ့ဘဝက တိုက်ပွဲတွေ အများကြီး ရင်ဆိုင်ရ၊ ကျော်ဖြတ်ရတဲ့ ဘဝမျိုးပါ။ စာပေမှာရော နိုင်ငံရေးမှာပါ လူထုကြီးပွားရေးက ထုထည် သိပ်ကြီးခဲ့ပြီ။ ထုထည်ကြီးလေ မတိမ်းမစောင်း မပြိုမကွဲရဖို့ စိုက်ထုတ်ရ တဲ့ အင်အားကများလေ မဟုတ်လား။ အခက်အခဲတွေ၊ ဒုက္ခတွေ၊ နာကျင်ရ တာတွေကပဲ အမေ့ကို ပိုပြီး ကျစ်လျစ်သန်မာစေခဲ့တာပါ။

အကြောင်းပြပြီး မလုပ်ချင်ဘူးဆိုရင် အမေ့မှာ အကြောင်းပြစရာတွေ ရှိပါတယ်။ ကလေး ၅ ယောက်ရဲ့ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနဲ့ အခြားလူမှုရေးတာဝန်တွေလည်း ယူရထမ်းရတယ်။ မနက် ၈ နာရီထိုးတာ နဲ့ အလုပ်စားပွဲထိုင်ရတာ ည ၁၁ နာရီထိုးလို့တောင် မပြတ်သေးဘူး။ လူထုသတင်းစာကို မနက် ၄ နာရီမှာ အပြီးဖြစ်နေအောင် လုပ်ရသေးတယ်။ အာဏာပိုင်အဖွဲ့အစည်းရဲ့ ရန်လိုမှု၊ အမြဲမပြတ် ဖိအားပေးနေမှုတွေကိုလည်း ထိပ်တိုက်ရင်ဆိုင်ရတယ်။ ဒီကြားထဲကနေ စာရေးမပျက်ဘူး။ မိန်းမသူတစ် ယောက်အနေနဲ့ အလွန်မတန် ပင်ပန်းရှုပ်ထွေးတဲ့ ဘဝမျိုးဆိုလဲ မမှားပါဘူး။ ဒါပေမယ့် အမေက ဒါတွေကြားထဲမှာ ဟန်ချက်ညီအောင် ထိန်းသိမ်းနိုင် ခဲ့တာ တစ်ရာမှာတစ်ယောက် အာဂလူသားဖြစ်လို့ပါ။

ရေးလိုက်တဲ့စာတွေကလည်း အများကြီး။ ပင်ကိုယ်ရေး၊ ဘာသာပြန်၊ ဝတ္ထုတို၊ ဆောင်းပါးမကျန် ရေးနိုင်တယ်။ ရေးသမျှကလည်း ဖတ်ရသူ အရှုံးမရှိရဆိုတဲ့ စာမျိုးတွေ။ အမေဟာ သူ့ကလောင် သန့်စင်အောင် ရပ်

တည်နိုင်ရုံသာမက သူနဲ့နီးနွယ်ပတ်သက်ရာ စာပေသမား လူငယ်လူရွယ်တွေကို ကိုယ့်ကလောင် ကိုယ်တန်ဖိုးထားတတ်အောင်၊ စိတ်ဓာတ်ကြည်လင်သန့်ရှင်းအောင် တတ်နိုင်သမျှ စည်းရုံးစွမ်းဆောင်နိုင်သူမျိုးပါ။ ဒီအစွမ်းက လူတိုင်းမှာ မရှိပါဘူး။ သူတစ်သက်လုံး ဖြတ်သန်းလာခဲ့တဲ့ သမိုင်းစင်ကြယ်ခြင်း၊ ကိုယ်ရည်ကိုယ်သွေး သန့်စင်ခိုင်မာခြင်းနဲ့ ဆိုင်ပါတယ်။ လူတစ်ယောက်က အခြားသူတွေကို အားဖြစ်စေနိုင်တယ်ဆိုတာ ငွေနဲ့ဝယ်ယူလို့ မရနိုင်သလို အာဏာနဲ့ စေခိုင်းလို့လဲ မရတဲ့အရာပါ။



**အမေ လူထုဒေါ်အမာ**

လူထုသတင်းစာနဲ့ လူထုဦးလှ၊ လူထုဒေါ်အမာတို့ရဲ့ စာပေသြဇာ၊ နိုင်ငံရေးသြဇာ သက်ရောက်မှု ကြီးမားခဲ့တာဟာဖြင့် တစ်လျှောက်လုံး 'သမာသမတ်' ရှိခဲ့လို့ပါ။ လူထုသတင်းစာနဲ့အတူ အမေဟာ လွတ်လပ်ရေးအတွက်၊ နယ်ချဲ့မှုကို ဆန့်ကျင်ရေးအတွက်၊ ဗိုလ်ကျစိုးမိုးမှုကို တော်လှန်ရေးအတွက် တိုက်ပွဲဝင်ခဲ့သူပါ။ ရှေ့ပိုင်းမှာ ဆိုဗီယက်၊ ရုရှားနဲ့ ပတ်သက်လို့ တူညီသဘောထားမျိုးရှိခဲ့ပေမယ့် ဆိုဗီယက်ပြည်ထောင်စုကိုယ်တိုင် နယ်ချဲ့လမ်းစဉ်ကို ကျင့်သုံးတဲ့အခါမှာ ပြတ်ပြတ်သားသား ဆန့်ကျင်ဝေဖန်

ခဲ့ပါတယ်။ အမှန်တရားအတွက် ဘယ်မလိုက်ရေးဆိုတဲ့ ရပ်တည်ချက်နဲ့ ရှင်းလင်းစွာ လျှောက်လှမ်းခဲ့သူပါ။

ဒါကြောင့်လည်း အာဏာပိုင်အဖွဲ့အစည်းတွေရဲ့ ဖိနှိပ်မှုကို မိသားစုလိုက်၊ နှစ်ရှည်လများ အကြိမ်ကြိမ် ခံခဲ့ရပါတယ်။ ၁၉၄၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့မှာ ဖဆပလအစိုးရဟာ လူထုသတင်းစာနဲ့ ကြီးပွားရေးပုံနှိပ်စက်များ တည်ရှိတဲ့ အဆောက်အအုံကို ဒိုင်းနမိုက်နဲ့ ဖောက်ခွဲဖျက်ဆီးလိုက်ပါတယ်။ ရင်နာစရာ၊ အသည်းနာစရာ ဖြစ်ရပ်တွေကို အမေတို့ ဘယ်လိုနှလုံးသားနဲ့ လက်ခံ ကျော်လွှန်ခဲ့ကြပါသလဲဆိုတာ ပြောမပြတတ်တော့ပါဘူး။ လူထုသတင်းစာဟာ အနှောင့်အယှက်မျိုးစုံကြောင့် ပိတ်ခံလိုက်ရ၊ ရပ်စဲလိုက်ရဆိုတဲ့ အခြေအနေမျိုး သုံးကြိမ်တွေ့ရပါတယ်။ ပိုဆိုးတာက...

၁၉၇၈ မှာ အမေ လူထုဒေါ်အမာကို ထိန်းသိမ်းလိုက်ခြင်းပါ။ အမေနဲ့အတူ လူထုဦးလှ၊ စာရေးဆရာ ညီပုလေး(သား) တို့ကိုပါ တစ်ပြိုင်နက် ထိန်းသိမ်းလိုက်တာပါ။ တစ်နှစ်၊ တစ်လနဲ့ တစ်ရက်ကြာတဲ့အခါ အမေ ပြန်လွတ်လာတယ်။ လွတ်မြောက်လာပြီးတဲ့ နောက်ပိုင်းမှာလည်း အမေက နဂိုရပ်တည်ချက်အတိုင်း တစ်ရွေ့မှ မလျှော့ခဲ့ပါဘူး။ သူလုပ်နေကျအတိုင်း ရေးစရာရှိတာ ဆက်ရေးနေခဲ့တာပါပဲ။

၁၉၈၂၊ ဩဂုတ်လ ၇ ရက်နေ့မှာတော့ ခင်ပွန်းဖြစ်သူ လူထုဦးလှ ကွယ်လွန်သွားခဲ့ပါတယ်။ အမေဟာ ခင်ပွန်းသည်ကို သတိရအောက်မေ့နေရင်းကပဲ လုပ်သင့်တာတွေ မနေမနား လုပ်နေဆဲပဲ။ ၁၉၈၄ မန္တလေးမီးကြီးကြောင့် ဆုံးရှုံးမှုတွေ ကြုံရတော့လည်း ကြံ့ကြံ့ခံခဲ့တယ်။ နောက်တစ်ခါ အမေ့အတွက် တစ်ဦးတည်းသော သားပမာ တွယ်တာချစ်ခင်နေတဲ့ ဆရာညီပုလေး အဖမ်းခံရပြန်တယ်။ ဒီဒဏ်ကိုလည်း အမေ သတ္တိကောင်းကောင်းနဲ့ လက်ခံရင်ဆိုင်ခဲ့တယ်။ အဲဒီကာလတွေမှာ ဆောင်းပါးကောင်းတွေ ပိုလို့တောင် ရေးဖြစ်နေခဲ့သလားပါပဲ။ ရနံ့သစ်၊ ကလျာ၊ စံပယ်ဖြူစတဲ့ မဂ္ဂဇင်းတွေမှာ စေတနာ အားကောင်းလှတဲ့ စာတွေ ပိုလို့ တွေ့ရဖတ်ရပါတယ်။ တော်ရုံမိန်းမသားတစ်ယောက် ပုံကျသွားနိုင်တဲ့ အခြေအနေမျိုးမှာ အမေကျက်သရေရှိစွာ လျှောက်လှမ်းနိုင်ခဲ့တယ်။ မြန်မာအမျိုးသမီးစာပေဆရာများ

တစ်ယောက်ရဲ့ ထူးခြားတဲ့ နှလုံးရည် ဂုဏ်သိက္ခာဖြစ်ပါတယ်။

အမေဟာ စာပေလောကသားတွေကိုမှ မိခင်တစ်ယောက်လို သဘောထားခဲ့တာ မဟုတ်ပါဘူး။ မြန်မာနိုင်ငံက ပြည်သူလူထု၊ မန္တလေးက ပြည်သူလူထုကိုလည်း မိခင်တစ်ယောက်လို ကြင်နာချစ်ခင်ခဲ့သူပါ။ မန္တလေးက လက်လုပ်လက်စားတွေ သိပ်ဒုက္ခရောက်ခဲ့ကြတဲ့ နာမှုကိစ္စမှာ သက်သာရာ သက်သာကြောင်း အားကိုးရာရကြောင်းဖြစ်စေတဲ့ ဗြဟ္မစိုရ် လူမှုကူညီရေး အသင်းကြီး ပေါ်ပေါက်ဖြစ်တည်လာဖို့ ဦးဆုံး ကြိုးပမ်းဆောင်ရွက်ခဲ့သူတွေထဲက **တစ်ဦးတည်းသော** အမျိုးသမီးကြီး ဖြစ်ရုံသာမက နာယကအဖြစ်လည်း တာဝန်ကျေပွန်ခဲ့သူပါ။ လူငယ်တွေ ထိခိုက်မှာစိုးရိမ်လို့ စီးကရက်နဲ့ အရက်ကြော်ငြာတွေကို ဦးဆုံးကန့်ကွက်ခဲ့တာဟာလည်း အမေဖြစ်ပါတယ်။

လူတွေရဲ့ ငြိမ်းချမ်းသာယာမှုကို အမေ မမေ့ခဲ့ပါဘူး။ ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံ (ဟန်ဂေရီ၊ ဘူဒါပတ်၊ ၁၉၅၃ ခု၊ ဇွန် ၁၅) ကို တက်ရောက်ခဲ့ပြီးတဲ့နောက်မှာ Archine Johnstone ရဲ့ In the Name of Peace 'ငြိမ်းချမ်းရေးသို့' ဆိုတဲ့ ခေါင်းစဉ်နဲ့ ဘာသာပြန်ထုတ်ဝေခဲ့ပါတယ်။

အမေဟာ (ခင်လဝင်း၊ မြမဥ္ဇူ၊ ဖခင်အောင်နိုင်၊ ဇမ္ဗူဒီပါအောင်ထွန်း) စတဲ့ ကလောင်ခွဲတွေနဲ့ စာတွေရေးခဲ့သလို ဟောပြောမှုတွေ စာတမ်းဖတ်ကြားမှုတွေကိုလည်း မပြတ်ဆောင်ရွက်လေ့ရှိပါတယ်။ လုပ်ခဲ့သမျှ၊ ရေးခဲ့သမျှ ကိုယ်ကျိုးမဖက် လူထုအတွက်ဆိုတာမျိုးတွေချည်းသာ ဖြစ်လို့ လူထုဒေါ်အမာဆိုတဲ့ ကလောင်နာမည်က ပိုပြီးထင်ရှားတင့်တယ်ခဲ့တာပါ။ နိုင်ငံချစ်စိတ်နဲ့ လူငယ်တွေ တိုးတက်ဖို့၊ လူငယ်တွေ နားမျက်စိ ပွင့်စေဖို့ လက်ဆင့်ကမ်းတဲ့ အလုပ်ကို တစ်သက်လုံး လုပ်ခဲ့သူပါ။ တာဝန်ကျေခဲ့သူပါ။

ဘာသာပြန်တွေ ဖတ်ရတာခက်လို့ မဖတ်ချင်ဘူးဆိုတဲ့ မိတ်ဆွေတွေကို အမေ လူထုဒေါ်အမာ ဘာသာပြန်တဲ့ အာဖရိကဝတ္ထုတိုများ၊ ထိုင်းဝတ္ထုတိုများနဲ့ အရှေ့တောင်အာရှ ပြတင်းပေါက်များကို ပေးဖတ်လိုက်တဲ့အခါ သူတို့တွေ ဘာသာပြန်ဖတ်ရတာ အရသာ တွေ့ကုန်ကြတယ်။

ကျွန်မအဖေနဲ့ သူ့ညီတွေကတော့ 'အိုယန်းကီးတို့' (C. Wright Mills) 'ဇွေနှင့်လက်နက်' (Anna Lewis Strong) 'ဂျုံနဲ့ စစ်သား' တို့ကို နှစ်နှစ်သက်သက် ဖတ်ခဲ့ကြသလို ကျွန်မတို့ကတော့ 'မြန်မာ့မဟာဂီတ'၊ 'မန္တလေးသူ၊ မန္တလေးသားများ'၊ 'ရတနာပုံမန္တလေး၊ မန္တလေး၊ ကျွန်မတို့မန္တလေး'၊ 'ဆရာကြီး သခင်ကိုယ်တော်မှိုင်း' တို့ကို လက်လွှတ်လို့ မဖြစ်ပါဘူး။

သားနဲ့ရွယ်တူ လူငယ်ကလေးတွေကိုတော့ 'ဆေးလိပ်နဲ့ လူသား'၊ 'အမေ့ရေးစကား'၊ 'ကျွန်မတို့ ငယ်ငယ်က' ဆိုတဲ့ စာအုပ်တွေ လက်ဆောင်ပေးဖြစ်တယ်။ ဖတ်ဖို့လည်း ပြောရတယ်။ နိုင်ငံခြားတို့ ဘာတို့ သွားကြမယ့် မိတ်ဆွေတွေကိုတော့ ကိုယ့်ဇာတိကို သိအောင် မမေ့အောင်လို့ 'ကမ္ဘာ့အကြီးဆုံးစာအုပ်' တို့၊ 'ကျွန်မတို့ မန္တလေးက မန္တလေးတောင်' တို့ 'ကမ္ဘာ့အကြီးဆုံး ကျောက်ဆင်းတုတော်' တို့ ယူသွားကြဖို့၊ ဖတ်ကြဖို့ မှာရ၊ ပြောရတယ်။

လူထုကြီးပွားရေး စာအုပ်တိုက်ဟာ စစ်ဖြစ်နေချိန်မှာတောင် စာအုပ်ထုတ်ဝေရေးကို မရပ်တန့်ခဲ့ပါဘူး။ အခုထိလည်း အရှိန်အဟုန်ကောင်းမွန်စွာ စီးဆင်းနေဆဲ ဖြစ်ပါတယ်။ ဒါဟာ အမေရဲ့ အားထုတ်ခဲ့မှုတွေလည်း ပါဝင်ပါတယ်။

၁၉၈၈ မတိုင်ခင်နဲ့ ၁၉၈၈ ကာလ၊ ၁၉၈၈ လွန်အချိန်တွေမှာ မန္တလေးရဲ့ စစ်မှန်တဲ့ စာပေအင်အားစုတစ်ရပ်ကို အမေက ရင်အုပ်မကွာ စောင့်ရှောက်ပေးခဲ့တယ်။ လက်ဆင့်ကမ်း သင့်ရာကိုကမ်းပြီး ပြုစုပျိုးထောင်ခဲ့တယ်ဆိုရင် ဒါ မှန်ပါတယ်။ နိုင်ငံရေးအရ၊ စာပေအရ ပိုမိုထက်သန်လာအောင်၊ အမြင်အတွေး ကြည်လင်အားကောင်းလာအောင် အမေက ရေလောင်း ပေါင်းသင်ခဲ့တယ်ဆိုရင်လည်း မမှားပါဘူး။

မိန်းမသားတစ်ယောက်အနေနဲ့ ရတောင့်ရခဲဖြစ်တဲ့ စာရေးဆရာနဲ့ သတင်းစာဆရာဘဝကို အမေက သစ္စာရှိခဲ့တယ်။ အစွမ်းကုန် အားထုတ်ကြိုးပမ်းခဲ့သူတစ်ဦး ဖြစ်ပါတယ်။ ဒါကြောင့် အမေ့ကိုကမ္ဘာကသိပြီး မြန်မာက ချစ်ရ၊ တန်ဖိုးထားရတာပါ။

အမေက နောက်ဆုံးစကားလို့ သုံးခဲ့တဲ့ စာစုလေးတစ်ခု လက်ဆင့်

ကမ်းချင်ပါတယ်။ အမေ့ရဲ့ ကြယ်တံခွန်လိုလင်းတဲ့ စေတနာ မေတ္တာတွေကို ထင်းနေရှင်းနေအောင် မြင်ရမှာပါ။

(ငါ့သားတို့ သမီးတို့ကို အမေပြောချင်တာက ဘဝကို ရင်ဆိုင်ရတဲ့ အခါမှာ တိုက်ပွဲကိုလည်း မင်းတို့ တွေ့ကြုံကြမှာ အမှန်ပဲ။ တိုက်ပွဲမှာ ကိုယ်ရှုံးရင် ရှုံးရလေခြင်း မအောက်မေ့ပါနဲ့။ ငါ့လိုလူတွေ အများကြီး။ ဒီလိုရှုံးရာက လူးလဲထရတာပဲလို့ သိလိုက်ပါ။ ပြီးတော့ ဆက်လျှောက်ပါ။

အမေဖြင့် အသက်ရှည်လွန်းလို့ တိုက်ပွဲတွေက ပိုများသလား။ ငါက ခေါင်းမာလို့ပဲ ပိုခံရသလားလို့တောင် အောက်မေ့ပါရဲ့။ ဒါပေမယ့်လည်း အဲဒါလည်းမဟုတ်ပါဘူး။ အမေ့လောက် အသက်မကြီးသေးပေမယ့် အမေ့ ထက်ပိုများတဲ့ တိုက်ပွဲတွေ ရင်ဆိုင်ကျော်လွှားနေရတဲ့လူတွေ အများကြီး ရှိတာပေါ့။ ဒါဟာ လူ့ဘဝပါပဲ။

ဒါကြောင့် အမေက နောက်ဆုံးစကားအနေနဲ့ လုပ်စရာရှိတာတွေကို သတ္တိနဲ့ပဲ လုပ်ကြ။ ကိုယ်ကရှုံးရင်လည်း ပြန်ထကြ။ ငယ်တုန်းရွယ်တုန်း ကိုယ့်မှာ အားမာန်အပြည့်ရှိတုန်း လူ့ဘဝရဲ့ အခက်အခဲတွေ မှန်သမျှကို ရင်ဆိုင်ကြ ကျော်လွှားကြပါ။ ဒါဟာ ဘာမှမဆန်းပါဘူး။ လူတိုင်းလူတိုင်း ဟာ တစ်မျိုးမဟုတ် တစ်မျိုး ကြုံတွေ့နေကြရတာချည်းပါပဲ။ အဲ··· အို လာရင် လူစွမ်းလူစ ပိုပိုပြီး တုံးလာတယ်။ နောက်ဆုံးကျတော့ အားလုံး ကို လက်မြှောက်ရတဲ့ဘဝ ရောက်လာလိမ့်မယ်။ ဒါကြောင့် အချိန်အရွယ် ရှိတုန်း လုပ်စရာရှိတာတွေကို လုပ်ကြပေရော့လို့ အမေ ပြောလိုက်ပါရစေ)

သူ့ဘဝတစ်လျှောက်လုံး ရှာဖွေထိတွေ့ သိမြင်ခဲ့သမျှအားလုံးကို နောက်ဆုံးအချိန်ထိ ပေးနေခဲ့တဲ့ အမေ လူထုဒေါ်အမာဟာ ၂၀၀၈ ခုနှစ်၊ ဧပြီလ ၇ ရက်၊ နံနက် ၈ နာရီ ၃၇ မိနစ်မှာ နှလုံးရောဂါနဲ့ မန္တလေးမြို့ မှာပဲ ကွယ်လွန်ခဲ့ပါတယ်။ ဧပြီလ ၉ ရက်နေ့ မနက် ၁၀ နာရီမှာ ကြာနီ ကန် သုသာန်တွင် မီးသဂြိုဟ်ခဲ့ပြီး အမေ့ရဲ့ပြာကို ဧရာဝတီမြစ်ထဲ မျှောခဲ့ ပါတယ်။

ဧရာဝတီမြစ်ကြီးနဲ့ အမေ အတူတူရှိနေတာ ကျေနပ်စရာပါ။

ကျွန်မတို့ နိုင်ငံသားတွေလည်း နှစ်သက်ကျေနပ်လိမ့်မယ်လို့

ယုံကြည်မိတယ်။

ခုတော့ အမေ့ကိုယ်စား ဧရာဝတီမြစ်ကြီးကိုသာ ထာဝရ…။

ကိုးကား

အောင်မြင့်ဦး (လူထုစာကြည့်တိုက်)
"လူထုဒေါ်အမာ ဘဝနဲ့ စာပေရက်စွဲများ"

နှင်းဆီအောင်

မြတ်ဗုဒ္ဓက ဒီမိုကရေစီ စကားလုံးကို မသုံးနှုန်းခဲ့ပေမယ့်
သာသနာတော်ကြီးကို ဒီမိုကရေစီနည်းကျစွာ
တည်ထောင်တော်မူခဲ့ပါတယ်။ ယောကျ်ားမိန်းမ
ခွဲခြားခြင်း မရှိခဲ့ပါဘူး။ အားလုံးတန်းတူညီတူ
အခွင့်အရေးပေးခဲ့ပါတယ်။
ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကို ယောကျ်ားလည်း
ပြုခွင့်ရှိပါတယ်။ မိန်းမလည်း ပြုခွင့်ရှိပါတယ်။
နိဗ္ဗာန်ကိုတောင် ယောကျ်ားမိန်းမ
တန်းတူ စံဝင်ခွင့်ရှိပါတယ်။

# မိန်းမသားတို့ဘဝ ခွင့်တူညီမှုရကြပါစေ

## သကျနွယ်(ရွှေပင်လယ်)

ကမ္ဘာပေါ်မှာ မိန်းမတွေဟာ ယောကျ်ားတွေရဲ့ အဖိနှိပ်ခံဘဝနဲ့ ကာလရှည်စွာ နေခဲ့ရပါတယ်။ ယောကျ်ားတွေဟာ မိန်းမတွေကို ဝတ်ကြီးဝတ်ငယ် ပြုစုဖို့လောက် သိမ်းပိုက်ထားခဲ့ပါတယ်။ အဖျော်ဖြေခံ၊ အသုံးတော်ခံ အရာဝတ္ထုတစ်ခုလိုပဲ သဘောထားခဲ့ကြပါတယ်။ ယုတ်ညံ့တယ်လို့ ယူဆခဲ့ကြပါတယ်။

ကမ္ဘာမှာ လူသားတွေ ကြီးမြတ်တယ်လို့ ကိုးကွယ်နေကြတဲ့ အချို့ ဘာသာတရားတွေကတောင် မိန်းမတွေကို ဖိနှိပ်ချုပ်ခဲ့ကြပါတယ်။

မိန်းမသားတွေဟာ ဝိမုတ္တိသုခ - လွတ်ငြိမ်းချမ်းသာကို ရရှိခံစားနိုင်ကြတာ မဟုတ်ဘူးလို့ ခံယူထားကြပါတယ်။ မိန်းမသားတွေမှာ ဘာသာရေးကျမ်းစာ ဖတ်ခွင့်မရှိပါဘူး။ ဒါကို ကျူးလွန်မိရင် လျှာကို ဖြတ်ပစ်တတ်ကြပါတယ်။

ဘုရားကျောင်းလည်း တက်ခွင့်မရှိပါဘူး။ ဘာသာရေး ထုံးထမ်းစဉ်လာတွေကို ပြုလုပ်ချင်ရင်တော့ ကိုယ့်အိမ်မှာပဲ ကိုယ်ပြုလုပ်ရပါတယ်။

တချို့ကလည်း ယောကျ်ားတွေက မြင့်မြတ်တယ်။ မိန်းမသားတွေက ယုတ်နိမ့်တယ်၊ ယောကျ်ားဖြစ်ရတာက ကုသိုလ်ကံ အားကြီးလို့၊ မိန်းမဖြစ်ရတာက ကုသိုလ်ကံ အားနည်းလို့ လို့ ယူဆထားကြပါတယ်။

ဒါနဲ့ ပတ်သက်ပြီး ဓမ္မဘောရီ - အရှင်ဝီရိယ(တောင်စွန်း)မထေရ်မြတ်က 'လူတိုင်းအတွက် ပဋ္ဌာန်း' စာအုပ် ဣန္ဒြိယ-ပစ္စည်းကဏ္ဍမှာ မိန့်တော်မူထားတာက အဲဒီအယူအဆ အမှားတွေကို ချိုးဖျက်သန့်စင်စေပါတယ်။

"အမှန်ကတော့ ယောကျ်ားမိန်းမ ဖြစ်ရတာဟာ ကုသိုလ်ကံ အနည်းအများနဲ့ မဆိုင်ပါဘူး၊ အင်္ဂုတ္တရနိကာယ၊ သတ္တက နိပါတ်၊ သံယောဂသုတ် (အံ၊ ၂ - ၄၄၀) မှာ မြတ်စွာဘုရား ဟောတော်မူတာကတော့ 'မိန်းမဟာ မိန်းမရဲ့ဘဝ၊ မိန်းမတို့ရဲ့ အမူအကျင့်နဲ့ အဝတ်တန်ဆာတို့ကိုပဲ သာယာနှစ်သက်နေမယ်၊ မိန်းမအဖြစ်နဲ့ပဲ ယောကျ်ားများအပေါ်လည်း သာယာနှစ်သက် စွဲလမ်းနေမယ်ဆိုရင် မိန်းမဟာ မိန်းမအဖြစ်ကို မလွန်မြောက်နိုင်ပါဘူး။ မိန်းမသေပြီးရင် မိန်းမပဲပြန်ဖြစ်နေမယ်။ ယောကျ်ားများလည်း အလားတူပဲ၊ ယောကျ်ားအဖြစ်နဲ့ပဲ မိန်းမများအပေါ်ပဲ သာယာစွဲလမ်းနေမယ်ဆိုရင် (ကာမေသုမိစ္ဆာစာရကံလို ကံတစ်ပါးပါးက ဟန့်တားခြင်း မပြုသေးသမျှ) ယောကျ်ားသေပြီးရင် ယောကျ်ားပဲ ပြန်ဖြစ်နေမယ်" လို့ မိန့်တော်မူပါတယ်။

ယောကျ်ားဖြစ်ခြင်း၊ မိန်းမဖြစ်ခြင်းဆိုတာ ကုသိုလ်ကံ အကြီးအသေးနဲ့ မဆိုင်ဘူး။ အစွဲဥပါဒါန်နဲ့သာ ဆိုင်တယ်လို့ ဆိုလိုတာပါ။ မှန်ပါတယ်။ ယောကျ်ား မိန်းမ ဖြစ်ရတာ၊ အထီး အမ ဖြစ်ရတာဟာ ကုသိုလ် အကုသိုလ်နဲ့ ဆိုင်မယ်၊ ကုသိုလ်ကံ အကြီးအသေးနဲ့ ဆိုင်မယ်ဆိုရင် မြတ်စွာဘုရားရှင်တို့ရဲ့ ပါရမီဖြည့်စဉ်ကာလ ဘဝဖြစ်ရပ်တွေထဲမှာ ဘုရားလောင်းပြီးရင် ကုသိုလ်တရား အလွန်အားကြီးတဲ့ ယသော်ဓရာအလောင်းဟာ ယောကျ်ားဘဝတွေ ယောကျ်ားဘဝတွေ ပြောင်းလဲဖြစ်သွားနိုင်ပြီး ကုသိုလ်ကံ အားနည်းတဲ့ ဒေဝဒတ်အလောင်းက မိန်းမဖြစ်သွားလောက်ပါတယ်။ တခြားအသချေ်တိုင်အောင် ပါရမီတွေ ဖြည့်ကြရတဲ့ ခေမာထေရီတို့၊ ဓမ္မာဒိန္နာတို့စတဲ့ ထေရီမကြီးတွေရဲ့ အလောင်းတွေလည်း ကုသိုလ်အားကြီးသူတွေပဲဖြစ်ကြလို့ ယောကျ်ားဘဝတွေ ပြောင်းလဲဖြစ်သွားကြမှာပေါ့။ ဒီလိုသာ ကုသိုလ်ကံအားကြီးလို့ ယောကျ်ားဘဝပြောင်းပြီး ဖြစ်ကြမယ်ဆိုရင် ပါရမီဖြည့်သူတိုင်း ယောကျ်ားချည်း ဖြစ်သွားကြလောက်ပါတယ်။ မြတ်စွာဘုရားရှင်(သံယောဂသုတ်မှာ) ဟောတော်မူတဲ့အတိုင်း ဘယ်လောက်ပဲ ကုသိုလ်

တွေ ပါရမီအားတွေကြီးနေနေ မိန်းမဘာဝအပေါ် ဥပါဒါန်မပြတ်သမျှ မိန်းမသာ ဖြစ်ရတယ်။ ယောကျ်ားဘာဝအပေါ် ဥပါဒါန်မပြတ်သမျှ ယောကျ်ားအဖြစ်ရတယ်လို့သာ အမြင်ရှင်းရှင်း မှတ်ယူဖို့ပါ။

အပြောင်းအလဲအနေနဲ့ ဖြစ်လိုရင်တော့ မိန်းမက မိန်းမဘာဝအပေါ်မှာ ဥပါဒါန်ပြတ်ပြီး သီလစတဲ့ ကုသိုလ်ပြုရင် ယောကျ်ားဘာဝကို ပြောင်းလဲတယ်။ ယောကျ်ားများကတော့ ကာမေသုမိစ္ဆာစာရကံ ကျူးလွန်မိရင် ယောကျ်ားဘာဝက မိန်းမဘာဝကို ပြောင်းလဲတယ်လို့ ကျမ်းဂန်များမှာ ဆိုပါတယ်။ ကမ္ဘာ့လူဦးရေမှာလည်း ယောကျ်ားဦးရေကလျော့ပြီး မိန်းမဦးရေက တိုးနေပါတယ်။ စဉ်းစားတော့ စဉ်းစားစရာပဲ။ အထူးသဖြင့် ယောကျ်ားများအနေနဲ့ ကိုယ့်ကိုယ်တရားကို စိစစ်ဆင်ခြင်ပြီး သတိထားစရာ ကောင်းတဲ့ အချက်ပါပဲ" တဲ့။

နိုင်ငံရေး နယ်ပယ်မှာလည်း မိန်းမတွေကို တားဆီးကန့်သတ်ထားတာတွေ ရှိနေတုန်းပါ။ တန်းတူညီမျှဆိုတဲ့ ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးခဲ့တဲ့ ဂရိဒေသ ဘီစီ ၄ ရာစု ၅ ရာစုခေတ်က အက်သင်း(စ)မြို့ နိုင်ငံမှာတောင် နိုင်ငံရေး စဉ်းစားဆုံးဖြတ်ရာမှာ မိန်းမတွေ မပါဝင်ခဲ့ရပါဘူး။ နိုင်ငံရေးဟာ မိန်းမတွေနဲ့ မသက်ဆိုင်ဘူးလို့ ယူဆခဲ့ကြပါတယ်။

မိန်းမတွေ မကြာသေးတဲ့ ကာလထိတိုင် ကမ္ဘာ့နိုင်ငံအသီးသီးမှာ မဲပေးခွင့် မရကြသေးပါဘူး။

ဒီအတွက် နိုင်ငံအသီးသီးက အမျိုးသမီးတွေ လှုပ်ရှားတောင်းဆိုခဲ့တာကြောင့် ၁၉ ရာစုနှစ်လောက်မှ စတင်ကာ ဆွီဒင်၊ ဗြိတိန်၊ ဖင်လန်၊ အမေရိကား စတဲ့ နိုင်ငံတွေမှာ အထိုက်အလျောက် မဲပေးခွင့် ရခဲ့တာပါ။

အရွယ်ရောက်နေတဲ့ မိန်းမတွေအားလုံး မဲပေးခွင့်ရတဲ့ နိုင်ငံကတော့ နယူးဇီလန် (၁၈၉၃) ဖြစ်ပါတယ်။ ၁၉၀၇ ခုနှစ် ဖင်လန်နိုင်ငံမှာတော့ မိန်းမတွေ မဲပေးခွင့် ရရုံသာမက ရွေးကောက်ပွဲပါ ပါဝင်ယှဉ်ပြိုင်ခွင့်ရလို့ ကမ္ဘာ့ပထမဦးဆုံး အမျိုးသမီးလွှတ်တော်အမတ်တွေ ပေါ်ထွက်လာခဲ့ပါတယ်။

ဥရောပနိုင်ငံ အများစုမှာတော့ ပထမကမ္ဘာစစ်ကြီးပြီးလောက်မှ မိန်းမတွေ မဲပေးခွင့်ရပြီး ၁၈ ရာစုနှစ်လောက်ထဲက အမျိုးသမီးအခွင့်အရေး

တောင်းဆိုခဲ့တဲ့ ပြင်သစ်ပြည်မှာတော့ သူများထက် နောက်ကောက်ကျပြီး ၁၉၄၄ ခုနှစ်မှ စတင်ရရှိတာပါ။

ဗြိတိန်နိုင်ငံမှာတော့ ၁၈ ရာစုနှစ်မှာ မိန်းမတွေ စတင်မဲပေးခွင့်ရသလို သူတို့ရဲ့ ကိုလိုနီနိုင်ငံတစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံမှာလည်း အသက် ၁၈ နှစ် ပြည့်ပြီးတဲ့ မိန်းမတွေအားလုံး မဲပေးခွင့် ရခဲ့ပါတယ်။

မနေ့တစ်နေ့ကမှ မဲပေးခွင့်ရတဲ့ နိုင်ငံတွေလည်း ရှိပါသေးတယ်။ အဲဒီနိုင်ငံတွေကတော့ ဘာရိန်းနိုင်ငံ(၂၀၀၂)၊ ဟိုမန်နိုင်ငံ(၂၀၀၃)၊ ကူဝိတ်နိုင်ငံ (၂၀၀၅) တို့ပဲ ဖြစ်ပါတယ်။

သူတို့ထက် နောက်ကောက်ကျတဲ့ ဆော်ဒီအာရေဗျနိုင်ငံမှာတော့ ၂၀၀၅ ခုနှစ်မှာ ကျင်းပမယ့် မြူနီစပယ် ရွေးကောက်ပွဲတွေကြမှသာ မဲပေးခွင့်နဲ့ ရွေးကောက်ခံရမယ်လို့ ဆရာဖေမြင့်ရေးတဲ့ "ဒီမိုကရေစီ ဖတ်စာ" စာအုပ်မှာ ဖတ်လိုက်ရပါတယ်။

မိန်းမဆိုတာ ပညာတတ်ဖို့မလို။ အချိန်တန် အရွယ်ရောက်ရင် အိမ်ထောင်ပြု၊ သားမွေး၊ လင်ယောကျ်ားရဲ့ ဝတ်ကြီးဝတ်ငယ်ပြု၊ ဒါဆိုရပြီ။ ဒါ မိန်းမတွေတာဝန်၊ ဒီထက်ပိုပြီး ဘာမှ မျှော်လင့်စရာ၊ လုပ်စရာ မလိုဘူးလို့ အစွန်းရောက်တဲ့ အယူဝါဒကို ကျောက်ချထားတဲ့ နိုင်ငံတွေလည်း ရှိနေတုန်းပါ။

ဒီအယူအဆတွေ ဆုပ်ကိုင်ထားတဲ့ နိုင်ငံတွေမှာ ပါကစ္စတန်နိုင်ငံလည်း ပါပါတယ်။ မိန်းမတွေကို ပညာတတ်မြောက်အောင် သင်ကြားခွင့်မပေးပါဘူး။ ပညာတတ်မြောက်အောင် သင်ကြားနိုင်ဖို့ အခွင့်အလမ်းရှာတဲ့ မိန်းမတွေကိုလည်း လူသားမဆန်စွာ ထုတ်ပြန်ထားတဲ့ စည်းမျဉ်းဥပဒေတွေနဲ့ ဖိနှိပ်ညှင်းဆဲကြပါတယ်။

အဲဒီလို တောရိုင်းတိရစ္ဆာန်အောက် ယုတ်လျော့နေတဲ့ စိတ်နဲ့ ဆွဲကိုင်ထားတဲ့ အယူအဆတွေ၊ ညှင်းပန်းနှိပ်စက်မှုတွေအောက်က ပါကစ္စတန်သူလေး မာလာလာကတော့ ကြိုးစားရုန်းထွက်ခဲ့ပါတယ်။

၂၀၁၃ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်၊ ကုလသမဂ္ဂ လူငယ်ညီလာခံမှာ မာလာလာပြောခဲ့တဲ့ မိန့်ခွန်းလေးက မှတ်သားစရာ ကောင်းပါတယ်။

"သမီးလက်ထဲမှာ သေနတ်တစ်လက်ရှိမယ်ဆိုရင်တောင် အကြမ်းဖက်သမားတွေကို သမီးက မပစ်ပါဘူး။ သူတို့ သမီးကို သေနတ်နဲ့ ပစ်ခဲ့ကြပါတယ်။"

ဒီလို မေတ္တာတရားတွေကို သမီး မိုဟာမက်ထံက၊ ခရစ်တော်ထံက၊ ဗုဒ္ဓရှင်တော်မြတ်ထံက သင်ယူလေ့လာခဲ့ပါတယ်။

မာတင်လူသာကင်း၊ နယ်ဆန်လ်မန်ဒဲလား နှင့် မိုဟာမက် အလီဂျင်းနားတို့ထံက မေတ္တာအမွေကို ဆက်ခံခဲ့ပါတယ်။

သန်းပေါင်းများစွာသော ပြည်သူတွေ ဆင်းရဲဒုက္ခ ခံစားနေရတာ၊ တရားမျှတမှုတွေ မရရှိတာ၊ ပစ်ပယ်ခံနေကြရတာကို မမေ့ကြပါနဲ့။ တောက်ပတဲ့ အနာဂတ်၊ ငြိမ်းချမ်းတဲ့ အနာဂတ်ဟာ စောင့်မျှော်နေတယ်ဆိုတာ မမေ့ကြပါနဲ့။

အလွန်စွမ်းအားထက်တဲ့ စာအုပ်တွေ၊ ကလောင်တွေကိုင်ပြီး ကမ္ဘာကြီးကို ပြောင်းလဲနိုင်ပါတယ်။ ပညာရေးဟာ ပထမဖြစ်ပါတယ်။ ပညာရေးဟာ အဖြေဖြစ်ပါတယ်" တဲ့။

မြတ်ဗုဒ္ဓက ဒီမိုကရေစီ စကားလုံးကို မသုံးနှုန်းခဲ့ပေမယ့် သာသနာတော်ကြီးကို ဒီမိုကရေစီနည်းကျစွာ တည်ထောင်တော်မူခဲ့ပါတယ်။

ယောကျ်ားမိန်းမ ခွဲခြားခြင်း မရှိခဲ့ပါဘူး။ အားလုံးတန်းတူညီတူ အခွင့်အရေးပေးခဲ့ပါတယ်။

ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကို ယောကျ်ားလည်း ပြုခွင့်ရှိပါတယ်။ မိန်းမလည်း ပြုခွင့်ရှိပါတယ်။ ဒီကုသိုလ်ကတော့ ယောကျ်ားတွေသာ ပြုရမယ်။ မိန်းတွေ မပြုရဘူးလို့ ခွဲခြားခဲ့ခြင်း မရှိပါ။ နိဗ္ဗာန်ကိုတောင် ယောကျ်ားမိန်းမ တန်းတူ စံဝင်ခွင့်ရှိပါတယ်။

မိန်းမသားတွေကို ဖိနှိပ်ချုပ်ချယ်ခြင်း မရှိတဲ့အပြင် သာမန်ထက်ထူးခြားထက်မြက်တဲ့ မိန်းမတွေကို 'ဧတဒဂ်'ဘွဲ့များပင် ချီးမြှင့်တော်မူခဲ့ပါတယ်။ ဒါကြောင့်လည်း သာသနာတော်မှာ 'မိန်းမတံခွန် လူရည်မွန်' များ ပေါ်ထွက်ခဲ့ပါတယ်။

မဟာလူသား မြတ်ဘုရားကိုလည်း မိန်းမက မွေးဖွားခဲ့ပါတယ်။

ခရစ်တော်ကိုလည်း မိန်းမက မွေးဖွားခဲ့ပါတယ်။ မိုဟာမက်ကိုလည်း မိန်းမက မွေးဖွားခဲ့ပါတယ်။ ကမ္ဘာကျော်သူရဲကောင်းများကိုလည်း မိန်းမက မွေးဖွားခဲ့ပါတယ်။ ကမ္ဘာကျော် သိပ္ပံပညာရှင်၊ အနုပညာရှင် တွေကိုလည်း မိန်းမက မွေးဖွားခဲ့ပါတယ်။ အဲဒီလို 'မိန်းမတံခွန် လူရည်မွန်' များပင် ဖြစ်ပါတယ်။

အနာဂတ်သမိုင်းဆိုးတွေကို ချိုးဖျက်ကာ ကောင်းမွန်တဲ့ အနာဂတ်သမိုင်းကို ဖန်တီးမယ့် အနာဂတ်မျိုးဆက်သစ်တွေကို 'မိန်းမတံခွန် လူရည်မွန်'တို့က မွေးပေးခဲ့၊ မွေးဖွားပေးဆဲ၊ မွေးပေးဦးမယ်၊ သူတို့ ကိုယ်တိုင်လည်း စွမ်းစွမ်းတမံ ဆောင်ရွက်နေကြပါတယ်။

အဲဒီလို 'မိန်းမတံခွန် လူရည်မွန်' များအတွက် လွတ်လပ်ခြင်း၊ တရားမျှတခြင်း စတဲ့ အခွင့်အရေးတွေ ယောကျ်ားတွေနဲ့ ခွင့်တူညီမျှ ရသင့်တယ် မဟုတ်ပါလား။

ဘာကြောင့်များ မိန်းမသားတွေ ဖိနှိပ်ချုပ်ချယ် ညှင်းဆဲကြဦးမှာလဲ။

သကျုနွယ် (ရွှေပင်လယ်)

ဘုန်းကြီးပျံ စသည်တို့တွင် ပစ်ကြဲလှူဒါန်းသော
ငွေအကြွေစေ့ကိုပင် ကောက်လုတာ မကြိုက်သော
အမေ။ ကိုယ်မှန်တယ်ထင်ရင် ရှုံးချင်ရှုံးပါစေ
တစ်ခုခုပြန်လုပ်ခဲ့ဆိုသော အမေ။ တရားဥပဒေဆိုတာ
ခေတ်အလိုက် ဘက်လိုက်တာပဲ။ ဦးနုခေတ်။
ဦးနေဝင်းခေတ်။ မဆလခေတ်။ စစ်အစိုးရခေတ်
သူ့ခေတ်နဲ့သူ ဘက်လိုက်တာပဲဆိုသော အမေ။
အန္တရာယ်ပေးမယ့်ကောင်ဆိုတာ
မြန်မြန်သတ်ပစ်ရတယ်ဆိုပြီး တစ်ထွာကျော်ကျော်
ကင်းခြေများကြီးကို တူနှင့် ခြေမြန်လက်မြန်
ထုသတ်လိုက်သော အမေ။
အမွေဆိုတာ ရထိုက်မှရတာ။
တောင်းမယူနဲ့ ရထိုက်အောင်လုပ်။
သည်းခံပြီးစောင့်ဆိုသော အမေ။

# နိုင်ငံရေးသမား လင်သားမတော်လိုပြီ

## လန်ထောင်စပ်စုလေး

ဆရာမ ဒေါ်ခင်မို့မို့နီမှ 'မိန်းမတံခွန် လူရည်မွန်' ဆောင်းပါးစာမူ တောင်းခံလာသည်။ ၁၉၉၈ခုနှစ်၊ မတ်လ ၄ ရက်နေ့က ကွယ်လွန်ခဲ့ပြီ ဖြစ်သော ကျွန်တော့် မွေးမိခင် ဒေါ်ကြင်မြိုင်အကြောင်း ရေးပေးမည်ဟု ဝန်ခံလိုက်မိသည်။ ယခင်က ကျွန်တော် စပ်စုလေးရေးမည့် ကျွန်တော့် မိခင် ကျွန်တော့်အမေအကြောင်းမှာ ဆောင်းပါးပုံစံ မဟုတ်ဘဲ ဝတ္ထုရှည် ပုံစံဖြင့် ဖြစ်သည်။ အဖေ ၁၉၅၉-၆၂ အတွင်း ရေးသားထုတ်ဝေခဲ့သည့် "ဦးစပ်စု၏ ထူးတဲ့စပ်စု (ပ+ဒု)၊ ဦးစပ်စု၏ ၇၅ နှစ်အကြား၊ ၄၉-နှစ် အမြင် ဗမာပြည်" စာအုပ် ၃ အုပ်နှင့် ဓာတ်ပုံများကို အခြေခံ၍ အချက် အလက်စု၊ ထုံထား တွေးထား၊ ကြုံရာမေးမြန်း စုံစမ်းဖတ်မှတ် ထားခဲ့သည် များမှာ ၄-၅နှစ်မက ရှိခဲ့ပြီ။ အမေ့ဘဝဖြစ်စဉ် ကွင်းဆက်ပြတ်နေသည့် နေရာများ၊ အသေအချာ မမှတ်မိတော့သည့် နေရာများ များစွာရှိရာ ဝတ္ထု ရှည်ပုံစံဖြင့် ရေးမှ အဆင်ပြေမည် ထင်ခဲ့သည်။ ၎င်းဝတ္ထုရှည်ကို "နိုင်ငံ ရေးသမား လင်သားမတော်လိုပြီ" ဟူ၍ ခေါင်းစဉ်တပ်ထားခဲ့သည်။

ယခု ဆောင်းပါးသည် "သက်ရှိထင်ရှားရှိခဲ့ ရှိဆဲဖြစ်သော အထင်ကရ ပုဂ္ဂိုလ်များ၏ ဖြစ်ရပ်မှန်များနှင့်ပါ ရောသမထားမည့်" ကျွန်တော် တစ်ချိန်ချိန်တွင် ရေးဖြစ်မည့် ၄င်းဝတ္ထုရှည်၏ မာတိကာ ရှေ့နောက်အစဉ်သဘော ဇာတ်လမ်းအကျဉ်းသဘော ဖြစ်မည်ထင်သည်။ ဒေါ်အောင်ဆန်းစုကြည်၏ "မိဘဆွေမျိုးအရင်းတို့အကြောင်း ခမ္မမိဋ္ဌာန်ကျကျ ရေးရန် မလွယ်" ဆိုသည်ကိုလည်း သတိရမိပါကြောင်း။

◆ ◆ ◆

အမေ၏ ပထမ လင်ယောကျ်ားမှာ လက်နက်ကိုင် နိုင်ငံရေးသမား အလံနီ သခင်တစ်ယောက်ဖြစ်သည်။ အထက်အမိန့်အရ ရွာတစ်ရွာတွင် လူ ၁၄ ယောက် သတ်ခဲ့၍ အဖမ်းခံခဲ့ရရာ ဦးနုအစိုးရလက်ထက်တွင် ကြိုးပေးခြင်း ခံရသည်။ ၄င်းယောကျ်ားဖြင့် သမီးတစ်ယောက် ရခဲ့သည်။ အမေသည် သူ၏ ဒုတိယအိမ်ထောင်နှင့် သမီးတစ်ယောက် ရခဲ့ပြန်သည်။ ၄င်း အမေ၏ ဒုတိယလင်ယောကျ်ားသည် ၁၉၅၀ ပြည့်နှစ်လောက်က တရုတ်ပြည်ဘက် ထွက်ပြေးသွားသည်။ ကွန်မြူနစ်တစ်ယောက်ဖြစ်သည် ဟုလည်းကောင်း၊ ကိုယ်ကိုယ့်ကိုယ် သတ်သေသွားသည်ဟုလည်းကောင်း ဆိုကြသည်။ နိုင်ငံရေးသမားတစ်ယောက်ပင် ဖြစ်လောက်သည်။ လက်နက်ကိုင် မကိုင် မသေချာ။

အမေ၏ တတိယ လင်ယောကျ်ားမှာ ကျွန်တော့်အဘ (ကျွန်တော့်အဖေ ဦးစပ်စု) ဖြစ်သည်။ အဘ ဦးစပ်စုနှင့် အမေ အိမ်ထောင်ကျပြီး ကျွန်တော် စပ်စုလေး(ဦးဖြူဝင်း)နှင့် ဒေါ်စုစုမြိုင် (ချမ်းမြေ့ရိပ်သာ)၊ ဒေါ်စုစုကြည် (ကမ္ဘာကျော်အလင်းတိုင်-မန္တလေး) ဟူ၍ သားသမီးသုံးယောက် ထွန်းကားခဲ့သည်။ မြန်မာစာ ဖတ်တတ်ရေးတတ်၊ မြန်မာစကားကို ပွန်ပွန်ရည်ရည် ပြောတတ်သော သုံးတန်းအောင် အမေသည် ၄င်းဦးစပ်စုဆိုသော တရုတ်သူဌေးကြီးနှင့် အိမ်ထောင်ကျသည်မှစ၍ ကွယ်လွန်ချိန်အထိ မြန်မာ့နိုင်ငံရေး ဇာတ်ခုံပေါ်တွင် အခြေအနေအမျိုးမျိုးအရ ဇာတ်ကွက်အမျိုးမျိုး ကခဲ့ဆိုခဲ့ရသည်။ ရယ်ခဲ့ငိုခဲ့ရသည်။ နောက်ဆုံး "နိုင်ငံရေးသမားတို့နှင့် လင်အဖြစ်သားအဖြစ်၊ ဆွေအဖြစ်မျိုးအဖြစ် ဘဝဆက်တိုင်းဆက်တိုင်း

မတော်စပ်ရပါကြောင်း" ဘုရားစင်ရှေ့တွင် အကြိမ်ကြိမ် ဆုတောင်းသွားခဲ့သည်။ သူကိုယ်တိုင် နိုင်ငံရေးသမားတစ်ယောက်ဖြစ်နေကြောင်းကိုကား အမေသည် သိမသွားခဲ့ရှာပါ။ ကျွန်တော် စပ်စုလေးကလည်း ရှင်းပြခွင့်မကြုံခဲ့ပါ။

◆ ◆ ◆

အမေနှင့် အဘဦးစပ်စုတို့ နှစ်ယောက်ပေါင်း ပွဲဦးထွက်ပွဲမှာ ဘဘကြီး ဦးနု၏ လမ်းမတော်အမတ်အဖြစ် မဲနိုင်သည့် ဂုဏ်ပြုပွဲ (၁၉၅၁ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်) ဖြစ်သည်။ ကိုကြီးနုနှင့် မမရီ (ဒေါ်မြရီ)ဆိုသော "နှလုံးသားက ပိုကြီးကြသည့် နုနှင့်ရီ" စသော နိုင်ငံရေးသမားတို့နှင့် အမေ မကြင်မြိုင် စတင်တွေ့ကြုံ ခင်မင်ခွင့်ရသော ပွဲဖြစ်သည်။ ၁၉၄၅ - ဒီဇင်ဘာတွင် လမ်းမတော်အမတ် ဗိုလ်ချုပ်အောင်ဆန်းကို ပြိုင်ဖက်မရှိ အနိုင်ရစေရန် အဘဦးစပ်စုက ကူညီခဲ့ဖူးသည်။ ထိုစဉ်က တရုတ်တန်း၏ "ကျော့်စွာ" အင်္ဂလိပ်စာတတ်တရုတ်ကြီး "အော်မျိုးရှု"သည် ဦးစပ်စုတို့ကြောင့် ရွေးကောက်ပွဲမှ မခံချိမခံသာ နုတ်ထွက်ခဲ့ရကာ ဗိုလ်ချုပ်အောင်ဆန်းကို နောက်ဆုတ်ပေးခဲ့ရဖူးသည်။ ယခုပွဲတွင်လည်း ဖဆပလ မဲပုံးပေါ်တွင် တင်ထားပေးသည့် ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံဆိုသော ဦးစပ်စုတို့၏ အကြံကောင်းတစ်ချက်သည် လမ်းမတော်အမတ် သခင်နုကို အော်မျိုးရှုကိုရော၊ ဗိုလ်ချုပ်အစ်ကို "ဦးအောင်သန်း" တို့အပေါ်ကိုပါ အပြတ်အသတ်အောင်နိုင်စေခဲ့ပြန်ပါသည်။

အဘဦးစပ်စု၏ လန်ထောင်ဟိုတယ်၊ လန်ထောင်စတိုး၊ လန်ထောင်စာပေတိုက်ရှိရာ ၇၄၆၊ မဟာဗန္ဓုလလမ်းနှင့် ၉၃-လမ်းမတော်လမ်းဒေါင့် ပလက်ဖောင်းပေါ်တွင် အဘအကုန်အကျခံ၍ ကျင်းပသည့် ၄င်းလမ်းမတော်အမတ် သခင်နု မဲနိုင်ဂုဏ်ပြုပွဲ၌ "နုနှင့်ရီ"နှင့်ဖဆပလ တို့သည် ပရိသတ် ၅၀၀ ကျော်တို့ကို ရယ်ရယ်ပြုံးပြုံး အောင်နိုင်မှု မိန့်ခွန်းတွေ ခြွေခဲ့ကြသည်။ မြန်မာအင်္ဂလိပ်စာမတတ် တရုတ်ကြီး အဘဦးစပ်စုနှင့် အမေကရင်မလေး (၁၉၂၅-ခုဖွား၊ တောအမည် မသိန်းကြည်၊ မြို့အမည် မကြင်မြိုင်) တို့

ကို နုနှင့်ရီတို့က ဤပွဲမှာပင် လက်ထပ်ပေးခဲ့ကြသည်။ ဂျပန်ခေတ် ဗိုလ်ချုပ်အောင်ဆန်း၏ လူယုံအဖြစ် ဖဆပလနှင့် အမာခံ (closed friend) ခရိုနီဖြစ်လာပြီဖြစ်သော မြန်မာတို့ကို အံတုလိုသည့် တရုတ်ကျော်စွာများကို နှာတစ်ဖျားသာလိုက်ပြီဖြစ်သော၊ မြန်မာပြည်မှာနေ မြန်မာပြည်သားအဖြစ်ခံယူ မြန်မာအိမ်ရှင်တွေအကြိုက် အကျိုးပြုနေထိုင်ရမည်ဆိုသော၊ အဘ ဦးစပ်စု ကလည်း မြန်မာလို မပီမသ မိန့်ခွန်းခြွေခဲ့သည်။ ခေတ်ပုံအထောက်အထားများအရမူ စိန်ဘယက်ဆွဲထားသော အမေသည် မိဘဆွေမျိုးများကို ဆင်းရဲတွင်းမှ ကယ်တင်ပြီးဖြစ်ခဲ့သော အမေသည် အားပါးတရ ပျော်ရွှင်ခဲ့ခြင်း မရှိပါချေ။ တွေးနေသည်လား၊ ကြောက်နေသည်လား၊ နိုင်ငံရေးသမား ပထမနှင့် ဒုတိယတို့နှင့် ကွဲခဲ့ပြီးနောက် ယခုတွဲရတော့မည့် တတိယသည်လည်း သာမန်သူဌေးကြီးတစ်ဦး မဟုတ်ပါဘဲ နိုင်ငံရေးသမားတစ်ဦးပင်ဖြစ်နေပါပေါ့လားဟု တွေးကြောက်နေပုံပေါ်၏။

အမေ၏ နောက်တစ်ပွဲမှာ ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး အမေဒေါ်ခင်ကြည်၊ ဝန်ကြီးချုပ်ဦးနု၏ဇနီး အမေဒေါ်မြရီ၊ ပင်လုံဒေါ်နုရင်၊ ပင်လုံဒေါ်ကြည်ကြည်တို့ ဦးဆောင်ကြသည့် "တပ်ပေါင်းစုံ အမျိုးသမီး ချီးမြှင့်ရေးအဖွဲ့" နှင့်ဖြစ်သည်။ ၎င်းထိပ်တန်း မြန်မာအမျိုးသမီးကြီးများထံမှ အမေသည် ဩဝါဒ အမျိုးမျိုး၊ အမူအကျင့်အမျိုးမျိုး၊ အပြောအဆို အနေအထိုင် အဝတ်အစား ဆင်ယင်ထုံးဖွဲ့မှု စသော အတုခိုးစရာ အမျိုးမျိုးကို ရရှိခဲ့သည်။ ထိုခေတ်က စစ်ဘက်နယ်ဘက် ခေါင်းဆောင်များ၏ "ကတော်ကြီး" များနှင့်လည်း သိကျွမ်းခင်မင်ခဲ့ရသည်။ အတွင်းရေး သတင်းရောအတင်းပါ အမေ သိခဲ့ရဟန်တူသည်။ အများနှင့် စုပေါင်းလုပ်ဆောင်တတ်မှု၊ မင်းပွဲစိုးပွဲများ၏ သဘောသဘာဝ စသည်တို့ကို သာမန်ရိုးရိုးအအတောသူကလေး အမေသည် လက်တွေ့ဆည်းပူးခွင့်ရခဲ့သည်။ ခေတ်ပုံများအရမူ အမေ၏ ဝတ်ပုံစားပုံ မပြောင်းလဲသေး။ ရယ်ရယ်ပြုံးပြုံး မတွေ့ရသေး။ ရိုးသားမှုအပြည့်ဖြင့်သာ တွေ့ရပြီး နောင်တွေ့လာရမည့် "ငါလဲ သူဌေးကတော်တစ်ယောက်ပဲ" ဟူသော မာန်မျိုး လုံးဝမတွေ့ရသေး။

၎င်း၌ပင် အဘနှင့်အမေသည် "မမစု" ခေါ် "စုစု" နှင့် စတွေ့

ခဲ့ကြပြန်တူသည်။ အဘနှင့်အမေတို့နှင့် မမစုတို့ မိသားစု၊ အိန္ဒိယ မသွားခင်အထိ ဆက်ဆံရေး အသေးစိတ် မည်သို့ရှိခဲ့သည်ကို မသိရ။ မမေးခဲ့မိ။ အမေတို့ ဓာတ်ပုံများကိုကြည့်၍ ကျွန်တော်တို့ကို ရှင်းပြခဲ့ဖူးသည့် စာရေးဆရာမကြီး (ဒေါ်)ခင်နှင်းယုလည်း မရှိတော့ပြီ။ အစ်မ ဒေါ်အောင်ဆန်းစုကြည်ကိုမှ မမေးဖြစ်သေး။ အမေဒေါ်ခင်ကြည်ပြောခဲ့သည်ဆိုသော 'ဗိုလ်ချုပ်က သိပ်ခေါင်းမာတာပဲ''ကိုမူ ဝတ္ထုရှည်တွင်သာ ထည့်ရန် ကျွန်တော်စိတ်ကူးထားသည်။ ၈၈ အစတွင် ကျွန်တော်တို့က ''အောင်ဆန်းဦး··· အောင်ဆန်းဦး'' ဖြစ်နေချိန်တွင် ''ကိုကိုဦး (ဦးအောင်ဆန်းဦးထက်) မမစု ·· စုစု (ဒေါ်အောင်ဆန်းစုကြည်)ကို ပိုလိုလားခဲ့သော အမေ၊ ရွှေတိဂုံအနောက်ဘက်မုခ်တွင် အမေ့မိတ်ဆွေ လေးလေးထွန်းဝေနှင့် မမစုတို့၏ အထင်ကရပွဲအပေါ် အမေ၏ ဝမ်းသာပီတိ ပြောစကား၊ ဒေါ်ခင်ကြည် ဈာပနမှ ''ကမ္ဘာမကြေဘူး'' သီချင်းနှင့် အမေ··· စသည် စသည်တို့သည် အသေးစိတ်အနေဖြင့် ဝတ္ထုရှည်နှင့်သာ သင့်တော်လိမ့်မည်။

၁၉၅၈တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအတွက် အမျှဝေ ဆွမ်းကပ် ဖိတ်ကြားစာမှာ Legal စာရွက် ၄ မျက်နှာရှိပြီး ပုံနှိပ်ဝေငှ ဖိတ်ကြားလှူဒါန်း ပြုလုပ်ခဲ့ကြရာ အဘနှင့်အမေတို့ စိတ်ဓာတ် နှင့် လုပ်နိုင်စွမ်းကို ယခင်က သာမန်ဟု ထင်ခဲ့ရာမှ ကျွန်တော်အခုမှပင် ဂုဏ်ယူမိတော့သည်။ အဘမပါ အမေတစ်ယောက်တည်းအနေနှင့်မူ နေအိမ်အကျယ်ချုပ်ကျခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ သတိပေး ဆုံးမစာ 'ချမ်းသာတိုးပွားကြောင်း'ကို အမေ့ဆန္ဒအရ ရွက်ရေ ၁၀၀၀ တိတိ ဓမ္မဒါနပြုရန် ကျွန်တော်စီစဉ်ပေးခဲ့ရဖူးသည်။

အမေ့အထင်ကရ နောက်တစ်ခုမှာ ကျွန်တော် စပ်စုလေးကို မွေးပြီးတစ်လမပြည့်ခင် (၁၉၅၂-အောက်တိုဘာလ ၂ ရက်)နေ့တွင် ဦးသန့်ခေါင်းဆောင်သည့် ကယားပြည်နယ် ဝန်ကြီးစစ်ဝဏ္ဏ၊ မိုးနဲစော်ဘွား စဝ်ပြည့်၊ ဂျပန်သံအမတ်ကြီး ဦးထွန်းရှိန်တို့ ကမ္ဘာ့ကုလသမဂ္ဂသို့ မသွားမီ အဘဦးစပ်စု၏နေအိမ် ပထမထပ်တွင် ကျေးဇူးဆပ် ဂုဏ်ပြုသည့် ညစာခံပွဲဖြစ်

သည်။ အဘဦးစပ်စုနှင့် ဦးသန့်တို့သည် ဦးသန့် ကျောင်းဆရာဘ၀ကပင် စတင်သိကျွမ်းခင်မင်ခဲ့ကြသည်။ ဦးသန့် ပြန်ကြားရေးဌာန အတွင်းဝန်ဘ၀တွင် အဘဦးစပ်စုအား သတင်းစာ ရှင်းလင်းပွဲများ၊ ရေဒီယို အသံလွှင့်ချက်များဖြင့် နိုင်ငံရေးစင်မြင့်ထက်သို့ တင်ပေးခဲ့ဖူးသည်။ မိတ်ဆွေပေါင်း ၁၀၀ ကျော် တက်ရောက်သည့် ၄င်းကျေးဇူးဆပ် ဂုဏ်ပြုပွဲတွင် အမေသည် နောင်အခါ သူ၏ hero ဖြစ်လာမည့် ကိုကြီးသန့် (ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်)ကို စတင်တွေ့ကြုံ သိကျွမ်းခဲ့ရသည်။ ဦးသန့်၏ "ဦးစပ်စုကို နေ့စဉ် မြန်မာသတင်းစာတွေ ဖတ်ပြဖို့" တာဝန်ကို ၄င်းနေ့မှစ၍ အမေ ယူခဲ့ရဟန်တူသည်။



ဦးသန့်နှင့် အဘဦးစပ်စု၊ အမေ ဒေါ်ကြင်မြိုင်တို့သည် ဦးသန့် ဗမာပြည်၏ ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ်ဖြစ်အပြီး ၁၉၆၁ခုနှစ်၊

ဖေဖော်ဝါရီလ ၁၀ ရက် မြန်မာပြည်သို့ ခေတ္တပြန်လာချိန်တွင် ပြန်တွေ့ကြသည်။ ၁၉၆၁ ဖေဖော်ဝါရီလ ၁၂ ရက်စွဲဖြင့် အဘဦးစပ်စုနှင့် အမေဒေါ်ကြင်မြိုင်တို့က စာတစ်စောင်ရေးပြီး ဦးသန့်ထံသို့ ကိုယ်တိုင်သွားပေးခဲ့ကြသည်။ ဦးသန့်ကို ဂုဏ်ပြုဧည့်ခံပွဲတစ်ခုလုပ်ရန် မေတ္တာရပ်ခံခြင်းဖြစ်သည်။ ၎င်းစာကို အမေကိုယ်တိုင်ရေးပြီး ဦးသန့်လက်ခံပါမည့်အကြောင်း မွန်မွန်ရည်ရည် ရှင်းပြနိုင်ခဲ့သည်။ အမေ့မေတ္တာရပ်ခံစာကို ၂ ခေါက်တိတိ အသေအချာဖတ်ပြီးမှ အမေ့ကို ကရုဏာသက်စွာ ဦးသန့်က ရက်ချိန်းပေးခွင့်ပြုခဲ့သည်။ ထိုအချိန်က ဗမာပြည်ဆိုင်ရာ ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ်ဖြစ်နေပြီဖြစ်သော ဦးသန့်သည် မိတ်ဆွေဟောင်း တရုတ်ကြီး အဘဦးစပ်စုကို အားနာသည်ထက် သာမန်ကရင်အမျိုးသမီး အမေမကြင်မြိုင်အပေါ် ချီးမြှောက်လိုသည်က ပိုခဲ့မည်ဟု ကျွန်တော်တွေးဆမိသည်။

၎င်းမိတ်ဆွေ ၁၀၀ ကျော် တက်ရောက်သည့် ၁၉၆၁ ဖေဖော်ဝါရီ ၂၀ ရက် ဦးသန့်ဂုဏ်ပြုဧည့်ခံပွဲကို ကျွန်တော်တို့တိုက် ဒုတိယထပ်တွင် အဘသည် အတီတ်နိမိတ်ယူ၍ ပြုလုပ်ခဲ့သည်။ "ရာထူးကြီးတစ်ခု လက်ခံရရှိဖို့ မြင်ကြောင်း" အဘ တရုတ်ကြီး၏ မပီမသဟောကိန်းထက် သန့်ရှင်းသပ်ရပ် ပကာသနမပါ ဝတ်စားဆင်ယင်မှုဖြင့် ကျေးဇူးတင်လွှာ ဖတ်ကြားသည့် အမေ့၏ မွန်မွန်ရည်ရည် ပီပီသသ ဖတ်ကြားမှုကို မဟာသရေစည်သူ ဦးသန့်သာမက မဟာသရေစည်သူများဖြစ်ကြသည့် ဦးစိန်၊ စဝ်ခွန်ကြည်တို့ ပါဝင်သော ပရိသတ်အများက သဘောကျလက်ခုပ်တီး ဩဘာပေးခဲ့ကြသည်။

၁၉၆၁ ဖေဖော်ဝါရီ ၂၃ ရက် ဦးသန့် ကုလသမဂ္ဂသို့ မြန်မာပြည်မှအပြန် ကျွန်တော်တို့ မိသားစုအားလုံး မင်္ဂလာဒုံလေဆိပ်သို့ သွားရောက်နှုတ်ဆက် ပို့ဆောင်ခဲ့ကြသည်။ ဦးသန့်က အဘ ဦးစပ်စုလက်မောင်းကို ရင်းရင်းနှီးနှီးကိုင်၍ သူ့မိတ်ဆွေများကို လိုက်လံမိတ်ဆက်ပေး နှုတ်ဆက်ခဲ့သည်။ အမေ၏ ဒုတိယအိမ်ထောင်နှင့် ရရှိသောသမီးက ဦးသန့်ကို ပန်းစည်းဆက်ခဲ့သည်။ ထို့နောက် ဦးသန့် ကုလသမဂ္ဂတွင် ခေတ္တအတွင်းရေးမှူးချုပ်ရာထူးအတွက် ပြိုင်ဆိုင်နေရစဉ် ဦးသန့်၏မိခင် ဒေါ်နန်းသောင် ကျန်းမာရေး

မကောင်း၍ ခွဲစိတ်ကုသခံခဲ့ရရာ ဦးသန့်ညီများနှင့်အတူ အမေနှင့် အဘတို့က 'ဦးသန့် ဗမာပြည်ပြန်လာစရာ မလိုကြောင်း၊ စိတ်အေးအေးဖြင့် ရာထူးအရေး အတွက်သာ လုံးပန်းစေလိုကြောင်း' ကူညီခဲ့ကြသည်။

၁၉၆၁ နိုဝင်ဘာ ၃ ရက်တွင် ဦးသန့် ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေး မှူးချုပ် ဖြစ်လာသည်။ အဘနှင့်အမေတို့ ဦးသန့်ထံ ဝမ်းမြောက်ကြောင်း သံကြိုးရိုက်ကြသည်။ ဦးသန့်ကလည်း "ကျေးဇူးတင်ကြောင်း၊ မိတ်ဆွေ များ၏ ဆန္ဒနှင့် ယုံကြည်ချက်ကြောင့်သာ ဤကြီးလေးလှသော တာဝန်ကြီး ကို သက်သက်သာသာနှင့် ရဲရဲဝံ့ဝံ့ ယုံကြည်စွာ ထမ်းဆောင်နိုင်ခြင်းဖြစ် ကြောင်း၊ ၄င်းယုံကြည်မှု တန်ဖိုးကို စွမ်းဆောင်နိုင်မှု ဘောင်အတွင်းမှ အစွမ်းကုန် ကြိုးစားသွားမှာဖြစ်ကြောင်း" အကြောင်းပြန်ခဲ့သည်။

၁၉၆၂ စက်တင်ဘာလတွင် ဆိုဗီယက်ဝန်ကြီးချုပ် မစ္စတာကရုရှက် က "၁၉၆၃ ဧပြီ ၁၀ ရက်တွင် ဦးသန့်၏ ခေတ္တအတွင်းရေးမှူးချုပ်ရာထူး သက်တမ်းကုန်တော့မည်၊ သုံးပွင့်ဆိုင် (ခေါ်) အတွင်းရေးမှူး သုံးယောက် ထားမည့်အစီအစဉ်ကို သူက အဆိုတင်သွင်းပါသည်"တဲ့။ ဦးသန့် ရာထူး ပြုတ်၍ မြန်မာပြည် ပြန်လာရတော့မည်လော။ အဘနှင့်အမေတို့ ဦးသန့် အတွက် စိုးရိမ်ပူပန်ကြသည်။ အဘက ဦးသန့်အတွက် တရုတ်ဗေဒင်သွား တွက်သည်။ 'ဦးသန့်ရာထူးအတွက် ပူစရာမရှိ' ဟု အဖြေထွက်သည်။ ဦးသန့် ၁၉၆၂ ဖေဖော်ဝါရီ ၂၃ ကုလသမဂ္ဂသို့အပြန် မင်္ဂလာဒုံလေဆိပ် တွင် အဘလက်မောင်းကိုကိုင်၍ မိတ်ဆွေများကို လိုက်လံနှုတ်ဆက်သည့် ဓာတ်ပုံနောက်ကျောတွင် တရုတ်ဗေဒင်အရ ရာထူးအတွက် ပူပင်ရန်မလို ကြောင်း အဘအပြောကို အမေက မြန်မာလိုရေးပေးရသည်။ အဘ၏ တရုတ်ဗေဒင်ထက် အမေ့ မညီမညာ လက်ရေးနှင့် ဓာတ်ပုံသည် 'နေရှင်း သတင်းစာဆရာကြီး ဦးလောရဲ့က မာနကြီးသည်ဟု အပြောခံရသော ဦးသန့်' ကို (ဒီတစ်ချီတွင်တော့) "heart"ထိသွားပုံပေါ်သည်။ အမေနှင့်အဘ ၏ ဓာတ်ပုံနှင့်စာကို ရရခြင်း "ဖြတ်ထိုးဉာဏ်အင်မတန်ကောင်းသူဟု ကမ္ဘာ့အသိအမှတ်ပြုခံရသူ" ဦးသန့်သည် သူ လက်မောင်းပုတ် နှစ်သိမ့်ရ မည့်သူတစ်ဦးဖြစ်သည့် မစ္စတာကရုရှက်ကို ပထမဦးဆုံး သွားတွေ့ခဲ့သည်။

အမေရိကန်သမ္မတ ကနေဒီနှင့် တခြားအရေးကြီးခေါင်းဆောင်များကိုလည်း ထိုနည်းလည်းကောင်း။ (ဤမျှရိုးစင်းသော အကြံကို ဤမျှရိုးစင်းသောနည်းဖြင့် ဦးသန့်ကို ပေးဝံ့ကြသည့် အမေနှင့်အဘာကို ကျွန်တော် အထင်သေးခဲ့ဖူးသော်လည်း သဘောတရားနှင့် လက်တွေ့တွင် လူတို့၏ ရိုးရိုးသားသားဆုံးဖြတ်အသုံးချနိုင်မှုကသာ အခရာကျကြောင်း ကျွန်တော် သဘောပေါက်စပြုပါပြီ။)

ထို့နောက် မကြာခင် တတိယကမ္ဘာစစ်ကို ဦးတည်သည့် ကျူးဘားအရေးအခင်း ဖြစ်လာခဲ့သည်။ ဦးသန့်၏ မာနမထား ကြိုတင်မိတ်ဖွဲ့ထားနိုင်ခဲ့မှုများသည်လည်းကောင်း၊ ၁၉၅၅-ဘန်ဒေါင်းညီလာခံ၊ ၁၉၆၁-ဘဲဂရိတ်ဘက်မလိုက်ညီလာခံ စသည်များ၏ အတွေ့အကြုံများသည်လည်းကောင်း၊ ဦးသန့်ကို ကျူးဘားအရေးအခင်း ဖြေရှင်းရာတွင် အထောက်အကူပေးပြေလည်စေခဲ့ပြီး 'ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာ' ဘွဲ့ကို ရရှိစေခဲ့သည်။ ၁၉၆၂- နိုဝင်ဘာ ၃၀ ရက်တွင် ဦးသန့်တစ်ဦးတည်းကို အဖွဲ့ဝင်နိုင်ငံအားလုံးက ကန့်ကွက်သူမရှိ တညီတညွတ်တည်း ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်အဖြစ် အတည်ခန့်အပ်ကြသည်။ ၁၉၇၄ ဦးသန့်ကွယ်လွန် ချိန်တွင် အဘာဦးစပ်စု မရှိတော့။ အသက် ၆၅ နှစ်အရွယ် ၁၉၆၆ ကပင် အဘာကွယ်လွန်ခဲ့ပြီ။

၁၉၆၂ ခုနှစ်၊ မတ်လ ဦးနေဝင်း အာဏာသိမ်း၊ ဆိုင်တွေ၊ စက်ရုံတွေ၊ ကုမ္ပဏီတွေ ပြည်သူပိုင်သိမ်း၊ ငွေစက္ကူတွေ တရားမဝင် ကြေညာသည်မှစ၍ အဘာနှင့်အမေတို့ စီးပွားပျက်ကြပြီ။ သမ္မာန်သမားဘဝ သာမန်တရုတ်ကလေးဘဝမှ သူဌေးဖြစ်လာခဲ့သူ အဘာဦးစပ်စုသည် ချမ်းသာရာမှ ပြန်မဆင်းရဲလိုပြီ။ သမ္မတကြီး စဝ်ရွှေသိုက်ကတော် စဝ်ဟင်ခမ်း၊ သမီးစဝ်စန္ဒာတို့နှင့် ဝတ်စားဆင်ယင်မှုကအစ အပြိုင်ကြဲနေပြီဖြစ်သော ကုမ္ပဏီပိုင်ရှင်အမေ ဒေါ်ကြင်မြိုင်သည်လည်း အောက်ပြန်မဆင်းလိုတော့။ နှစ်ဦးအတူတကွ စိတ်တူကိုယ်တူ ကိုယ့်အားကိုယ်ကိုး တစ်ကပြန်စကြရန် ဆန္ဒမရှိကြတော့။ သူတစ်ပါးတို့ကို အားကိုးမှားမိကြပြီ။ အဘာနှင့်အမေ ကွာရှင်းပြတ်စဲ။ အဘာက အပြောကောင်း ဟန်ကောင်း သူတပည့်တစ်ယောက်နှင့် အမေ့ကို

ပေးစား။ သူ့အိမ်ကြီးပိုင်ဆိုင်ခွင့်ကို အမေ့နာမည်ပြောင်းစေပြီး အမေနှင့် ကျွန်တော်တို့သားသမီးသုံးယောက်ကို အမွေပေး။ တတိယထပ်ကို အမေ့ညီမ ကျွန်တော့် အဒေါ်ကို အိမ်လခယူပြီး ပေးနေ။

၁၉၆၆ တွင် အဘ ဆီးချိုသွေးတိုးဖြင့် ကွယ်လွန်။ ယုံစား၍ အဘပေးစားခဲ့သည့် အမေ့စတုတ္ထအိမ်ထောင်က မယားကြီးသားကြီးတွေ ပေါ်လာ။ "မဆလ တင်းပြည့်ပါတီဝင်" တဲ့။ "အိမ်လခပေးရင် အိမ်ပိုင် တယ်ဆိုသော မဆလမူအရ အမေ့ညီမ (ကျွန်တော့်အဒေါ်)က အိမ်တတိယ ထပ်ကို အပိုင်စီးသွားလိမ့်မယ်"တဲ့။ ထိုသူပြောတာ ဟုတ်တော့ဟုတ်သား။ အဒေါ်တို့လည်း တစ်စခန်းထပြီ။ သူတို့လည်း အကျိုးမျှော် "မဆလ ဝင်ကြပြီ" တဲ့။ အဘအမွေ အမေ့အိမ်ကြီးတွင် ပထွေးနှင့်အဒေါ် မဆလတွေ သူတို့ ပုဂ္ဂလိကပိုင်ပြုရေးစစ်ပွဲတွင် အမေနှင့် ကျွန်တော်တို့သုံးယောက်သည် မြေဇာပင်။ ၄င်းတို့၏ ညစ်ပတ်စုတ်ပုံမှုပေါင်းများစွာနှင့် ကျွန်တော်တို့ အားကိုးစရာမဲ့ခဲ့မှုတို့ကိုမူ ဝတ္ထုရှည်တွင်သာ ကျွန်တော် ရေးပြပါရစေ။

နောက်ဆုံး အမေ၏ ပြောရဲဆိုရဲရှိမှုနှင့် အစဉ်အလာရှိမှုတို့ကြောင့် ရှေ့နေနှင့် တရားသူကြီးတို့ကောင်း၍ အမေ၏ ပထွေးနှင့်ကွာရှင်းလိုမှုကို တရားရုံးက လက်ခံ။ အမေနှင့် ပထွေး ကွာရှင်းပြတ်စဲ။ အဒေါ်တို့က တတိယထပ်ကို ရောင်းစားသွား။ အမေ ဥပေက္ခာပြုလိုက်သည်။ အမေ သည် ကျွန်တော်တို့ မောင်နှမ သုံးယောက်ကို ကျူရှင်အခန်းငှားခဖြင့် လူလားမြောက်စေခဲ့သည်။

◆ ◆ ◆

ဘုန်းကြီးပျံ စသည်တို့တွင် ပစ်ကြဲလှူဒါန်းသော ငွေအကြွေစေ့ကိုပင် ကောက်လုတာ မကြိုက်သော အမေ။ ကိုယ်မှန်တယ်ထင်ရင် ရှုံးချင်ရှုံးပါစေ တစ်ခုခုပြန်လုပ်ခဲ့ဆိုသော အမေ။ တရားဥပဒေဆိုတာ ခေတ်အလိုက် ဘက်လိုက်တာပဲ။ ဦးနုခေတ်။ ဦးနေဝင်းခေတ်။ မဆလခေတ်။ စစ်အစိုးရ ခေတ် သူ့ခေတ်နဲ့သူ ဘက်လိုက်တာပဲဆိုသော အမေ။ အန္တရာယ်ပေးမယ့် ကောင်ဆိုတာ မြန်မြန်သတ်ပစ်ရတယ်ဆိုပြီး တစ်ထွာကျော်ကျော် ကင်းခြေ

မျှားကြီးကို တူနှင့် ခြေမြန်လက်မြန် ထုသတ်လိုက်သော အမေ။ **အမွေဆိုတာ** ရထိုက်မှရတာ။ တောင်းမယူနဲ့ ရထိုက်အောင်လုပ်။ သည်းခံပြီးစောင့်ဆို သောအမေ။ ဦးနု ပြည်ပြေးဘဝ ရောက်ခါနီး “ကိုကြီးနု ဘာကြောင့် အလျှုံခံတယ်ဆိုတာ သိသည်ဆိုသော အမေ။ အဲဒါ ဦးဗဆွေ လမ်းလျှောက် ထွက်လာတာ သွားမခေါ်နဲ့ အမေတို့ ဒီအခြေအနေကြီးမှာ ရှက်စရာကြီးဆို သော အမေ။ အဘဦးစပ်စုနှင့် ဦးနေဝင်း အတူတွဲရိုက်ခဲ့သည့် ဓာတ်ပုံများဖြင့် ဦးနေဝင်း၊ ဦးစန်းယုတို့ကို “ဦးစပ်စု သမီးပါ” ဟု လိမ်ညာကာ စက်မှု(၁) တိုက်ခန်းကို သူပိုင်လုပ်ခဲ့သော သူ့သမီးအကြီးကို ‘ဒီကောင်မက အလံနီ သမီး၊ သူများပစ္စည်းကို အချောင်လိုချင်တဲ့ ကောင်မ” ဟု ရှုတ်ချပြောဆို ခဲ့သော အမေ။ သူ၏ ဒုတိယအိမ်ထောင်နှင့်သမီး ၈၈ နောက်ပိုင်း ဂျပန် သွားရာမှ ပြန်မလာတော့သည်ကို ဥပေက္ခာပြုနိုင်သော အမေ။

၁၉၇၄ခုနှစ်၊ ဇွန်လ အလုပ်သမားအရေးခင်းတွင် ကျွန်တော် စပ်စုလေး သေပြီဟု သတင်းရ၍ ဆွမ်းကပ်အမျှဝေရန် ပြင်ဆင်ခဲ့သော အမေ။ ၁၉၇၄ခုနှစ်၊ ဒီဇင်ဘာလတွင် ဦးသန့်အရေးအခင်းပြီးစတွင် ဝေါမြို့ ကသစ်ဝိုင်းမမ္မရိပ်သာတွင် ကျွန်တော် ခိုလှုံပုန်းအောင်းရန် သူကိုယ်တိုင် စီစဉ်ပေးခဲ့သော အမေ။ ၁၉၇၅ခုနှစ်၊ ဇွန်လတွင် အင်းစိန်ထောင်ကို ဝိုင်းခဲ့ ကြပြီး ကြောက်ရွံ့ဒူးတုန် ပြန်ရောက်လာသော ကျွန်တော့်ကို မဲ့ပြုံး ပြုံးပြ ခဲ့သော အမေ။ “အဖြူပြာ လိုက်လိုက်လျောလျော ပျော့ပျော့ပြောင်းပြောင်း ဘယ်တော့မှ မရှိဘူး၊ ပြေပြေလည်လည်နဲ့ ကိုယ်လိုချင်တာ ရအောင်မယူ တတ်ဘူး” ဟု ဆုံးမပြောလေ့ရှိသော အမေ။ သတင်းစာ အမြဲဖတ်သော အမေ။ တရားစာအုပ် အမြဲဖတ်သော အမေ။ ချမ်းမြေ့ရိပ်သာတွင် တရား အားထုတ်ဉာဏ်စဉ်နှာရဖူးသော အမေ။ ၈၈ အရေးအခင်းကာလတွင် မြေး တစ်ဝမ်းကွဲ စစ်ဗိုလ်နှင့် ဆုံမိကြရာ။ “ငါ့မြေး မင်းပစ်ချင်ပစ်လေ၊ မင်းပစ် ရင် အဘွားတို့ သေရပါတယ်” ဆိုသော အမေ။ ဘယ်ထောင်ရောက်ရောက် ဘယ်အခြေရောက်ရောက် “ငါးပါးသီလ ဘောင်ထဲကပဲ ဒီကောင်တွေကို တော်လှန်ခုခံ ဆန့်ကျင်အမြစ်ဖြုတ်ပါ့မယ်” ဟု ကျွန်တော်ထောင်ထဲ မဝင်ခင် ကတိပေးခဲ့ရဖူးသော အမေ။

စသည် စသည်ဖြင့် ရေးစရာများစွာ၊ အမှတ်ရစရာများစွာ ကျန်နေသေးသော အမေသည် သာမန်အိမ်ရှင်မတစ်ယောက် ဖြစ်ခဲ့သော်လည်း မွန်မွန်ရည်ရည် ပြောတတ်ရေးတတ် ကြံတတ်လုပ်တတ်ပြီး "လူတိုင်း နိုင်ငံရေး လုပ်ပိုင်ခွင့်ရှိသော" ဒီမိုကရေစီခေတ်ကောင်းကို မီခဲ့၏။ ကံအားလျော်စွာ နိုင်ငံရေးသမားကောင်းများနှင့် အမှတ်မထင် တွေ့ကြုံဆုံဆည်းခွင့်ရရင်း တတ်စွမ်းသမျှ ရိုးရိုးရှင်းရှင်း ပါဝင်ကူညီခွင့်ရခဲ့သော်လည်း မိမိကိုယ်ကိုယ် နိုင်ငံရေးတွေ လုပ်နေခဲ့သည်ဟု မယူဆခဲ့။ အမေသည် မိမိ၏ နိုင်ငံရေးသမား လင်ယောကျ်ားများ၊ သားသမီးဆွေမျိုးများ၊ ဒီမိုကရေစီခေတ်ပျက်၊ မဆလနှင့် စစ်အစိုးရ နိုင်ငံရေးသမားဆိုသူများ၏ နိုင်ငံရေးကိုမူ စိတ်အပျက်ကြီးပျက်ကာ "နိုင်ငံရေးသမားတို့နှင့် လင်အဖြစ် သားအဖြစ် ဆွေအဖြစ်မျိုးအဖြစ် ဘဝဆက်တိုင်းဆက်တိုင်း မတော်စပ်ရပါကြောင်း" ဆုတောင်းသွားခဲ့သည်။ သူကိုယ်တိုင် နိုင်ငံရေးသမားတစ်ယောက်ဖြစ်နေကြောင်းကိုကား အမေ သိမသွားခဲ့ရှာပါ။ ကျွန်တော် စပ်စုလေးကလည်း ရှင်းပြခွင့် မကြုံခဲ့ပါ။

◆ ◆ ◆

သို့သော် အဘနှင့်အမေတို့ကို ကန်တော့ကျေးဇူးဆပ်သည့်အနေဖြင့် လည်းကောင်း၊ လူတိုင်း နိုင်ငံရေး လုပ်ပိုင်ခွင့်ရှိသည်ကို သိစေလို၍လည်းကောင်း၊ ကံကောင်းပါက မိမိတို့၏ သာမန်ရိုးရှင်းသော အကြံဉာဏ်၊ အပြောအဆို၊ လုပ်ဆောင်ချက်များသည် ကမ္ဘာ့အရေးအထိ အကျိုးပြုစေနိုင်သည်ကို သိစေလို၍လည်းကောင်း၊ အမေနှင့်အဘတို့၏ ကောင်းမှုကုသိုလ်အစုစုတို့သည် ဘဝအဆက်ဆက် ကုသိုလ်ဆက်နိုင်ရေး အမျှဝေ သာဓုခေါ်ဖြစ်မှားမိသမျှ ဝန်ချကန်တော့နိုင်ရန်လည်းကောင်း၊ ကျွန်တော်ရေးသားမည့် "နိုင်ငံရေးသမား လင်မတော်လိုပြီ" ဝတ္ထုရှည်ကြီးတွင်မူ နောက်ဆုံး ဇာတ်သိမ်းပိုင်းအဖြစ် အောက်ပါအတိုင်း ရေးသားရန် ကြံရွယ်ထားပါကြောင်း။

"အမေက နိုင်ငံရေးသမားကို လင်မတော်လိုဘူး၊ သားမတော်လိုဘူးဆိုပြီး အမေကိုယ်တိုင် နိုင်ငံရေးသမားဖြစ်နေတာ အမေမှ မသိဘဲကိုး"

သားဖြစ်သူ 'အဖြူ'၏ ပြောစကားကို နားစိုက်ထောင်ရင်း ပြုံးရွှင်သော မျက်နှာဖြင့်…

"အေး… ဟုတ်သားပဲ၊ ငါကိုယ်တိုင် နိုင်ငံရေးသမား ဖြစ်နေတာတော့"

ဟု ဒီပဲယင်းအရေးအခင်းတွင် ပေါင်ကျိုး၍ သံစတီးချောင်း ထည့်ထားရသော သူ၏ သားမက်ဖြစ်သူ မောင်ထွန်းဝင်း (ဒေါ်စုစုကြည် ခင်ပွန်း) ဘက်သို့ လှည့်ပြောလိုက်သည်။

အမေ့လက်ထဲတွင် စိပ်ပုတီး။ စားပွဲခုံပေါ်တွင်ကား တရားစာအုပ်များနှင့် ယနေ့ထုတ် သတင်းစာ။ ဘုရားစင်နံဘေး နံရံတွင်ကား ဗိုလ်ချုပ်အောင်ဆန်း ဒေါ်ခင်ကြည်နှင့် သားသမီးသုံးယောက် ဓာတ်ပုံ။ ဦးနုနှင့် ဒေါ်မြရီ။ ဦးသန့်နှင့် ဦးသန့်အမေ ဒေါ်နန်းသောင်ဓာတ်ပုံ။ စသည်များ…။

**ကိုယ်နှုတ်ယဉ်ကျေး၊ စိတ်ဖြူဖွေးဖြင့်၊ အေးငြိမ်းချမ်းသာ ရကြပါစေ။**

**လန်ထောင်စပ်စုလေး**

ကျွန်မကတော့ စိတ်ရှင်းပါတယ်။
ဒီနေ့လို အပြိုင်အဆိုင် နေရာတစ်ခုရအောင်
တိုးခွေ့နေရတဲ့အချိန်မှာ ကိုယ့်ဘက်
အားနည်းချက်တွေရှိရင် စိတ်ဓာတ်ကျနေကြတဲ့
လူငယ်တွေခမျာ သနားစရာ အလွန်ကောင်းပါတယ်။
ဒါပေမယ့် သူတို့ဟာ ပိပိလို သုံးတန်းမအောင်တဲ့
အဆင့်ထက်တော့ သာလွန်ကြမှာပါပဲ။ ပိပိတောင်မှ
အနစ်နာခံ၊ ပိုင်ရှင်အစ်မကို လူအားနဲ့ ကူညီ၊
တစ်ချိန်တည်းမှာ ရိုးရိုးသားသား ကြိုးစားခဲ့လို့
ကြိုးစားမှုရဲ့အသီးအပွင့်အဖြစ်
အောင်မြင်မှုရခဲ့တယ်ဆိုတာ သိစေချင်တာပါ။

# အညတြ စွမ်းအားရှင်

## ယဉ်ယဉ်နု(မန္တလေး)

လောကကြီးမှာ လူသိရှင်ကြား ထင်ရှားကျော်ကြားတဲ့ မိန်းမတံခွန် လူရည်မွန်တွေ အများကြီး ရှိကြပါတယ်။ ဒါပေမယ့် ဒီတစ်ခါတော့ သူလိုငါလို ရိုးရိုးသာမန် အရပ်သူကလေးထဲက အညတြ မိန်းကလေးတစ်ယောက် သူနိုင်သလောက် အစွမ်းအားကလေးနဲ့ မိသားစုအကျိုး၊ ရပ်ကွက်အကျိုး၊ ပရဟိတအကျိုး သည်ပိုးထမ်းဆောင်သွားတာလေးကို အင်အားလေးနဲ့ မမျှ လုပ်နိုင်လိုက်တာဆိုပြီး အံ့သြချီးမွမ်းရတာကလေး ရေးပြချင်လိုက်တာ။ ဘာလို့လဲဆိုတော့ စာတစ်စောင်၊ ပေတစ်ဖွဲ့ ရေးပြမယ့် ကလေးမလေးက အတန်းပညာနဲ့ဆိုရင် သုံးတန်းတောင် မအောင်ရှာလို့ပါပဲ။

ဖြစ်နိုင်ပါ့မလား။ ဒီခေတ်က ပညာခေတ်လေ။ ပညာအခြေခံမရှိရင် ဘယ်နေရာမှာမှ ဝင်တိုးလို့ မရဘူး။ ဘယ်နေရာမှာမှ မဝင်ဆံ့ဘူး။ အသုံးမဝင်ဘူးလို့ ငြင်းခုံကြလိမ့်မယ် ထင်ပါတယ်။ ဒါပေမယ့် လူဆိုတာ စိတ်လျှော့အားငယ်၊ လက်မြှောက်အရှုံးပေးပြီး နေရာတကာ အောက်ကျနောက်ကျ နေလို့ မဖြစ်ဘူး။ အမြဲတမ်း ကြိုးစားနေရမယ်။ အခွင့်အရေးဆိုတာ ပေါ်

လာတာနဲ့ တစ်ပြိုင်နက် လက်မနှေးစတမ်း အသုံးချတတ်ရင် ကြီးပွားအောင် မြင့်တိုးတက်လာနိုင်တယ်ဆိုတာ ဒီအဖြစ်ကလေးက သက်သေပြနေပါတယ်။

သူ့ကို ကျွန်မ စတွေ့တဲ့အချိန်က အရပ်ကြီးရှည်ရှည် လေဘေားစကတ်ကြီး ဖားလျားဖားလျားနဲ့ ကလေးတွေနဲ့အတူ ဖန်ခုန်နေတာ။ သူနဲ့ရွယ်တူတွေ ကျောင်းသွားနေကြတော့ သူက ကျောင်းမသွားရသေးတဲ့ ကလေးတွေနဲ့ ရောဆော့နေတာ။ ပတ်ဝန်းကျင်ကို စပ်စုတတ်တဲ့ ကျွန်မက အိမ်နီးချင်းတွေကို ဘယ်ကကောင်မလေးလဲလို့ မေးမိတယ်။

"ဩော်... ပိပိကို ပြောတာလား၊ ခြေရင်းအိမ်က အိမ်ငှားလေ။ ပြောင်းလာတာ တစ်ပတ်ပဲ ရှိသေးတယ်။ ကျောင်းထွက်လက်မှတ် မယူနိုင်လို့ ကျောင်းမထားရသေးဘူး။ အရင်ရပ်ကွက်ကကျောင်းက ငါးထောင်ပေးမှ ကျောင်းထွက်လက်မှတ်ပေးမယ်ဆိုလို့တဲ့"

"ဟောတော်.. တကယ်လား"

မနေနိုင် တိုင်တက်လို့ ပြောချင်ပြောကြပါစေတော့။ အခုမှ ပြောင်းလာတဲ့ မိသားစုဆီကို အကျိုးအကြောင်း မေးကြည့်တော့ အမှန်ဖြစ်နေတယ်။ ကျွန်မလည်း စာသင်တဲ့အရွယ်ကလေးတစ်ယောက် စာသင်ခန်းပြင်ပမှာ မရှိစေချင်တာနဲ့ အဖွဲ့အစည်းတစ်ခုက သူငယ်ချင်းတစ်ယောက်ဆီက ထောက် ခံချက်ယူပြီး ကျောင်းကို ကိုယ်တိုင်လိုက်သွားတော့ ကျောင်းထွက်လက်မှတ် ရှောရှောရှူရှူရလာတယ်။ ဒေါ်အုန်းကြည်ဆိုတဲ့ ပိပိတို့အမေနဲ့လဲ ခင်သွား တယ်။ အဲဒီအချိန်ကစပြီး ပိပိဟာ ကျွန်မတို့အိမ် ကျွန်မမျက်စိအောက်ကို ရောက်လာတော့တာပဲ။

"အညာစီရော... အညာစီရော"

"ဟဲ့... ဘာတွေလဲ"

"ဟောဒီမှာ အန်တီ ပိပိရယ်၊ ကိုရီးယားလို ပြောနေတာ"

"ဟဲ့... ကိုရီးယားက ဘာတဲ့လဲ"

"နှုတ်ဆက်တာ အန်တီ၊ မင်္ဂလာပါတဲ့"

ကိုရီးယားကား စပြစ,ကာလ ကျွန်မတောင် မသိဘူး။ ဒါနဲ့ ပိပိ ဉာဏ်ကောင်းတာ အသိအမှတ်ပြုလိုက်မိတယ်။ ဒါပေမယ့် ကျွန်မ ကျောင်းထွက်လက်မှတ် ယူပေးလို့သာ ပိပိ ရပ်ကွက်မူလတန်းကျောင်းကလေးမှာ တက်နေတယ်ဆိုပေမယ့် သူတို့မိသားစုက အတော် အဆင်မပြေရှာတာ။ နေ့လည် ကျောင်းပြန်လာရင် ထမင်းမချက်ရသေးလို့ ကျွန်မတို့လို အိမ်နီးချင်းတွေက ခေါ်ကျွေးရတာ အကြိမ်ကြိမ်။ စပေါ်ကာလဲ ခြောက်လပဲ တင်နိုင်လို့ ကလေးစာမေးပွဲ မဖြေခင် ရပ်ကွက်ပြောင်းသွားကြတာနဲ့ ပိပိနဲ့ ဝေးသွားတယ်။ ရန်ကုန်မှာ အလုပ်လုပ်တဲ့ အစ်ကိုဆီ သူ့အမေက ထမင်းချက် လိုက်သွားလို့ ကျောင်းထွက်ပြီး လိုက်သွားရတာနဲ့ ကျွန်မဖြင့် ပိပိကို မေ့နေပြီ။

"အန်တီ ကျွန်မကို မှတ်မိလား"

"ဟဲ့… မသိပါဘူး၊ သမီးက ဘယ်သူတုန်း"

"ပိပိပါ အန်တီရဲ့၊ အခု သမီး အိမ်ထောင်ကျနေပြီ၊ အနောက်ပိုင်းသားနဲ့ကျတာလေ၊ အန်တီတို့နဲ့ ပြန်တွေ့ရပြီပေါ့"

"အေး… အေး… မနွလေးပြန်ရောက်လာတာ ဝမ်းသာပါတယ် ဟယ်၊ ဒါနဲ့သမီးရယ် ကျောင်းရော ဆက်တက်ဖြစ်သေးလား။ ဘယ်နှစ်တန်း အောင်လဲ"

ပိပိက ငြိမ်နေတယ်။ ခဏနေမှ အသံတိုးတိုးနဲ့…

"အန်တီပြောင်းပေးတဲ့ ကျောင်းကထွက်ပြီးကတည်းက ဆက်မတက် ဖြစ်တော့တာ၊ သုံးတန်းကို မအောင်ဘူး အန်တီရယ်"

"ဟယ်… ဖြစ်မှဖြစ်ရလေဟယ်"

"ဒါပေမယ့် သမီးစာအုပ်တွေ ဖတ်နိုင်တယ် အန်တီ၊ အားနေရင် ကာတွန်းရုပ်ပြတွေ၊ ဝတ္ထုတွေ၊ မဂ္ဂဇင်းတွေ အကုန်ဖတ်တာ၊ မဂ္ဂဇင်းတွေထဲမှာ အန်တီ့ဝတ္ထုတွေလဲ ဖတ်ရတယ်လေ"

ဪ… ပညာရေးကလည်း လမ်းဆုံး၊ အိမ်ထောင်လည်းကျဆို တော့ ပိပိ ဒီလောက်လေးနဲ့ပဲ ဘဝလေး ထူထောင်နိုင်ပြီလို့ ထင်တာ။ ဘယ်မှာဟုတ်လို့လဲ။ နောက် နှစ်နှစ်လောက်နေတော့ ကုမ္ပဏီ ယူနီဖောင်း နဲ့ ဆိုင်ကယ်နဲ့ တခြားအမျိုးသမီးနှစ်ယောက်သုံးယောက်နဲ့ နေ့လည်ကြီး အိမ်ရောက်လာတယ်။ ရောက်ရောက်ချင်း ပူလိုက်တာဆိုလို့ ရေပုလင်းတွေ ချပေးရတယ်။

"အန်တီ… သမီး အခု အိမ်ဆောက်ပစ္စည်းသွင်းတဲ့ ကုမ္ပဏီမှာ မားကတ်တင်း မန်နေဂျာ"

"ဟောတော့… တကယ်"

"ဟုတ်တယ် အန်တီ၊ အဲဒါ အန်တီသိချင်မှာပဲဆိုပြီး လာခဲ့တာ၊ ကဲ… ညီမလေးတွေ ဆိုင်ကယ်နှစ်စီးလုံး ယူသွား၊ ဆိုက်ထဲရောက်ရင် အင်ဂျင်နီယာနဲ့ ရအောင်တွေ့ခဲ့၊ ပန်းရုံတွေနဲ့ ပြီးမလာနဲ့၊ အင်ဂျင်နီယာနဲ့ တွေ့မှဖြစ်မှာ"

ကောင်မလေးတွေ ထွက်သွားကြတော့ ပိပိက…

"အဲဒီကောင်မလေးတွေက GTCဆင်းတွေ အန်တီ၊ တစ်ယောက်က အဝေးသင်" လို့ ပြောပါတယ်။

"ပြောစမ်းပါဦးဟယ်၊ ငါသိချင်လှပြီ"

"ဒီလိုပါ အန်တီ ကျွန်မယောကျ်ားလုပ်တဲ့ ကုမ္ပဏီက တရုတ်ပိုင်။ ကျွန်မက အလုပ်ထဲ လိုက်လိုက်သွားတယ်။ ပိုင်ရှင်အစ်မကို လိုတဲ့နေရာ ကူတယ်။ ပထမတော့ အဝတ်လျှော်၊ ကလေးထိန်းပေါ့ အန်တီ။ သူတို့အိမ် ပြန်ရင် ကျွန်မတို့က အိမ်စောင့်ပေးရတယ်။ ကျွန်မက ဘာလို့လဲတော့ မသိဘူး၊ တရုတ်စကား တတ်လွယ်တယ် အန်တီရဲ့၊ ပိုင်ရှင်အစ်မကကို အံ့သြယူရတယ်။ သူက တရုတ်ကျောင်းအပ်ပေးလို့ တရုတ်စာ ကျွမ်းကျွမ်း ကျင်ကျင် တတ်သွားတယ်။ အဆင့် ၇ ဆင့်ရှိတာ ကျွန်မက အဆင့် ၅ ဆင့် ရောက်နေပြီ"

"ဟယ်… ပိပိရယ် နင်တော်လိုက်တာ၊ တရုတ်စာက ,တအား ခက်တာ"

"တဖြည်းဖြည်းနဲ့ ယောကျ်ားက ဘေးရောက်သွားပြီး အစ်မက ကျွန်မ မရှိရင် မဖြစ်ဘူးဆိုတဲ့ အခြေအနေမျိုး ဖြစ်လာတယ် အန်တီရဲ့။ အဲဒီအချိန်မှာ အိမ်ဆောက်ပစ္စည်း တိုးချဲ့လုပ်တော့ ကျွန်မပဲ ပြည်မထဲထိ သွားပြီး မှာရတယ်။ ဝန်ထမ်းတွေ အင်တာဗျူး လုပ်ပေးရတယ်။ ကျွန်မ က သုံးတန်းတောင် မအောင်ဘူး အန်တီရဲ့။ ဒါပေမယ့် ဘာသာစကား အားသာချက်နဲ့ မန်နေဂျာခန့်တော့ ကျွန်မဖြစ်နေတယ်၊ ယုံတောင် မယုံနိုင် ပါဘူး အန်တီရယ်၊ ယောကျ်ားကလည်း ဟုတ်ရဲ့လား… ဟုတ်ရဲ့လား နဲ့ မေးနေတာ။ ကံပေါ့ အန်တီရယ်"

"ကံဆိုတာ အလုပ်ပဲ သမီး။ အလုပ်ကို ကောင်းကောင်းလုပ်ရင် ကံဆိုတာ ကောင်းလာတာပဲ၊ ဒီထဲမှာ ဉာဏ်နဲ့ ဝီရိယ ယှဉ်လိုက်တော့ အားလုံးကို ကျော်ဖြတ်တက်သွားတော့တာပေါ့။ ဒီခေတ်မှာ ဘွဲ့ရပညာတတ် တွေတောင် အလုပ်ရဖို့ အတင်းကြိုးစားနေရတာ။ သမီးကတော့ ရလာတဲ့ အခွင့်အရေးကို လက်လွှတ်မခံဘဲ အောက်ဆုံးကနေ ထိပ်ဆုံးရောက်လုနီး ပါးအထိ ကြိုးစားတက်ခဲ့ရတာလေ။ ဟုတ်တယ်မလား"

"ဒါပေမယ့် ပညာမတတ်တော့ တစ်ခါတစ်ခါ သိပ် သိမ်ငယ်တာ ပဲ အန်တီရယ်၊ အင်္ဂလိပ်စာ ပြန်သင်ရဦးမယ်"

ဒီနောက်ပိုင်း ပိပိ မရောက်လာပြန်ပါဘူး။ တစ်နှစ် နှစ်နှစ်လောက် ထပ်ပျောက်သွားပြန်ပါတယ်။ ကလေးနှစ်ယောက်လည်း မွေးပြီး သူ့အမေ ဒေါ်အုန်းကြည်နဲ့ ထားခဲ့တယ်။ သတင်းကြားပါတယ်။ သူကတော့ ကြယ် ခေါင်မှာ တည်းခိုခန်းဆောက်ပြီး ပွဲရုံထိုင်နေတယ်။ ဒီက တက်သွားတဲ့ မြန်မာကျောက်ကုန်သည်တွေ သူ့တည်းခိုခန်းမှာ အေးအေးဆေးဆေး အခမဲ့ တည်းခိုနိုင်တယ်လို့ သတင်းတွေ ကြားရတယ်။ တံတားဦးနယ်ထဲက သူ့ အမေ ဒေါ်အုန်းကြည်ရဲ့ ရွာမှာ ပရဟိတဘုန်းတော်ကြီးကျောင်းကို ရေစက်

ချလှူတဲ့သတင်းတွေ၊ စာကြည့်တိုက်လှူတဲ့ သတင်းတွေ ကျွန်မဆီကို ရောက်လာပါတယ်။ သူ့အမျိုးသားကတော့ ပင်ရင်းကုမ္ပဏီမှာ အလုပ်လုပ်နေတုန်းပါပဲ။

တစ်ရက်မှာတော့ မမျှော်လင့်ဘဲ သူရောက်လာလို့ ကျွန်မက ဒီအကြောင်းလေး ရေးချင်တယ်လို့ ပြောမိပါတယ်။ သူက မရေးစေချင်ပါဘူး။ အခုဆိုရင် အဆင့်တစ်ခုကို သူရောက်နေပြီလေ။ သူသိမ်ငယ်ရတာကို မဖော်ထုတ်ချင်ဘူး။ သူမေ့ထားချင်တယ် ထင်ပါတယ်။ ရေးရင်တောင်မှ အဖြစ်အပျက်တွေ နေရာဒေသတွေ လွှဲပေးပါလို့ ပြောပါတယ်။ သူ့ဆီကို အင်တာဗျူးတွေ လိုက်လာမှာ မလိုလားရှာပါဘူး။

ကျွန်မကတော့ စိတ်ရှင်းပါတယ်။ ဒီနေ့လို အပြိုင်အဆိုင် နေရာတစ်ခုရအောင် တိုးခွေ့နေရတဲ့အချိန်မှာ ကိုယ့်ဘက် အားနည်းချက်တွေ ရှိရင် စိတ်ဓာတ်ကျနေကြတဲ့ လူငယ်တွေခမျာ သနားစရာ အလွန်ကောင်းပါတယ်။ ဒါပေမယ့် သူတို့ဟာ ပိပိလို သုံးတန်းမအောင်တဲ့ အဆင့်ထက်တော့ သာလွန်ကြမှာပါပဲ။ ပိပိတောင်မှ အနစ်နာခံ၊ ပိုင်ရှင်အစ်မကို လူအားနဲ့ ကူညီ၊ တစ်ချိန်တည်းမှာ ရိုးရိုးသားသား ကြိုးစားခဲ့လို့ ကြိုးစားမှုရဲ့ အသီးအပွင့်အဖြစ် အောင်မြင်မှု ရခဲ့တယ်ဆိုတာ သိစေချင်တာပါ။

ဘဝမှာ ရေပက်မဝင်အောင် ပိတ်ဆို့ခံထားရပေမယ့် လေအထွက်အဝင်ဆိုတာ ရှိပါတယ်။ ဒီလိုနေရာလေးတွေကို ရှာဖွေဖောက်ထွက်ပြီး အောင်မြင်မှုရအောင် ကြိုးစားအားထုတ်လို့ ရပါတယ်လို့ စကားလက်ဆောင်ပါးလိုက်ချင်ပါတယ်။

**ယဉ်ယဉ်နု (မန္တလေး)**

ဒီနေ့ခေတ် လူငယ်များကို
ကျွန်တော် အထင်မသေးဝံ့ပါ။
အထင်ကြီးချင်လှပါသည်။ သို့သော်
သူတို့၏ အပြောအဆို၊ အပြုအမူတို့သည်
ခေတ်မီခြင်းလည်း မဟုတ်။
ခေတ်ဆန်ခြင်းလည်း မဟုတ်။
ခေတ်လွန်နေခြင်းလည်း မဟုတ်။
လူသားတစ်ယောက်၏တန်ဖိုး ဆုံးရှုံးနေခြင်းဟု
သူတို့ မသိကြ။

# သော့ခလောက် သီအိုရီ

## ဦးဘုန်း(ဓာတု)

တပည့်မတစ်ယောက်၏ နှလုံးသားမှ မီးတောင်လို ပေါက်ကွဲထွက်လာတဲ့ စကားသံတစ်ခု။

“သမီးရဲ့ကောင်လေးက မတရားဘူး။ မမိုက်ပါဘူး။ အလကားပါ ဆရာရယ်၊ သမီးဆီက ‘ချစ်တယ်’ဆိုတဲ့ စကားတစ်ခွန်းကို ကြားရဖို့ နောက်ကနေပြီး တကောက်ကောက်လိုက်တယ်။ ဖွဲ့ရှိသလားတော့ မမေးနဲ့။ သမီးက အဟုတ်မှတ်လို့ ‘ချစ်တယ်’လို့လည်း အဖြေပေးလိုက်မိရော မပြောချင်တော့ပါဘူး ဆရာရယ်၊ ဟိုချိန်းဒီချိန်း ချိန်းတယ်။ ဟိုဟာလုပ်ဖို့ ဒီဟာလုပ်ဖို့ ကြိုးစားတယ်။ ဟော… ချစ်သူသက်တမ်းတောင် တစ်နှစ်မပြည့်ချင်သေးဘူး။ သမီးအနားကို မကပ်ချင်တော့ဘူး။ တော်တော်တရားကျဖို့ကောင်းတယ်”

တက္ကသိုလ်ကျောင်းသို့ ရောက်သည်မှ မကြာသေး။ လူငယ်တို့ရဲ့ နှလုံးသားထဲမှာ ‘ကျောင်းစာမရှိ အချစ်သာ ရှိလေ၏’ တက္ကသိုလ်ကျောင်းတော်ကြီးကို ‘ဒေင်’ဥယျာဥ်ကြီးဟု သူတို့က ထင်မှတ်ထားကြလေ၏။ မိန်းကလေးတွေက ‘ဧဝ’ဖြစ်ချင်နေသူတွေ။ ‘မစားနဲ့’ ဆိုတဲ့ ‘သစ်သီး’

ကိုမှ စားချင်နေတဲ့သူတွေ။ 'အာဒံ'ကို ငံ့လင့်နေတဲ့သူတွေ။ ဒီလိုပါပဲ။ ယောကျ်ားလေးတွေကလည်း 'အာဒံ'တော့ 'အာဒံ'။ သစ္စာမဲ့တဲ့ အာဒံ။ ခံစားချက်မဲ့တဲ့ 'အာဒံ'။ နှလုံးသားမဲ့တဲ့ 'အာဒံ'။ ဂုဏ်သိက္ခာမဲ့တဲ့ 'အာဒံ'။ နှလုံးသားမဲ့တဲ့ 'အာဒံ'။ ဂုဏ်သိက္ခာမဲ့တဲ့ 'အာဒံ' တွေ။

ဟော… လာပြန်ပါပြီ။ နောက်တစ်ယောက်။ သူမကလည်း ဒီလို ပေါက်ကွဲပြန်လေသည်။

"တကယ်တော့ ဒီကနေ့ခေတ် ယောကျ်ားလေးတွေက လူတွေ မဟုတ်ကြဘူး ဆရာရဲ့…၊ ကျွဲတွေ…။ အိုင်တွေ့တိုင်း လူးချင်ကြတဲ့ ကျွဲတွေ။ သူတို့ရင်ထဲမှာ သစ္စာတရားဆိုတာ နားမလည်ကြဘူး။ သမီးကတော့ သူ့ကို 'ချစ်လိုက်ရတာ။ အဖေတွေ၊ အမေတွေ၊ အစ်ကိုတွေရဲ့ ဆန္ဒကိုလွန်ပြီး သူ့ကို လက်ခံမိတာ။ စွဲလမ်းမိတာ။ မြတ်နိုးမိတာ။ ဟော… အခုတော့ သူက လူမဟုတ်ဘူး ဆရာရဲ့။ ရွှံ့လူးချင်လို့ အိုင်ကို လိုက်ရှာတဲ့ ကျွဲလည်ကြီး။ တကယ် စိတ်ညစ်ဖို့ကောင်းတယ်"

ကိုယ်ချစ်သူကို ကျွဲလို့ တင်စားပြီး ကိုယ့်ကိုယ်ကိုယ် ရွှံ့ဗွက်အိုင်လို့ ပြောလိုက်သလို ဖြစ်သွားတာကို စဉ်းစားမိပုံ မပေါ်။ စိတ်ကစားတာကို အချစ်လို့ အမိပ္ပာယ်ဖွင့်တတ်ကြတဲ့ ဆယ်ကျော်သက်အရွယ်တွေမို့ သူတို့ရဲ့ ခံစားချက်ကို နားထောင်ပေးရုံမှတစ်ပါး ဘာကိုမှ မှတ်ချက်မပေးယှိုပါ။ ပြောပြ ရှင်းပြရင်လည်း နားထောင်ကြမှာမှ မဟုတ်ဘဲ။ မနက်အိပ်ရာထ ကတည်းက အချစ်အတွက် နိုးထလာကြတဲ့သူတွေ။ ကျောင်းကို စာသင်သွားကြတာ မဟုတ်ဘူး။ ချစ်သူ့မျက်နှာကို ဖူးမြော်ဖို့ သွားကြတာ။ ချစ်သူရှာဖို့ သွားကြတာ။

ဟော… နောက်တစ်ယောက်။

"ဆရာ… သိလား။ သူချိန်းတဲ့နေရာကို သမီးက ရောက်သွားတယ်။ ၁၀ မိနစ်လည်း ရောက်မလာ။ နာရီဝက်လည်း ရောက်မလာ။ နောက်ဆုံး သမီးတစ်ယောက်တည်း ဒေါပွပြီး ပြန်လာခဲ့ရတယ်။ ဖုန်းဆက်

တော့လည်း ဖုန်းက ပိတ်ထားပြန်တယ်။ ဒီကနေ့ ကျောင်းမှာတွေ့ပြန်တော့လည်း ဆင်ခြေတွေ အမျိုးမျိုး ပေးတယ်။ သမီးတို့ မိန်းကလေးတွေဆိုတာ ကိုယ့်ချစ်သူဆီက မျှော်လင့်မိတာ အချစ်တစ်ခုတည်း မဟုတ်ဘူး ဆရာရဲ့။ သစ္စာတရားကိုပါ လိုချင်တာ။ အခုတော့ ဆရာရယ်… သစ္စာရှိဖို့ဆိုတာ ဝေလာဝေး ချစ်သူဘဝ ရောက်ကတည်းက သမီးအနား ကပ်ကိုမကပ်တော့ဘူး။ အခု သူငယ်ချင်းတွေက ပြောနေကြတယ်။ သူက နောက်တစ်ယောက်ကိုထပ်ပြီး လိုက်နေတယ်တဲ့။ စိတ်ညစ်စရာ ကောင်းလိုက်တာ"

ပညာရေးအကြောင်း မကြားရ။ အချစ်ရေးအကြောင်းတွေကိုသာ နေ့စဉ် ကြားနေရသည်။

ဟော… လာပြန်ပြီ နောက်တစ်မျိုး။

"သမီးကတော့ ခပ်ရှင်းရှင်းပဲ၊ စိန်ခေါ်ပစ်လိုက်တယ်။ နင် နောက်တစ်ယောက် တွဲတယ်နော်။ ငါက နောက်ထပ်နှစ်ယောက် တွဲပြလိုက်တယ်။ လူကိုများ ဘာမှတ်နေတုန်း။ အချစ်မရှားဘူးဟေ့။ ချစ်သူမရှားဘူးဟေ့။ အရွယ်လည်း ရှိတယ်။ ရုပ်လည်း ရှိတယ်"

နောက်တစ်ယောက်က ဒီလို ပြောပြန်သည်။

"သမီးက ချစ်သူမရှိရင် မနေတတ်တော့ဘူး ဆရာရဲ့။ သူ့ဆီက ပြတ်သားတဲ့အဖြေ မရသေးလို့။ အလကား ငကြောင်ကြီး။ သူနဲ့ ပြတ်ပြတ်သားသားဖြစ်သွားရင် ကောင်းမယ်။ ဒါမှ နောက်တစ်ယောက်ကို အဖြေပေးလို့ရမှာ။ သူနဲ့ တွေ့ကို မတွေ့ရသေးလို့။ တွေ့လို့ကတော့ ပြတ်ပြတ်သားသားကို မေးပစ်လိုက်မယ်။ ယောကျ်ားလေးလည်း လူပဲ။ မိန်းကလေးလည်း လူပဲ။ နှလုံးသားရှိတာချင်း အတူတူ နှလုံးသားကို လာပြီး နှိပ်စက်တာတော့ မခံနိုင်ဘူး"

ဒီနေ့ခေတ် လူငယ်များကို ကျွန်တော် အထင်မသေးဝံ့ပါ။ အထင်ကြီးချင်လှပါသည်။ သို့သော် သူတို့၏ အပြောအဆို၊ အပြုအမူတို့သည် ခေတ်မီခြင်းလည်း မဟုတ်။ ခေတ်ဆန်ခြင်းလည်း မဟုတ်။ ခေတ်လွန်နေ

ခြင်းလည်း မဟုတ်။ လူသားတစ်ယောက်၏တန်ဖိုး ဆုံးရှုံးနေခြင်းဟု သူတို့ မသိကြ။

ကျွန်တော့်ထံ ရောက်လာသော တပည့်ယောက်ျားလေးများ၏ အပြော အဆို စကားလုံးများကို တပည့်မလေးများ ကြားသွားလျှင် ဒီ့ထက်ပိုပြီး ဒေါသထွက်သွားနိုင်သည်။

ယနေ့ခေတ် လူငယ်ယောက်ျားလေးများ၌လည်း တကယ်ဆုံးရှုံးသွား သည်မှာ 'ကိုယ်ချင်းစာတရား' ဖြစ်သည်။ အချစ်တွေ၊ မေတ္တာတွေ၊ အမှန် အမှားတွေ၊ သစ္စာတရားတွေထက် 'ကိုယ်ချင်းစာ'တရားက လူ၌ အရေးကြီး ဆုံးဖြစ်တယ်လို့ လူငယ်တွေကို သိစေချင်လိုက်တာ။

တစ်နေ့…။

တပည့်မတစ်သိုက် ကျွန်တော်တို့အိမ်သို့ ရောက်လာကြ၏။ ထုံးစံ အတိုင်း မိန်းကလေးများစုမိလျှင် သူတို့၏ ချစ်သူအကြောင်းကို ပြောကြ လေ၏။ ချစ်သူမရှိသော မိန်းကလေးများကလည်း မေးစေ့ကို လက်ကလေး နှင့်ထောက်ပြီး စိတ်ပါဝင်စားစွာ နားထောင်ပေးကြသည်။ ချစ်သူရှိသော မိန်းကလေးများကလည်း သူတို့၏ ချစ်သူကောင်လေးများ သစ္စာမဲ့ပုံ၊ မျက် နှာများပုံ၊ မိန်းကလေးတစ်ယောက်ကို 'ဝက်သားတုတ်ထိုး' တစ်ချောင်း လောက်သာ တန်ဖိုးထားပုံတွေကို ဒေါသဖြင့် ပြောကြ၏။ ကြေကွဲမှုဖြင့် စကားဆို၏။ တစ်ခါတစ်ရံ ယှဉ်ပြိုင်လိုသည့် သဘောနှင့် မာနထောင်သည် များလည်း ရှိ၏။

"ဆရာ့ကို သမီးတို့ ပြောစရာရှိတယ်။ ယောက်ျားလေးတွေက လုံးဝ မတရားဘူး သိလား"

"ဘာဖြစ်လို့လဲကွယ့်"

"ဆရာပဲ စဉ်းစားကြည့်လေ။ ယောက်ျားလေးတစ်ယောက်က ချစ်သူတစ်ယောက်နှင့် ကွဲပြီး နောက်တစ်ယောက်နဲ့ တွဲတယ်။ အဲဒီလို ချစ်သူအသစ်နဲ့တွဲပြီး ပျော်နေကြတဲ့ ယောက်ျားလေးတွေကိုတော့ စန်းပွင့်

လိုက်တာ၊ စန်းထလိုက်တာတဲ့။ အဲဒီတစ်ယောက်ကွဲပြီး နောက်ထပ် တစ်ယောက်နဲ့ ထပ်ပြီးတွဲပြန်တော့လည်း တော်တော်စွံတဲ့သူ၊ ဗျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်တဲ့။ သမီးတို့ မိန်းမကလေးတွေများ ချစ်သူတစ်ယောက်နဲ့ မဆင်မပြေလို့ ကွဲတယ်။ နောက်တစ်ယောက်နဲ့ ထပ်တွဲတယ်။ စန်းထတယ်၊ စန်းပွင့်တယ်လို့ ဘယ်သူကမှ မပြောဘူး တော်တော်မျက်နှာများတဲ့ မိန်းမတဲ့။ ဟော··· ဒုတိယတစ်ယောက်နဲ့ အဆင်မပြေလို့ နောက်တစ်ယောက်နဲ့ ထပ်ပြီးတွဲလိုက်ရော။ စွံတယ်လို့ မပြောကြဘူး။ အပျက်မတဲ့ ဆရာရယ်။ တော်တော်မတရားတဲ့ လူ့လောကကြီး"

တစ်ယောက်က ပြောပြန်သည်။

"နှလုံးသားရှိတာချင်း အတူတူ ယောကျ်ားလေးတွေက အခွင့်အရေး ပိုပြီး သာနေတယ်။ ချစ်တတ်ကြတာချင်း အတူတူ သမီးတို့ရဲ့ အချစ်ကို တော့ တန်ဖိုးမထားတတ်ကြဘူး။ ချစ်တတ်လို့ ချစ်လိုက်မိကြတာပဲ။ ချစ်တာ အပြစ်လား ဆရာရယ်"

တစ်ယောက်က ဤသို့ဆို၏။

"တကယ်တော့ အချစ်မှာ အချစ်ပဲ ရှိတယ်။ အချစ်ဆိုတာ ချစ်ဖို့ပဲ မဟုတ်လား။ မိန်းကလေးမို့ တစ်ချစ်ပြီးတစ်ချစ် ချစ်ခွင့်မရှိဘူး။ ယောကျ်ား လေးတွေပဲ တစ်ချစ်ပြီးတစ်ချစ် ချစ်ခွင့်ရှိတယ်ဆိုတဲ့ အတွေးအခေါ်ကြီးက တစ်ဖက်သတ်ဆန်တယ်။ မတရားလိုက်တာနော်"

ဒီလိုနှင့်···။

တစ်နေ့သော်···။

ကျွန်တော်၏အိမ်၌ တက္ကသိုလ်ရောက် တပည့်ဟောင်းများက ကျွန်တော့်ကို ပူဇော်သည့်ပွဲလေး ကျင်းပဖြစ်ခဲ့သည်။ ထိုနေ့ကလည်း သူတို့လေး တွေ တွေ့ကြ၊ ဆုံကြ၊ ပြောကြတဲ့စကားတွေဟာ ချစ်တာတွေ၊ တွဲတာတွေ၊ ကွဲတာတွေ၊ နောက်ထပ်··· ထပ်ပြီးတော့ ချစ်မိတာတွေ၊ ထပ်ပြီး တွဲတာ တွေ၊ ထပ်ပြီး ကွဲတာတွေ။ ပညာရေးအကြောင်းမပါ။ တိုင်းပြည်၏အနာဂတ်

ရေးအကြောင်း မပါ။ နိုင်ငံရေးဆိုတာ ဝေလာဝေး။ နှလုံးသားရေးကို အကြောင်းပြပြီး ဘယ်နေရာမှာချိန်းဖို့၊ တွေ့ဖို့။ ဒါတွေကိုသာ စိတ်ဝင်စားနေကြသည်။ တီးတိုးပြောနေကြသည်။ ကျွန်တော်၏ ကန်တော့ပွဲကို အကြောင်းပြုပြီး သူတို့တစ်တွေ ခွင်ဆင်ကြလေ၏။

ထိုနေ့က သူတို့လေးတွေအတွက် သော့တံနှင့် သော့ခလောက်ကို ကိုင်ပြီး စကားတစ်ခု ပြောဖြစ်ခဲ့သည်။

"ဒီမှာတွေ့လား။ သော့တံတစ်ချောင်း။ ဟောဒီမှာ သော့ခလောက်တစ်ခု"

ကျွန်တော့်လက်ထဲတွင် သော့တံနှင့်သော့ခလောက်ကို ကိုင်ပြီး သရုပ်ပြလိုက်သည်။

"ဒီသော့ခလောက်ကို ဒီသော့တံနဲ့ပဲ ဖွင့်လို့ရတယ်။ ဒီတော့ ဒီသော့ခလောက်ဟာ သစ္စာရှိတဲ့ သော့ခလောက်ဖြစ်သလို ဒီသော့တံဟာလည်း သစ္စာရှိတဲ့ သော့တံပဲ။ ဒီသော့တံကလည်း ဘယ်သော့ခလောက်ကိုမှ သွားပြီး မသုံးဘူး။ မထိုးဘူး။ မဖွင့်ဘူး။ သုံးလို့မရဘူး။ ထိုးလို့မရဘူး၊ ဖွင့်လို့မရဘူး။ သော့ခလောက်ကလည်း အတူတူပဲ။ ဘယ်သော့တံကိုမှလည်း လက်မခံဘူး"

ကျွန်တော်က ဟန်ပါပါဖြင့် ပြောသောကြောင့် အားလုံးက စိတ်ဝင်တစား နားထောင်းပေးကြသည်။

"ကဲ… ဟောဒီမှာ ကြည့်ကြ။ သော့တံနဲ့ သော့ခလောက်တွေ။ အမှန်အတိုင်း တွဲပြထားတယ်။ ဒီသော့ခလောက်က စန္ဒာဆိုရင် ဒီသော့တံက သမီးရဲ့ ချစ်သူပေါ့။ ဒီသော့ခလောက်က သီတာဆိုရင် ဒီသော့တံက သမီးရဲ့ ကောင်လေးပေါ့။ ဒီသော့ခလောက်က မို့မို့ဆိုရင် ဒီသော့တံက မို့မို့ရဲ့ နှလုံးသားလေးပေါ့။ ဒီသော့ခလောက်က ဟန်နီဆိုရင် ဒီသော့တံက ဟန်နီရဲ့ အိပ်မက်လေးပေါ့"

ကျွန်တော်က သော့ခလောက်နှင့် သော့တံများကို ကိုယ်စီကိုယ်စီ

တွဲပြပြီး စားပွဲခုံပေါ်သို့ ချပြလိုက်သည်။ အားလုံးက ကျွန်တော်၏ အပြုအမူကြောင့် ပြုံး၍လာသည်။ တချို့က အသံထွက်ပြီး ရယ်ကြလေ၏။

"ဟော… ဒီမှာတွေ့လား၊ ငါ့လက်ထဲက သော့တံတစ်ချောင်း။ ဒီသော့တံကိုတော့ မာစတာကီးလို့ ခေါ်တယ်။ အခု ဆရာပြထားတဲ့ သော့ခလောက်အားလုံးကို ဒီသော့တံ တစ်ချောင်းတည်းနဲ့ ဖွင့်လို့ရတယ်။ ဒါကြောင့် မာစတာကီးလို့ ခေါ်တာ"

ကျွန်တော်က ထို မာစတာကီးဖြင့် သော့ခလောက်များကို အသီးသီး ဖွင့်ပြလိုက်သည်။ ပြီးနောက်။

"ဒီမှာကြည့်ကြ… သော့ခလောက်တစ်ခု တွေ့လား။ ဒီသော့ခလောက်ကတော့ တော်တော်ထူးဆန်းတယ်။ ဘယ်သော့တံနဲ့ ဖွင့်ဖွင့် ပွင့်တယ်ဟေ့၊ ဒီမယ်တွေ့လား"

ထိုဒီသော့ခလောက်ကို သော့တံပေါင်းစုံဖြင့် ကျွန်တော်က ထိုး၍ဖွင့်ပြလိုက်သည်။ တထောက်ထောက်ဖြင့် ပွင့်သွားလေ၏။

"ကဲ… ငါမေးမယ်။ ဒီသော့ခလောက်ဟာ ဘယ်သော့နဲ့ပဲ ဖွင့်ဖွင့် ပွင့်တယ်ဆိုတော့ မာစတာကီးလိုပဲ စွယ်စုံရသော့ခလောက်လို့ ခေါ်ရရင် ကောင်းမလား"

အားလုံးက အသံထွက်လာကြလေ၏။

"သော့ခလောက်က အပျက်ကြီး"

"အေး‥ဟုတ်တယ်။ သော့ခလောက်အပျက်ဆိုတာ ဘယ်သော့တံနဲ့ပဲဖွင့်ဖွင့် ပွင့်တယ်ကွ။ တစ်ခါတလေများ သော့တံတောင် မလိုဘူး။ ဟောဒီလိုဆောင့်ဆွဲရုံနဲ့ ပွင့်တယ်။ ဒီမယ် တွေ့လား"

ကျွန်တော်က လက်တွေ့ပြလိုက်သည်။

"ကဲဟေ့… ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်။ ယောကျ်ားလေးတွေ မင်းတို့ကိုယ်မင်းတို့ မာစတာကီးများ မှတ်နေကြသလား။ သော့တံမှာတော့ မာစတာကီးဆိုတာ တန်ဖိုးရှိတယ်။ ယောကျ်ားတွေမှာတော့ မာစတာကီး

ဆိုတာ နှမချင်း ကိုယ်ချင်းမစာနာတဲ့ကောင်။ ကိုယ်ချင်းစာတရား မဲ့တဲ့ကောင်။ ဖွန်ကြောင်။ ဒီထဲမှာ မာစတာကီး ဘယ်နှစ်ကောင်ပါတုန်း"

မိန်းကလေးများ ပြုံးသွားကြ၏။ ယောကျ်ားလေးများက မဲ့သွားကြ၏။

"ငါ့စကား မဆုံးသေးဘူးဟေ့။ ဒီတစ်ခါ မယ်မင်းကြီးမတွေ အလှည့်။ ပြုံးမနေကြနဲ့။ နင်တို့က သော့ခလောက်တွေ။ ဘယ်လို သော့ခလောက်တွေလဲ။ ဘယ်သော့တံနဲ့ဖွင့်ဖွင့် အလွယ်တကူ ပွင့်ချင်နေတဲ့ သော့ခလောက်တွေလား။ ကိုယ့်ကိုယ်ကိုယ် စဉ်းစားကြည့်ကြ။ သစ္စာရှိတဲ့ သော့ခလောက်တွေ နင်တို့ကို ဖြစ်စေချင်တာ။ အခုတော့ သော့တံပျောက်သွားလို့ ကြေကွဲသူက ကြေကွဲ။ တွေ့ကရာသော့တံနဲ့ ဖွင့်ဖို့ကြိုးစားသူက ကြိုးစားနဲ့ ဟုတ်ကြရဲ့လား။ အဲဒီလို ဟိုသော့တံနဲ့ဖွင့်လည်း ပွင့်တယ်။ ဒီသော့တံနဲ့ ဖွင့်လည်းပွင့်တယ်။ ဒါဆိုရင် ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားပြီလဲ။ သေချာလည်း စဉ်းစားကြည့်ကြဦး"

မိန်းကလေးတွေက ပြုံးရာမှ မဲ့သွားကြလေ၏။

"ဘယ်သော့တံနဲ့ဖွင့်ဖွင့် အလွယ်တကူ ပွင့်နေမှတော့ သော့ခလောက်အကောင်း ဘယ်ဟုတ်တော့မလဲဟဲ့။ ဒီမယ် မိန်းကလေးအပေါင်းတို့ ဒီနေ့ခေတ်မှာ မာစတာကီးတွေကလည်း အများသား။ မာစတာကီးတွေကို ကြည့်ပြီးရှောင်။ ကိုယ့်ကိုယ်ကိုယ်လည်း 'သော့ခလောက်အပျက်' မဖြစ်ကြစေနဲ့။ ဒါဟာ မင်းတို့လူငယ်တွေ၊ တက္ကသိုလ်ကျောင်းသားတွေအတွက် "သော့ခလောက် သီအိုရီပဲ"

ဦးဘုန်း (ဓာတု)

"ကျွန်မခင်ပွန်း ဗိုလ်ချုပ်အောင်ဆန်းဟာ
တိုင်းပြည်နဲ့ လူမျိုးအတွက် ကြိုးပမ်းရင်း
လမ်းခုလတ်တွင် ကျဆုံးခဲ့ရပါပြီ။
သူကွယ်လွန်သွားတော့ သူ့ကို လွမ်းဆွတ်နေမည့်အစား
သူချမှတ်ခဲ့တဲ့လမ်းစဉ်တွင် ပါဝင်နိုင်တဲ့ဘက်မှ ပါဝင်ပြီး
သူ ချန်ခဲ့တဲ့ သူ့သွေး သူ့သား၊ မိမိရဲ့ ရင်သွေးများကို
အဖေ့သားများပီပီ အဖေ့ခြေရာနင်းနိုင်အောင်
ပျိုးထောင်ပေးမယ် ဆုံးဖြတ်ပါတယ်။
သူလိုချင်တဲ့ လွတ်လပ်ရေးကြီးကို
မရရအောင် ယူနိုင်ဖို့ ကြိုးပမ်းကြမယ်"

# မြန်မာမိခင် ပါရမီရှင်

## မနွယ်(ကလော)

စာပေခရီးသွားများစာအုပ်တိုက်မှ လူငယ်စာစဉ် အမှတ် ၉ သည် အောက်တိုဘာလတွင် "ယောက်ျားတံခွန် လူရည်ချွန်" အမည်ဖြင့် ထွက်ရှိခဲ့လေပြီ။

ယနေ့ခေတ်လူငယ်များ အားကျဂုဏ်ယူ အတုယူလိုက်နာ လုပ်ဆောင်ချက်များ နိုးထနေလေမည် ယုံကြည်မိပါသည်။

မိန်းမတံခွန် လူရည်မွန်များ မည်သို့ရှိလေသည်ကိုလည်း ကလောင်စုံလက်ရာစွမ်းများက ညွှန်ပြရေးသားကြပေဦးမည် ဖြစ်၏။

ယောက်ျားတံခွန် လူရည်ချွန်စာအုပ်တွင် ဆရာကြီး တက္ကသိုလ်တင်ခ၏ ဤသို့သော စာအညွှန်းတစ်ပုဒ်ကို ဖတ်ရှုမှတ်သားမိပါသည်။

"မြန်မာအဘိဓာန်လာ ဖွင့်ဆိုချက်အရ ကာယစွမ်းရည်၊ ဉာဏစွမ်းရည် ထူးကဲပြည့်စုံသူသည် ယောက်ျားမိန်းမ မည်သူမဆို စွန့်ဝံ့စွန့်စားပါက ထူးချွန်ထက်မြက် ပြောင်မြောက်နိုင်မည်" ဟူ၏။

ထိုသို့သော ယောကျ်ားတံခွန် လူရည်ချွန်၊ မိန်းမတံခွန် လူရည်မွန် များ ဖြစ်နိုင်ကြသည် ဆိုရာ၌ ရင့်ကျက်သော ပါရမီအစွမ်းကြောင့် ဖြစ်ပေသည်။

သမ္မာသမ္ဗုဒ္ဓ ဗုဒ္ဓမြတ်စွာဘုရားရှင် ပွင့်ထွန်းခြင်းကပင် ဖြည့်ကျင့်သည့်ပါရမီ (ပါရမီဆယ်ပါး) အစွမ်းကြောင့် ဖြစ်၏။ ထူးချွန်ထက်မြက်သော လူတော်လူကောင်းများအတွက်လည်း ပါရမီဟူသည် အခြေခံအုတ်မြစ်ဖြစ်ပေသည်။

ပါရမီဆိုသည့် ဝေါဟာရကို အလွယ်တကူ အသုံးချသူများ ပါရမီ၏ သဘောအဓိပ္ပာယ် နက်ရှိုင်းမှုကို သိသင့်သလို ပါရမီရှိသူ အစစ်လည်း ဖြစ်ရပါမည်။ ပါရမီရှိဖို့ကလည်း ဖြည့်ကျင့်နိုင်စွမ်း ရှိရပါမည်။

ပါရမီနှင့် ပတ်သက်သော သဘောအဓိပ္ပာယ်ကို ဆရာတော် မေတ္တာရှင် ရွှေပြည်သာ၏ ဒဿနဖွင့်ဆိုချက် ဓမ္မစာပေကို ဤသို့ မှတ်သားထားမိပါသည်။

## ပါရမီ

ပါရမီဟူသည် အနစ်နာခံခြင်းအပေါ်၌ တည်ဆောက်မှု ဖြစ်သည်။ အနစ်နာခံခြင်းဆိုသည်မှာလည်း အများအတွက် မိမိကိုယ်ကျိုးမငဲ့ကွက်ဘဲ စွန့်နိုင်ခြင်း။ [စွန့် - စွန့်စား - စွန့်လွှတ်] ဖြစ်သည်။

အနစ်နာခံခြင်း၌ ကြီးမားသော အာနုဘော်ရှိ၏။ အာနုဘော်ကြောင့် ပါရမီဟူသော မိမိအတွက် နစ်နာမှုရှိသည် မှန်သော်လည်း လောကအတွက် 'အနှစ်သာရ'အားဖြင့် 'စံ' အဖြစ် မြတ်နိုးဖွယ်ဟူ၏။

(အရှုံးမရှိသော ဒဿန)

ထိုသို့သော လူသားအကျိုး လောကအကျိုးတို့ကို စွမ်းစွမ်းတမံ စွန့်လွှတ်စွန့်စား ဆောင်ရွက်နိုင်သည့် ပါရမီရှင်များ ယောကျ်ားမိန်းမ ဟူသရွေ့တို့သည် လောကအတွက် အနှစ်သာရအားဖြင့် စံပြုထိုက်သူများဖြစ်သော ယောကျ်ားတံခွန် လူရည်ချွန်၊ မိန်းမတံခွန် လူရည်မွန်များဟု မြတ်နိုးဖွယ် အားကျဖွယ် အတုယူဖွယ် ဖြစ်ပေသည်။

မိန်းမလူရည်မွန် လူစွမ်းကောင်းများဟု ကမ္ဘာ့အသိအမှတ်ပြုခံရသည့် မိန်းမများစွာ ရှိကြပေသည်။ ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်ဆု ရရှိကြသည့် အမျိုးသမီးများ . . .

၁။ မဒမ်ကျူရီယာ (နိုဘယ်ဆု နှစ်ကြိမ်ရရှိသူ)

၂။ ဘာသာဆိုဖယ်လီတာဘွန်ဆက်တနား (ဩစတြေးလျ)
၁၉၀၅ ခုနှစ်၊ စစ်ဆန့်ကျင်ရေး စာပေထူးချွန်ဆု

၃။ ဂျိမ်းစ်အက်ဒမ် (ချီကာဂိုမြို့)
၁၉၃၁ ခုနှစ်၊ လူမှုအကျိုးပြုဆု

၄။ အမ္ဗရင်တဲချ် (အမေရိကန်)
၁၉၄၆ ခုနှစ်၊ နိုင်ငံတကာအမျိုးသမီးများ ငြိမ်းချမ်းရေး၊ လွတ်မြောက်ရေးဥက္ကဋ္ဌ

၅။ ဘတ္တီဝီလျံ (အိုင်ယာလန်မြောက်ပိုင်း)

၆။ မဲရိဒ်ကော်ရီယန်
၁၉၇၆ ခုနှစ် ငြိမ်းချမ်းသော ပြည်သူများအဖွဲ့ ထူထောင်၊ လူ့ဘောင်အတွက် ကြိုးပမ်းခဲ့သူနှစ်ဦး ယှဉ်တွဲဆုရ။

၁။ မာသာထရီဇာ (အိန္ဒိယနိုင်ငံ)
၁၉၇၉ ခုနှစ်၊ လူသားချင်းစာနာသူ မိခင်ဆု

၂။ အယ်ဗာမာဒေါ (ဆွီဒင်နိုင်ငံ)
၁၉၈၂ ခုနှစ်၊ လက်နက်ဖျက်သိမ်းရေး ဝန်ကြီး

၃။ ဒေါ်အောင်ဆန်းစုကြည် (မြန်မာနိုင်ငံ)
၁၉၉၁ ခုနှစ်၊ ငြိမ်းချမ်းရေးဆုရှင်

၄။ ရီဂိုဘာကာဗန်ချူး (ဂွာတီမာလာနိုင်ငံ)
၁၉၉၂ ခုနှစ်၊ လူ့အခွင့်အရေးလှုပ်ရှားမှုခေါင်းဆောင်

၅။ ဂျိုဒီဝီလျံ (ဆန်လန်မိုင်း)
၁၉၉၇ ခုနှစ်၊ နိုင်ငံတကာ ညှိနှိုင်းရေးမှူး

၆။ စမ်ဂါရီမာသိုင်း (ကင်ညာနိုင်ငံ)
ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင် (၂၀၀၃)ခုနှစ်။

၇။ အယ်လ်ဂျန်ဆင်ဆာဖိတ် (လိုက်ဘေးရီးယားသမ္မတ)
၈။ လေမာဂျီဆိုပီ (ယီမင်နိုင်ငံ)

၂၀၀၄ ခုနှစ်၊ နှစ်ဦးယှဉ်တွဲလျက် ငြိမ်းချမ်းရေးဆုရှင်

စသည်တို့ဖြင့် ကမ္ဘာက အသိအမှတ်ပြု ငြိမ်းချမ်းရေး နိုဘယ်ဆုရှင် အမျိုးသမီး (မိန်းမလူရည်မွန်)များ နိုင်ငံအတွက် လောကအတွက် မိန်းမများအတွက် ဂုဏ်ယူထိုက်စွာ တံခွန်လွှင့်နိုင်သည်မှာ အမှန်။

နိုဘယ်ဆုရှင်များထဲတွင် ယနေ့ မြန်မာအမျိုးသမီးခေါင်းဆောင်ဟု ထင်ရှားနေသည့် ဒေါ်အောင်ဆန်းစုကြည်လည်း အပါအဝင်ဖြစ်သည်။

မျိုးရိုးဗီဇ သွေးကပြသည် ဆိုသည့်အတိုင်း ဒေါ်အောင်ဆန်းစုကြည်သည် ဖခင်က ထိပ်တန်း ယောကျ်ားတံခွန် လူရည်ချွန် ဗိုလ်ချုပ်အောင်ဆန်း၊ မိခင်မှာလည်း ဒေါ်အောင်ဆန်းစုကြည်၏ မိခင်သာမဟုတ် ၁၉၆၀ ခုနှစ်တွင် အမေရိကန်နိုင်ငံက ချီးမြှင့်သည့် မြန်မာမိခင်ဘွဲ့ ခံယူရရှိခဲ့သည်။ မြန်မာမိခင်ကြီးဖြစ်သော မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်သည် ပထမဆုံး မြန်မာသံအမတ်ကြီး မိန်းမတံခွန် လူရည်မွန်ဖြစ်သည်။ ထိုချိန်က ပြုခဲ့ ပြုနေဆဲ ပါရမီအပေါင်း ကျင့်ကြံဖြည့်ဆည်းမှု အပေါင်းတို့၏ စွမ်းအား အာနိသင်တို့ကြောင့် တာဝန်သိစိတ်၊ တာဝန်ယူစိတ်အပြည့်နှင့် တိုင်းကျိုးပြည်ပြု စွမ်းစွမ်းတမံ ဆောင်ရွက်မှုတို့အတွက် မြန်မာနိုင်ငံတော်အစိုးရက ၁၉၅၁ ခုနှစ် လွတ်လပ်ရေးနေ့တွင် မဟာသီရိသုဓမ္မဘွဲ့ကို ဒေါ်ခင်ကြည်အား ချီးမြှင့် အပ်နှင်းခဲ့ပေသည်။

ကြီးကျယ်မွန်မြတ်သော မြန်မာအမျိုးသမီး မိန်းမတံခွန် လူရည်မွန်ကို နိုင်ငံရပ်ခြားမှလည်း...

- ၁၉၅၅ ခုနှစ်၌ ယူဂိုဆလားဗီးယားနိုင်ငံ သမ္မတကြီး မာရှယ်တီးတိုးက ချီးမြှင့်သည့် Yugoslov Star Class 11 1955 ယူဂိုဆလပ်ကြယ်တာရာဘွဲ့။
- ၁၉၅၅ ခုနှစ်၌ ယိုးဒယားနိုင်ငံ (ထိုင်း)ဘုရင်မင်းမြတ်၏ Noble Order of the Crown of Thailand Class 1. 1995 ဥဿျောင်အဖွဲ့ဘွဲ့ စသည်တို့ ချီးမြှင့်အပ်နှင်းခဲ့ပေသည်။

၁၉၆၀ ပြည့်နှစ်တွင် မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်သည် မေလ ၁၉ ရက်နေ့တွင် အိန္ဒိယနိုင်ငံသံအမတ်ကြီး၊ ဇွန်လတွင် နီပေါဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ခံခဲ့ရသည်။ ကမ္ဘာမှာရော မြန်မာမှာပါ ပထမဆုံး အမျိုးသမီးသံအမတ်ကြီးဖြစ်၍ မြန်မာ မိန်းမတံခွန် လူ့ရည်မွန်ဖြစ်ပေသည်။

ထို့ပြင် ၁၉၆၀ပြည့်နှစ်မှာပင် အမေရိကန်နိုင်ငံက ချီးမြှင့်သည့် 'မြန်မာမိခင်ဘွဲ့'ကို ရရှိခဲ့ပြန်သည်။

ယနေ့ မြန်မာနိုင်ငံမှ မိန်းမအမျိုးသမီးများတို့သည် ရှေ့မှ စံပြုထိုက်သည့် နိုင်ငံမိခင်ကြီးကို သတိပြု အားကျအတုယူသင့်ပေသည်။

ထိုမိခင်ကြီး နိုင်ငံအကျိုးပြု လူသားအကျိုးပြု မည်သို့ လုပ်ဆောင်ခဲ့သည်များ မှတ်သားနိုင်ရန် တာဝန်သိစိတ် တာဝန်ယူစိတ်များက ပြဋ္ဌာန်းချက်များမှာ...

- အမျိုးသမီးများနှင့် ကလေးများ စောင့်ရှောက်ရေးဘုတ်အဖွဲ့ ညွှန်ကြားရေးဝန် (၁၉၄၇-၁၉၅၃)
- နိုင်ငံတော်အစိုးရ လူမှုရေးစီမံကိန်းကော်မရှင် သဘာပတိ (၁၉၅၃-၁၉၅၈ထိ)
- သူနာပြုနှင့် ဝမ်းဆွဲဆရာမအသင်း (နာယက) လူမှုဝန်ထမ်းကောင်စီဥက္ကဋ္ဌ (၁၉၅၂-၁၉၆၀)
- အမျိုးသမီးများနှင့်ကလေးများ စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ (၁၉၅၄-၁၉၆၀)
- ကလေးသူငယ်များ စောင့်ရှောက်ရေး ကောင်စီဥက္ကဋ္ဌ
- ပြည်သူ့နီတိနှင့် ကျန်းမာရေးအဖွဲ့ ဥက္ကဋ္ဌ
- ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသမီးသဘောတရား တိုးတက် ဖွံ့ဖြိုးရေး အသင်းဥက္ကဋ္ဌ
- အမျိုးသမီးကင်းထောက်အဖွဲ့ မင်းကြီးချုပ် (၁၉၄၇-၁၉၆၀)
- အငယ်တန်း ကြက်ခြေနီ သူနာပြုအသင်း

အမျိုးသမီးအုပ်ချုပ်ရေးမှူးချုပ် (၁၉၅၂-၁၉၆၀)

မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်သည် မြန်မာမိခင်ဘွဲ့နှင့် လျော်ညီသော နိုင်ငံတော်အတွက် အသင်း၏ အစည်းအရုံးတာဝန်များကိုပါ ပညာပါရမီ၊ မေတ္တာပါရမီ၊ ခန္တီပါရမီ ခွန်အားများနှင့်အတူ စေတနာရုပ်လုံးကြွစွာ ထမ်းဆောင်ခဲ့သည်မှာ မိန်းမသားတစ်ဦး၏ သာမန်စွမ်းရည်များမဟုတ်သည်ကို ထင်ရှားမြင်သိနိုင်၏။

ထိုသို့ မြန်မာနိုင်ငံအတွက်အထူးအရေးပါသော မြန်မာအမျိုးသမီးကြီး မဟာသီရိသုဓမ္မဒေါ်ခင်ကြည်အနေဖြင့် နိုင်ငံတကာ အစည်းအဝေးများတွင်လည်း နိုင်ငံတော် ကိုယ်စားပြု တက်ရောက်ခဲ့ရပေသည်။

ဒေါ်ခင်ကြည် တက်ရောက်ခဲ့သည့် အစည်းအဝေးများ…

- ဒေသဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂကျန်းမာရေးအဖွဲ့ချုပ် (WHO) အစည်းအဝေး အိန္ဒိယပြည် နယူးဒေလီတွင် ပြုလုပ် (၁၉၄၉)
- သီဟိုဠ်ကျွန်း၌ ပြုလုပ်သည့် ကွန်ဖရင့်အစည်းအဝေး ဥက္ကဋ္ဌ (၁၉၅၀)
- ဂျနီဗာ၌ ကျင်းပသည့် ကမ္ဘာ့ကျန်းမာရေး အစည်းအဝေးများ (၁၉၅၀၊ ၁၉၅၁၊ ၁၉၅၂)
- အိန္ဒိယနိုင်ငံ ဘုံဘေမြို့၌ ကျင်းပသည့်ကလေးသူငယ်များ စောင့်ရှောက်ရေး ကွန်ဖရင့် (၁၉၅၂)
- ၅ ကြိမ်မြောက် အိန္ဒိယနိုင်ငံ မာဒရပ်၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ လူမှုဝန်ထမ်းကွန်ဖရင့် (၁၉၅၂)

နိုင်ငံရပ်ခြားများသို့ မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် ဤသို့ အစည်းအဝေးများ တက်ရောက်ခဲ့သည့်အပြင် အနာဂတ်နိုင်ငံ တိုးတက်ဖွံ့ဖြိုးမှုအတွက် သွားရောက်လေ့လာ ဗဟုသုတရှာမှီးသော နိုင်ငံရပ်ခြားဒေသများမှာလည်း…

အနောက်ဂျာမနီ၊ ဗြိတိန်၊ ပြင်သစ်၊ အမေရိကန်၊ ဂျပန်နိုင်ငံများသို့လည်းကောင်း၊ ၁၉၅၆-၅၇ နှစ်များတို့၌ အိန္ဒိယနိုင်ငံ၊ ယိုးဒယားနိုင်ငံနှင့် ၁၉၅၈ ခုနှစ်၌ တရုတ်ပြည်သူ့ သမ္မတနိုင်ငံများသို့ ဗုဒ္ဓပူဇနိယ ပူဇော်ပွဲ

ကျင်းပရေးအတွက် သွားရောက်ခဲ့ပေသည်။ ၁၉၆၀ ခုနှစ်တွင်လည်း ဗီယက်နမ်နိုင်ငံသို့ သွားရောက်ခဲ့သည်။

ထိုဆောင်ရွက်မှုများသည် ၁၉၆၀ ခုနှစ်၊ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ်နှင့် မြန်မာမိခင်များ မရရှိသေးခင် ကာလဖြစ်၍ ဖြည့်စွမ်းခဲ့သည့် ပါရမီအရှိန်အဟုန်များဖြစ်သည်ဟု မှတ်ယူမိပါသည်။

ထိုထက်စောသောအချိန်က မြန်မာ့မိခင်ကြီး ဒေါ်ခင်ကြည်သည် လုပသောသမိုင်းကြောင်းကို ရေးဖို့ လာခြင်းကောင်းသော မိန်းကလေးအဖြစ် ၁၂၇၄ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်၊ (၁၉၁၂ ခုနှစ်၊ ဧပြီလ ၁၆ ရက်)နေ့တွင် အဖ ဦးဖိုးညွှင်း (ပြည်သူ့လုပ်ငန်းဌာန)၊ အမိ ဒေါ်ဖွားစုတို့မှ မွေးဖွားသန့်စင်ခဲ့သည်။

မွေးချင်း ၁၁ ယောက်အနက် အငွမမြောက် သမီးဖြစ်ပြီး အစ်မဖြစ်သူ မခင်ကြီးမှာ ဂျပန်ခေတ် လယ်ယာစိုက်ပျိုးရေးဝန်ကြီး၊ ဖဆပလအထွေထွေအတွင်းရေးမှူးဟောင်း၊ ဗမာပြည် ကွန်မြူနစ်ပါတီဥက္ကဋ္ဌ သခင်သန်းထွန်း၏ဇနီးဖြစ်သည်။

အမေ ဒေါ်ခင်ကြည်သည် မြစ်ဝကျွန်းပေါ်၊ မြောင်းမြမြို့ ဇာတိဖြစ်သည်။

မြောင်းမြမြို့တွင် ၇ တန်းအထိ ပညာသင်ခဲ့သည်။ ရန်ကုန် ကြည့်မြင်တိုင် အေဘီအမ် မိန်းကလေးကျောင်းတွင် ၁၀ တန်း အောင်မြင်ခဲ့သည်။ ထို့နောက် မော်လမြိုင် အေဘီအမ်ကျောင်း (မော်ကွန်းထိန်းဆရာဖြစ်သင်ကျောင်း)မှ မူလတန်းဆရာဖြစ်လက်မှတ် ရခဲ့သည်။

မြောင်းမြမြို့ အထက်တန်းကျောင်းတွင် စေတနာ့ဝန်ထမ်း ဆရာမအဖြစ် နှစ်အတန်ကြာ ဆောင်ရွက်ခဲ့သည်။ ထို့နောက် ဝါသနာ၏ လှုံ့ဆော်ချက်ကြောင့် မူလဝါသနာအရ ရန်ကုန်ဒပ်ဖရင် (ဗဟိုအမျိုးသမီးဆေးရုံကြီး)၌ သားဖွားဆရာမသင်တန်းကို တက်ရောက်ခဲ့သည်။

ဒေါက်တာဘမော် အုပ်ချုပ်ရေးခေတ်တွင် ဘီဒီအေ ဆေးရုံကြီးသည် ရန်ကုန်ဆေးရုံကြီး ဖြစ်လာသည်။ ဒေါက်တာဘသန်း၏ ဦးဆောင်မှုအောက်တွင် ဒေါက်တာများ သူနာပြုဆရာမများနှင့်အတူ ဆရာမဒေါ်ခင်ကြည်က

သူနာပြုချုပ်အဖြစ် အမှုထမ်းနေစဉ် ဘီဒီအေ စစ်သေနာပတိချုပ် ဗိုလ်ချုပ် အောင်ဆန်း ဆေးရုံလာတက်သည်။

၁၉၄၂ ခုနှစ် ဇန်နဝါရီလတွင် ဖြစ်သည်။ ဗိုလ်ချုပ်သည် ယိုးဒယား ကနေ ခရီးပြင်းချီတက်လာရသည့် ပင်ပန်းသည့်ဒဏ်၊ အစားမမှန် အအိပ် မမှန် ရာသီဥတုဒဏ်၊ ဆီးဝမ်းသွေလေး မှုမမှန်မှုများကြောင့် အပြင်းဖျားပြီး ဆေးရုံသို့ရောက်လာခဲ့ခြင်း ဖြစ်၏။

ဗိုလ်ချုပ်၏ အနေတည်မှု၊ အပြောတို စိတ်တိုတတ်မှုတို့ကြောင့် စိတ်ရှည်၊ သည်းခံ၊ ဖွဲ့ရှိသည့် သူနာပြု ဒေါ်ခင်ကြည်နှင့်မှ အဆင်ပြေသည်။

၁၉၄၂ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် ဗိုလ်ချုပ်နှင့် လက်ထပ် သည်။ လက်ထပ်ပြီး သူနာပြုအလုပ်မှ နုတ်ထွက်ကာ အိမ်ရှင်မတာဝန် ထမ်းဆောင်ရင်း အောင်ဆန်းဦး၊ အောင်ဆန်းလင်း၊ အောင်ဆန်းစုကြည် ဟူသော သားနှစ်ယောက် သမီးတစ်ယောက် ထွန်းကားခဲ့သည်။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်နှင့် လုပ်ဖော် ကိုင်ဖက် ဝန်ကြီးများ ကျဆုံးခဲ့သည်။

ဗိုလ်ချုပ်ကျဆုံးပြီး ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် ဗိုလ် ချုပ်ကတော် ဒေါ်ခင်ကြည်သည် အမိဋ္ဌာန်ပြုချက်နှင့် လူထုပန်ကြားလွှာကို ထုတ်ပြန်၍ လွတ်လပ်ရေးကြိုးပမ်းမှုတွင် သမိုင်းပေးတာဝန်ကို ဗိုလ်ချုပ် ကိုယ်စား ဆက်လက်ထမ်းဆောင်သွားမည့် သန္နိဋ္ဌာန်ဖြင့် ပန်ကြားလွှာတွင်…

"ကျွန်မခင်ပွန်း ဗိုလ်ချုပ်အောင်ဆန်းဟာ တိုင်းပြည်နဲ့ လူမျိုးအတွက် ကြိုးပမ်းရင်း လမ်းခုလတ်တွင် ကျဆုံးခဲ့ရပါပြီ။ သူကွယ်လွန်သွားတော့ သူ့ကို လွမ်းဆွတ်နေမည့်အစား သူ ချမှတ်ခဲ့တဲ့ လမ်းစဉ်တွင် ပါဝင်နိုင်တဲ့ ဘက်မှ ပါဝင်ပြီး သူ ချန်ခဲ့တဲ့ သူ့သွေး သူ့သား၊ မိမိရဲ့ ရင်သွေးများကို အဖေ့သားများပီပီ အဖေ့ခြေရာနင်းနိုင်အောင် ပျိုးထောင်ပေးမယ် ဆုံးဖြတ် ပါတယ်။ သူလိုချင်တဲ့ လွတ်လပ်ရေးကြီးကို မရရအောင် ယူနိုင်ဖို့ ကြိုးပမ်း ကြမယ်"

ဤသို့ ပန်ကြားလွှာ ရေးသားခဲ့ပေသည်။

ဆရာကြီးမောင်ဆုရှင်က မိခင်ဟူသည် မည်သည့်နိုင်ငံသမိုင်းတွင်

မဆို လူသားတိုင်းတို့၏ရင်ထဲက သူရဲကောင်းဟူ၍ ကမ္ဘာမြေမှသူရဲကောင်း ဆောင်းပါး၌ ရေးသားခဲ့၏။

မြန်မာနိုင်ငံ၏ ကမ္ဘာ့အသိအမှတ်ဂုဏ်တင် 'မြန်မာ့မိခင်' ဘွဲ့ထူးရှင် ဗိုလ်ချုပ်ကတော် မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်၏ အဓိက ကဲချွန် မိန်းမမြတ်အမွန် သူရဲကောင်းသည် လောကလူသား မိန်းမများ လေးစားဂုဏ်ယူအားကျဖွယ် 'မိန်းမတံခွန် လူရည်မွန်'အဖြစ် အထင်ရှားဆုံး ဥဒါဟရုဏ်ဖြစ်တော့သည်ဟု ဦးညွှတ်မိပါသည်။

စာမှီး

*မောင်ဇေယျာ - မြန်မာလူကျော် (၁၀၀) ဒုအုပ်

*နေစိုးထက် - ဗိုလ်ချုပ်ကတော်
(မျိုးဆက်အမွေ ဆက်ခံသူ၊ ပေးဝေသူ)

*ကြည်သာဇော် - အောင်မြင်ကျော်ကြားသည့် အမတ်များ
(ပထမဦးဆုံး မြန်မာအမျိုးသမီး သံအမတ်ကြီး)

မန္တယ် (ကလော)

မိဖုရားကြီး ဖွားစော၏ ကျောက်စာရေးထိုးထားပုံမှာ အများထင်မြင်သကဲ့သို့ မာန်မာနကြီးသူတစ်ဦး၏ ပြောဆိုဟန် မဟုတ်ပေ။ မိဖုရားကြီး ဖွားစောသည် သားကွယ်လွန်သွားရှာသဖြင့် အမှန်တကယ်ပင် ဝမ်းနည်းကြေကွဲနေခဲ့သည်။ တရားသံဝေဂလည်း ရနေခဲ့သည်။ ကျောက်စာနေရာ၌ "အတို့ကျွန် ဖလည်းမရှိ၊ အတို့ကျွန် မိလည်းမရှိ၊ အတို့ကျွန် သားလည်း မရှိ" စသည်ဖြင့် ရေးထိုးထားလေရာ မိဖုရားကြီး မည်မျှ ခံစားနေရပုံကို ပေါ်လွင်လျက်ရှိပေသည်။

"မိဖ ဆွေမျိုးခပင်း လွန်ခဲ့၍ ငါတစ်ယောက် အထီးကြွင်းရစ်ရကား" ဟူသော စာသားများက မိဖုရားကြီးဖွားစော၏အထီးကျန်မှုကို ဖော်ညွှန်းနေ၏။

# နရသီဟပတေ့မင်း၏မိဖုရားဖွားစော

**တင်နိုင်တိုး**

ပုဂံတွင် ဖွားစောအမည်ရှိ ကျေးရွာကြီးတစ်ရွာ တည်ရှိပါသည်။ အရှေ့ဖွားစော၊ အနောက်ဖွားစောဟုလည်း ခွဲခြားခေါ်ဆိုကြသည်။ ပုဂံခေတ် မိဖုရားဖွားစောအမည်က ယနေ့ထက်တိုင် တည်ရှိနေဆဲ ဖြစ်သည်။

သို့သော် ဖွားစောအမည်ခံ မိဖုရားကြီးကား တစ်ပါးတည်းမဟုတ်။ သုံးပါးတောင် တည်ရှိနေပါသည်။ မြန်မာရာဇဝင်ကျမ်းများတွင် ဖွားစော အကြောင်းက အရောရော အနှောနှော ရှိလှသည်။ မိဖုရားဖွားစော သုံးပါး တွင် ပထမဖွားစောက နရသိင်္ခဥစ္စနာမင်း၏ မိဖုရားဖြစ်သည်။ သူ့ကို မင်းဝိုင်းတွင် ကုသိုလ်ပြု ကျောက်စာရေးထိုးခဲ့သူမို့ မင်းဝိုင်းဖွားစောဟု ပညာရှင်တို့က ခေါ်ဆိုကြသည်။ ဒုတိယဖွားစောက နရသီဟပတေ့မင်း၏ မိဖုရားကြီးဖြစ်သည်။ သားရာဇသူအကြောင်း ကျောက်စာရေးထိုးဖူး၍ သူ့ကို ရာဇသူဖွားစောဟု အမည်ပေးကြသည်။ တတိယဖွားစောက ကျော်စွာမင်း ၏ မိဖုရားကြီးဖြစ်သည်။ သစ်မထီးရပ်တွင် ကျောက်စာရေးထိုး အလှူပြုခဲ့ သူဖြစ်သည်။

ယခုတင်ပြလိုသည့် ဖွားစောက ဒုတိယဖွားစောဖြစ်သည်။ နရသီဟပတေ့ခေါ် တရုတ်ပြေးမင်း၏ မိဖုရားကြီး ဖြစ်ပါသည်။ ဖွားစောသည် ဆွေကြီးမျိုးကြီးမှ ပေါက်ဖွားလာသူဖြစ်သည်။ သို့ကြောင့်လည်း ဖွားစောကို မာန်မာန အလွန်ကြီးမားသူဟု ဆိုကြခြင်း ဖြစ်ဟန်ရှိပါသည်။ သို့သော် ဖွားစောက အများထင်သကဲ့သို့ မာန်မာန ထောင်လွှားတက်သူ မိဖုရားကြီး မဟုတ်ပါ။ လေ့လာကြည့်တော့ မိဖုရားကြီးက ပိုမို ကြည်ညို လေးစားဖွယ် ဖြစ်နေပါသည်။

မိဖုရားကြီးဖွားစောက စောလှဝန်းဘုရားတွင် ကျောက်စာရေးထိုးခဲ့သည်။

"ဤသို့သော ငါလှူသောအကျိုးကား ငါ့အဖိုး ကျစွာမင်းကြီး၊ ငါ့ဖွား စောမင်းလှ၊ ငါ့သခင် မင်းကြီး၊ ငါ့သခင်သား တရားမင်းကြီး၊ ငါ့မိငါ့ဖ၊ ငါ့ချစ်သား ၂ ယောက်၊ ငါ့ဦးရီး သိဃ်သူ၊ ငါ့မိထွေး သုံးလူလ၊ ငါ့အစ်မ ရတနာပုံ၊ ငါ့မောင် ၃ ယောက်၊ ငါ့ညီမ ၂ ယောက်"

စသည်ဖြင့် ဖြစ်သည်။

မိဖုရားဖွားစော၏ အဘိုးက ကျစွာမင်းကြီး၊ အဘွားက မိဖုရားစောမင်းလှဖြစ်သည်။ အဒေါ်က ဥဇနာမင်းကြီး၏ သုံးလူလ မိဖုရားကြီးဖြစ်သည်။ မိဘမျိုးရိုးက ဂုဏ်ဒြပ်ကြီးမားလှသည်။ အဘိုးအဘွားကလည်း မိဖုရားဖွားစောကို ချစ်မြတ်နိုးရှာသည်။ မြေးဟုဆိုသော်လည်း သမီးအရင်းနှင့်မခြား ချီးမြှင့်မှုပြုခဲ့သည်။ အစ်မရင်းဖြစ်သူ ရတနာပုံသည်လည်း နရသီဟပတေ့မင်း၏ မိဖုရားတစ်ပါး ဖြစ်နေသည်။ မိဖုရားကြီး ဖွားစောသည် နရသီဟပတေ့မင်းလက်ထက်တွင် အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။

မိဖုရားကြီးဖွားစောတွင် သားတော်နှစ်ပါး ထွန်းကားခဲ့သည်။ တစ်ပါးက ရာဇသူ၊ တစ်ပါးက ကျစွာ ဖြစ်သည်။ ကျစွာကို ကျောက်စာ၌ "မင်းကြီးသား ကျစွာ"ဟု ရည်ညွှန်းထားသဖြင့် အရင်းဟုတ်မဟုတ် မသိရသော်လည်း ရာဇသူကတော့ မိဖုရားကြီးဖွားစော၏ ရင်မှဖြစ်သော

သားဖြစ်ပါသည်။ ဖွားစောက သားရာဇသူကို အလွန်လည်း ချစ်မြတ်နိုး တော်မူရှာပါသည်။ သို့ကြောင့်လည်း မိမိအမည်ရှေ့၌ပင် သားအမည်ကို ထည့်သွင်းကာ "ရာဇသူ ဖွားစော" ဟု ကျောက်စာတွင် ရည်ညွှန်း ရေးထိုးခဲ့ခြင်းဖြစ်ဟန်ရှိပါသည်။

နရသီဟပတေ့မင်းနှင့် မိဖုရားကြီး ဖွားစောတို့မှ ဖွားမြင်သော သား ကလေး ရာဇသူက ပုဂံနန်းတွင်း၌ပင် ကြီးပြင်းခဲ့သူကလေး ဖြစ်သည်။ မိဖုရားကြီးဖွားစောသည် သားရာဇသူနှင့်အတူ ခရစ်နှစ် ၁၂၉၀ ပြည့်နှစ်က အလှူကြီးပေးခဲ့ပြီး ကျောင်းဆောက်လုပ်ကာ အစလဗုဒ္ဓမထေရ်ကို တင်လှူ ခဲ့ကြသည်။ ထို့ပြင် ကထိန်ပွဲတွင်လည်း သားအမိတို့ ထပ်မံလှူဒါန်းခဲ့ကြ ပါသေးသည်။

ခရစ်နှစ် ၁၂၉၁ ခုနှစ် နှစ်ဦးကာလ နွေရာသီတွင် မိဖုရားကြီး ဖွားစော၏သားတော် ရာဇသူ ကွယ်လွန်သွားရှာသည်။ ဤတစ်ကြိမ်တွင် တော့ မိဖုရားကြီးဖွားစော စိတ်ထိခိုက်ကာ ဝမ်းနည်းကြေကွဲခဲ့ရသည်။ သူအလွန်ချစ်မြတ်နိုးသော သားက သူ့ကိုခွဲခွာသွားသဖြင့် ယူကျုံးမရ ဖြစ်ခဲ့မိသည်။ သားကွယ်လွန်ပြီး နှစ်လအကြာတွင် ရာဇသူစေတီကို တည်ထားကိုးကွယ်ခဲ့သည်။

မိဖုရားကြီးဖွားစောက ကျောက်စာရေးထိုးရာတွင် ...

"သက္ကရာဇ် ၆၅၃ ခု နယုန်လဆန်း ၁၁ ရက် ၅ နေ့ အစော ရာဇသူ စေတီတည်သော သခင်ရာဇသူ နှလုံးထိတ်လန့်လတ်ရကား ငါ ၏ မိဘဘိုးဘေးတို့လည်း အမွေဥစ္စာတို့နှင့်တကွ ငါအမိရင်းကို စွန့်ခဲ့ပြီ တကား၊ ငါလည်း သူမယူနိုင်၍ ထားခဲ့သော အမွေဥစ္စာကို ငါလည်း ထိုသို့လည်းကောင်း မပါတတ်သည့်အကြောင်းကို သိရကား ငါ့မိ၊ ငါ့ဖ၊ ငါ့သား အမျိုးခပ်သိမ်းတို့ နိဗ္ဗာန်၏ ပစ္စည်းအထောက်အပံ့ ဖြစ်စိမ့်သောငှာ လှူတုံသော"

စသည်ဖြင့် တွေ့ရှိရသည်။

မိဖုရားကြီး ဖွားစော၏ ကျောက်စာရေးထိုးထားပုံမှာ အများထင်မြင်သကဲ့သို့ မာန်မာနကြီးသူတစ်ဦး၏ ပြောဆိုဟန် မဟုတ်ပေ။ မိဖုရားကြီး ဖွားစောသည် သားကွယ်လွန်သွားရှာသဖြင့် အမှန်တကယ်ပင် ဝမ်းနည်းကြေကွဲနေခဲ့သည်။ တရားသံဝေဂလည်း ရနေခဲ့သည်။ ကျောက်စာနေရာ၌ "အတို့ကျွန် ဖလည်းမရှိ၊ အတို့ကျွန် မိလည်းမရှိ၊ အတို့ကျွန် သားလည်းမရှိ" စသည်ဖြင့် ရေထိုးထားလေရာ မိဖုရားကြီး မည်မျှ ခံစားနေရပုံကို ပေါ်လွင်လျက်ရှိပေသည်။ "မိဖ ဆွေမျိုးခပင်း လွန်ခဲ့၍ ငါတစ်ယောက် အထီး ကြွင်းရစ်ရကား" ဟူသော စာသားများက မိဖုရားကြီးဖွားစော၏ အထီးကျန်မှုကို ဖော်ညွှန်းနေ၏။

သို့သော် မိဖုရားကြီးဖွားစောက ဗုဒ္ဓဘာသာဝင်ပီပီ တရားကို နှလုံးသွင်းနိုင်ခဲ့သည်။ ဖြစ်ပျက်မှုအစဉ်ကို တရားဖြင့် ရှုကြည့်နိုင်ခဲ့သည်။ နောက်ဆုံး မိမိနေထိုင်ရာ အိမ်ကိုပင် ရတနာသုံးပါးအား လှူဒါန်းသွားခဲ့သည်။ ကျောက်စာတွင်...

"ဤမျှသော မြေကျွန်များ၊ ဦးခေါင်းဆင်သော တန်ဆာ၊ လည်တွင်ဆင်သော တန်ဆာ၊ သခင်သံဃာတို့၏ စားဆွမ်းဖြစ်စိမ့်သောကြောင့် ငါနေသောအိမ်နှင့် အိမ်ရော အားလုံး၊ အယုတ်အားဖြင့်ကား နိမ့်ဖွယ်သည်လျှင်လေ ရတနာ ၃ ပါးသော ဥစ္စာတည်း"

ဟု ရေးထိုးခဲ့သည်။

လောက၏ အနိစ္စသဘောကို ကောင်းစွာ ရှုမြင်နိုင်ခဲ့သည်။ မိဖုရားကြီးဖွားစောသည် သူ့ဘဝအတွက် အကောင်းဆုံးသော ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့သည်။ မိဖုရားကြီး ဖွားစောကား ဦးခေါင်းနှင့် လည်တို့၌ ဆင်မြန်းသော အဆင်တန်ဆာတို့ကိုပင် လှူဒါန်းသွားခဲ့သည်။ မိဖုရားကြီး ဖွားစော၏ မြင့်မြတ်သော အလှူတော်နှင့် စိတ်နှလုံးဖြူစင် နူးညံ့ပုံတို့ကို ကျောက်စာမှ တစ်ဆင့် သိရှိရပေရာ လေးစားကြည်ညိုဖွယ်ကောင်းလှပေသည်။

အကိုးအကား

၁။ ပုဂံခေတ် ဖွားစောများ (ဗိုလ်မှူးဘရှင်)

ငွေရတုသဘင် အထိမ်းအမှတ် ပုံနှိပ်ပြီး စာတမ်းစု

တင်နိုင်တိုး

'သူတို့ထက် နှစ်ဆတော်အောင်သာ ကြိုးစား၊ အဲလိုဆိုရင် သူတို့က မကြိုက်သည့်တိုင်အောင် မင်းကို လေးလေးစားစား ဆက်ဆံလာလိမ့်မယ်' ဟူသော ဆုံးမအားပေးစကားကြောင့် သူ၏ ထက်မြက်သွက်လက်စွာ ကြိုးစားမှုက သူ့ဘဝကို မြင့်မားစေခဲ့သည်။

# တိမ်ဘုံဖျားမှ 'လ'ကိုဆွတ်မှာလား

## တက္ကသိုလ်အေးမြစန္ဒာ

ရှေးခေတ်၊ ရှေးအခါက အမျိုးသမီးများဟာ အရွယ်ရောက်ရင် အိမ်ထောင်ပြု၊ သားသမီးမွေး၊ အိမ်ထောင်ထိမ်းသိမ်းဖို့ကိုပဲ မွေးဖွားလာကြသလို ဖြစ်ခဲ့သည်။ ခေတ်အမြင်တိုးတက်လာတော့ မိန်းမတွေပညာသင်ကြ အပြင်ထွက် အလုပ်လုပ်ကြဖြင့် ယောကျ်ားတွေနှင့် ရင်ဘောင်တန်းလာကြသည်။ ဒါတောင် ယခုကာလမှာပင် အချို့လူမျိုးတွေ၊ တောထဲတောင်ထဲတွေမှာ မိန်းမတွေဟာ လင်ယောကျ်ားတွေအတွက် သားသမီးမွေးပေးရုံ အိမ်ထောင်မှုကိစ္စတွေ လုပ်ရုံသက်သက်ပင် အမြင်ကျဉ်းမြောင်းစွာ ရှိမြဲပါပဲ။ စက်မှုခေတ်တိုးတက်လာပြီး ကမ္ဘာကြီးက ရွာတစ်ရွာလို ဖြစ်လာတဲ့အခါမှာ နိုင်ငံကြီးတွေလို နိုင်ငံငယ်တွေက အတွေးအမြင်သစ်တွေ လိုက်မီလာတာ တွေ့ရသည်။ ကမ္ဘာကြီးတစ်ခုလုံးမှ ကိစ္စမှန်သမျှ အင်တာနက်မှ ကြည့်မြင်လာကြချိန်မှာ အမျိုးသမီးတွေလည်း ထက်မြက်ထူးချွန်လာကြတာ ဆန်းတော့မဆန်းပါ။

လူမှုသဘာဝအရ သားသမီးမွေးဖွားပေးနိုင်သည့် မိခင်ဖြစ်ခွင့် စွမ်းရည်ရှိခြင်း၊ လင်သားကို ပြုစုရခြင်း၊ သားသမီးများကို ထိမ်းကျောင်းပြုစုရခြင်းတို့မှာလည်း ဘဝပေး တာဝန်လို ဖြစ်တဲ့ကြားက ကိုယ်တတ်စွမ်းတဲ့ ပညာတွေဖြင့် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက်လည်း တာဝန်တွေ ထမ်းဆောင်လိုက်သေးသည်။

ဆရာဝန်မကြီးတွေ၊ အင်ဂျင်နီယာမကြီးတွေလောက်ဆိုတာ ဘာမှမဟုတ်တော့။ နိုင်ငံတကာနှင့် ဆက်နွယ်သော ကုမ္ပဏီလုပ်ငန်းရှင်မကြီးတွေ၊ နိုင်ငံရပ်ခြားမှာ တာဝန်ကြီးမားစွာ သွားရောက် တာဝန်ထမ်းဆောင်ရသူတွေဆိုတာလည်း မနည်းလှ။ ယခုအခါ နိုင်ငံတော်ကို ဦးဆောင်နေကြသော အမျိုးသမီး သမ္မတတွေ၊ ဝန်ကြီးချုပ်တွေ၊ ဝန်ကြီးတွေဆိုတာ နိုင်ငံတကာမှာ ပေါ်ပေါက်နေကြပြီ။ နေရာပေးနေကြပြီလေ။ မြန်မာပြည်မှာဆိုလည်း ဌာနဆိုင်ရာဝန်ကြီး အမျိုးသမီးတွေရှိနေပြီ။ နိုင်ငံတကာကို ကူးသန်းသွားလာဆက်ဆံနေကြပြီလေ။

အားလုံးသိကြသော ချစ်ခင်လေးစားကြပြီး ပြည်သူပြည်သားတွေအားလုံးရဲ့ မေတ္တာနှင့် အထင်ကြီးတန်ဖိုးထားမှုကို ရရှိသော ဒေါ်အောင်ဆန်းစုကြည်ဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဆိုသော အဝိုင်းအတာပင် မဟုတ်ပါ။ သူ့မှာ ပိုင်ဆိုင်သော ပညာအရည်အချင်း၊ ဉာဏ်ပညာ၊ သတ္တိ၊ ကိုယ်ကျိုးစွန့်နိုင်မှု၊ စိတ်ဓာတ်ခိုင်မာတည်ကြည်မှု၊ ခေါင်းဆောင်နိုင်မှု စွမ်းရည် အစစ စံပြထားစရာ အမျိုးသမီးပါ။ နိုင်ငံခြားမှာ အခြေအနေအရ သွားရောက်နေထိုင်ပညာသင်ခဲ့ရသော်လည်း မြန်မာ့စိတ်ဓာတ် မြန်မာ့အမူအကျင့်၊ မြန်မာ့ယဉ်ကျေးမှုရှိသူတစ်ဦးပါ။ အတုယူစရာအဖြစ် သူ့ကို အမျိုးသမီးတိုင်း အားကျကြသည်။ သူ၏ ပညာအရည်အချင်း၊ သူ၏ ဘဝ၊ သူ၏ အနစ်နာခံမှုတွေ အားလုံးကို စာရေးဆရာအတော်များများက ရေးခဲ့ပြီးဖြစ်၍ လူတိုင်းလည်း သိကြပြီမို့ ပြန်လည်ရေးပြမနေတော့ပါ။

ဒေါ်အောင်ဆန်းစုကြည်မှာသာ ကိုယ်ပိုင်ထူးချွန်သော အရည်အချင်း မရှိခဲ့လျှင် ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်ဦးတော့ ပြည်သူတွေက

ဒီလောက် အလေးပေးချစ်ခင်လေးစားယုံကြည်အားကိုးကြမှာ မဟုတ်ပါ။ သူ့ဖာသာ နိုင်ငံခြားမှာ ဇိမ်နှင့်နေနိုင်ပါလျက် ခင်ပွန်းနှင့်သားများကို စွန့်၍ ကိုယ့်မွေးရပ်မြေမြန်မာပြည်ကို ဆင်းရဲတွင်းက ကယ်တင်ဖို့ နှစ်နှစ်ဆယ် ကျော် ဇွဲရှိရှိနှင့် ကြိုးစားပြီး ဒုက္ခခံအနစ်နာခံခဲ့သည်။ တည့်မတ်မှန်ကန်သော လမ်းကြောင်းကိုဖောက်ဖို့ ပင်ပန်းဆင်းရဲစွာ ကြံစည်လျှောက်လှမ်းခဲ့ရသည် များကို ကမ္ဘာကသိ၍ ပြည်တွင်းရော- ပြည်ပကပါ အားပေးလေးစားကြ သည်လေ။ ကမ္ဘာကပေးသော ဆုကြီးများကိုလည်း မြန်မာအမျိုးသမီးတစ်ဦး အနေနှင့် ဂုဏ်ယူဖွယ်ရာ အကြိမ်ကြိမ်ရရှိခဲ့သူတစ်ဦးပါ။ ဒါတွေဟာ အလွယ် တကူမှ မဟုတ်တာပဲ။ မွန်မြတ်တဲ့ သူ့ရဲ့စိတ်ထား။ သူ့ရဲ့ အပင်ပန်းခံ ကိုယ်ကျိုးစွန့်လွှတ်နိုင်မှုကြောင့် ကမ္ဘာကပင် အသိအမှတ်ပြုခံရသော မြန်မာ အမျိုးသမီးတစ်ဦးပါ။ သူ့အကြောင်း ပြောစရာမကုန်နိုင်ပါ။ အားလုံးသိကြ ပြီးပြီမို့ နိုင်ငံခြားက လူရည်မွန်အမျိုးသမီးများအကြောင်း ဆက်ပြောချင်ပါသည်။

မကြာသေးခင်က တောင်ကိုရီးယားမှာ အမျိုးသမီးသမ္မတသစ် ‘ပတ်ဂွမ်ဟီး’ (၂၀၁၃ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှာ) အရွေးခံခဲ့ရသည်။ သာမန်အရည်အချင်းနှင့် တက်လာခဲ့တာတော့မဟုတ်။ သူ့ဖခင် ‘ပတ်ချုံ ဟီး’ လက်ထက်က တိုင်းပြည်ဆင်းရဲမွဲတေခဲ့ပေမဲ့ သူ၏အရည်အချင်းကို မျှော်လင့်၍ အားပေးကြသည်။ သူသည် ဆိုဂန်တက္ကသိုလ်မှ အင်ဂျင်နီယာ ဘွဲ့ရပြီး ပြင်သစ်တက္ကသိုလ်မှာ ပညာဆက်သင်ချိန်မှာ မိခင်လုပ်ကြံခံခဲ့ရ သည်။ ထိုင်ဝမ်ရှိ တရုတ်ရီးရာတက္ကသိုလ်နှင့် ဆိုဂန်တက္ကသိုလ်တို့မှ ဒေါက်တာဘွဲ့ရရှိသည်။ ကင်းဘရစ်တက္ကသိုလ်၊ ကနေဒီအစိုးရကျောင်းတို့ကို လေ့လာရင်း အမေရိကနှင့် တောင်ကိုရီးယား ဆက်ဆံရေးခိုင်မာစေခဲ့သည်။ အသက် ၆၀ အရွယ်မှ နိုင်ငံတော်ကို ဦးဆောင်ခွင့်ရ၍ လွတ်လပ်သော စီးပွားရေး၊ လူမှုဖူလုံရေး၊ နိုင်ငံတော် တည်ဆောက်ရေးတို့အား ပန်းတိုင်ထား မဲဆွယ်ခဲ့သော ကွန်ဆာဗေးတစ်တစ်ဦးဖြစ်သည်အလျောက် အမေရိကန်နှင့် တရုတ်အကြား မြေဇာပင်ဖြစ်ခဲ့ရသော ကိုရီးယား၏ စီးပွားရေး အကြပ် အတည်း၊ တောင်နှင့်မြောက်အပြိုင်ဖြစ်နေသော နိုင်ငံရေးတင်းမာမှုတို့ကို

လည်း ကြိုးစားဖြေရှင်းနေရသည်။

"ကျွန်မ အောင်နိုင်ခဲ့တာ ပြည်သူတွေရဲ့ ကျေးဇူးကြောင့်ပါ" တဲ့။ သူ၏ဆောင်ပုဒ်ကတော့ 'ပြည်သူလူထုနှင့်အတူ (with the people)' ပါတဲ့။ ပြည်သူသဘောကျသော ပြည်သူတင်မြှောက်သော ပြည်သူလူထုနှင့် တစ်သားတည်းရှိသော ပြည်သူ့အတွက် အစိုးရသည် ဒီမိုကရေစီကျပါသည်။ အစိုးရဟာ ပြည်သူကို အုပ်ချုပ်တာ မဟုတ်ဘဲ ပြည်သူ့ဆန္ဒအတိုင်း ဆောင်ရွက်မည်ဆိုသည့်စကားမှာ သူ၏ စွဲဆောင်အားဖြစ်၍ မျှတသော စိတ်ဓာတ်ကို ပေါ်လွင်စေသည်။ အဓိကက ကောင်းမွန်သော စိတ်ထားကြောင့် သမ္မတ ဖြစ်ခဲ့သည်ဟု ပြောနိုင်ပါသည်။

ကျွန်မတို့ငယ်စဉ်က အရမ်းသဘောကျခဲ့သော ဗြိတိန်နိုင်ငံ၏ ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ် 'မာဂရက်သက်ချာ' (၂၀၁၃၊ ဧပြီလ ၈ ရက်နေ့မှာ ကွယ်လွန်)သည် ကမ္ဘာကျော် ရုပ်ရှင်မင်းသမီးများလို ချောမောလှပသော အမျိုးသမီးဖြစ်သည်။ သူသည် ငယ်စဉ်မူလတန်းကတည်းက ကျောင်းပညာထူးချွန်ပြီး ပညာရေးသက်တမ်းတစ်လျှောက် ကြိုးစားတိုးတက်သူဖြစ်ရုံမက ပီယာနို အတီးကောင်းခြင်း၊ ဟော်ကီအားကစားတော်ခြင်း၊ ကဗျာရွတ်ဆိုမှုကောင်းခြင်း၊ ရေကူးနှင့် လမ်းလျှောက်ပြိုင်ပွဲ အနိုင်ရခြင်းတို့ဖြင့် ချီးကျူးမှုခံရသည်။ Oxford (အောက်စဖို့တက္ကသိုလ်) မှ ၁၉၄၇ ခုနှစ်မှာ ဓာတုဗေဒဘွဲ့ကို Second Class Honour အဆင့်ဖြင့် အောင်ပြီး တက္ကသိုလ်တက်နေဆဲ။ ၁၉၄၆ ခုနှစ်တွင် ကျောင်းမှ ကွန်ဆာဗေးတစ်အဖွဲ့အစည်း၏ သမ္မတအဖြစ် အရွေးချယ်ခံခဲ့ရသည်။

၁၉၅၉ ခုနှစ်ရွေးကောက်ပွဲမှာ Finchley ဒေသအတွက် ပါလီမန်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရပြီး ၁၉၇၀ မှာ ပညာရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၇၅ ခုနှစ်မှာ ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်အဖြစ်လည်းကောင်း ဖြစ်လာသည်။ ၁၉၇၆ ခုနှစ်မှာ ဆိုဗီယက်ယူနီယံနှင့် ပတ်သက်၍ ရဲရင့်ပြတ်သားသော မိန့်ခွန်းပြောလိုက်သဖြင့် Iron Lady ဟု ကင်ပွန်းတပ်ခံခဲ့ရသည်။

၁၉၇၇ ခုနှစ်မှာ ဖြိတိန်ဝန်ကြီးချုပ်ဖြစ်လာပြီး ၁၉၈၃၊ ၁၉၈၇ ခုနှစ်များအထိ ရွေးကောက်ပွဲ ၃ ကြိမ်ဆက်လက် အရွေးချယ်ခံခဲ့ရသည်။ နှစ်အရှည်ကြာဆုံး ဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့သော မာဂရက်သည် ၁၉၉၃ ခုနှစ် နောက်ပိုင်းတွင် စာအုပ်များ ရေးသားခဲ့ရာ ၂၀၀၂ ခုနှစ်၌ အသေးစားလေဖြတ်မှုခံစားရ၍ ဆရာဝန်ညွှန်ကြားမှုကြောင့် နားနေခဲ့ရသည်။ သူ ဝန်ကြီးချုပ်ဖြစ်လာခြင်းမှာ ကံကောင်း၍ ရုတ်တရက်ရရှိသော ရာထူးမျိုးမဟုတ်။ ချမ်းသာ၍ ဖြစ်တာလည်းမဟုတ်။ ချောမောလှပ၍ ရွေးချယ်ခံရတာလည်းမဟုတ်။ တစ်ဆင့်တစ်ဆင့် ကြိုးစားလာရာမှ သူ၏ ထူးချွန်ထက်မြက်မှု၊ နိုင်ငံတကာနှင့် ဆက်ဆံရေးကောင်းမွန်မှုတို့ကြောင့် ဖြစ်ပါသည်။

ထိုင်းမှ အမျိုးသမီးဝန်ကြီးချုပ် 'ရင်လက်ရှင်နာဝပ်' ဆိုလျှင်လည်း အာရှမှာ ကျား၊ မ ခွဲခြားတဲ့ စနစ်တွေ လျော့ပါးအောင် လုပ်နိုင်စွမ်းရှိခဲ့ပါသည်။ သူလည်း ဒေါ်အောင်ဆန်းစုကြည်တို့၊ မာဂရက်သက်ချာတို့၊ ပတ်ဘွမ်ဟီးတို့လို ချောမောလှပသူပါ။ ယဉ်ရှယ်၍ သွက်လက်ထက်မြက်စွာ လုပ်ဆောင်နိုင်သူပါ။

ရုပ်ရည်ချောမောလှပသော အမျိုးသမီးတချို့ မိမိတို့ ရုပ်ရည်၊ ကိုယ်ကာယလှပမှုကို ဗန်းပြပြီး လမ်းကြောင်းလွဲကာ အပျော်ဖြေခံဘဝကို တိုးဝင်သွားကြတာတွေ့ရ၍ နှမြောမိပါသည်။ ယခုခေတ်အမျိုးသမီးလေးတွေ ဖော်ဆွယ်ပြနေကြတာဟာ ကောင်းသော အလားအလာမဟုတ်ပါ။ ချောမောလှပသော နိုင်ငံခေါင်းဆောင် အမျိုးသမီးတွေကို အားကျသင့်ပါသည်။ ထူးချွန်ရုံ တော်ရုံတင်မက အကျင့်စာရိတ္တ၊ စိတ်စေတနာ၊ လူမှုရေး တစ်ဖက်ဖက်မှ ကောင်းမွန်ဖို့လည်း လိုအပ်ပါသည်။ IQ (ဉာဏ်ရည်ညွှန်းကိန်း)ပင်မက EQ(ခံစားမှုညွှန်းကိန်း)ပါ လိုအပ်ပါသည်။ စိတ်ဓာတ်မွန်မြတ်ဖို့ အလိုအပ်ဆုံးပါ။

ကမ္ဘာမှာ အနိမ့်ခံလူမည်းများဆိုလျှင် အနိုင်စက်ခံ ကျေးကျွန်များဘဝ သံခြေကျင်းများဖြင့် အမေရိကတိုက်ကို ရောက်လာသူများဖြစ်ပါသည်။

လူတွေမှာ အဖိနှိပ်ခံရသူများက ပိုကြိုးစား၍ ထူးချွန်သူများ ဖြစ်လာကြပါသည်။ ထိုအထဲတွင် အသားရောင်ခွဲခြားမှုကြားမှာ လူးကာလွန့်ကာဖြင့် ပညာကို ကြိုးစားသင်ယူခဲ့ပြီး အမျိုးသမီးနိုင်ငံခြားရေးဝန်ကြီးဖြစ်လာခဲ့သော 'ကွန်ဒို လီဇာရိုက်စ်' အကြောင်းပြောပြချင်ပါသည်။ လူမည်းမိဘများက သားသမီးများ အနှိမ်ခံဘဝမှ လွတ်မြောက်အောင် ပညာကြိုးစားသင်ယူစေခဲ့ရာ၊ 'သူတို့ထက် နှစ်ဆတော်အောင်သာ ကြိုးစား၊ အဲလိုဆိုရင် သူတို့က မကြိုက်သည့်တိုင်အောင် မင်းကို လေးလေးစားစား ဆက်ဆံလာလိမ့်မယ်' ဟူသော ဆုံးမအားပေးစကားကြောင့် သူ၏ ထက်မြက်သွက်လက်စွာ ကြိုးစားမှုက သူ့ဘဝကို မြင့်မားစေခဲ့သည်။ သူသည် နိုင်ငံရေးသိပ္ပံတွင် ရုရှားအထူးပြု ဘာသာရပ်ကို သင်ကြားခဲ့ရ၍လည်း သူ၏ပညာနှင့် အံကိုက်သမ္မတ ဘွတ်(ရှ်)(အငယ်) လက်ထက်မှာ ထိပ်ဆုံးရာထူးကြီးများရရှိရန် အခွင့် သာခဲ့သည်။ ၁၉၈၉ မှ ၁၉၉၁ ကာလမှာ အစိုးရအဖွဲ့တွင် ဒါရိုက်တာ ၂၀၀၀ ပြည့်နှစ်မှာ နိုင်ငံရေးပေါ်လစီဆိုင်ရာ အကြံပေး သမ္မတ၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးစသဖြင့် တာဝန်ကြီးများ ထမ်းဆောင်ခဲ့သည်။ ပညာအရာမှာလည်း ဒေါက်တာဘွဲ့ရရှိပြီး တက္ကသိုလ်တာဝန်များအပြင် ကာနက်ဂျီကော်ပိုရေးရှင်း၊ ချားလ်ရှဝပ်ကော်ပိုရေးရှင်း၊ ချက်ဗရွန်ကော်ပိုရေးရှင်း၊ ဟူးလက်ပျက်ကော့ဒ်၊ သည်ရင်းကော်ပိုရေးရှင်းတို့၏ ဒါရိုက်တာဘုတ်အဖွဲ့ဝင်အဖြစ် ထမ်းဆောင်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ရိုက်(စ)ဟာ အရှေ့ပါလိုဘယ်လ်တိုနှင့် ကာလီဖိုးနီးယားရှိ အရှေ့မင်လိုပါ့စ်တို့တွင် မျိုးဆက်သစ်လူငယ်စင်တာကို တည်ထောင်ခဲ့သည်။

နောက် လူမည်းအမျိုးသမီးထဲက ထူးချွန်သော 'အော်ပရာဝင်းဖရေး' ဆိုလျှင် မီဒီယာလုပ်ငန်း၌ ကမ္ဘာ့အလွမ်းမိုးနိုင်ဆုံး အနုပညာရှင်စာရင်းတွင် ထိပ်ဆုံးမှာ ရပ်တည်နေသည်။ တကယ် လူမှုရေးစိတ်ဓာတ်ရှိပြီး လူချစ်လူခင်ပေါများ၍ သဘောကျသူများခြင်းဖြစ်သည်။

သူတို့တွေကလည်း ကြိုးစားပြီး ထူးချွန်ရုံမက စိတ်ဓာတ်နှင့် စာရိတ္တကောင်းမွန်သော လူရည်မွန်များပါ။ အနှိမ်ခံဘဝမှ ထိုးထွက်လာသော

အားကျစရာ အမျိုးသမီးများပါ။

တံခွန်ဆိုတာ ထိပ်ဖျားမှာ နေရသူတွေပါ။ ကမ္ဘာမှာ အမျိုးသမီး ထူးချွန်သူ လူရည်မွန်တွေအကြောင်း ပြောရလျှင် မဆုံးနိုင်ပါ။ 'မိန်းမဆိုတာ အားနွဲ့တယ်၊ အလှအပနှင့် ဆွဲဆောင်ရတယ်၊ မိန်းမတို့ရဲ့ အဆင်းဟာ ရတနာပါ' ဆိုတဲ့ အတွေးအခေါ်တွေဟာ ကျန်ခဲ့ပါပြီ။ မိန်းမတွေ သွက်လက် ထက်မြက်ကြပြီး အိမ်ထောင်တာဝန်တင်မက နိုင်ငံတာဝန်တွေပါ ထမ်း ဆောင်နေကြတဲ့ ခေတ်အခါမှာ ဖော်ကြချွတ်ကြနှင့် မြူဆွယ်ပြီး မကောင်း တဲ့ ဘဝကို အရောက်ခံ၊ အဖျော်ဖြေခံ၊ အသုံးခံဘဝနှင့် ကိုယ့်ဘဝတွေကို နိမ့်ကျအောင် လုပ်မှာလား။ မိန်းမတံခွန်လူ့ရည်မွန် ကောင်းကင်သဖွယ် လ,ကို ဆွတ်မှာလား၊ ကျယ်ပြန့်တဲ့ အသိအမြင်တွေဟာ ပွင့်လင်းမြင်သာတဲ့ ခေတ်မှာ ထွန်းကားပါစေ။

တက္ကသိုလ်အေးမြစန္ဒာ

တကယ်တော့ အာသာပြေစရာမရှိတဲ့ ကမ္ဘာကြီးမှာ
မသေချာမှုတွေနဲ့ သေချာနေတာတွေက များလွန်းနေပြီ။
ကျွန်တော်တို့အများစု ကမ္ဘာသူကမ္ဘာသားတွေ
လက်ငင်းမှာ ထမင်းဝဖို့ မသေချာသေးဘူး။
ဆေးကုဖို့ မသေချာသေးဘူး။
အိပ်ရေးဝဖို့ မသေချာသေးဘူး။
ကျွန်တော် ဒီလိုပဲမြင်သည်။
ဒီလို အပူရင့်ချော်ရည်တွေဖြင့်
စေးပျစ်လောင်မြိုက်နေစဉ်အခိုက်မှာ
အလင်းတစ်စကို လှမ်းမြင်လိုက်သည့်နှယ်...

# ရုံမတင်တဲ့ ရုပ်ရှင်

မင်းချမ်းမွန်

အထူးပြုလုပ်ချက်တွေနဲ့
ဒီနေ့
ငါတို့ မျက်နှာကြက်အောက်
ကရုဏာတရားဆိုတာ
လပေါ်က နမူနာကျောက်ခဲလို ရှားပြီ။

ဒီကနေ့ ကမ္ဘာကြီးကို ကျွန်တော်ကြည့်လိုက်သည့်အခါ နေရာတကာမှာ အပူရောင်တွေဖြင့် တောက်လောင်ဆူပွက်နေတာကို လှမ်းမြင်ရသည်။ အာဃာတနှင့် အမုန်းတရားအခြေခံပဋိပက္ခများ၊ မာနနှင့် စီးပွားရေးအခြေခံ ဒေသစစ်ပွဲများ၊ လူသားချင်း မညှာမတာ ရက်ရက်စက်စက် ကိုက်စားနေကြသလို မြင်ကွင်းများဖြင့် အခင်းအကျင်းသည် အကျည်းတန်ပေစွ၊ ကျယ်ပြန့်စွ။

မကြာခင်က လူငယ်တွေ စိတ်ဝင်တစားကြည့်နေကြသော သူတို့ဟမ်းဖုန်းဖန်သားပြင်ပေါ်မှ မျက်နှာဖုံးစွပ် အမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးကို လမ်းမပေါ်မှာ ဒူးထောက်စေပြီး စိမ်ပြေနပြေ သွေးအေးအေးဖြင့် ကြက်တစ်ကောင်လို လည်လှီးကာ ခေါင်းတစ်ခြား ကိုယ်တစ်ခြားဖြစ်စေခဲ့သည့် ပုံရိပ်။ ထိတ်လန့်သွေးပျက်စဖွယ်။ ပြီးတော့ ခွေးသားစားလျှင် ကံကောင်းသည်ဟူသော အယူအစွဲဖြင့် ဗီယက်နမ်မှာ ခွေးတွေကို အစုလိုက် အပြုံလိုက် ကင်ဖုတ်ရောင်းချ အားပါးတရစားသောက်နေကြသည့် မြင်ကွင်း

များ။ ဒါ့အပြင် ပုဂ္ဂလိကနေ့စဉ် သတင်းစာတွေမှာ မကြာခဏ မကြားဝံ့ မနာသာ ဖတ်နေရသည်။ အရွယ်မရောက်သေး ပိစိကွေး မိန်းကလေးတွေကို မဖွယ်မရာ ပြုကျင့်ခြင်း၊ အဖေက သမီးအရင်းခေါက်ခေါက်ကို အမှောင် ဇာတ်ခင်းသည့် သတင်းအရင်းအမြစ်များ။ ပြောမဆုံးပေါင် တောသုံးတောင်။ သို့ဖြင့် ဒီနေ့ ငါတို့ မျက်နှာကြက်အောက်အကြင်နာ၊ ကရုဏာ၊ စာနာမှုတရား တွေ ရှိပါသေးသလား။ ဘယ်မှာလဲ...။ လပေါ်က နမ့်နာကျောက်ခဲလို ရှားနေပြီဟု ကျွန်တော့်ကဗျာမှာ စတင်ထွန်းညှိပြခဲ့တာ ဖြစ်သည်။

တကယ်တော့ အာသာပြေစရာမရှိတဲ့ ကမ္ဘာကြီးမှာ၊ မသေချာမှု တွေနဲ့ သေချာနေတာတွေက များလွန်းနေပြီ။ ကျွန်တော်တို့ အများစု၊ ကမ္ဘာ သူ ကမ္ဘာသားတွေ လက်ငင်းမှာ ထမင်းဝဖို့ မသေချာသေးဘူး။ ဆေးကုဖို့ မသေချာသေးဘူး။ အိပ်ရေးဝဖို့ မသေချာသေးဘူး။ ကျွန်တော်ဒီလိုပဲ မြင် သည်။ ဒီလိုအပူရင့် ချော်ရည်တွေဖြင့် စေးပျစ်လောင်မြိုက်နေစဉ်အခိုက်မှာ အလင်းတစ်စကို လှမ်းမြင်လိုက်သည့်နှယ်... ရုပ်ပိုင်းဆိုင်ရာ အလှနှင့် ပြည့်စုံကြွယ်ဝသလို စိတ်နှလုံးသားပါ နူးညံ့သိမ်မွေ့လှပသည့် ကမ္ဘာကြီးပေါ် က အလှနတ်သမီးလေးတစ်ပါးကို ဖျတ်ခနဲ မြင်တွေ့လိုက်မိခဲ့သည်။ သူကား အခြားသူမဟုတ်။ ကမ္ဘာကျော် ဟောလိဝုဒ် ရုပ်ရှင်မင်းသမီး အင်ဂျလီနာ ဂျိုလီ ဖြစ်သည်။

Imagination is more
important than knowledge
စိတ်ကူးစိတ်သန်းဟာ
လူ့အသိဉာဏ်ထက် ပိုအရေးကြီးတယ်
အိုင်စတိုင်း စကားအတိုင်း
မင်းပြတင်းပေါက်ဖွင့်ထားပုံ
ဝန်းကျင်ကို စူးစမ်းပုံ
ဆန္ဒတွေ ဖျော်စပ်ပြီး
ကမ္ဘာကြီးတစ်နံတစ်လျား စေးကပ်တွယ်ငြိပုံတွေက
လှမှလှဆိုတော့

ငါကလည်း ကြိုက်မှ ကြိုက်ပေါ့ ဂျူလီ။

ကျွန်တော် အဲသလိုရေးခဲ့သည်။ မှန်သည်၊ ထိုအချိန်က ဂျူလီသည် ကမ္ဘာကျော် Mr.Smith ဇာတ်ကားမှာ အတူတွဲဖက် သရုပ်ဆောင်ခဲ့သည့် မင်းသားဘရက်ပစ်နှင့် ဘဝခရီးသစ်ကို ရှက်လွှင့်ဖို့ တိမ်းညွှတ်နေသည့် အချိန်။ ချိုမြိန်သော စိတ်ကူးအိပ်မက်များဖြင့် ခမ်းနားနေစဉ်ကာလ။ ရေမှာ ငါးသွားသည့် လမ်းကို သိနိုင်ခဲ့သလို၊ မိန်းမသားတွေရဲ့ မိုးလေဝသက လည်း ခန့်မှန်းရခက်သည်။ သူတို့က ကိုင်းပင်တွေလို ကွေးညွှတ်ကြဲနိုင်၊ မုန်တိုင်းကိုပင် ပွတ်သပ်အောင် နိုင်သူတွေမဟုတ်လား။ ဏ္ဍတ္တိရှုပ်ခနဲက သူ့အတွက် ကွက်တိမှန်သည်။ နဒီလိုကွေ့သလား၊ ကောက်သလား၊ ကျွန် တော် စိတ်မဝင်စားပါ။ သူ့ကိုယ်ရေးကိုယ်တာတွေကိုလည်း များများစားစား မသိပါ။ မီဒီယာ အချို့နဲ့ အဝါရောင်ဂျာနယ်လစ်တွေရဲ့ အပေါက်အပြဲ နည်းနည်းများသည့် သူ့စာမျက်နှာတွေကိုလည်း ကျွန်တော်မသိချင်၊ မဖတ် ချင်ပါ။

ဆက်သွယ်ရေးဇရိယာပြင်ပက
လွှားခနဲ ခုန်ဝင်လာတဲ့ ငါ့အချစ်
၅၂၈ နဲ့ ကျစ်တဲ့ကြိုး
ပိုးသားစစ်စစ်ပါ ဂျူလီ။
ငါမင်းကို
မျက်လုံးထဲက ပေါက်ထွက်လာတဲ့ အချစ်နဲ့
ဘရက်ပစ်လို ချစ်တာမဟုတ်ဘူး
အောက်စီဂျင်လို သန့်ရှင်း
မက်ဒေါ့စ်လိုချစ်ခြင်းမျိုးနဲ့
ဆာဟာရာလို ချစ်ခြင်းမျိုးနဲ့
ကဗျာတစ်ပုဒ်ကို ချစ်ခြင်းမျိုးနဲ့ဆိုတာ... ယုံ။

တကယ်တော့ ငါက မင်းလို ပျိုပျိုမျစ်မျစ် မနက်ခင်းမဟုတ်။ ညနေခင်း၊ တန်းဆင်းဖုန်ထဲက ဘောလုံးသမားတစ်ယောက်လို တဗိုင်းဗိုင်း ပြိုကျနေသူပါ။ မင်းက လူငယ်ကြိုက် ဂေါ့ဖ်ကွင်းတစ်ကွင်း။ ဘုရားသခင်

ပေးထားတဲ့ အလှနဲ့ လိင်စိတ်ကြွ အပြာရောင်အားကောင်းမယ့်ပုံ။ မျက်လုံးမှောင်မှောင်မှာ မြေနှစ်ကောင်ဝင်ညှို့နေတယ်။ ဗို့အားပြင်းမင်းနှုတ်ခမ်း၊ မင်းအပြုံးနဲ့ ထစ်ချုန်းခံရရင် မလွယ်ဘူး။ ပုရိသဆိုတဲ့ ဂြိုဟ်အားလုံး ဖြုတ်ခနဲ ပြုတ်ကျလာနိုင်တယ်။

သို့သော်… အံ့သြစရာကောင်းပါသည်။ တစ်ခါတစ်ရံ လောကမှာ မထင်မှတ်တာတွေ ကြုံရ၊ ဆုံရ၊ တွေ့ရ၊ မြင်ရတတ်ပါသည်။ ဒါအမှန်ပါပဲ။ အခုပဲကြည့်လေ။ သူဟာ မြစ်တစ်မြစ်လို ခပ်ကြမ်းကြမ်း ပုံသန်းချင်ပုံသန်းမည်။ ရင်ထဲနူးညံ့တဲ့ မိခင်ဝိညာဉ် ခိုငြိတွယ်ငင်နေတာ ကျွန်တော် မြင်လိုက်ရသည်။ ပြီးတော့ သူ့မှာ စွန့်စားရဲတဲ့သတ္တိ Visual Art အမြင် အနုပညာရှိတာကိုလည်း ကျွန်တော်သိလိုက်ရသည်။ ဒီလိုပါ -

လွှကို လှန်ထားတဲ့ စိတ်များနဲ့
လူလူချင်းတိုက်စားနေတဲ့ကာလမှာ
မင်းရင်ခွင် ဥယျာဉ်မှာ အထင်အရှား
လူနှစ်ပင်စိုက်ခဲ့ပြီ မဟုတ်လား
တစ်ပင်က
ကမ္ဘောဒီးယား ဒုက္ခသည်စခန်းက
သားလေးမက်ဒေါ့စ်
တစ်ပင်က
အီသီယိုးပီးယား ဒုက္ခသည်စခန်းက
သမီးလေး ဆာဟာရာ
အဲဒီလို… လူတွေမသိသေးတဲ့ အကြင်နာနဲ့
မင်းခေါ်ယူ မွေးစားခဲ့တဲ့ အယုအယ
ဘယ်သူပြိုင်လို့ လှနိုင်မလဲကွယ်

အံ့ဖွယ်ကောင်းတာက တစ်ကိုယ်ရည်တစ်ကာယ ပျိုမျစ်လှပသော ဂျိုလီသည် သူနှင့်ဘယ်လိုမျှ ဆက်စပ်မရရှိမက၊ ဇာတ်မတူမျိုးခြား၊ အသားအရည်လည်း ကွဲပြားသည့် ဆင်းရဲတွင်းထဲက လူသားကလေးနှစ်ဦးကို ရှေ့ဆင့်နောက်ဆင့်ကောက်ယူ မွေးစားလိုက်ခြင်းပါပဲ။ ဒါကလည်း ဟန်ပြ

အလုပ်၊ ရုပ်ပြကောင်းရုံသက်သက် သရုပ်ဆောင်ခြင်းမျိုးမဟုတ်။ တစ်ခါသုံး မေတ္တာတရားတွေနဲ့ သဘော်ဟန်ဆောင်လာတဲ့ မြစ်တစ်စင်းလည်း မဟုတ်။ မြက်ဖျားပေါ်က နှင်းတစ်စက်လည်း မဟုတ်တာ၊ နောက်ပိုင်း သူ့လုပ်ရပ်နှင့် တင်ဆက်မှုတွေက ပြခဲ့တာ အသေအချာပင် ဖြစ်သည်။

သားနဲ့သမီး... ၊ ပြီးတော့ ကမ္ဘာကြီးအတွက် နေပူမိုးရွာ ရင်ထီးတစ်ချောင်း၊ နှင်းထူရင် အနွေးထည်တစ်ထည်၊ သွားမယ့် အရပ်ဝေးရင် ဖိနပ်တစ်ရန်လို ဝန်ဆောင်မှုပေးဦးမည့် သူမျိုးအဖြစ် သူ့ကို မြင်တွေ့ခဲ့ရသည်။ ဒါတင်မက ကမ္ဘာကြီးရဲ့ ဒီဘက်ခြမ်းဟာ ညောင်းညာနေပြီး၊ ဟိုဘက်ခြမ်းဟာ အကြောငုပ်၊ အဆုတ်အအေးပတ်နေတဲ့ ကာလမှာ သူဟာ ဖြူတစ်ကောင်က သူ့ဆူးတောင်တွေ ခါချသလို ပကာသနနဲ့ မာနတွေကို သဘာဝကျကျ ခါချပြီး ကမ္ဘာကြီးပေါ်၊ မေတ္တာကရုဏာတွေ ဝေဝေဆာဆာ ရွာချနေပုံများက အလွန်လှပပါသည်။ အနှိုင်းမဲ့ပန်းချီကားတစ်ချပ်ဟု တင်စားလောက်ပါဘိ။

သို့ဖြင့် သူသည် ကုလသမဂ္ဂဒုက္ခသည်များ ကူညီရေး အေဂျင်စီမှာ ဂုဏ်ထူးဆောင် သံအမတ်အဖြစ် ကမ္ဘာ့အလယ်မှာ တဖျတ်ဖျတ်လင်းသည့် ကြယ်တစ်ပွင့်ဖြစ်ခဲ့ရသည်။

လူ့အခွင့်အရေး
ပတ်ဝန်းကျင်ထိန်းသိမ်းရေး
သဘာဝဘေးအန္တရာယ်
မူးယစ်ဆေးဝါးနဲ့ HIV
လူလူချင်းစာနာထောက်ထားမှု လုပ်ငန်းတွေမှာ
UN က
Global Humanitarian Award ဆု
ချီးမြှင့်ဂုဏ်ပြုရတဲ့အထိ
မင်းရင်နဲ့ သွေးခဲ့တဲ့ဓား
မြည့်ခဲ့တယ်။

ကမ္ဘာကြီးက ဒီအတိုင်း ဥပေက္ခာ ရှုမနေ၊ မမြင်ယောင်ဆောင်

မနေပါ။ လူကိုလူချင်း ကယ်မသူ၊ ကြည့်ရှုသူ၊ စောင့်ရှောက်သူကို ကြည်ကြည်လင်လင် မြင်ပါသည်။ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုပါသည်။ ချီးကျူးထိုက်သူကို ချီးကျူးပါသည်။ လှိုက်လှိုက်လှဲလှဲ။

၁၁၊ အောက်တိုဘာ ၂၀၀၅

အဲဒီ ညစာစားပွဲနဲ့ ဆုတံဆိပ်အပ်နှင်းတဲ့ အခမ်းအနားမှာ

သားနဲ့သမီးခြံရံလို့

ဆုလက်ခံခဲ့တဲ့ မင်းစိတ်ကူး

သိပ်ကြည်နူးဖို့ ကောင်းတယ် ဂျူလီ။

ဟုတ်ပါသည်။ ကုလသမဂ္ဂက သူ့ကို ဂုဏ်ပြုဆုနှင်းပွဲကျင်းပရာကို သူ့ချစ်စနိုး မွေးစားသားသမီးတွေဖြစ်သည့် မက်ဒေါ့စ်နှင့် ဆာဟာရာကို ခြံရံလက်တွဲခေါ်လာခဲ့သည့် မြင်ကွင်းက အားလုံးသော ပရိသတ်ကြီး၏ အမြင်ကို ဆန်းစေခဲ့သည် မဟုတ်လား။ ဒီလိုအချိန်မှာ ကမ္ဘာကြီးကို လှမ်းကြည့်လိုက်တော့ ကျွန်တော်တို့ နင်းထားသည့် မြေကြီးပေါ်က လူသားတွေဟာ အလွန်ဆင်းရဲတာရယ်၊ အတန်အတင့် ဆင်းရဲတာရယ်၊ အနည်းအကျဉ်းဆင်းရဲတာရယ်ဆိုတဲ့ ဆင်းရဲခြင်း သုံးမျိုးသုံးစားနဲ့ နေထိုင်စားသောက်နေကြတာ အထင်အရှား။ ကမ္ဘာ့လူဦးရေရဲ့ ၆ ပုံ ၁ ပုံဟာ တစ်နေ့ ၁ ဒေါ်လာအောက် ဝင်ငွေရှိတဲ့ အလွန်အမင်း ဆင်းရဲတွင်းထဲက ခုန်တက်မလာနိုင်ကြသေးတာအမှန်။

ညစာကို ဘယ်တော့စားမလဲ။ အခုစားမလား၊ အပစ်အခတ်ရပ်စဲပြီးမှ စားမလား။ သေနတ်ယဉ်ကျေးမှု Gun Culture စားသောက်ဆိုင်က လှမ်းမေးသည်။ Channel တစ်ခုက Save The Human လို့ အင်္ဂလိပ်လို ပြန်ဖြေသည်။ ဒီလိုမေးနေစဉ်မှာပဲ သောမတ်ဖရီးမင်းက 'The World is Flat' လို့ထအော်တော့ အလန့်တကြား၊ ကမ္ဘာကြီးဟာ တကယ်ပြားသွားသည်။ ခွေးအမြီးခါသလို ကျွန်တော်တို့အားလုံး ပျာယီးပျာယာနဲ့။ ဝရုန်းသုန်းကားနဲ့။ စကားတစ်ခွန်းက စကားတစ်ခွန်းကို ဝင်တိုး၊ အမှားတစ်ခုက အမှားတစ်ခုကို ဝင်ဆောင့်။ အော်ဟစ်သံ၊ ပြေးလွှားသံ၊ ကားသံ၊ အမြောက်သံ၊ ဖောက်ခွဲသံ၊ ပေါက်ကွဲသံတွေနဲ့ ဆူညံခဲ့သည်။ အသံကင်းမဲ့ဇုန် ဘယ်မှာ

လဲ။ မေးခွန်းက ဦးနှောက်ကို ဖွပေါ့။

လူသားယောင်ဆောင်ထားတဲ့ အသေခံဖုံးတွေ
ဖျက်သိမ်းမရတဲ့
ရုပ်လက်နက် စိတ်လက်နက်ဆန်းတွေ
မျက်နှာဖုံးစွပ်ထားတဲ့ အကြမ်းဖက်သမားတွေ
အိမ်ခြေရာမဲ့၊ မိဘမဲ့
စားရမဲ့ သောက်ရမဲ့ ကိုးဆယ့်ခြောက်ပါးတွေနဲ့
အုန်းအုန်းကျွတ်ကျွတ်
လူ့သမိုင်းဟာ အရိုးပေါ် အရေတင်
မင်းရိုက်ခဲ့ဖူးတဲ့ သည်းထိတ်ရင်ဖို ဇာတ်လမ်းထက်
ဆန်းတယ် ဂျိုလီ။

ခုဆို ကမ္ဘာကြီးရဲ့ ကျောပေါ်မှာ စစ်ပွဲပေါင်း ၁၄၀၀၀ ကျော် ဖြစ်ခဲ့ပြီးပြီ။ လူသားပေါင်း သန်း ၄၀၀၀ ကျော် ပိုးစိုးပက်စက် အသက်ဆုံးရှုံးခဲ့ပြီးပြီ။ ဘာကောင်းလဲ။ စစ်...။ သွေးတွေနဲ့ တဖျစ်ဖျစ်တောက်လောင်နေတဲ့စစ်။ ကမ္ဘာကြီးပေါ်ကစစ်။ ခွဲစိတ်မရအောင်၊ ဦးနှောက်ထဲသွေးခဲနေတာ လူယဉ်ကျေးတို့စစ်ပဲ။ လက်ထဲက စီးကရက်ပြာစလို တောက်ချပစ်ချင်သည်။ သောက်လက်စ မီးခိုးငွေ့လို မှုတ်ထုတ်လိုက်ချင်သည်။ စစ်ကို ရီမုတ်ကွန်ထရိုးနဲ့ ဘယ်သူမှ ခလုတ်ပိတ်လို့ မရတော့ဘူးလား။

ပြန်လမ်းမသိတဲ့စစ်ဟာ
ချိန်းဆိုမထားဘဲ
ဖြန်းစားကြီးရောက်ချင်ရောက်ချလာတတ်တယ်
ခပ်တည်တည်
စားပွဲပေါ် ခြေထောက်ပစ်တင်ပြီး
မထီမဲ့မြင်
ဒူးချိတ်ထိုင်ချင်ထိုင်နေတယ်။
စစ်ဟာ...ပေါ့ပေါ့ဆဆ
တယောပေါ်

အိပ်မောကျနေသူမဟုတ်ဘူး။
အပြစ်အပျက်တစ်ခုနောက်မှာ
အဖြစ်အပျက်တစ်ခုတစောက်
ငေါက်ခနဲ
မိနစ်တိုင်းဖြစ်နေတဲ့ စစ်ထဲက
ဘယ်သူထွက်ပြေးလွတ်မြောက်နိုင်မလဲ
ဖရိုဖရဲ
ဒီလိုသတ်ကွင်းမျိုးကိုမှ ရွေးပြီး
မင်းက
မာသာထရီဇာလို ကရုဏာတေးနဲ့
ဖလောရင့်နိုက်တင်ဂေးလ်မီးအိမ်ဆွဲလို့
ရောက်လာသူရုပ်ရှင်
အသံရောရုပ်ပါ ကြည်လင်တယ်။

မှန်သည်။ ဤသို့အသံရော ရုပ်ပါ ကြည်လင်ပြတ်သား သည့် ကရုဏာတရားရုပ်ရှင်တစ်ကားကို ကျွန်တော်တို့ ချစ်သော အင်ဂျလီနာဂျိုလီ က ရင်နှင့်ရိုက်ကူးခဲ့ပါသည်။ ဇာတ်ဝင်ခန်းတွေက ခမ်းနားလိုက်တာ ဘာ ပြောကောင်းမလဲ။ တစ်ကမ္ဘာလုံးက သိသည်။ တစ်ကမ္ဘာလုံးက ကြည့် သည်။ သို့ဖြင့် ကျွန်တော်အခုလို ဂုဏ်ပြုတင်စားရေးဖွဲ့ခဲ့သည်။

ခုဆို မင်းရိုက်ကွင်းထဲ
သားလေးမက်ဒေါ့စ်ကြယ်တစ်စင်းနဲ့
သမီးလေး ဆာဟာရာလတစ်စင်းနဲ့
'ကြယ်စုံည'
မိသားစုနောက်ခံသီးချင်းနဲ့...

သိပ်လှသည့် အကြင်နာပန်းချီကားတစ်ချပ်၏ ရုပ်ပုံကား ဆေးစစ်တွေ စုံလွန်းပါသည်။ ဒါကြောင့် ကျွန်တော် ဒီလိုလည်း အားပေးခဲ့ပါသည်။

ကြိုးစားထား
ငါ့ဟောလီဝုဒ်မှာတော့
ဒီနှစ်

မင်းအော်စကာ ဆုရမယ့်နှစ်ပဲ ဂျူလီ။

ဒါက...

လွန်ခဲ့သော (၇) နှစ်ကျော်ကာလ... ၂၀၀၆-ခုနှစ်၊ ဧပြီလက မဟာသခ မဂ္ဂဇင်းမှာ ကျွန်တော်ရေးသားဖော်ပြခဲ့သည့် ကဗျာရှည်တစ်ပုဒ်ကို အကြောင်းတရားတိုက်ဆိုင်လာသဖြင့် ပြန်လည်ခံစားဖော်ပြခြင်းပဲ ဖြစ်ပါသည်။

ဘက်ကရောင်း ဆက်တင်က အဲဒီ ၂၀၀၆ ဝန်းကျင်က အင်ဂျလီနာ ဂျိုလီ၏ လှုပ်ရှားမှု ရုပ်ပုံလွှာများ အခုတော့ တော်တော်ကြီး ပီပြင်စုံလင်ခဲ့ပါပြီ။ သူနှင့်ဘရက်ပစ်က မွေးသော ရင်နှစ်သည်းချာတွေရော၊ ကမ္ဘာတစ်လွှားက ကောက်ယူကြည့်ရှုမွေးစားထားသည့် သားသားမီးမီးတွေ တစ်လှေကြီးဖြင့်ပါ။ ဘဝခရီးမှာ ရွှက်လွှင့်လျက်ရှိပါပြီ။

မည်သို့ဆိုစေ...

သူ့စိတ်ကူးစိတ်သန်းက ဆန်းသည်။ သူ့မေတ္တာကရုဏာပန်းတွေက လန်းသည်ဟု ကျွန်တော်တွေ့မြင်ခံစားရသည်။ သို့ဖြင့် ကဗျာရှည်တစ်ပုဒ်ရေးသားဂုဏ်ပြုခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော်တွေးနေမိတာ တစ်ခုပဲရှိသည်။ ကမ္ဘာတစ်လွှားတွင် သူ့လို ကရုဏာရှင်တွေ ခပ်များများ ပေါ်ပေါက်လာရင် ဘယ်လောက်ကောင်းလိုက်လေမလဲ။

တကယ်တော့ ဂျိုလီသည် ကမ္ဘာကျော် ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး။ သူသဏ္ဍာန်လုပ် သရုပ်ဆောင်ခဲ့သည့် ရုပ်ရှင်ဇာတ်ကားတွေ အများကြီး။ ကမ္ဘာတစ်ခွင် ရုံတင်ပြသခဲ့သည့် ရုပ်ရှင်တွေမနည်းမနော။ ယခု ကျွန်တော်တင်ပြခဲ့သည်က သူရုံတင်ပြသမှုမပြုခဲ့သည့် ရုပ်ရှင်ကား။ ရုံမတင်တဲ့ရုပ်ရှင်။ သို့သော်... တစ်ကမ္ဘာလုံးက လက်ခုပ်သံတဖြောင်းဖြောင်းဖြင့် ချီးကျူးထောပနာပြုကြည့်ရှုခဲ့ကြသည့် ရုပ်ရှင်။ ရင်သပ်ရှုမောခဲ့ရသည့် ဘဝထဲက တကယ့်ရုပ်ရှင်။

အားလုံးကိုယ်စား ကျေးဇူးတင်ပါသည် ဂျိုလီ။

**မင်းချမ်းမွန်**

အင်ဒီပင်းဒင့်သတင်းစာမျက်နှာဖုံး အမှတ်တံဆိပ်ကို
ကြည့်ခြင်းဖြင့် ဒေါ်စန်းယုံ၏ စိတ်ဓာတ်ကို
မှန်းဆနိုင်ပါသည်။ ခြင်္သေ့တံဆိပ်၏ အဓိပ္ပာယ်မှာ
ရဲရင့်ခြင်းသဘောဆောင်ပြီး ကြံ့ခိုင်ခြင်း၊ တည်မြဲခြင်း၊
အောင်နိုင်ခြင်း စသည့် ဂုဏ်ထူးဝိသေသများကို
ဖော်ဆောင်ပါသည်။ ရဲစွမ်းသတ္တိအားဖြင့်
တင့်တယ်ခြင်း ကြံ့ခိုင်ခြင်း၊
တည်မြဲခြင်း၊ အောင်နိုင်ခြင်းတို့ဖြင့် ကြိုးစားကြရန်
ရည်ရွယ်၍ ခြင်္သေ့အမှတ်တံဆိပ်ကို
ထည့်သွင်းထားခြင်း ဖြစ်သည်။

# ထက်မြက်ထူးချွန် မိန်းမတံခွန်

**မြမြစန်း(ရန်ကုန်တက္ကသိုလ်)**

ကျွန်မတို့ မြန်မာအမျိုးသမီးများ၏ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းတစ်လျှောက်တွင် နိုင်ငံတော်ကို ချစ်သည့် စိတ်၊ အမျိုးဘာသာ သာသနာကို စောင့်ရှောက်လိုသည့် စိတ်ဓာတ်အစဉ်အလာကြီးမားရှင်သန်ခဲ့ပါသည်။ ယင်းကဲ့သို့ စိတ်ဓာတ်ရှိသူများထဲတွင် ၁၈၈၇ ခုနှစ် ဖေဖော်ဝါရီလတွင် မန္တလေးမြို့၊ ရွှေချည်ထိုးရပ်နေ ဖခင်ဦးဖိန်းမိခင်ဒေါ်ရှူတို့မှ မွေးဖွားသော နောင်အခါ မြန်မာနိုင်ငံ၏ ပထမဆုံးသော အမျိုးသမီးသတင်းစာဆရာ အင်ဒီပင်းဒင့် ဒေါ်စန်းဟု ထင်ရှားလာမည့် မစန်းယုံလည်း အပါအဝင်ဖြစ်သည်။

မစန်းယုံသည် ၁၃ နှစ် သမီးအရွယ်တွင် ဖခင်ကွယ်လွန်ခဲ့ပြီးနောက် ၁၄ နှစ်အရွယ်တွင် မြန်မာခုနှစ်တန်း စာမေးပွဲ၌ အစိုးရပညာသင်ဆုနှင့် အောင် မြင်ခဲ့သည်။ ထိုနှစ်မှာပင် မော်လမြိုင်မြို့ မော်တင်လိန်းကျောင်းမှ ဆရာဖြစ်အောင်သည်။ ဖြေဆိုသူ ၈၃၀ တွင် မစန်းယုံ အပါအဝင် ၂၇၈ ယောက် အောင်မြင်ခဲ့သည်။ အောင်မြင်သူများထဲတွင် မစန်းယုံ ပထမစွဲ၍ မြန်မာစာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ထို့နောက် တောင်ငူမြို့နော်မန်ကျောင်း၌ ဆရာမအဖြစ် အမှုထမ်းခဲ့သည်။ ထိုစဉ်က ကိုလိုနီပညာရေးစနစ်ဖြင့် ကလေးများကို သင်ကြားပေးနေရချိန်တွင် ရသမျှ အချိန်လု၍

မြန်မာဗုဒ္ဓဘာသာ၏ အဆုံးအမတရားတော်များ၊ ဇာတိသွေး ဇာတိမာန် တက်ကြွစေသောအကြောင်းအရာများကို သင်ကြားပေးခြင်းဖြင့် ကလေးများကို မျိုးချစ်စိတ်ဓာတ် သွတ်သွင်းပေးခဲ့သည်။

ကျောင်းသူဘဝကပင် မြန်မာမှုကို ခံမင်နှစ်သက်မြတ်နိုးသဖြင့် မြန်မာရက် ချည်ချောအင်္ကျီနှင့် ယောထဘီကို ဝတ်ဆင်ခဲ့သူဖြစ်သည်။ သို့ဖြစ်၍ တပည့်များ မြန်မာမှုကို တန်ဖိုးထားမြတ်နိုးကြစေရန် ကိုယ်တိုင်ဝတ်စားဆင်ယင်ပြခဲ့သည်။ မစန်းယုံ၏ ဆယ်ကျော်သက်ရွယ်မှ ဆရာမငယ်ဖြစ်သည်အထိ စိတ်နေစိတ်ထားပြုမူ ဆောင်ရွက်မှုများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့် ဘာသာတရားကို ထိန်းသိမ်းစောင့်ရှောက်သူအဖြစ် မှတ်ယူနိုင်ပါသည်။ ထို့ပြင် မျိုးချစ်စိတ်ဓာတ်၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် ဗီဇမျိုးစေ့ အားသန်ထက်မြက်သူလည်းဖြစ်ပါသည်။

ဒေါ်စန်းယုံသည် ဆရာဦးကြွက်နှင့် အိမ်ထောင်ကျခဲ့ရာ သားသမီးသုံးယောက်ထွန်းကားခဲ့သည်။ သို့ရာတွင် ပညာအုပ်ကတော်ဘဝဖြင့် မုဆိုးမဖြစ်ခဲ့ရသည်။ နောက်ထပ် သားနှစ်ဦးလည်း သေဆုံးခဲ့သည်။ ထို့နောက် စာပေနယ်ထဲသို့ ခြေစုံပစ်ဝင်ခဲ့ပြီး စာပေကို အပတ်တကုတ်ကြိုးစားရေးသားခဲ့ရာ ၁၉၁၈-ခုနှစ် ဩဂုတ်လထုတ် သူရိယမဂ္ဂဇင်း ဝတ္ထုတိုပြိုင်ပွဲတွင် 'ခင်ကြေည်' ဝတ္ထုဖြင့် ပထမဆုရခဲ့သည်။ ဒေါ်စန်းယုံသည် ကျောင်းဆရာမအဖြစ် အမှုထမ်းရင်း တစ်ဖက်မှ သတင်းစာတွင် ဝတ္ထုဆောင်းပါးများ ရေးသားလျက်ရှိရာ မကြာမီ ပညာမင်းကြီးရုံးမှ သိရှိသွားသဖြင့် ကျောင်းဆရာများ သတင်းစာတွင် ရေးလိုလျှင် ပညာမင်းကြီးထံမှ အမိန့်ခံယူပြီးမှ ရေးရမည်ဟု ချုပ်ချယ်သည့် စည်းကမ်းကြေငြာသည်။ ထိုအမိန့်ကြေငြာချက်သည် အမျိုးသားရေးကို အစဉ်လေးစားသော ဒေါ်စန်းယုံကို ပုဂ္ဂလိကတိုက်ခိုက်ခြင်း၊ မြန်မာအမျိုးသားတို့၏ မျိုးချစ်စိတ်ဓာတ်ကို ရိုက်ချိုးရန်ကြံစည်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ကျောင်းဆရာအဖြစ်မှ နုတ်ထွက်ခဲ့သည်။ ၁၉၂၂ ခုနှစ်တွင် သူရိယ သတင်းစာဦးဘသန်းနှင့် လက်ဆက်ပြီး

ရန်ကုန်သို့ ပြောင်းရွှေ့ခဲ့သည်။ နှစ်နှစ်အကြာတွင် ဦးဘသန်း၏ ဝတ္ထုများ ပျက်ကွက်မှုကြောင့် လူချင်းခွဲကာ မိမိ၏ လက်ဝတ်လက်စားများကို ထုခွဲရောင်းချ၍ ၁၉၂၅-ခုနှစ်တွင် ရန်ကုန်မြို့၊ လမ်း-၄၀ ၌ အင်ဒီပင်းဒင့် အပတ်စဉ်သတင်းစာကို ကိုယ့်အားကိုယ်ကိုး စွန့်စားတည်ထောင်ခဲ့သည်။

မောင်တစ်ထမ်း၊ မယ်တစ်ရွက်သဘောမဟုတ်ဘဲ "တစ်ကောင်တော့ တစ်ကောင်တည်း၊ ဒါပေမဲ့ ခြင်္သေ့" ဟူသော အားမာန်ခဲ၍ ဇေဒါပန်းသို့ နယ် ရန်းကန်လှုပ်ရှားကာ မိန်းမသားတစ်ယောက်၏ အားမာန်ကို စတင် ပြလိုက်သည်ဟု ဆိုရမည်။ အမျိုးသမီးများထဲမှ မြန်မာနိုင်ငံ၊ မြန်မာ သတင်းစာလောကတွင် အမျိုးသမီးသတင်းစာအယ်ဒီတာအဖြစ် ထူးထူး ချွန်ချွန် ရှားရှားပါးပါး ပေါ်ထွက်ခဲ့၍ မိန်းမတံခွန်စိုက်ထူလိုက်ပြီဟု တင်စား ဂုဏ်ပြုချင်ပါသည်။

အင်ဒီပင်းဒင့်သတင်းစာမျက်နှာဖုံး အမှတ်တံဆိပ်ကို ကြည့်ခြင်းဖြင့် ဒေါ်စန်းယုံ၏ စိတ်ဓာတ်ကို မှန်းဆနိုင်ပါသည်။ ခြင်္သေ့တံဆိပ်၏ အဓိပ္ပာယ် မှာ ရဲရင့်ခြင်းသဘောဆောင်ပြီး ကြံ့ခိုင်ခြင်း၊ တည်မြဲခြင်း၊ အောင်နိုင်ခြင်း စသည့် ဂုဏ်ထူးဝိသေသများကို ဖော်ဆောင်ပါသည်။ ရဲစွမ်းသတ္တိအားဖြင့် တင့်တယ်ခြင်း ကြံ့ခိုင်ခြင်း၊ တည်မြဲခြင်း၊ အောင်နိုင်ခြင်းတို့ဖြင့် ကြိုးစားကြ ရန် ရည်ရွယ်၍ ခြင်္သေ့အမှတ်တံဆိပ်ကို ထည့်သွင်းထားခြင်းဖြစ်သည်။

'အင်ဒီပင်းဒင့်'ဟူ၍ သတင်းစာအမည်မှည့်ယူသည်မှာလည်း ဒေါ်စန်းယုံ၏ ရည်ရွယ်ချက် အစစ်အမှန်ပင် ဖြစ်ပါသည်။ ဒေါ်စန်းယုံကိုယ်တိုင် ပြောပြချက်အရ 'အင်ဒီပင်းဒင့်'ဟူသော အမည်မှာ နာမည်ကြီး အိုင်းရစ်သတင်းစာတစ်စောင်အမည်ကို သဘောကျပြီး မြန်မာပြည်၏ လွတ် လပ်ရေးကို အဓိက အာသီသထားကာ မှည့်ခေါ်ခြင်းဖြစ်ပြီး တစ်နည်းအား ဖြင့် ကိုလိုနီခေတ် မလွတ်လပ်သော လခစားဘဝ၊ အိမ်ထောင်ရှင်ဘဝသို့ ပြန်လည်မကျရောက်လိုသော ရည်ရွယ်ချက်များလည်း ပါဝင်သည်ကို သိရှိ ရပါသည်။ သို့ဖြစ်၍ လွတ်လပ်ရေးကို မြတ်နိုးကြောင်း လွတ်လပ်ရေးကို

ကလောင်သွေး၍ တိုက်ပွဲဝင်မည်ဖြစ်ကြောင်း ရဲရဲဝံ့ဝံ့ကြေငြာလိုက်ခြင်းပင် ဖြစ်သည် ဟု ဆိုရပါသည်။

ထို့ပြင် 'အင်ဒီပင်းဒင့်'ဟူသော အမည်ကို မြင်တွေ့ကြားယောင်နေ ရခြင်းဖြင့် မလွတ်လပ်သော ကျွန်ဘဝကို စက်ဆုတ်ရွံရှာဖွယ်ဖြစ်လာစေရန် ကိုလိုနီဘဝမှ လွတ်မြောက်စေလိုသော ဆန္ဒကို ဖော်ထုတ်ရန် ရည်ရွယ်ပြီး ယောကျ်ားများနှင့် တန်းတူ အခွင့်အရေးမရရှာသော အိမ်ထောင်ရှင် အမျိုး သမီးထုအား ထပ်လှန့်နိုးဆော်လိုက်ခြင်းလည်း ဖြစ်သည်။

ဒေါ်စန်းသည် မြန်မာသတင်းစာ သမိုင်းတွင် ပထမဆုံး မြန်မာအမျိုး သမီး အယ်ဒီတာ သတင်းစာဆရာမကြီးအဖြစ် မြင်တွေ့ရပြီး သတင်းစာ ကို ကိုယ်တိုင်ဦးစီးလျက် ခေါင်းကြီးပိုင်း မရွှေကျေးဒိုင်ယာရီ ဦးကွာစိ အမေးအဖြေခန်း၊ စာတိုက်ခန်း၊ မာတလိ-ဝိသကြံနိုင်ငံရေး ဆွေးနွေးခန်း စသည်တို့ကို တစ်ယောက်တည်း ဒိုင်ခံရေးသားကာ အယ်ဒီတာအလုပ် ကိုယ်တိုင် သတင်းလိုက်၊ကြော်ငြာလိုက် ကိုယ်တိုင်ကြော်ငြာရေးသားကာ ကြော်ငြာခငွေတောင်းခံခြင်း၊ သတင်းစာဖိုးတောင်းခံခြင်းအလုပ်များကို လုပ် ကိုင်ရင်း သားသမီးနှစ်ယောက်ကို ရှာဖွေကျွေးမွေးပညာသင်ပေးခဲ့သည့် မိန်းမတစ်ဦးတည်း ဦးဆောင်ရသောကြောင့် ပင်ပန်းစွာရုန်းကန်ရသည်။ ရုန်းကန်မှုအစတွင် ဆင်းရဲလှသောကြောင့် အိမ်ဖော်မထားနိုင်သည့်ပြင် လျှပ် စစ်မီးပင်မသုံးနိုင်ခဲ့ပါ။ ဒေါ်စန်း၏သား ဦးခင်ကိုယ်တိုင်က 'ရုန်းကန်မှုအစ တွင် ကျွန်တော်တို့ ဆင်းရဲလှပါသည်။ လမ်း ၄၀ မှ ဘုရားလမ်းရှိ အစိုး ရ အထက်တန်းကျောင်းသို့ နေခြစ်ခြစ်တောက်ပူသည့် နေရောင်အောက်တွင် ခြေလျင်သွားခဲ့ရသည်။ ကျွန်တော်ကောလိပ်သို့ရောက်သောအခါ ကားတစ်စီး ဝယ်ပေးနိုင်ခဲ့ပါသည်'ဟုပြောပါသည်။ ထို့ပြင် ဒေါ်စန်းသည် သားဖြစ်သူ ဦးခင်ကို စစ်ကြိုခေတ်ဘွဲ့ရကျောင်းသားအဖြစ် ရေတပ်ဗိုလ်အဖြစ် မြေတောင် မြှောက်ပေးနိုင်သည့်ပြင် မိမိကွယ်လွန်ချိန်တွင် ဦးခင်သည် အမေရိကန် ပြည်၌ သတင်းစာလုပ်ငန်းအတတ် ပညာသင်ယူလုပ်ကိုင်လျက်ရှိသည်။

မင်နီဆိုတာ တက္ကသိုလ်မှ သတင်းစာပညာဝိဇ္ဇာဘွဲ့ ဆွတ်ခူးရရှိခဲ့ပြီး ပြန်ကြားရေးနှင့် အသံလွှင့်ဌာနညွှန်ကြားရေးမှူးအဖြစ် ရပ်တည်နိုင်သည်မှာ ရေခံမြေခံကောင်းသော ခေတ်အမြင်ကျယ်၍ မိဘတာဝန်ကျေသော ဖွဲလုံ့လ ဝီရိယနှင့် ကြိုးပမ်းသော ဦးယျဉ်မှူး အမေစန်း၏ ပြုစုပျိုးထောင်ထိန်းသိမ်း ပြုပြင်လမ်းညွှန်မှုနှင့် မိခင်မေတ္တာစွမ်းပကားများကြောင့် ဖြစ်သည်။ သားကောင်း မိခင်အဖြစ် ခံယူထိုက်စံပြုထိုက်သောသူ ဖြစ်ပါသည်။

အင်ဒီပင်းဒင့်သတင်းစာတွင် မြန်မာပြည်သူတို့၏ နိုင်ငံရေးဘဝကို အမျိုးမျိုးမှတ်တမ်းတင်ကာ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုတွင် ဝိုင်အမ်ဘီအေနှင့် ဂျီစီဘီအေ လှုပ်ရှားမှု၊ ၁၉၂၀ ခုနှစ် ကျောင်းသားသပိတ်၊ ဒိုင်အာခီ အုပ်ချုပ်ရေး၊ တွဲရေးခွဲရေး၊ ၁၃၀၀ ပြည့်အရေးတော်ပုံ၊ ခေတ်စံနစ်ကို ဖော်ပြသော ရုပ်ပြကာတွန်းဖြင့် ကြော်ငြာရေးသားမှုများ ပါဝင်ပါသည်။

မြို့နယ်ကျေးလက်မှ ကုမ္မာရီအသင်းများ၏ အမျိုးသားရေး လှုပ်ရှားမှုအရှိန်မြင့်မားနေမှုသည် တစ်နိုင်ငံလုံးရှိ အမျိုးသမီးများ၏ အမျိုးသားရေး စိတ်ဓာတ်ကို အစဉ်နိုးကြားတက်ကြွနေစေရန် လှုံ့ဆော်ပေးသကဲ့သို့ဖြစ်သည်။ ကျေးလက်တောရွာများမှ အမျိုးသမီးများနည်းတူ မြို့ကြီးပြကြီးများမှ အမျိုးသမီးများသည်လည်း မိမိတို့အတွက် အခြေအနေပေးသရွေ့ နိုင်ငံရေးတွင် ပါဝင်ရန် အဆင်သင့်ရှိနေကြပါသည်။ ထိုစဉ်က မြန်မာ့နိုင်ငံရေးတွင် အမျိုးသမီးများ ဥပဒေပြုလွှတ်တော်၌ အမတ်အဖြစ်ပါဝင် အရွေးခံခွင့်၊ မဲပေးခွင့် မရှိခဲ့ပါ။ ဗြိတိသျှအစိုးရက အမျိုးသမီးများကို ချိုးနှိမ်ထားလိုသည်သာမက အမျိုးသမီးများ ဥပဒေပြုလွှတ်တော်တွင် ပါဝင်လာလျှင် မျိုးချစ်အင်အားစုပို၍ အင်အားတောင့်တင်းမည်စိုး၍ ဖြစ်သည်။ ၁၉၂၇ ခုနှစ်တွင် အိန္ဒိယ အမျိုးသမီးများ ဥပဒေပြုလွှတ်တော်သို့ ဝင်ခွင့်ရရုံမျှမက လွှတ်တော်၌ ဒုတိယဥက္ကဋ္ဌရာထူးကိုပင် ရယူနိုင်သည်ဖြစ်၍ မြန်မာအမျိုးသမီးများလည်း ဥပဒေပြုလွှတ်တော်၌ မဲအရွေးခံခွင့်ရရှိရေး အုံကြွမှုဖြစ်လာသည်။

အမျိုးသမီးများ ဥပဒေပြုလွှတ်တော်၌ မဲရွေးခံခွင့်ရရန်တောင်းဆို

ဆန္ဒပြရေးအတွက် တောင်းဆိုသော အမျိုးသမီး လှုပ်ရှားမှုတွင် ပညာတတ် အမျိုးသမီးများဖြစ်သော ဒေါ်မြစိန် (အမ်အေ)၊ မသန်းတင် (လေဒီပေါ်ထွန်း) တို့နှင့်အတူ မစန်း (အင်ဒီပင်းဒင့်) လည်း ထိပ်ဆုံးမှ ပါဝင်လာသည်။ ၁၉၂၇ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် 'အမျိုးသမီးများ အမတ်ရွေး ချယ်ခွင့်မရှိသည့် ဥပဒေကို ပယ်ဖျက်ရန်အဆိုကို သာယာဝတီဦးပုက အဆို တင်သွင်းမည်ဖြစ်ကြောင်းနှင့် စကားအခြေအတင်ပြောကြသည်ကို စုရုံးချီ တက်နားထောင်ရန် ဖိတ်ကြားသည့် ကြေငြာစာတွင် ဒေါ်စန်းနှင့် ဒေါ်မြစိန်၊ ဒေါ်သန်းတင်တို့က လက်မှတ်ရေးထိုး၍ ကြေငြာချက်ဖြန့်ဝေကာ အမျိုးသမီး ထုကို စည်းရုံးခဲ့သည်။ နီးစပ်ရာ အမျိုးသမီးများကို စည်းရုံးကာ အင်အား (၁၀၀)ကျော်ဖြင့် ရန်ကုန်မြို့မြနိုစီပယ်ခန်းမသို့ စုရုံးရောက်ရှိလာကြသည့် အမျိုးသမီးတို့ အလံများ ကြွေးကြော်သံစာတမ်းများကို ကိုင်ဆောင်ကာ ဥပဒေပြု လွှတ်တော်ရှိရာသို့ ရှေ့ရှုချီတက်ကြသည်။ ချီတက်ရာတွင် 'မိန်းမ များမကြောက်ပါနှင့် အတွင်းဝန်ရုံးသို့ မိန်းမများ မဝင်ရဟု အမိန့်ထုတ်ထား သည် စောင့်ကြည့်ကြပါ မြန်မာအမျိုးသမီးများ နိုးကြားကြပါ။ ဗြိတိသျှပါလီ မန်တွင် မိန်းမများ အမတ်ဖြစ်နေပြီ'-စသည့် ကြွေးကြော်သံများ၊ စာတမ်း များ ကိုင်ဆောင်ကာ အမျိုးသားရေးအမှတ်တံဆိပ်ဖြစ်သော ပုသိမ်ထီးများ ဆောင်းကြကာ အတွင်းဝန်ရုံးကိုဝိုင်းကာ လှည့်လည်ကြသည်။

ထိုသို့ချီတက်ရာတွင် အမျိုးသမီးတို့သည် ယခုသိမ်ဖြူလမ်း၊ ထိုမှ တစ်ဖန် အနော်ရထာလမ်း၊ ထိုမှတစ်ဆင့် ဗိုလ်အောင်ကျော်လမ်းတို့ကို လှည့်လည်ချီတက်ကြရာ လမ်းဘေးတစ်ဖက်တစ်ချက်ကြည့်ရှုအားပေးသူ ပရိသတ်များကလည်း တပ်ကြပ်မကွာ လိုက်ပါလာကြသည်။ အတွင်းဝန်ရုံး ၏ တံခါးဝတွင် ဥရောပတိုက်သားပုလိပ်အရာရှိများကိုယ်တိုင် တံခါးပိတ် ထားသည်ဖြစ်၍ တံခါးဝမှာပင် ဟောပြောပွဲကျင်းပသည်။ လွှတ်တော် ဥက္ကဋ္ဌ 'ဒီဂလင်ဗီလ်'၏ လက်မှတ်ဖြင့် အမျိုးသမီးများ လွှတ်တော်သို့ ဝင်ရောက်နားထောင်နိုင်ရန် လက်မှတ် အစောင် (၆၀) ပေးသည်ကို အားလုံး

ဝင်ခွင့်မရ၍ ပြန်ပေးလိုက်သည်။ ချက်ချင်းလက်ငင်း အောင်မြင်မှုမရသော်လည်း ၁၉၃၆ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ဥပဒေပြုလွှတ်တော်အမတ်အဖြစ် ဂျီစီဘီအေဦးချစ်လှိုင်၏ နှမ မော်လမြိုင်မှ ဒေါ်နှင်းမြ အရွေးခံရသည်။ အင်ဒီပင်းဒင့် ဒေါ်စန်းတို့၏ လှုပ်ရှားဆောင်ရွက်မှု အောင်ပွဲပင်ဖြစ်သည်။ အမျိုးသမီးထု၏ ဘဝအဆင့်မြင့်မားရေးအတွက် မျက်စိဖွင့်ပေးသော ရှေ့ဆောင်လမ်းပြ မီးရှူးတိုင်အလား ဦးဆောင်လမ်းပြပေးသူအဖြစ် ဂုဏ်ပြုမှတ်တမ်း တင်ရမည်ဖြစ်ပါသည်။

၁၉၃၆-ခုနှစ်တွင် နယ်ချဲ့အစိုးရက ခွဲရေးတွဲရေးပြုလုပ်ရာ၌ ထိုအစည်းအဝေးသို့ သတင်းစာဆရာများ လုံးဝဝင်ခွင့်မပြုသည့်အတွက် ဒေါ်စန်း ဦးဆောင်ကာ သတင်းစာဆရာတို့၏ အခွင့်အရေးများ အပြည့်အဝရရှိရန် နယ်ချဲ့ကို အတိအလင်း တိုက်ပွဲဝင်ခဲ့သည်။

၁၉၃၅ ခုနှစ် ဇွန်လ ၂၉ ရက်နေ့ထုတ် အင်ဒီပင်းဒင့်သတင်းစာ ခေါင်းကြီးပိုင်းတွင် ဥပဒေပြုလွှတ်တော် အစည်းအဝေး၌ ငါးထောင်စားဝန်ကြီးချုပ်ဦးဘဖေနှင့် ဦးဘမော်၊ ဥပဒေပြုအဖွဲ့ဥက္ကဋ္ဌဦးချစ်လှိုင်တို့ကို အယုံ အကြည်မရှိ ဖြုတ်ချရန် အဆိုတင်သွင်းထားသည်နှင့် ပတ်သက်၍ ယင်း အဆိုတင်သွင်းမည့်အစား တိုင်းပြုပြည်ပြုအရေးကြီးသည့်အချက်များကိုသာ တင်သွင်းဆွေးနွေးရန် လိုအပ်ကြောင်း၊ နိုင်ငံတွင်းရှိ ဆင်းရဲသားများ အကျိုးရှိရန် တောင်သူလယ်သမားများအား ထောက်ပံ့နိုင်ရန် စက်မှုလက်မှုပညာများ၊ ထွန်းကားလာစေရန်၊ အလုပ်လက်မဲ့ ပြဿနာများ ဖြေရှင်းရန်တို့ကိုသာ တင်သွင်းဆွေးနွေးသင့်ကြောင်း၊ ကိုယ်ကျိုးရှာသမားများသာများပြီး အကျိုးမဲ့အလုပ်များသာလုပ်နေကြကြောင်း တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် မကြည့်ကြကြောင်း အရှိကိုအရှိအတိုင်း အကြောက်အရွံ့မရှိ ထင်သာမြင်သာဖြစ်အောင် ဖော်ထုတ်ရေးသားဝံ့သူဖြစ်သည်။

ဘဏ္ဍာရေးနှင့် ပတ်သက် ၁၉၃၈- ခုနှစ် ဇူလိုင်လ ၅ ရက်နေ့ထုတ် သတင်းစာတွင် ဝင်ငွေတိုးရန် အခွန်သစ်များ ကောက်ခံခြင်းမှာ ဆင်းရဲသား

တို့ကို ထိခိုက်နိုင်သဖြင့် အသုံးစရိတ်လျော့ပေါ့ရန် စီမံဖို့ လိုအပ်ကြောင်း 'မြန်မာပြည် ဘဏ္ဍာရေးအခြေအနေ' ဟူသော ခေါင်းစဉ်ဖြင့် သတင်းစာ ခေါင်းကြီးပိုင်းတွင် ဖော်ပြခဲ့သည်။ ဖြစ်သင့်ဖြစ်ထိုက်သည်ကို အကြံပြုရဲသူ ဖြစ်သည်။

ဒေါ်စန်းသည် အင်ဒီပင်းဒင့်သတင်းစာ ကွာစိမှာတမ်းအခန်းမှ နေ၍ ဗြိတိသျှအစိုးရအုပ်ချုပ်ရေးစံနစ်နှင့် ပတ်သက်၍ ပြင်းထန်စွာ ဝေဖန်သုံးသပ် တင်ပြကာ မြန်မာတို့အား နိုင်ငံရေး အမြင်ကျယ်စေရန် လမ်းပြပေးသူဖြစ် သည်။ ၂၁-ဦးပါတီမှ ဝတ်လုံဦးဘစီ၊ အမ်အေမောင်ကြီး၊ ဝတ်လုံ ဦးပုကြီး စသော လူကြီးများ နုတ်ထွက်ကြသည်နှင့် ပတ်သက်၍ ''ဘောက်ကြီးရာ နောက်ဆုံးစကားတစ်ခွန်း သေသေချာချာ မှတ်ထားကြ။ သူတို့ကိုယ်ကျိုး စီးပွား သူတို့မြင်လို့ လုပ်ကြတာ၊ ဘာမှမပူနဲ့ နီမှသောင် နောင်မှသိမယ်'' ဟု ဝေဖန်ရေးသားထားသည်မှာ နိုင်ငံရေးသမားတို့၏ သဘောသဘာဝကို အများသိစေရန် လူထုကို အမြင်ကျယ်စေရန် ရှေ့ဆောင်လမ်းပြပေးသူဟု ဆိုရမည်။

ဒေါ်ဒဂုန်ခင်ခင်လေး ထုတ်ဝေသည့် ယုဝတီဂျာနယ်တွင် အင်ဒီ ပင်းဒင့် ဒေါ်စန်းသည် 'ဒေါ်ကွာစိ' အခန်းမှ နိုင်ငံရေး၊ လူမှုရေး၊ အမျိုး သမီးများ ဆိုင်ရာ ဆောင်းပါးများရေးသားခဲ့သည်။

နိုင်ငံရေးဆိုင်ရာဆောင်းပါးများအနက် '**ခာတ်တူနာမ်တူ**' ဆောင်းပါး တွင် ဗေဒင်ယတြာကို မယုံကြဘဲ လွတ်လပ်ရေးအမြန်ရရန် ကြိုးပမ်းသင့် ကြောင်း '**သုံးပုံဖွဲ့တွဲချိုးကလေး**' ဆောင်းပါးတွင် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရေးနှင့် ရှမ်း-ဗမာပူးပေါင်းကာ နိုင်ငံတော်အတွက် လုပ်ဆောင်ရေး တို့ကို တိုက်တွန်းရေးသားထားသည်။

'**ဇမ္ဗူဒီပနိမိတ္တ**' ဆောင်းပါးတွင် ကောင်းသောနိမိတ်ကောက်ယူကာ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်သင့်ကြောင်း၊ '**ကလောင်ရှင်**' ဆောင်းပါး တွင် အကွဲကွဲပြားပြားဖြစ်နေသော နိုင်ငံရေးပါတီများ သင့်တင့်ညီညွတ်စေရန်

စေ့စပ်ပေးခဲ့သည်။ **'ဘယာကျော်'** ဆောင်းပါးတွင် ဗမာလူမျိုးတိုင်းရင်းသားအချင်းချင်း တိုက်ခိုက်မနေကြရန် ညီညွတ်မှ ငါးပါးသီလစောင့်ထိန်းမှ ဘေးဘယာအပေါင်းမှ ကင်းကွာမည်ဖြစ်ကြောင်း ဘာသာရေးရှုထောင့်မှ ဆွဲဆောင်ရေးသားထားသည်ကို တွေ့ရသည်။

သို့ဖြစ်၍ ဒေါ်စန်းသည် ဝံသာနုခေတ်၊ ဒိုင်အာခီခေတ်၊ ဂျီစီဘီအေခေတ် ၁၉၃၉- ခုနှစ် ကုလားဗမာ အဓိကရုဏ်းခေတ်၊ စစ်ပြီးခေတ်၊ ဖ.ဆ.ပ.လ. ခေတ်တို့ကို မှီခဲ့သူ၊ ကိုယ်တိုင်ပါဝင်ဆင်နွှဲသူတစ်ဦးဖြစ်သည့်အလျောက် သူ၏စာပေအရေးအသားများသည် မျိုးချစ်စိတ်၊ ဝံသာနုသဘောတရားများ ပေါ်လွင်နေပါသည်။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်သူ၊ လွတ်လပ်ရေးကိုမြတ်နိုးသူအဖြစ် ထင်ဟပ်နေပါသည်။

အမျိုးသားလွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် နိုင်ငံရေးဆောင်းပါးများရေးကာ လူထုကို မျိုးချစ်စိတ်၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် သွတ်သွင်းပေးသကဲ့သို့ တစ်ဖက်တွင် နယ်ချဲ့တို့ ကလောင်လက်နက်ဖြင့် ထိုးနှက်ခဲ့သူဖြစ်သည်။

အမျိုးသမီးရေးရာကဏ္ဍတွင် **'တို့အမျိုးသမီးတွေကော'** ဆောင်းပါးတွင် အိန္ဒိယပြည်မှ ပဏ္ဍိတ်နေရူးစ်နှမ မစ္စက်ပဏ္ဍိတ်-ကို ရုရှားနိုင်ငံသို့ သံအမတ်အဖြစ် ရွေးချယ်ခန့်ထားစေလွှတ်ကြောင်း အသက် (၄၆) နှစ်အရွယ်ခေတ်ပညာတတ်နိုင်ငံရေး ဆောင်ရွက်နေသူဖြစ်၍ အလွန်သင့်မြတ်ကြောင်း၊ အိန္ဒိယနှင့်မြန်မာပြည်သည် နိုင်ငံရေးလုပ်ငန်း လွန်စွာတူကြသဖြင့် အိန္ဒိယကို ဒိုမီနီယံပေးသည်နှင့် ဗမာပြည်ကို ဒိုမီနီယံတောင်းဆိုကြောင်း၊ ထို့ကြောင့် ဗမာပြည်သည်လည်း အမျိုးသမီးသံအမတ် မကြာမီခန့်ကြဖို့ကောင်းကြောင်း ရေးသားထားသည်ဖြစ်၍ မြန်မာအမျိုးသမီးတို့၏ ဘဝအခြေအနေ အဆင့်အတန်း မြှင့်တင်ပေးရန် ဦးဆောင်သူအဖြစ် မှတ်ယူနိုင်ပါသည်။

**'မြန်မာအမျိုးသမီးကလောင်အဖွဲ့'** ဆောင်းပါးတွင် ကြယ်တံခွန်ကြီးပေါ်လာကြောင်း ကြယ်တံခွန်ပေါ်လာသည်နှင့် တစ်ပြိုင်တည်းမှာပင်

'ကလောင်မယ်အဖွဲ့ကြီး' ပေါ်ပေါက်လာကြောင်း၊ အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ ပညာတတ်ခဲ့သည်မှာ နှစ်ပေါင်းအတော်ကြာပြီဖြစ်သော်လည်း အမျိုးသမီးစာရေးဆရာအသင်းမရှိသေး၍ ယခုကဲ့သို့ ဖွဲ့စည်းရခြင်းဖြစ်ကြောင်း ရှင်းလင်းရေးသားထားသည်။ ဒေါ်စန်းသည် ထိုအသင်းတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ အကွက်ကျကျ ဒေါင့်စေ့စေ့ဖြင့် လိုအပ်ချက်ကို ဖြည့်စွက်နိုင်သည်မှာ ဒေါ်စန်း၏ အရည်အချင်းတစ်ရပ်ပင် ဖြစ်သည်။

**'လွတ်လပ်ရေးအောင်ပွဲတုန်းကပေါ့'** ဆောင်းပါးတွင် လွတ်လပ်ရေးအောင်ပွဲအထိမ်းအမှတ်ပြုလုပ်သော ပြပွဲများတွင် မိုင်းဝါလုပ်ငန်းပြပွဲကို အနှစ်သက်ဆုံးဖြစ်ကြောင်း ဖော်ပြကာ ရှေးအခါက မိန်းကလေးများကို "ဗိုင်းငင်ရှင်မ၊ တတ်ပါစ"ဟု မေးတတ်ကြောင်းနှင့် အမျိုးသမီးကောင်းတို့ ပြည့်စုံအပ်သည့်အင်္ဂါ ၁၂ ပါးဖြစ်သော (၁) ချက်ပြုတ်တတ်ကျွမ်း၊ (၂) ဆေးကွမ်းပြင်ငှား၊ (၃) ဝတ်စားလျှော်ဖွပ်၊ (၄) စောင့်ကြပ်ဥစ္စာ၊ (၅) ဗိုင်းဝါလုပ်ပေ၊ (၆) လင့်ရှေ့နိုးကြား၊ (၇) အိပ်စားနှောင်းပြု၊ (၈) မှုတိုင်းပန်ဆို၊ (၉) သာချိုစကား၊ (၁၀) မသွားသူ့အိမ်၊ (၁၁) မွေ့သိမ်လင့်စေ၊ (၁၂) ဆုံးမတိုင်းနာ... ဟူသည်တို့ကို ပြည့်စုံပါလျက် လင်ယောကျ်ားက နှိပ်စက်ညှဉ်းပန်းလျှင် လင်ယောကျ်ားကို မင်းပြစ်မင်းဒဏ်သင့်စေကြောင်း။ မနုဓမ္မသတ်ကျမ်းကို ကိုးကား၍ အမျိုးသမီးများရှေ့မှ မားမားမတ်မတ် ရပ်ကာ အမျိုးသမီးတို့၏ မိခင်သဖွယ် ကာကွယ်မြင့်တင်ပေးသူဖြစ်သည်။

**'မိန်းမဝန်ကြီးလိုပြီ'** ဆောင်းပါးတွင် အမြင့်စားရာထူးများ၌ မိန်းမများအား နေရာပေးနိုင်ရန် ဝန်ကြီးအဖွဲ့ထဲတွင် မိန်းမဝန်ကြီးတစ်ဦးရှိမှသာ အမျိုးသမီးများအဖို့ ပြည့်စုံမည်ဟု ရေးထားကာ **'လူစီ'** ဆောင်းပါးတွင် ဗမာလူမျိုးတစ်မျိုး၏တာဝန်ကို ဗမာတို့ သိရှိနားလည်သဘောပေါက်လာရန် လှုံ့ဆော်ရေးသားခဲ့သည့် ဖော်ပြပါဆောင်းပါးများဖြင့် အမျိုးသမီးတို့၏ အခန်းကဏ္ဍကို မြှင့်တင်ပေးခဲ့သူဖြစ်သည်။

ထိုလှုပ်ရှားဆောင်ရွက်မှုများအပြင် ပြန်ကြားရေးဝန်ကြီး ဒီးဒုတ် ဦးဘချိုက စစ်ဘေးစစ်ဒဏ်ခံခဲ့ရသည့် မြန်မာပြည်ပြန်လည်ထူထောင်ရေး အတွက် တတ်စွမ်းသမျှကူညီရန် မေတ္တာရပ်ခံသဖြင့် မြန်မာနိုင်ငံအသံလွှင့် ဌာနမှ **'ထွေရာစိတ်ကူး'** အခန်းဖြင့် နိုင်ငံတော်ပြန်လည်ထူထောင်ရေး၊ အမျိုးသမီးကဏ္ဍစသည်များကို ကိုယ်တိုင်ရေးသား အသံလွှင့်ခြင်းဖြင့် နိုင်ငံ အကျိုးပြုလုပ်ငန်းဆောင်ရွက်ခဲ့သည်။ နိုင်ငံကောင်းကျိုးဆောင်ရွက်နိုင်ကြ မည့် အမျိုးသမီးကောင်း၊ အမျိုးသားကောင်းများ ပေါ်ထွက်လာစေရေး အတွက် ဦးတည်ဟောပြောသော တိုင်းပြုပြည်ပြုဆောင်းပါးများဖြစ်သည်။ ဆောင်းပါးများအနက် အချို့ကို ဖော်ပြမည်ဖြစ်ပါသည်။

**အမျိုးသမီးဆိုင်ရာ ဆောင်းပါး** အဖြစ် 'အူတိုမျိုး' ဆောင်းပါး ဟောပြောချက်တွင် 'အူတိုမျိုး' ဟူသော အမှတ်ဆိပ်ပျောက်ပျက်သွားရန် အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ သဘောထားကြီးပါသည်ဟု ပြောနိုင်ရန် ဝန်တိုမစ္ဆေရစိတ်၊ မနာလိုမှုကိုယ့်ယောကျ်ားအပေါ် အထင်မှာမှု၊ ပြိုင်ဆိုင်မှု၊ ယောကျ်ား၏ ရာထူးနှင့် ပတ်သက်၍ကတော် အချင်းချင်း မာနထားမှု၊ စိန်ရွှေလက်ဝတ်လက်စား ပြိုင်ဆိုင်မှု၊ တိုက်ခိုက်မှု၊ မနာလို၍ ဖျက်ဆီးမှုများ ရှောင်ကြရန် ရေးသားဟောပြောခဲ့သည်။

**စီးပွားရေးနှင့် ပတ်သက်၍** 'ရီတာပေါ့' ဆောင်းပါးတွင် ပျော်ပွဲ ရွှင်ပွဲပေါများသည့် မြန်မာပြည်တွင် လူများသည် စိတ်ပေါ့ပါးစွာ နေထိုင် ကြသောကြောင့် စီးပွားရေးဘက်တွင် လူမျိုးခြားများ တွင်တွင်ကျယ်ကျယ် လည်သလို အုပ်စားသွားရင်လည်း တဟားဟားနှင့် ကြည့်နေလိုက်ကြမည် ဆိုလျှင် တိုင်းပြည် ဆုတ်ယုတ်ပြီး လူတွေလည်း ဆင်းရဲတွင်းမှာ နစ်မွန်း သွားမှာ မြင်ယောင်မိပါသည်ဟု ရှေ့ရေးကို မျှော်မြင်၍ ရေးသားဟောပြော သည်ကို တွေ့ရသည်။ 'ရီတာပေါ့'ဆိုတဲ့အတိုင်း အစဉ်ရွှင်ပြုံးနေသလောက် အလုပ်ကို ကြိုးစားလုပ်ကြရန် ဒုက္ခကို ဒုက္ခမမှတ်ဘဲ မေ့မေ့ပျောက်ပျောက် နေနိုင်တဲ့ စိတ်၊ သတ္တိနဲ့ ဇွဲကို တိုင်းပြည်ထူထောင်ရေး၊ လူမျိုးကောင်းစား

ရေး၊ စီးပွားရှာဖွေရေးမှာ အသုံးချကြရန် သို့မှသာကျက်သရေ အဖြာဖြာနှင့် သာယာသော ပြည်ကြီးအဖြစ် ရောက်သည့်တိုင် တစ်နေ့တခြား တိုးတက်လာမည်မှာ အမှန်ဖြစ်ကြောင်း ရေးသားဟောပြောထားပါသည်။

**ပြည်ကြီးသား ဆောင်းပါး**တွင် ဘတ်စ်ကားပေါ်တွင် စပယ်ယာနှင့် ဒရိုင်ဘာတို့ မောင်နှင့်နှမ သားနဲ့အမိကြား ရန်မသင့်လျော်သော စကားအသုံးအနှုန်းခြင်း နှမချင်းမစာမနာ ပြောဆိုခြင်း၊ ပွဲအငြိမ့်တို့တွင် တွေးယူမှ ရယ်စရာအဓိပ္ပာယ်ပေါက်သည့် ပျက်လုံးထုတ်လေ့ရှိခြင်း၊ သူငယ်ချင်းများ တွေ့သည့်အခါ ယုတ်ညံ့စုတ်ပဲ့သည့် ဖရုသဝါစာ စကားလုံးနှင့် တိုင်းထွာ ပြောလေ့ရှိခြင်း၊ အမျိုးသမီးငယ်တစ်ဦးတည်း လမ်းလျှောက်လာသည်ကို မြင်လျှင် ကာလသားသုံးယောက်က မကြားတကြား စကားကို မဟားဒယား စတတ နတတ နောက်ပြောင်ခြင်း၊ ဘိုင်စကုတ်ပွဲများတွင် ထွက်ပေါက် ဝင်ပေါက် တိုးရင်းခွေ့ရင်းဖြစ်စေ၊ မီးငြိမ်းသွားသည့်အခါဖြစ်စေ နှမချင်း မစာ လက်သရမ်းခြင်း၊ ဘုရားကျောင်းကန်ဇရပ်၊ အိမ်သာတွေမှာ မီးသွေး၊ မြေဖြူတို့နှင့် မေတ္တာစာအတိုအထွာကလေးတွေ သူ့ဖို့ဆိုပြီး ရေးခြင်း စသည်တို့ကို အရေခွံလဲကာ ကြိုးစားကြရန်၊ မြန်မာပြည်သည် ယဉ်ကျေးသော တိုင်းပြည်အဖြစ် အပြောအဆို အနေအထိုင် အဆင့်အတန်းမြင့်မြင့် သိက္ခာရှိရှိ ပြုကျင့်နေထိုင်ကြရန် ပြည်ကြီးသားပီသပါမှ ကြီးပွားတိုးတက်မည်ဖြစ်ကြောင်း ရေးသားဟောပြောထားသည်မှာ ယနေ့တိုင် ဆင်ခြင်လိုက်နာဖွယ်ကောင်းသော လမ်းညွှန်မှုဟု ဆိုရမည်။

**ခြိုးခြံချွေတာရေး**နှင့် ပတ်သက်၍ ဗမာပြည်ပြန်လည်ထူထောင်ရေးတွင် ဗမာပြည်သူပြည်သားများ တစ်ဖက်တစ်လမ်းမှ ကူညီသည့် အနေဖြင့် ခြိုးခြံချွေတာကြရန် **ကြီးပွားရေးနှင့် ပတ်သက်၍ 'ဝင်ပေါက်ဖွင့်နည်း'** ဆောင်းပါးတွင် နိုင်ငံခြားက အလိုရှိနေသော ဗမာပြည်ဖြစ် ပုသိမ်ထီး၊ ယွန်းထည်၊ ဆင်စွယ်၊ သစ်သားပန်းပု၊ ရုပ်လုံး၊ ကနုကမာ၊ ငွေထည်၊ ငွေဖလား စသည့် ပစ္စည်းများကို ထုတ်လုပ်ကြရန် တိုက်တွန်းဟောပြောထား

ပါသည်။ လူမှုရေးဆိုင်ရာ ဆောင်းပါးဟောပြောချက်တွင် နိုင်ငံတော်ကြီးပွား ချမ်းသာတည်မြဲစေရန် တို့အမျိုးနဲ့ တို့တိုင်းပြည် တစ်ကမ္ဘာတည်မြဲရမည်ဟူသော အသိစိတ်ဓာတ်ဖြင့် သတ္တိဇွဲနှင့် မလျော့တမ်းကြိုးစားကြရန်၊ '**အရေးအကြီးဆုံး**' ဆောင်းပါးတွင် ညီညွတ်ရေးသည် အဖိုးတန်အရေးကြီးကြောင်း ရာဇဂြိုဟ်ပြည်ရှင် အဇာတသတ်သည် ဝေသာလီပြည်ကို သိမ်းယူရန် အကြိမ်ကြိမ် ကြိုးစားသော်လည်း မရသဖြင့် အကြောင်းတစ်ခုခုရှိ၍သာဖြစ်မည်ဟု ထင်မြင်သောကြောင့် မြတ်ဘုရားထံ လျှောက်ထားရာ ဝေသာလီရှိ လိစ္ဆဝီမင်းတို့ ညီညွတ်နေသမျှ မအောင်မြင်နိုင်ကြောင်း၊ ညီညွတ်မှုရှိကတိုင်းကား နိုင်ငံမဖျက်ဆီးနိုင်ကြောင်း နိုင်ငံရေးပေါ်လစ်တစ်စကား မိန့်ကြားတော်မူဖူးကြောင်း အကင်းပါးသည့် အဇာတသတ်က လိစ္ဆဝီမင်းတို့ စိတ်ဝမ်းကွဲပြားအောင်ပြုပြီး ဝေသာလီပြည်ကို သိမ်းပိုက်ကြောင်း။ ထို့ပြင် ဗမာပြည်နှင့်စပ်လျဉ်း၍ ဂျပန်တို့ ဗမာပြည်ထဲဝင်၍ စနစ်ဆိုး၊ စနစ်ယုတ်များ သုံးကာပြည်သူများကို နှိပ်စက်၊ အဖက်ဖက်ကပျက်စီးစေရန် လုပ်ဆောင်နေသည်ကို ဗိုလ်ချုပ်အောင်ဆန်းအစရှိသော လူငယ်ခေါင်းဆောင် သတ္တိခဲတို့က အောင်မြင်စွာ တော်လှန်မောင်းထုတ်နိုင်ခဲ့သည်မှာ ညီညွတ်စည်းလုံးခြင်း၏ အကျိုးအာနိသင်ပင်ဖြစ်ကြောင်း၊ လူမှုရေးဆိုင်ရာ 'လာဘ်ပေး လာဘ်ယူ' ဆောင်းပါးတွင်လည်း လာဘ်ပေးလာဘ်ယူပြုခြင်းဖြင့် လူများအကျင့်တရားပျက်ပြားကြောင်း ရေးသားဟောပြောခဲ့သည်။

'လွတ်လပ်ရေးအရသာ' ဆောင်းပါးတွင်လည်း လွတ်လပ်သည့်လူမျိုးသည် မွန်မြတ်ကြောင်း မျက်နှာကြီး၍ လူရာဝင်ကြောင်း၊ ငွေပေါပေါနှင့် နေရသော ကျွန်သဘောက်ဘဝထက် ထမင်းရေသောက်နေရသည့်သခင်ဘဝက မွန်မြတ်ကြောင်း၊ ကျွန်ဘဝက ယခုတစ်ခါ သမ္မတနိုင်ငံတော်ကြီးဘဝရောက်လာသည့် တန်ဖိုးသည်မည်မျှ မွန်မြတ်သည်ကို သိစေလိုကြောင်း လွတ်လပ်သည့် အင်ဒီပင်းဒင့် အရသာသည် နှမြောစုံမက်စရာဖြစ်ကြောင်း လွန်ခဲ့သည့် နှစ်ပေါင်း (၁၀၀) ကျော်အတွင်းက အခွင့်အရေး

မရခဲ့ဖူးသည့် တိုင်းရင်းသား သမ္မတကြီး၊ တိုင်းရင်းသားဝန်ကြီးချုပ်၊ တိုင်းရင်းသားဝန်ကြီးများဖြင့် ကိုယ့်နိုင်ငံတော်ကို ကိုယ့်တိုင်းရင်းသားဝန်ကြီးများနှင့်သာ သဘောကျ လွတ်တော်ပါလီမန်တို့ဖြင့် အုပ်ချုပ်နေရသည်မှာ လွတ်လပ်သည့် အရသာပင်ဖြစ်ကြောင်း လွတ်လပ်သည့်အရသာကို နှမြောစုံမက်ရမည်ဖြစ်ကြောင်း ရရှိပြီးသော သခင်ဘဝကို ပျက်စီးရန် လွတ်လပ်သည့် နိုင်ငံသူ၊ နိုင်ငံသားများကို ကျွန်ဘဝထဲသို့ ပြန်ဆင်းစေခြင်းမျိုး မပြုလုပ်ကြစေလိုကြောင်း ခဲမှန်ဖူးသော စာသူငယ်ကဲ့သို့ နောင်တရစေလိုကြောင်း လွတ်လပ်ရေးကို မြတ်နိုးကြရန် ရေးသားဟောပြောခဲ့ပါသည်။ တိုင်းပြည်ကို တကယ်ချစ်လျှင် မည်ကဲ့သို့ တိုင်းပြည်အတွက် ကူညီရမည်။ သွေး၊ ချွေး။ ပစ္စည်းဥစ္စာ တတ်စွမ်းသည့်ဘက်မှ ကူညီရမည်စသည်ဖြင့် ဆင်ခြင်အောက်မေ့ရမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ မဟုတ်ဘဲ တိုင်းပြည်ထဲမှ ရပေါက် ပွပေါက် အခွင့်အရေးကိုသာ ကြည့်ကြပါက ကျွန်တွင်း ပြန်ဆင်းရမည်ဖြစ်ကြောင်း ရင်ထဲမှစေတနာမှန်ကို လေလှိုင်းမှတစ်ဆင့် ဘွင်းဘွင်းရှင်းရှင်း ကြေညာခဲ့ပါသည်။

ဒေါ်စန်း၏ အမျိုးသမီးများ ဘဝမြှင့်တင်ရေး ရေးသား၊ ဟောပြောမှု ကိုယ်တိုင်လှုပ်ရှားပါဝင်ဆောင်ရွက်မှုတို့သည် အမျိုးသမီးတို့အတွက် အခွင့်အရေးအရပ်ရပ်ကို လမ်းဖွင့်သွားစေခဲ့ပါသည်။ ကမ္ဘာပေါ်ရှိ လူမျိုးများအနက် အလွတ်လပ်ဆုံးနှင့် အခွင့်အရေးအရဆုံးမှာ မြန်မာအမျိုးသမီးများဖြစ်ကြပါသည်။ ဒေါ်စန်းအပါအဝင် မြန်မာအမျိုးသမီးများသည် ယောကျ်ားများကဲ့သို့ လွတ်လပ်ရေးရရန် အသင်းများဖွဲ့ကာ ဒိုးတူပေါင်ဖက် လုပ်ဆောင်ခဲ့ကြပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းလှုပ်ရှားမှုများတွင် အမျိုးသမီးများဘက်မှ အမြဲရပ်တည်ကြိုးစားကာ အမျိုးသမီးထုကို ရှေ့ဆောင်ပြုခဲ့သည်။ 'အမျိုးသမီးကယ်ဆယ်ရေးအသင်း'၊ 'အမျိုးသမီး၊ ကလေးများကြီးပွားရေးအဖွဲ့'၊ 'အမျိုးသား၊ အမျိုးသမီး စာရိတ္တပြုပြင်ရေး'၊ 'မြန်မာအမျိုးသမီးနေရှင်နယ်ကောင်စီ' တို့တွင် ပါဝင်ဆောင်ရွက်ခဲ့၍ အမျိုးသမီး

အရေး ကြိုတွေးဆောင်ငင် မြတ်မိခင်အလား ရှိသေလေးစား ဂါရဝပြုရမည့် အမေစန်းပင် ဖြစ်သည်။

လွတ်လပ်ရေးအရသာနှင့် စည်းလုံးညီညွတ်ခြင်း ရေးသာဟောပြောချက်တို့သည် ကမ္ဘာတည်သရွေ့ တန်ဖိုးထားလိုက်နာရမည့် သတိပေးလှုံ့ဆော်ထားသော လမ်းညွှန်ချက်ဖြစ်ပါသည်။ ငြိမ်းချမ်းသာရေး၊ လာဘ်ပေး လာဘ်ယူ ပပျောက်ရေး၊ ပြည်ကြီးသားပီသကြရေး၊ ရေးသားဟောပြောချက်တို့သည် ခေတ်အဆက်ဆက်တို့မှ ယနေ့ထိတိုင် ထင်ဟပ်နေသော ရေးသားဟောပြောချက်ပင် ဖြစ်ပါသည်။

'သင်သေသွားသော်၊ သင်ဖွားသောမြေ၊ သင်တို့မြေသည်၊ အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏' ဟူသော ဘဘဆရာဇော်ဂျီ၏ ကဗျာစာသားကဲ့သို့ပင် အမေစန်း၏ ဆောင်ရွက်ခဲ့သော ရေးသားဟောပြောချက်တို့သည် ယနေ့တိုင် ကျင့်သုံးလိုက်နာရမည့် အချက်များအဖြစ် တိုင်းချစ်ပြည်ချစ်စိတ်၊ လွတ်လပ်ရေးကို ချစ်မြတ်နိုးစိတ် ကိန်းအောင်းနေစေရန် မျိုးဆက်သစ်လူငယ်များအတွက် **'စိတ်ဓာတ်ရေးရာအမွေအဖြစ်' မွေခံထိုက်စေရန် မျိုးချစ်စိတ်ဓာတ်** ရှင်သန်ထက်မြက်ရေး**အမွေကို ထားရစ်ခဲ့သည်**ဆိုက အမှန်ပင် ဖြစ်နေပါပြီ။

"ကျက်သရေ တက်နေဝင်းအောင်လ၊ ငါ့ခြံမြေအခြေမြင့်ချင်ငဲ့၊ သူ့မြေမှာ ဖြူပြာပွင့်ရင်ဖြင့်၊ ငါ့မြေမှာ နီဝါတင့်ရမပေါ့၊ အခွင့်အခါမျှော်လို့၊ ဥယျာဉ်တော်သာယာရေးကိုလ၊ ရှုမြင်မျှော်ခါခါတွေးပါလို့၊ မနေ့းပင် အားအင်ထုတ်လို့ရယ်၊ ပေါင်းနုတ်ဖို့ခဲ" ဟူသည့် အမေငွေတာရီ၏ 'သာသည့်မြေသို့' ကဗျာကဲ့သို့ပင် အမေစန်း၏ တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက် ကိုယ်တိုင်ရေး၊ ကိုယ်တိုင်ဟောပြောချက်တို့သည် သူတစ်ပါးတိုင်းပြည် ကြီးပွားတိုးတက်နေသကဲ့သို့ မိမိနေထိုင်သော တိုင်းပြည်နှင့် လူမျိုး တိုးတက်ကြီးပွား သာယာဝပြောစေချင်လွန်းသော ပြင်းထန်သော အာသီသတို့ဖြင့် တိုင်းပြည်ကြီးပွားတိုးတက်ရေးအတွက် အနှောင့်အယှက်ဖြစ်

စေသော လိုအပ်သည့်ပြုပြင်သင့်သည်များကို အရေခွံခွာ၍ ပြုပြင်ဖယ်ရှားပစ်ကြရန်လည်း တိုက်တွန်းထားသည်ဖြစ်၍ အမှန်ပင်လိုက်နာရမည့် အဖိုးတန်သော လမ်းညွှန်ချက်များဖြစ်သည်။

၁၉၇၂ ခုနှစ် ဒီဇင်ဘာလ နိုင်ငံတကာစာအုပ်နှစ် အထိမ်းအမှတ်စာအုပ်ပြပွဲကျင်းပရာ အင်ဖွိုင်းခန်းမတွင် အမေစန်း၏ မြန်မာမပီသသော သိက္ခာသမာဓိနှင့် ပြည့်စုံသော ဓာတ်ပုံကြီးနှင့် အမေစန်း၏ လက်ရေးစာမူကို တွေ့ရှိရသည်။ လက်ရေးစာမူတွင်-

**"မြန်မာပြည် လွတ်လပ်ရေးရချင်သည်ဟု ယခုအခါ နိုင်ငံရေးဝါသနာပါသူတိုင်း ရေးကြ၊ ပြောကြကုန်၏။ လွတ်လပ်ရေးရရန်မှာ လူတိုင်းအတွက် လွတ်လပ်ရေးနှင့် ထိုက်တန်အောင် အလုပ်လုပ်ကြမှဖြစ်ပေမည်"**... ဟု ရေးသားထားသည်။

အမေစန်းသည် ကိုလိုနီခေတ် ဗြိတိသျှတို့ ခန့်ထားသော အစိုးရအလုပ်မှ ထွက်၍ သတင်းစာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုခဲ့သည်။ ကိုယ်ကျိုးရှာသမားမဟုတ်ဘဲ အမျိုးသားရေးကို ရှေ့ရှုကာတိုင်းကျိုးပြည်ကျိုး ဆောင်ရွက်မှု ဂုဏ်သတင်းသည် ကိုလိုနီခေတ်မှ ယနေ့တိုင်ဝေလည်း မွေးခဲ့သည်၊ ကြွေလည်း မွေးနေဆဲပင် ဖြစ်တော့သည်။

အမေစန်း၏ ဖော်ပြပါ လက်ရေးစာသားနှင့်လျော်ညီစွာပင် အမေစန်းသည် ကင်ဆာရောဂါစွဲကပ်ခံစားနေစဉ်မှာပင် အသံလွှင့်ဖြစ်အောင် လွှင့်ခဲ့သည်။ အသံလွှင့်ရုံသွားရာ၌ အိမ်ပေါ်မှ ကားပေါ်အရောက် ပွေ့ချီရသည်။ အသံလွှင့်ရုံလှေခါးတွင် လူနှစ်ယောက်တွဲပို့ရသည်။ အသံလွှင့်ရင်း မောနေသဖြင့် နားနေရသည်။ (၃.၈.၁၉၅၀) တွင် ကွယ်လွန်ခဲ့သည်။ ရောဂါပြင်းထန်စွာ ခံစားရင်း (၂၃.၅.၁၉၅၀) ထိ တိုင်းပြည်အထွက်အထိတ်ရောက်စေလိုသော စေတနာနှင့် တိုင်းကျိုးပြည်ကျိုးဆောင်ရွက်ခဲ့သူ ဖြူစင်သောမေတ္တာမွန်ဖြင့် စေတနာတံခွန်ထူခဲ့သော ထိုခေတ်အခါက အမျိုးသမီးထုတွင် ထူးထူးချွန်ချွန်ပေါ်ထွက်ခဲ့သော မိန်းမလူရည်ချွန်ကြီးအဖြစ် ဂုဏ်ယူ

မော်ကွန်းတင်ကာ ဂါရဝပြုအပ်ပါသည်။

**ကျမ်းကိုး**

| | |
|---|---|
| ၁။ ယုဝတီဂျာနယ် | အတွဲ ၁၊ အတွဲ ၂၊ ဆောင်းပါးများ |
| ၂။ထွေရာစိတ်ကူးဟောပြောချက် | ရန်ကုန်သုခမ္မဝတီပုံနှိပ်တိုက် |
| ၃။မြန်မာနိုင်ငံအမျိုးသမီးများ၏ | နိုင်ငံရေးလှုပ်ရှားမှုသမိုင်း |
| ၄။အင်ဒီပင်းဒင့်ဒေါ်စန်း | ဒေါက်တာယဉ်ယဉ်ထွန်း |
| ၅။အင်ဒီပင်းဒင့်သတင်းစာ | ၁၉၃၅၊ ၁၉၃၇၊ ၁၉၃၈ ခုနှစ် |

မြမြစန်း (ရန်ကုန်တက္ကသိုလ်)

'ပုခက်လွှဲသောလက်သည် ကမ္ဘာကို
ကိုင်လှုပ်နိုင်စွမ်း ရှိသည်' ဟူသော အဆိုသည်
ယခု ဂလိုဘယ်လိုက်ဖေးရှင်းခေတ်ရောက်သောအခါ
ထိုစကားသည် ပို၍ ပို၍ အဓိပ္ပာယ်ရှိလာသည်။
လူသားအရင်းအမြစ်ကိစ္စက ပါလာပြီမဟုတ်လား။
ယနေ့ အမျိုးသမီးများသည် နောက်တန်းမှာ
အိမ်မှုကိစ္စများနှင့် သားရေးသမီးရေးကိစ္စတွေဖြင့်သာ
အချိန်ကုန်လွန်စေခဲ့သော ရာစုနှစ်များကို
စိန်ခေါ်လိုက်ပြီဖြစ်၏။

# သူက သိန်းစွန်ငှက်လို ပျံဝဲတယ် ကျွန်မက လင်းယုန်ငှက်လို ပျံသန်းတယ်

**မေဖွန့်အေး**

လေ့ကလေး ခပ်အိုအို
လှိုင်းမျိုလို့လူး။
တူနှစ်ကိုယ် စိတ်မပျက်
တက်ယက်လို့ကူး။
အနောက်မှာလည်း မိုးလာပြီ
ရှေ့ဆီမှာလည်း လေနီရဲ။
သွေမဖယ်ရွေ့နွှယ်မှူးနဲ့
ကူးစို့မခွဲ။

အားနှင့်မာန်နှင့် ဘဝထဲ အားခဲဖြတ်သန်းစ ကျွန်မတို့ငယ်နုစဉ်က အသည်းခိုက်စွဲ ကြိုက်ခဲ့သော ကဗျာတစ်စပင်ဖြစ်ပါသည်။ ဘဝခရီးဖော် ဟု ဆိုအပ်သော သစ္စာရှင်လူငယ်နှစ်ဦး၏ လောကဓံ မြစ်ပြင်လမ်းကို ဖြတ်သန်းသည့် ပုံရိပ်ဟုလည်း ဆိုနိုင်ပါသည်။ သည်အရွယ် သည်ခရီး သည်လမ်းမှာ အနှောင့်အယှက်အခက်အခဲတွေ မည်မျှထွေပြားကြမ်းရိုင်းပါ စေ၊ စိုးရွံ့ချောက်းချားမည် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် မိမိ တစ်ယောက်တည်းမှမဟုတ်ဘဲ။ ဘေးမှာ သစ္စာရှင်အဖော်တစ်ဦးက အရိပ် ပမာ မခွဲမခွာ ပါလာပြီမဟုတ်လား။ ဘဝအဖော်မွန်သည် အားတစ်ခုဖြစ်ပါ သည်။ အကြောက်တရားက အစစအရာရာကို ရှေ့လျှားပယ်ဖျောက်ပေးနိုင် စွမ်းပါသည်။

တကယ်တော့ ဘဝဟူသည် ခရီးရှည်တစ်ခုဖြစ်သည်။ ဤသို့ ရှည်လျားသောခရီးကို တစ်ယောက်တည်း လျှောက်ရတာထက် မိမိနှင့် စိတ်တူသဘောတူ၊ ချစ်ခင်ကြည်ဖြူသူ အမော်မွန်တစ်ဦးနှင့် အတူတွဲလျှောက်လှမ်းပါက ပိုမိုအဆင်ပြေနိုင်ဖွယ်ရှိသည်။ သို့ဖြင့် ကျွန်မတို့ လူသားတိုင်းသည် အချိန်တန် အရွယ်ရောက်လျှင် လက်တွဲဖော်တစ်ဦးဦးနှင့် လောကဝင်္ကဘာထဲ တိုးဝင်ကြသည်ပဲ ဖြစ်သည်။

သို့သော် ကျွန်မတို့၏ လူမှုနယ်ပယ်တွင် လက်တွဲဖော်ရှာ၊ အိမ်ရာထူထောင်ခြင်းနှင့် ပတ်သက်၍ ဆိုရိုးစကားတစ်ခုရှိပါသည်။ ‘အိမ်ထောင်ပြု ဘုရားတည်၊ ဆေးမင်ရည် စုတ်ထိုး၊ ဤသုံးချက် ခုမပိုင်လျှင် နောင်ပြင်ရန်ခက်သည့်အမျိုး’ တဲ့။ ပြုပြီးလျှင် ဖြိုဖျက်ပြင်ဆင်ရန် ခက်ပုံကို ညွှန်းဆိုခြင်းပင် ဖြစ်၏။ သို့ဖြင့် အိမ်ထောင်ရေးကို လွယ်လွယ်ဆုံးဖြတ်မပြုသင့်။ အဖက်ဖက်မှ အလေးအနက် စဉ်းစားဆုံးဖြတ်ပြီးမှ ပြုကြဖို့ ရှေးလူကြီးမိဘတွေ ဆိုဆုံးမခဲ့တာ ဖြစ်မည်ဟု တွေးဆနားလည်မိပါသည်။ မှန်သည်။ ဘဝမှာ အိမ်ထောင်ဖက်ဆိုတာ အလွန်အရေးကြီးသည်။ တစ်ဦးနှင့်တစ်ဦး အတွေးအခေါ် အယူအဆ၊ အမူအကျင့်ကအစ တူညီကြဖို့မလွယ်ပါ။

ဆွေမတော် မျိုးမစပ်သည့် လူသားနှစ်ဦး ပေါင်းဖက်ကာ ဘဝခရီးရှည်ကို လျှောက်လှမ်းရာတွင် မမျှော်မှန်းနိုင်သော အခက်အခဲ အတားအဆီးတွေ ကြုံကောင်းကြုံနိုင်ပါသည်။ အိမ်ထောင်ပြုလိုက်သဖြင့် ဘဝမှာ တိုးတက်ကံကောင်းသွားတာမျိုး သို့မဟုတ် ကံဆိုးမိုးမှောင်ကျသွားတာမျိုးနှင့်လည်း ဆုံဆည်းနိုင်ပါသည်။

လူသားနှစ်ဦး ပေါင်းစပ်ကြရာတွင် ခင်ပွန်းသည်ကြောင့် ကျွန်မတို့ ဇနီးသည်တွေ ဂုဏ်တက်ရတာမျိုးဖြစ်ရသလို ကျွန်မတို့ ဇနီးသည်တွေကြောင့် မိမိတို့ခင်ပွန်းသည်တွေ ဂုဏ်တက်ခြင်း၊ ဂုဏ်ပျက်ခြင်းရှိကောင်း ရှိနိုင်မည် ဖြစ်သည်။

မျက်မှောက်ခေတ် လူမှုဇာတ်ခုံမှာလည်း ခင်ပွန်းသည်ကြောင့် ဂုဏ်တက်ခဲ့ရသည့် ဇနီးသည်များ ရှိကြပါသည်။ သာဓကပြရလျှင် အမေရိကန်

သမ္မတဟောင်း ဘီလ်ကလင်တန်နှင့် သူ့လက်တွဲဖော် ဟီလာရီကလင်တန်၊ ကမ္ဘာကျော် ကွန်ပျူတာ မိုက္ကရိုဆော့ဖ်ကော်ပိုရေးရှင်းသူဌေးကြီး ဘီလ်ဂိတ်နှင့် သူ၏ခရီးဖော် မီလင်ဒါ၊ ဗြိတိသျှတော်ဝင်မိသားစုထဲက မင်းသားဝီလျံနှင့် မကြာမီက ဗြိတိသျှနိုင်ငံ၏ တတိယနန်းလျာ သားတော်လေးဂျော့အလက်ဇန္ဒားလူးဝစ်ကို မွေးဖွားသန့်စင်ပေးခဲ့သည့် ကြင်ယာတော် ကိတ်မစ်ဒဲလ်တန်တို့သည် ထင်ရှားကျော်ကြားသည့် ဘဝကြင်ဖော်များဖြစ်ကြသည်။

ထိုကဲ့သို့ ကမ္ဘာတစ်ဝှမ်း၌ အိမ်ထောင်ဖက်အချင်းချင်း အပြန်အလှန်နားလည်မှုထားရှိပြီး တစ်ဦးကိုတစ်ဦး အမှီသဟဲပြုကာ မြင့်မားသောနေရာတစ်ခုအထိရောက်အောင် ပံ့ပိုးကူညီခဲ့ကြသည့် ဇနီးမောင်နှံများလည်း ရှိကြသည်။ ထိုများစွာသော ဇနီးမောင်နှံများစွာအနက် ယနေ့ကမ္ဘာပေါ်တွင် ထင်ရှားသော ဇနီးမောင်နှံစုံတွဲတစ်တွဲကို ကျွန်မ သတိထားမိတာ အမှန်ပဲဖြစ်ပါသည်။

သူတို့နှစ်ဦးကား… မည်သူတွေပါလဲ။

အခြားသူများတော့ မဟုတ်ပါ။

ဘားရက်အိုဘားမားနှင့် သူ့လက်တွဲဖော် မစ်ရှဲလ်အိုဘားမားတို့ ဖြစ်ကြသည်။

သူတို့ကား ကျွန်မအလွန်အားကျရသော ဇနီးမောင်နှံဖြစ်ကြပါသည်။ အထူးသဖြင့် မိန်းမသားဖြစ်သော ကျွန်မသည် ဘားရက်အိုဘားမားကတော် မစ်ရှဲလ်အိုဘားမားကို အထူးဂုဏ်ယူအားကျသူတစ်ယောက်ပါ။

'ပုခက်လွှဲသော လက်သည် ကမ္ဘာကို ကိုင်လှုပ်နိုင်စွမ်းရှိသည်' ဟူသော အဆိုသည် ယခု ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ရောက်သောအခါ ထိုစကားသည် ပို၍ ပို၍ အဓိပ္ပာယ်ရှိလာသည်။ လူသားအရင်းအမြစ်ကိစ္စက ပါလာပြီမဟုတ်လား။ ယနေ့ အမျိုးသမီးများသည် နောက်တန်းမှာ အိမ်မှုကိစ္စများနှင့် သားရေးသမီးရေးကိစ္စတွေဖြင့်သာ အချိန်ကုန်လွန်စေခဲ့သော ရာစုနှစ်များကို စိန်ခေါ်လိုက်ပြီဖြစ်၏။ အမျိုးသားများနှင့် ရင်ဘောင်

တန်းကာ ရှေ့တန်းမှာ တန်းတူရည်တူလုပ်ကိုင်လာကြသည်။ ထို့အတူ မစ်ရှဲလ်သည်လည်း အိုဘားမားနှင့် လက်တွဲကာ နိုင်ငံရေး၊ လူမှုရေးများတွင် ထူးထူးချွန်ချွန်၊ ထက်ထက်မြက်မြက် ပါဝင်စီးမျောနိုင်သူတစ်ယောက် ဖြစ်လာခဲ့တာ အထင်အရှားဖြစ်ပါသည်။

ဤနေရာတွင် ပြောစရာတစ်ခုရှိပါသည်။ လူ့သဘာဝနှင့် လူ့စိတ်အပြောင်းအလဲပင် ဖြစ်၏။ အခြားတော့မဟုတ်ပါပေ။ သာဓကတစ်ခု ပြရသော် ဘဝမေ့သော ဆီးသီးသည် မဖျိုင်းအကြောင်းပင်။ ဘုရင်တော်ကောက်၍ မိဖုရားဖြစ်သွားသောအခါ ဘဝဟောင်းကို မေ့ပြီး ဆီးသီးကို ဘာအသီးလဲဟု ပြန်မေးသည်အထိ အောက်ခြေလွတ်သည်အထိ ပြောင်းလဲသွားသည်။ မီရှဲလ်ကား သမ္မတကတော်ဖြစ်သော်လည်း သူ့စိတ်အမူအရာက ယခင်အတိုင်း အပြောင်းအလဲမရှိ။ အိမ်ရှင်မကောင်းတစ်ဦး ပီသစွာ မီးဖိုချောင်ဝင်ဆဲ၊ ချက်ပြုတ်ဆဲတဲ့… မည်မျှ အံ့ဩဖွယ်ရာကောင်းလိုက်ပါသလဲ။

သူမသည် နိုင်ငံအတွက် လုပ်ဆောင်ရာတွင် ရှေ့တန်းနေရာရောက်နေသော်လည်း အိမ်မှုကိစ္စ၊ အထူးသဖြင့် မီးဖိုချောင်ကိစ္စကိုလည်း နိုင်နင်းသူတစ်ယောက်ဖြစ်သည်။ တစ်ခါက ခင်ပွန်းအိုဘားမား သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးကိစ္စများကို ဆွေးနွေးကြပြီး ဧည့်သည်တော်များကို အိုဘားမားက မိမိနေအိမ်သို့ ညစာစားပွဲတက်ရောက်ရန် ဖိတ်ကြားသည်။ ဧည့်သည်တော်အားလုံးက မစ်ရှဲလ်သည် အိုဘားမားနှင့် အပြိုင်တစ်နေကုန် ပြင်ပ၌ အလုပ်လုပ်နေသည်ကို အားလုံးက မြင်တွေ့သိရှိထားကြသည်။ ထို့ကြောင့် ညစာစားပွဲကို ဟိုတယ်မှ မှာယူကျွေးမွေးမည်ဟု ထင်မြင်ထားကြသည်။ သို့သော် မစ်ရှဲလ်သည် ဟင်းလျာများကို မီးဖိုထဲ၌ အိမ်ရှင်မကောင်း ပီသစွာ တည်တည်ငြိမ်ငြိမ် ချက်ပြုတ်နေသည်ကို အားလုံးက တွေ့ရှိကြရသည် ဆိုတော့ မည်သူမအံ့ဩဘဲ ရှိပါ့မည်နည်း။ ချီးမွမ်းစရာ သိပ်ကောင်းပါသည်။

မစ်ရှဲလ်သည် ကျွန်မတို့ မိန်းမသားထု တစ်ရပ်လုံးကို စံပြမိန်းမတစ်ယောက်ဖြစ်ကြောင်း ပြသလိုက်ချေပြီမဟုတ်လား။ သို့ဖြင့် ကျွန်မသည်

ဟိုး… တစ်ချိန်က ကျွန်မ မိခင်၏ ပြောသောစကားကို ပြန်လည်ကြား ယောင်လာမိသည်။

"မိန်းကလေးဆိုတာ ဘုရင့် မိဖုရားပဲဖြစ်ဖြစ်၊ သမ္မတကတော်ပဲ ဖြစ်ဖြစ်၊ အချက်အပြုတ်ကို ကိုယ်တိုင်မလုပ်နိုင်ရင်တောင်မှ ခင်ပွန်းအကြိုက်၊ သားသမီးအကြိုက်ကို နားလည်နေရမယ်။ ပြီးတော့ ခံတွင်းတွေ့အောင် စီမံဆောင်ရွက်နိုင်ရမယ်။ အဲဒါမှ အမျိုးကောင်းသမီးပီသမှာပေါ့" တဲ့။

ကျွန်မ၏ မိခင်စကားက လွန်ခဲ့သော ဆယ်စုနှစ် ငါးခုနီးပါး ကြာ ညောင်း ဟောင်းမြွေနေပေမယ့် ယခုမစ်ရှဲလ်အကြောင်းသိခဲ့ရသောအခါ ဘယ်သောအခါမှ ရိုးအီမသွားသော မိန်းမကောင်းများ၏ကြန်အင်လက္ခဏာ ဆိုတာ ကောင်းကောင်းကြီး နားလည်သဘောပေါက်လာခဲ့ရသည်။

ဒါတင်ဘယ်ကပဲ့မလဲ။ ရှိပါသေးသည်။ မစ်ရှဲသည် အိမ်ရှင်မတစ်ဦး ပီပီ မာလီယာနှင့် ဆာရှာဟူသည့် သမီးလေးနှစ်ယောက်ကို မွေးခဲ့သည်။ ရင်သွေးဟူက ချစ်မဝဆိုသော်လည်း သမီးထိဓားကြည့်သဘောထားမရှိ။ လူတကာအား သူ့ကလေးတွေကို ကလေးလိုပဲ ဆက်ဆံပါ။ မင်းသမီးလေး တွေလို မဆက်ဆံပါနဲ့။ သူတို့ဟာ ကိုယ့်အိပ်ရာကိုယ်ခင်းရမယ်။ ကိုယ့်သန့် ရှင်းရေး ကိုယ်လုပ်ရမယ်။ ပြီးရင် လူတိုင်းကို လေးလေးစားစား ဆက်ဆံ ရမယ်ဟု မှာထားသည်။ ပြီးတော့ အိမ်ဖြူတော်က ဝန်ထမ်းတွေကိုလည်း သူတို့တတ်နိုင်သလောက် ကူညီစေသည်။ ကလေးတွေကို အလိုလိုက်ပြီး မဖျက်ဆီးပါနဲ့။ ဖျက်ဆီးချင်ရင် အမေလုပ်သူကို ဖျက်ဆီးဟု နောက်တီး နောက်တောက် ပြောလိုက်သေးကြောင်း သိရသည်။ ဒါကြောင့် မစ်ရှဲလ် သည် သူ့ကိုယ်သူ 'ကျွန်မကိုယ်ကျွန်မက ပြီးဆုံးသွားတဲ့ ပရောဂျက်တစ်ခု လို့ဘယ်တော့မှ မမြင်ဘူး' ဟု ပြောခဲ့တာ ဖြစ်မည်ဟု ကျွန်မလေးနက်စွာ တွေးမိပါသည်။

မစ်ရှဲလ်သည် သူ့ကိုယ်သူ ပထမ မေမေဟု တင်စားလိုက်သေး သည်။ သူမသည် အမေရိကန်နိုင်ငံ၌ အဝလွန်ရောဂါကို တိုက်ဖျက်ဖို့ ရှေးဦးစတင်ခဲ့သူလည်း ဖြစ်သည်။ အမေရိကန်နိုင်ငံတွင် အသက် ၂၅

နှစ် လူငယ်လူရွယ်များသည် အစားအသောက်စနစ်မမှန်၍ ရောဂါအမျိုးမျိုး ဖြစ်နေကြတာ အထင်အရှား၊ သူမသည် အဝလွန်ကလေးများအတွက် ရောဂါ တိုက်ဖျက်ရေးကို စစ်ဆင်ရေးတစ်ရပ်အနေနှင့် လုပ်ဆောင်နိုင်ဖို့ သမ္မတကို စည်းရုံးနိုင်ခဲ့သည်။ ဒါလည်း သူမ၏ အောင်ပွဲတစ်ခုပါပဲ။

အခြားထင်ရှားသော သူမ၏ လုပ်ဆောင်ချက်တစ်ခုကတော့ အိမ်ဖြူ တော်ထဲမှာ ဥယျာဉ်စာသင်ခန်းတစ်ခု တည်ထောင်လိုက်နိုင်တာပဲ ဖြစ်သည်။ အလုပ်သမား၊ လယ်သမားတွေကို အာဟာရအကြောင်း ပညာပေးသည်။ ပြီးလျှင် တစ်နိုင်ငံလုံးမှာ ရှိသော ထိပ်တန်းစားဖိုမှူးတွေကို အဝလွန်ရောဂါ တိုက်ဖျက်ရေးတွင် ပါဝင်ဆောင်ရွက်လာနိုင်အောင် ပြင်းပြင်းထန်ထန်လှုပ် ရှားခဲ့သည်။ ရှေးဦးစွာ စားဖိုမှူးတွေကို ကျောင်းများ၌ ချက်ပြုတ်နည်းများကို သင်ကြားစေသည်။ ကျောင်းပေါင်းတစ်ထောင်ကျော်အောင် လုပ်နိုင်စွမ်းခဲ့ သည်။

ထိုမှတစ်ဖန် နိုင်ငံအနှံ့အပြားရှိ မြို့တော်ဝန်တွေကိုလည်း အဝလွန် ရောဂါတိုက်ဖျက်ရေးတွင်ပါဝင်လာအောင် စည်းရုံးသည်။ သူမသည် လူတိုင်းလူတိုင်း အစားအသောက်ကို စနစ်တကျ စားသောက်ပြီး ကိုယ်လက် လှုပ်ရှားမှုများကိုလည်း များများလုပ်စေခြင်းဖြင့် အဝလွန်ရောဂါကျဆင်းစေ မည်ဟု ယုံကြည်သည်။ သူမသည် ထိုကိစ္စကို အမေရိကန်ပြည်သူပြည်သား များ အားလုံးစိတ်ဝင်စားကာ ပါဝင်လုပ်ဆောင်နိုင်အောင် အချိန်ပေးပြီး ဖွဲ့နပဲ ကြီးစွာဖြင့် စိတ်ရောကိုယ်ပါ နှစ်မြှုပ်လုပ်ကိုင်ဆောင်ရွက်သည်။ ထို့ကြောင့် သမ္မတကတော်မစ်ရှဲလ်ကို ပြည်သူပြည်သားများက လေးစား ချစ်ခင်သံယောဇဉ်ကြီးကြတာ ဘာမျှမဆန်းပါ။

ဒါ့အပြင် သူမ၏ အခြားထူးခြားသော စွမ်းရည်တစ်ခုကတော့ အသိ ဉာဏ်ပြည့်ဝမှုပင်ဖြစ်သည်။ သူမဟာ ပရင့်စတန်ကောလိပ်၌ ဘွဲ့ကြို သင်တန်းအတွက် စာတမ်းတစ်စောင်ပြုစုရာတွင် အယူအဆ ရှေးကျသော တက္ကသိုလ်ကြီးများမှာ လူမျိုးရေးခွဲခြားမှုများကြောင့် လူမည်းအုပ်စု ဝင်များမှာ အထီးကျန်ဖြစ်ခဲ့ရပုံများကို ရဲရဲဝံ့ဝံ့ လေ့လာတင်သွင်းခဲ့ခြင်းပင်

ဖြစ်သည်။ သူမ၏နူတ်အမူအရာ ယဉ်ကျေးပျူငှာပုံ၊ လေးနက်တည်ကြည်သော စိတ်ဓာတ်ထား၊ နွေးထွေးသော အပြုံးများက သူမကို မြင်တွေ့ဖူးသူတိုင်း ကူးစက်ခံစားကြရမည်ဖြစ်သည်။ ထို့အပြင် သူမသည် မည်သည့်အလုပ်မျိုးကို မဆို မိမိအတွေ့အကြုံပေါ်မှ ရရှိမှုပေါ် ရာနှုန်းပြည့် ပြန်လည်အသုံးချပြီး လုပ်ဆောင်လေ့ရှိသည်။ သူမသည် အသေးစိတ် အချက်အလက်များကို အထူးဂရုပြုတတ်သော အမျိုးသမီးတစ်ဦးဖြစ်သည်။ သူမ၏ နိုင်ငံရေးစွမ်းအားဟာ သူမနှလုံးသားစွမ်းအင်နှင့် နှိုင်းယှဉ်လျှင် ဒုတိယနေရာမှာ ရှိနေခဲ့သည်။ ထို့ကြောင့် သူမ သမ္မတကတော်ဖြစ်သောအခါ သူမ၏ ပျော်ရွှင်မှုသည်သာမန် မိန်းမသားတိုင်းလိုချင်သော ပျော်ရွှင်မှုမျိုးကို သူမက လွတ်လွတ်ကျွတ်ကျွတ် ပိုင်ဆိုင်လိုက်နိုင်တာပဲ ဖြစ်သည်။ ထိုအရာကား အမျိုးသမီးများအတွက် အလွန်အရေးကြီးပါသည်။

မစ်ရှဲလ်အနေနှင့် ပြည်သူတွေကို ပြောပြသည့် စကားကလည်း မှတ်သားဖွယ်ကောင်းသည်။ လူတိုင်းလူတိုင်းဟာ မိမိတို့ ပိုင်ဆိုင်ထားတဲ့ အရည်အသွေးတွေကို မိမိတို့ ကိုယ်တိုင် မြှင့်တင်တာဟာ အကောင်းဆုံး... ဆိုသည့်စကား။ သူမစကားသည် အမေရိကန်ပြည်သူပြည်သားတွေအတွက် ခွန်အားတစ်ရပ်ဖြစ်စေခဲ့တာ ဘာမျှမဆန်းပါ။

သူမသည် ထိပ်သီးခေါင်းဆောင်များနှင့် ရင်းနှီးစွာ ပြောဆိုဆက်ဆံခြင်းများသည်လည်းကောင်း၊ ကမ္ဘာ့စင်မြင့်ထက်မှာ ဘုရင်မကို ကြိုဆိုနူတ်ဆက်ခြင်းအရာများတွင်လည်းကောင်း ရဲရင့်ပြီး ပွဲလယ်တင့်တယ်ခြင်းများကလည်း သူမ၏ ရင့်ကျက်ထက်မြက်သော ပုခက်လွှဲသည့် လက်ပိုင်ရှင်တစ်ယောက်ဖြစ်ကြောင်း ငြင်းဆို၍မရနိုင်အောင် အားလုံးကို တညီတညွတ်တည်း လက်ခံနိုင်စေခဲ့တာ လေ့လာတွေ့ရှိရသည်။

သူမ၏ ထူးခြားချက်များစွာထဲက ထူးခြားမှုတစ်ရပ်ကို နောက်ဆုံးတင်ပြရလျှင် လူမှာ အဝတ်၊ တောင်းမှာ အကွပ်ဆိုသလို သူမ၏ ဝတ်စားဆင်ယင်မှုပင် ဖြစ်ပါသည်။ သူမ၏ ဖက်ရှင်သည် တင့်တင့်တယ်တယ်နှင့် ခေတ်နှင့်အညီ ဆန်းသစ်လှပမှု၊ ပြည့်စုံသပ်ရပ်ခြင်းကြောင့် လူတိုင်း

စိတ်ဝင်စားစွာ စောင့်ကြည့်ကြရသည်။ သူမ၏ ဖက်ရှင်ဒီဇိုင်းကို အမေရိကန် ထိပ်တန်းဖက်ရှင် ဒီဇိုင်နာများပင် ချီးမွမ်းခြင်းပြုခဲ့သည်အထိ အမေရိကန် သူများ နမူနာယူဖွယ်ဖြစ်လာသည်ကလည်း ဆန်းကြယ်မနေဘူးလား။ အံ့ တစ်ပါးဟု ကျွန်မဆိုလိုက်ချင်သည်။

သို့ပါ၍ သူ့ကို ထူးချွန်၊ ထက်မြက်၊ ထင်ရှားသော အမျိုးသမီးများစွာ ထဲမှ ၂၁ ရာစုအမေရိကန် နိုင်ငံအတွက် လင်းလက်တောက်ပသော ကြယ် တစ်ပွင့်ပြပါဆိုလျှင် ကျွန်မအနေဖြင့် မစ်ရှဲလ်ကို လက်ညှိုးထိုးမိမှာ မလွဲပါ ချေ။

မည်သို့ဆိုစေ...

ယခုဆိုလျှင် မစ်ရှဲလ်အိုဘားမားပင် ငါးဆယ်ဝန်းကျင်ဘဝခွင်သို့ တစစ ချဉ်းကပ်ရောက်ရှိပေတော့မည်။ ဘဝရဲ့ အကောင်းဆုံး၊ အစွမ်းဆောင် နိုင်ဆုံး အရွယ်အသက်၊ သစ်သီးတစ်လုံးနှင့် ပမာပြုရပါလျှင် အရွမ်းမှည့်ဆုံး အချိန်ကာလဟု ဆိုနိုင်ပါသည်။ ငါးဆယ်ဆိုသည်နှင့် လက်သီးအထိုးကောင်း သည့် ကမ္ဘာကျော် လက်ဝှေ့သမားကြီးမိုဟာမက်အလီ၏ ကမ္ဘာကျော် စကား ကို သတိရမိပါသည်။

'လူတစ်ယောက် အသက်ငါးဆယ်မှာ လောကကြီးကို မြင်တဲ့အမြင် ဟာ သူ့အသက်နှစ်ဆယ်တုန်းက မြင်ခဲ့တာနဲ့အတူတူပဲဆိုရင် ဒီလူဟာ ဘဝ မှာ နှစ်ပေါင်းသုံးဆယ် အလကားဖြုန်းပစ်ခဲ့ပြီ' ဆိုသည့်စကား။

အဘယ်မျှ လှပလိုက်ပါသနည်း။ ဤသို့ဆိုလျှင် ကျွန်မအာရုံကျ ချစ်ခင်မြတ်နိုးသည့် မစ်ရှဲလ်အိုဘားမားကော ဘယ်လိုလဲ။ ကျွန်မ ထင်မြင် အကဲဖြတ်ချက်အရဆိုလျှင် ငါးဆယ်ဝန်းကျင်သို့ ရောက်ခဲ့ပြီဖြစ်သော မီရှဲလ်သည် သူ့အရွယ်သူ့အသက်အရ တစ်စုံတစ်ခုသော အတိုင်းအတာ အထိရင့်ကျက်ခဲ့ပြီ။ သူ့အမြင်သူ့အတွေးတွေလည်း အသက်နှစ်ဆယ်အရွယ် တုန်းက အမြင်အတွေးတွေနှင့် ဘယ်လိုမျှ တူနိုင်တော့မည် မဟုတ်ရကား သူသည် ဘဝမှာ နှစ်ပေါင်းသုံးဆယ် အလကားဖြုန်းပစ်ခဲ့သူ တစ်ယောက် မဟုတ်တာကတော့ သိပ်သေချာပါသည်။

ကိုးကား

ဝင်းထွဋ်ဇော် - သမ္မတကတော် မစ်ရှဲလ်အိုဘားမား

First Lady Michelle Obama by Oprah Winfrey.

တင်မောင်မြင့် - အမေရိကန်သမ္မတကတော် မစ်ရှဲလ်အိုဘားမား

She moves us in the right direction by Jamie Oliver.

မေဓွန်အေး

အလွန်ငယ်ရွယ်တဲ့ ၁၃ နှစ်သမီးအရွယ်မှာ
ဗုဒ္ဓဘာသာစာပေကို သင်ယူလိုသော စိတ်ဆန္ဒပြင်းပြမှုနဲ့
တောအထပ်ထပ် တောင်အသွယ်သွယ်ကို ကျော်ဖြတ်ပြီး၊
အခက်အခဲပေါင်းမြောက်မြားစွာဖြင့် နီပေါနိုင်ငံမှသည်
အိန္ဒိယနိုင်ငံ ကုသိနာရုံမှတစ်ဆင့် မော်လမြိုင်မှ
ဆရာတော်ကြီးတစ်ပါး၏ အကူအညီနဲ့ မြန်မာနိုင်ငံသို့
ခြေကျင်ခရီးနှင်ခဲ့တယ်ဆိုတဲ့ လွန်ခဲ့သော နှစ်ပေါင်း
(၇၀) ခန့်က ဖြစ်ရပ်သည် ကြာလှပြီဆိုတော့
မေ့မယ်ဆိုရင် မေ့ချင်စရာကောင်းပေမယ့်လို့
လူတော်တော်များများကတော့
သမီးချစ်ကို မမေ့ကြပါဘူး။

# အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ

## မြင့်မြင့်ကြည်

လူငယ်အကျိုးပြုစာပေတွေကို ဖတ်ရှုနေကြတဲ့ သမီးငယ်လေးတွေသည် လိမ္မာယဉ်ကျေးတဲ့ လူရည်မွန်တွေပဲ ဖြစ်မှာပါလို့ ယုံကြည်နေမိတယ်။ ဗုဒ္ဓယဉ်ကျေးမှု သင်တန်းတွေ တက်ဖြစ်ကြတဲ့ သမီးငယ်တွေကတော့ ထင်ရှားတဲ့ ဗုဒ္ဓရဲ့ သမီးတော် ထေရီမတွေ အကြောင်းကြားဖူးနေကြမှာပါ။ မျက်မှောက်ခေတ်မှာလည်း ထင်ရှားတဲ့ သီလရှင် ဆရာကြီးများနဲ့ ထင်ရှားတဲ့ သာသနာပြုနေသော အမျိုးသမီးကြီးတွေ ရှိနေကြပါတယ်။ မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက် သုနန္ဒာလမ်းမှာ မြန်မာ-နီပေါသီလရှင်ကျောင်းတိုက်ဆိုတာ ရှိပါတယ်။ ပဓာနနာယက ဆရာကြီးဒေါ်ဂုဏဝတီ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)နဲ့ နီပေါနိုင်ငံမှာ သီလရှင်သာသနာထွန်းကားလာစေရန် အားထုတ်ကြိုးပမ်းခဲ့တဲ့ နီပေါသီလရှင်ဆရာကြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါ်ဓမ္မဝတီ (ခေါ်) သမီးချစ်တို့အကြောင်းကို ဦးစွာတင်ပြလိုပါတယ်။

နီပေါသီလရှင်ဆရာကြီး ဒေါ်ဓမ္မဝတီအကြောင်း ရေးထားတဲ့ 'သမီးချစ်' အမည်နဲ့ စာအုပ်ကို ပါရမီစာပေက ပြန်လည်ရိုက်နှိပ်ထားပါတယ်။ သမီးချစ်နဲ့ ဆရာကြီးဒေါ်ဂုဏဝတီတို့ရဲ့ သာသနာပြု ပုံအသေးစိတ်ကို သိရှိလိုပါက ဆရာတော်ဦးတိလောက ရေးသားတဲ့ သမီးချစ်စာအုပ်ကိုရှာဖတ်ပါလို့ ညွှန်းဆိုပါတယ်။

'သမီးချစ်' စာအုပ်ကြောင့် ဆရာကြီး ဒေါ်ဓမ္မဝတီရဲ့ ဘွဲ့အမည်သည် ဒေါ်ဓမ္မဝတီ (ခေါ်) မနီပေါ (ခေါ်) သမီးချစ်ဖြစ်လာခဲ့ပါတယ်။ သမီးချစ်

လို့ ခေါ်ဖြစ်တာက မြတ်စွာဘုရားရဲ့ ဓမ္မအမွေကို လက်ဆင့်ကမ်းတဲ့ သမီးတော်စစ် သမီးချစ်ဖြစ်လို့ပါပဲ။ အလွန်ငယ်ရွယ်တဲ့ ၁၃ နှစ်သမီးအရွယ်မှာ ဗုဒ္ဓဘာသာစာပေကို သင်ယူလိုသော စိတ်ဆန္ဒပြင်းပြမှုနဲ့ တောအထပ်ထပ် တောင်အသွယ်သွယ်ကို ကျော်ဖြတ်ပြီး၊ အခက်အခဲပေါင်းမြောက်မြားစွာဖြင့် နီပေါနိုင်ငံမှသည် အိန္ဒိယနိုင်ငံ ကုသိနာရုံမှတစ်ဆင့် မော်လမြိုင်မှ ဆရာတော်ကြီးတစ်ပါး၏ အကူအညီနဲ့ မြန်မာနိုင်ငံသို့ ခြေကျင်ခရီးနှင်ခဲ့တယ်ဆိုတဲ့ လွန်ခဲ့သော နှစ်ပေါင်း (၇၀) ခန့်က ဖြစ်ရပ်သည် ကြာလှပြီဆိုတော့ မေ့မယ်ဆိုရင် မေ့ချင်စရာ ကောင်းပေမယ့်လို့ လူတော်တော်များများကတော့ သမီးချစ်ကို မမေ့ကြပါဘူး။ သမီးချစ်စာအုပ်ကို ဖတ်ဖူးသူတိုင်း ဆရာကြီးဒေါ်ဓမ္မဝတီရဲ့ ဗုဒ္ဓသာသနာအတွက် အပင်ပန်းခံသင်ယူကြိုးစား အားထုတ်မှုတွေကို အံ့သြချီးကျူးလို့ မကုန်နိုင်ဖြစ်ကြရပါတယ်။ မြန်မာပြည်ကို ရောက်လာပြီး ရန်ကုန်မြို့မှတစ်ဆင့် မော်လမြိုင်မြို့ ခေမာရာမသီလရှင်စာသင်တိုက်မှာ စာပေကျမ်းဂန်သင်ယူပါတယ်။ ဓမ္မာစရိယ စာမေးပွဲအောင်တော့ သာသနာပြု စိတ်ဓာတ်ရှိပြီး ခန္တီပါရမီနဲ့ ပြည့်စုံတဲ့ သီလရှင်ဆရာလေး မဂုဏဝတီကို အပါခေါ်ဆောင်ကာ နီပေါနိုင်ငံ ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးကို သူငယ်ချင်းနှစ်ယောက်အတူ လက်တွဲပြီး အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ကြပါတယ်။ သီလရှင်ဝတ်နဲ့ တစ်ယောက်တည်း နီပေါကို ပြန်သွားခဲ့ရင် ဆွေမျိုးသားချင်းများက သီလရှင်ဝတ်စုံကို ချွတ်စေပြီး လူဝတ်လဲခိုင်းမှာ သေချာလို့ သာသနာပြုဘော်ပြဘက် ဆရာကြီး ဒေါ်ဂုဏဝတီကို ပင့်ဆောင်သွားခဲ့ရခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ သာသနာပြုစအချိန်မှာ အခက်အခဲပေါင်း မြောက်မြားစွာပါပဲတဲ့ အခုတော့ ဟိုက ဒီကပရိတ်ရွတ်ပင့်ကြလို့ သီလရှင် ဆရာကြီး၊ ဆရာလေးများ မပါမပြီးပွဲတွေများလာပြီ၊ အားလပ်တယ်ရယ်လို့ သိပ်မရှိတော့ပါဘူးတဲ့။ နီပေါနိုင်ငံမှာ သီလရှင်တွေက သံအမတ်ကြီးတွေထက် ဩဇာအာဏာရှိတယ်လို့ စာရေးသူတို့ နီပေါရောက်စဉ်က ကြားသိခဲ့ရဖူးပါတယ်။ ခတ္တမန္ဒူရှိ သီလရှင်ကျောင်းမှာ တပည့်သီလရှင်များကို စာအံစာသင်စေပြီး အဆင့်မြင့် ဓမ္မာစရိယသင်တန်းအတွက် မြန်မာပြည်ကို စေလွှတ်သင်ယူစေတယ်။ ဆရာကြီး

ဒေါ်ဓမ္မဝတီ (သမီးချစ်)နဲ့ ဆရာကြီးဒေါ်ဂုဏဝတီတို့ရဲ့ ပြုစုပျိုးထောင်ပေးမှုကြောင့် နီပေါနိုင်ငံမှာ သာသနာတော် စည်ပင်ထွန်းကားလာပါတယ်။ ပဏ္ဍိတာရာမရွှေတောင်ကုန်းရိပ်သာ ဆရာတော်ဘုရားကြီးက ဆရာကြီးဒေါ်ဓမ္မနဲ့ ဆရာကြီး ဒေါ်ဂုဏတို့ရဲ့ တပည့်သီလရှင်တွေကို ရေလောင်းပေါင်းသင်မြေတောင်မြှောက်ပေးတော့ အငယ်တန်း၊ အလတ်တန်း၊ အကြီးကန်း၊ ဓမ္မာစရိယတန်းတွေမှာပါ၊ နီပေါသီလရှင်တွေက မြန်မာတစ်နိုင်ငံလုံးမှာ ပထမ၊ ဒုတိယ၊ တတိယနဲ့ အောင်မြင်တာတွေ ကြားသိနေရပြန်ပါတယ်။ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းရိပ်သာ ဆရာတော်ဘုရားကြီးက 'ကြေင်းဆီနဲ့ ကြေင်းကြော်'ရမယ်လို့ မိန့်ဖူးပါတယ်။ ဘုန်းကြီးတို့တွေက သက်တော်ကြီးလာပြီ။ နီပေါသာသနာကို နီပေါသူသီလရှင်များနဲ့ သံဃာတော်များ ကိုယ်တိုင်သာသနာပြုနိုင်ဖို့ ဖန်တီးပေးရမယ်။ အစွမ်းကုန်အား ပေးထောက်ပံ့ပေးရမယ်လို့ မိန့်ဖူးပါတယ်။ အခုဆိုရင် သီလရှင်ဆရာကြီး ဒေါ်ဓမ္မတို့ရဲ့ မျိုးဆက် ဆရာလေးမအဂ္ဂဉာဏီတို့တွေ ဓမ္မာစရိယ အောင်ပြီး နီပေါနိုင်ငံမှာ ဗုဒ္ဓသာသနာ ထွန်းကားရေးအတွက် အရှိန်အဟုန်မပျက်ဆက်လက် ဆောင်ရွက်နေကြပါပြီ။ မိန်းမတံခွန်လူ့ရည်မွန်တွေ အမြောက်အမြားပေါ်ထွက်လာမယ်ဆိုတာ သိသာထင်ရှားနေတာပေါ့။

သီလရှင်ဆရာကြီးဒေါ်ဓမ္မဝတီနဲ့ ဒေါ်ဂုဏဝတီ သာသနာပြု ညီအစ်မနှစ်ဦးတို့သည်လည်း နီပေါမှာ သာသနာပြုနေလိုက်ကြတာ မြန်မာနိုင်ငံကို တစ်ခေါက်မှ ပြန်မရောက်ဖြစ်ကြဘဲ နှစ်ပေါင်းသုံးဆယ်ကျော် ကင်းကွာနေရာက ပြည်ပဘွဲ့ခံသီလရှင်များအဖြစ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ကို နိုင်ငံတော်အစိုးရက ဆက်ကပ် အပ်နှင်းတော့မှ ဘွဲ့လက်ခံရန် ပြန်ရောက်လာကြပါတော့တယ်။ မြန်မာပြည်ကို ပြန်ရောက်လာတော့ ဆရာကြီးဒေါ်ဂုဏဝတီသည် မော်လမြိုင်မှ ဆွေမျိုးမိတ်ဆွေများနဲ့ ပြန်လည်ဆုံတွေ့ပြီး မွေးရပ်မြေမှာ နေထိုင်တော့မယ်လို့ ဆုံးဖြတ်ချက်ချလိုက်ရာက 'မြန်မာ-နီပေါသီလရှင်ကျောင်းတိုက်'ဖြစ်ပေါ်လာပါတော့တယ်။ မြန်မာစာပေသင်ကြားလိုသော နီပေါသီလရှင်များ အခြေချနေထိုင်နိုင်ရန် ပေါင်းကူးသာသနာပြုလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နေသည့်အတွက် မိန်းမတံခွန်လူ့ရည်မွန်

တွေ သာသနာပြုပုဂ္ဂိုလ်တွေ စဉ်ဆက်မပြတ်ပေါ်ထွက်နေမည်မှာ အမှန်ပင် ဖြစ်နေပါတော့တယ်။

စာရေးသူနဲ့ မြန်မာ- နီပေါသီလရှင်ဆရာကြီးများ ယခင်အချိန်အခါက သိကျွမ်းမှုမရှိခဲ့ပါဘူး။ ဝါးချက်အဖွဲ့နာယကတစ်ဦးဖြစ်တဲ့ အဂ္ဂမဟာသီရိသုဓမ္မသီဂီ စိန်ဘရားသား ဒေါ်ကြည်ကြည်က ဝါးချက်ဆေးရုံအတွက် သာမက သီလရှင်သာသနာကိုလည်း အားပေးသင့်တယ်။ မြန်မာ- နီပေါ သီလရှင်ကျောင်းဖြစ်မြောက်ရေးအတွက် အကျိုးဆောင် အတွင်းရေးမှူး တာဝန်ယူပေးပါဦးလို့ တိုက်တွန်းတာနဲ့ ကုသိုလ်ယူဖြစ်သွားပါတယ်။ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ပေးသူက နီပေါနိုင်ငံဆိုင်ရာ သံအမတ်ကြီး (အငြိမ်းစား) ဦးအေးဖေဖြစ်ပြီး၊ သီလရှင်ဆရာကြီးများရဲ့ မြန်မာ-နီပေါ၊ ဒကာ- ဒကာမများနဲ့ ဝါးချက်အမှုဆောင်အဖွဲ့ဝင်များရဲ့ အားပေးမှုတွေနဲ့ ပေါင်းကူးသာသနာပြုရန် အဆောက်အဦးဆောက်လုပ်လှူဒါန်းဖြစ်ခဲ့ကြပါတယ်။ မိန်းမတံခွန် လှူရည်မွန်များအတွက် တတပ်တအား ပါဝင်ခဲ့ကြတာပါ။ မိန်းမတံခွန် လှူရည်မွန်တွေ ဖြစ်လာရေးအတွက် ပြုစုပျိုးထောင် သင်ကြားပေးနေကြတဲ့ သီလရှင်ဆရာကြီးများ မြန်မာပြည်အနှံ့အပြားရှိနေကြပါတယ်။ သီလရှင် ဆရာကြီးဘုရားများကို ဒကာ-ဒကာမတွေကလည်း အားပေးကူညီဖို့ လိုအပ်ပြန်တာပေါ့။

လူပုဂ္ဂိုလ်များအနေနဲ့ စာရေးသူ လေးစားခင်မင်ရတဲ့ ဝါးချက်အဖွဲ့ နာယက အဂ္ဂမဟာသီရိသုဓမ္မသီဂီ၊ ရှေ့နေဒေါ်ခင်ကြည်ရဲ့ အကြောင်းကို လည်း တင်ပြချင်ပါတယ်။

စာရေးသူလေးစားရတဲ့ အန်တီဒေါ်ခင်ကြည်က ရှေ့နေကြီးတစ်ဦး ဖြစ်ပါတယ်။ ဖခင် ဦးဘသင် + မိခင် ဒေါ်အေးမြတို့က မွေးဖွားတဲ့ သားသမီးတွေထဲမှာ အကြီးဆုံးသမီးဖြစ်ပြီး B.A,B.L ဘွဲ့ရ ရှေ့နေ ဒေါ်ခင်ကြည်က ဘာသာရေး၊ သာသနာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆောင်ရွက်နေတဲ့ နေရာဌာနအသီးသီးကို ထောက်ပံ့လှူဒါန်းမှုနဲ့ ဝိပဿနာတရားဘာဝနာ ကျင့်ကြံပွားများအားထုတ်မှုတွေမှာ ဝါသနာထုံပါ တယ်။ အဲဒါကြောင့်လည်း နိုင်ငံတော် အစိုးရက အဂ္ဂမဟာ သီရိသုဓမ္မသီဂီ

ဘွဲ့ကို ချီးမြှင့်အပ်နှင်းခဲ့တာပါ။ မိန်းမတံခွန်လူရည်မွန်တွေရဲ့ အဆင့်အမြင့်ဆုံးဘွဲ့ကို ရခဲ့တာပေါ့။ အန်တီကြည်ကလာမယ့် နိုဝင်ဘာလမှာ (၉၃) နှစ်ပြည့်ပါမယ်။ တနင်္လာသမီးဖြစ်လို့ တနင်္လာနေ့နဲ့ အခါကြီး ရက်ကြီးများမှာ ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်နဲ့ ပရိတ်ကြီးဆယ့်တစ်သုတ်၊ လဆန်းတစ်ရက်နေ့တိုင်း မဟာသမယ ဂုံပရိတ်တော်တို့ကို ရွတ်ဖတ်ပူဇော်ခြင်းအမှုကို အိမ်နီးနားချင်း ဓမ္မမိတ်ဆွေများ၊ မောင်ညီမမိသားစုဝင်များနဲ့အတူ တစ်ခါတစ်ရံ ဗုဒ္ဓဘာသာကလျာဏ ယုဝတီအသင်းသူများပါဝင်ပြီး စဉ်ဆက်မပြတ် ရွတ်ဆိုပူဇော်ခဲ့တာ နှစ်အတန်ကြာရှိနေပါပြီ။ အန်တီကြည်က လသာလမ်းမှာ နေပါတယ်။ ရန်ကုန်မြို့ Down Town မှာ ရှေးခေတ်အခါက သစ်သားနှစ်ထပ် အိမ်ကြီးတွေနဲ့ နေထိုင်ကြပါတယ်။ ယခုအခါလို အဆင့်မြင့်တိုက်တွေ ထွန်းကားတဲ့ ခေတ်အခါကာလမဟုတ်သေးပါဘူး။ အန်တီကြည်တို့အိမ်လည်း သစ်သားတရုတ်ကပ်ပြတင်းတံခါးတွေပါတဲ့ နှစ်ထပ်အိမ်ကြီးပါပဲ။ ယခင်က မြို့ထဲကိုသွားရင် အဲ့သည်လို အိမ်မျိုးဆင်တူတွေ လမ်းမတော်မြို့နယ်၊ လသာမြို့နယ် နေရာအနှံ့မှာ တွေ့ရတတ်ပါတယ်။ အန်တီကြည်ရဲ့ အိမ်ကို အလည်ရောက်သွားတော့ သူများတွေ အဆင့်မြင့်တိုက်တွေ စပြီး ဆောက်နေတဲ့အချိန်ဖြစ်နေတာကြောင့် တိုက်မဆောက်သေးဘူးလားလို့ စာရေးသူက အန်တီကြည်ကို မေးဖြစ်သွားပါတယ်။ အန်တီကြည်က လှူလို့မဝသေးလို့ အိမ်လည်း ပြန်မဆောက်သေးဘူး။ ကားအသစ်လည်း ဝယ်မစီးသေးဘူးလို့ ပြောခဲ့ဖူးတာကို စာရေးသူ အမှတ်ရနေမိပါတယ်။ ယခုအခါမှာတော့ ရှစ်ထပ်တိုက်ကြီးလည်း ဆောက်ပြီးသွားပါပြီ၊ ကားအသစ်လည်း လဲပြီးပါပြီ။ လှူဒါန်းထားတဲ့ နေရာတွေကလည်း စုံနေပြီလေ။ ပဲခူးရွှေသာလျောင်း၊ နောင်တော်ကြီး မြသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနဲ့ သာသနိကအဆောက်အဦ ဘက်စုံပြုပြင်ရန်အတွက် အမေရိကန်ဒေါ်လာ (၂) သိန်း စတင်လှူဒါန်းခဲ့ဘယ်။ နောင်တော်ကြီး၊ မြသာလျောင်းဘုရားကြီးအတွက် ထပ်မံလှူဒါန်းငွေနဲ့ မတည်လှူဒါန်းငွေက နည်းမယ်မထင်ပါဘူး။ ကွန်းကိုးဆောင်လည်း ဆောက်လုပ်လှူဒါန်းခဲ့သေးတာပါ။ ဝါးချက်ဇီဝိတဒါန သံဃာဆေးရုံကို ထာဝရငွေပင် ငွေကျပ်သိန်းတစ်ရာ

စိုက်ထူလှူဒါန်းထားပါတယ်။ တခြားဘာသာ သာသနာအတွက် တစ်နေရာကို သိန်းတစ်ရာစီ လှူဒါန်းထားတဲ့ နေရာတွေကလည်း အလွန်များပါတယ်။ စာရေးသူ သိရသလောက် ဒီနှစ်ထဲမှာ ညောင်တုန်း ပါဠိတက္ကသိုလ်စာသင်တိုက်၊ မင်္ဂလာဒုံတောတိုက်၊ အောင်သိဒ္ဓိရိပ်သာတို့ကို (၉၃) နှစ် မွေးနေ့အလှူ သိန်းတစ်ရာစီလှူဒါန်းခဲ့တာ သိရှိရပါတယ်။ အလိုတော်ပြည့်ကျောင်း၊ မြန်အောင် သီလရှင်စာသင်တိုက်၊ ရွှေမြင့်သီရိသီလရှင် စာသင်တိုက်တို့ကိုလည်း သိန်းတစ်ရာစီ လှူဒါန်းခဲ့ပြီးပါပြီ။ စာရေးသူမသိတဲ့ လှူဒါန်းမှုတွေအများကြီး ရှိမှာပါ။ နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်စာသင်သားတွေအတွက် 'ဒေါ်ခင်ကြည်ပညာရေး ပဒေသာပင်'ဆိုပြီး စိုက်ထူလှူဒါန်းထားတာ ကြာပါပြီ။ ဒီနှစ်သင်္ကြန်မှာ ကမ္ဘာအေး မဟာဂန္ဓာရုံကျောင်းတိုက်ကို ငွေကျပ်သိန်းတစ်ရာနဲ့ ၁၅.၅.၁၃ ရက်နေ့မှာ အသက် (၉၂) နှစ် ၆ လပြည့် အလှူအဖြစ် ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက် နဝကမ္မငွေပဒေသာပင် သိန်းတစ်ရာလှူဒါန်းမယ့် ဖိတ်စာလေးရောက်ပါတယ်။ အန်တီကြည်က လစဉ် ၁၅ ရက်နေ့ မွေးနေ့တိုင်း အလှူကြီးပေးလှူလေ့ရှိတယ်။ အဘိဏှသုတ်တော်လာအတိုင်း အမြဲဆင်ခြင်နေပုံရပါတယ်။ အန်တီကြည်ရဲ့အလှူတွေက မနားတမ်းဆိုတော့ ညီမများဖြစ်တဲ့ Dr. ဒေါ်သိန်းကြည် (ကလေးအထူးကု) နဲ့ Dr. ဒေါ်ငွေးကြည် (အဆုတ်အထူးကု) တို့က အလှူရေစက်ချလိုက်ရတာပင် မနည်းမီအောင် လိုက်နေရပါတယ်တဲ့။ အန်တီဒေါ်ခင်ကြည်ကို စာရေးသူ စတင်သိရှိခဲ့တာက ၁၉၈၇ ခုနှစ် ဝါးချက်ဆေးရုံ စတင်တည်ထောင်ကာစအချိန်ကဖြစ်ပြီး၊ အဂ္ဂမဟာသီရိ သုဓမ္မသိင်္ဂီ လူမှုထူးချွန် ဖျာပုံဒေါ်မြနွယ်ရဲ့မိတ်ဆက်ပေးမှုအရ သိရှိခဲ့ရတာပါ။ ဖျာပုံဒေါ်မြနွယ်ဆိုတာ အခုလက်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်ရဲ့ ဝမ်းကွဲအစ်မဖြစ်ပါတယ်။ ဘာသာသာသနာအတွက် အလွန်အကျိုးများတဲ့ အမျိုးသမီးကြီးပါ။ အန်တီဒေါ်ခင်ကြည်နဲ့ အန်တီဒေါ်မြနွယ်တို့ကို ဗြဟ္မာ့ပြည်က ဆင်းသက်လာတယ်လို့ ပြောလို့ရမယ် ထင်ပါရဲ့။ အပျိုကြီးတွေ ဖြစ်ကြပါတယ်။ စာရေးသူ အကျိုးဆောင် အတွင်းရေးမှူး

အဖြစ် ဆောင်ရွက်ပေးနေတဲ့ ဝါးချက်ဆေးရုံထောက်ပံ့ရေး (ရန်ကုန်) အဖွဲ့ရဲ့ နာယကကြီးတွေ ဖြစ်ကြပါတယ်။ အန်တီဒေါ်မြနွယ်က မျိုးရိုးစဉ်ဆက် လယ်ပိုင်ရှင်ကြီးတွေ ဖြစ်မယ်ထင်တယ်။ အန်တီ ဒေါ်ခင်ကြည်ကတော့ ကုန်သွယ်အမှတ်တံဆိပ် (Trade Mark) နဲ့ ပတ်သက်လို့ ဥပဒေရေးရာ ပိုင်းမှာ ပြည်ပကုမ္ပဏီများ အားထားရတဲ့ ရှေ့နေကြီးဖြစ်ပါတယ်။ မောင်တွေ၊ ညီမတွေကလည်း သမားတော်အထူးကု ဆရာဝန်ကြီးများ ဖြစ်ကြပြီး စာရင်း ပညာရှင်၊ ဘဏ္ဍာရေးအကြံပေး အတိုင်ပင်ခံမောင်တစ်ဦးလည်း ပါဝင်တဲ့ ဆွေကြီး၊ မျိုးကြီး ပညာတတ် မိသားစုတွေဖြစ်ပါတယ်။ အစ်မကြီးဖြစ်တဲ့ အဂ္ဂမဟာသီရိသုဓမ္မသီဂီဘွဲ့ရရှေ့နေ ဒေါ်ခင်ကြည်ရဲ့မောင်၊ ညီမတွေသည် ငယ်စဉ်က အစ်မကြီးဒေါ်ခင်ကြည်ရဲ့ ထိန်းသိမ်းစောင့်ရှောက်မှုကို ခံယူခဲ့ရလို့ အခုလို ပြည့်စုံတဲ့အခြေအနေနဲ့ နယ်ပယ်အသီးသီးမှာ ပညာရှင်ကြီးတွေဖြစ် တာနေမှာပါပဲ။

အန်တီဒေါ်ခင်ကြည်နဲ့ အန်တီဒေါ်မြနွယ်တို့က မိတ်ဆွေရင်းချာတွေ ဖြစ်ကြပါတယ်။ ဝါးချက်ဆေးရုံ တည်ထောင်ကာစက ဆေးရုံအတွက် လိုအပ်တဲ့နေရာတွေမှာ အားတက်သရော ပါဝင်လှူဒါန်းခဲ့ကြတဲ့ အလှူရှင် တွေဖြစ်ပါတယ်။ အလားတူစွာပဲ ဝါးချက်ဆေးရုံထောက်ပံ့ရေးအဖွဲ့ ဦးဆောင် နာယကတစ်ဦး ရှိပါသေးတယ်။ အဂ္ဂမဟာ သီရိသုဓမ္မသီဂီ၊ လူမှုထူးချွန် ဒေါ်ဒေါ်အုန်း (မိုးကုတ်) ဖြစ်ပါတယ်။ တကယ်ထူးချွန်ထက်မြက်တဲ့ မိန်းမ တံခွန်လူရည်မွန်တွေပါ။ စာရေးသူတို့တွေ အားကျဂုဏ်ယူရတဲ့ နာယကကြီး တွေဖြစ်ပါတယ်။ အဂ္ဂမဟာသီရိသုဓမ္မသီဂီတွေက စာရေးသူတို့ကို ဦးဆောင် လမ်းပြဆောင်ရွက်စေခဲ့တာပါ။

နာယကကြီး လူမှုထူးချွန် ဒေါ်ဒေါ်အုန်းကြောင့် ဝါးချက်ဆေးရုံ (အတွင်းလူနာကုသဆောင်) မြန်မြန် အကောင်အထည်ပေါ်လာပါတယ်။ အန်တီအုန်းက လူငယ်တွေကို ရှေ့ဆောင်လမ်းပြဆောင်ရွက်ပါတယ်။ ဘယ်လိုလုပ်သင့်တယ်ဆိုတာ ညွှန်ကြားတယ်။ ဥပမာအားဖြင့် ဆေးရုံ ဆောက်ရန် အလှူငွေရအောင် စည်းရုံးပြောဆိုနိုင်ရန် ဥက္ကဋ္ဌနဲ့ အတွင်းရေး မှူးဖြစ်တဲ့ စာရေးသူတို့ကို သွားလေရာ အမြဲခေါ်ဆောင်သွားပါတယ်။

ရတဲ့ အလှူငွေကိုလည်း အဆောက်အဦအတွက် သံချောင်း၊ သံလုံး ဆောက်လုပ်ရေးပစ္စည်းတွေ အမြန်ဝယ်စေတယ်။ ကုန်ဈေးနှုန်း မတည်ငြိမ်မှုကိုလည်း သိနေတာကိုး၊ ဆွေမျိုး၊ မိတ်ဆွေ–လှူဒါန်းနိုင်တဲ့သူများရှိရာ မိုးကုတ်ကို တက်ပြီး ဆေးရုံဖြစ်မြောက်ရေးအတွက် အလှူခံတယ်။ အားသွန်ခွန်စိုက် ဆောင်ရွက်ပေးခဲ့ပါတယ်။

စစ်ကိုင်းတောင်ရိုးမှာရှိတဲ့ ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသည် မိန်းမတံခွန်လူ့ရည်မွန်တွေဖြစ်တဲ့ အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီများရဲ့ ကျေးဇူးနဲ့ ပေါ်ပေါက်လာတာပါလို့ ပြောမယ်ဆိုရင် မမှားနိုင်ပါဘူး။ ပြင်ပလူနာသာ လက်ခံနိုင်တဲ့ ဝါးချက်ဆေးရုံကို ကုတင် ၅၀ ဆန့် အတွင်း လူနာကုသ ဆေးရုံကြီးအဖြစ် တည်ထောင်လိုသော ဆရာတော်ဘုရားများ၏ ဆန္ဒတွေကို ပါရမီ ဖြည့်ကြတဲ့ အမျိုးသမီးကြီးတွေပါ။ ငယ်ဘဝကတည်းက မွန်မြတ်တဲ့ အရည်အသွေးတွေရှိလို့သာ အသက် (၈၀) – (၉၀) မက– အသက် တစ်ရာတွင်းအထိ စွမ်းဆောင်နိုင်တဲ့ အားအင်တွေက ရှိနေကြပါတယ်။

စာရေးသူတို့ ဝါးချက်အဖွဲ့မှာ ပထမဆုံး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့တဲ့သူက သုဓမ္မသီင်္ဂီ ဒေါ်ခင်စောဖြစ်ပါတယ်။ ဒေါ်ခင်စော ကွယ်လွန်တော့ သီဟသုဓမ္မသီင်္ဂီ၊ သီရိသုဓမ္မသီင်္ဂီ ဒေါ်ခင်သန်းမြင့်က ဥက္ကဋ္ဌတာဝန်ကို ဆက်လက်ထမ်းဆောင်နေပါတယ်။

နာယကများဖြစ်ကြတဲ့ အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီ စိန်ဘရားသား ဒေါ်ကြည်ကြည်၊ အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီဒေါ်ခင်နွဲ့ရီ၊ အဂ္ဂမဟာသီရိ သုဓမ္မသီင်္ဂီ လူမှုထူးချွန် ဒေါ်အေးအေးကြည်၊ လူမှုထူးချွန် ဒေါ်မျိုးသိမ့် တို့သည်လည်း ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ ထောက်ပံ့ရေးအတွက် အင်အား တစ်ရပ်အနေနဲ့ ပါဝင်လှူဒါန်း လှုပ်ရှားဆောင်ရွက်ခဲ့ကြတာပါ။

စာရေးဆရာမကြီး အမေ လူထုဒေါ်အမာနဲ့ မန္တလေးမှ သွင်စက်မှု လက်မှု လုပ်ငန်းပိုင်ရှင် အမေဒေါ်အုန်းညွန့်တို့သည်လည်း ဝါးချက်ဆေးရုံ ထောက်ပံ့ရေး (မန္တလေး) အဖွဲ့ရဲ့ နာယကကြီးများအနေနဲ့ ၁၉၈၄ ခုနှစ် ဝါးချက်ဆေးရုံ စတင်တည်ထောင်စ အချိန်ကာလကစပြီး ဘာသာ၊ သာသနာအရေးကို ဝါးချက်ဆေးရုံကြီးကြပ်ထောက်ပံ့ရေး အောက်မြန်မာ

ပြည်(ရန်ကုန်)အဖွဲ့ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ရ အမျိုးသမီးကြီးများနဲ့ လက်တွဲပြီး ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံကြီး တည်ဆောက်ရေး၊ တည်တံ့ရေး၊ တိုးတက်ရေးဆိုတဲ့ ဆရာတော်ဘုရားကြီးများ အမိန့်ရှိထားသော 'တ-သုံးလုံး' စီမံကိန်းအတွက် မနေ့အမြန် ဆောင်ရွက်မည်ဆိုတဲ့ ခံယူချက်နဲ့ အလွန်ဆင်းရဲသော စစ်ကိုင်းတောင်ရိုး မြောက်ဖျားက သံဃာ၊ သီလရှင်၊ သီတင်းသည်များ၏ ကျန်းမာရေး၊ ချမ်းသာရေးဆိုတဲ့ ရည်ရွယ်ချက်၊ ဦးတည်ချက်များကို အောင်မြင်စေရန် ကိုယ်အား၊ ဉာဏ်အား၊ ဓနအားတို့ဖြင့် ပံ့ပိုး ဆောင်ရွက်ပေးခဲ့တဲ့ မိန်းမတံခွန်-လူရည်မွန်များ ဖြစ်ပါကြောင်း စာရေးသူ ကိုယ်တွေ့သိရှိသမျှကို အခြေခံကာ အမွှမ်းတင်ပြီး ရေးသား တင်ပြလိုက်ရပါတယ်။ အခုလို ကမ္ဘာသည် ရွာဖြစ်နေသည့် ဂလိုဘယ်ခေတ် အခါကာလကြီးမှာ ကောင်းတာတွေလည်း တွေ့ရပါတယ်။ အမြင်မတော်တာ တွေကလည်း မမြင်ချင်မှာ အဆုံးဆိုတော့ကာ ခေတ်သစ်ပျိုမေတွေ ကောင်း တာကို ရွေးချယ်အတုယူပြီး မကောင်းသော ကျင့်ဝတ်သိက္ခာ ညှိုးဖျင်းသော ကိစ္စများကို အတုယူမမှားကြစေချင်ပါ လိမ္မာယဉ်ကျေးပညာပြည့်ဝ နှလုံးလှ သော သမီးငယ်လေးတွေ ဖြစ်အောင် ကိုယ်စိတ်နှစ်ပါးကို ပြုစုပျိုးထောင်နိုင် ပါက ကောင်းလေစွ။ ဖော်ပြခဲ့တဲ့ ဂုဏ်သရေရှိ အမျိုးသမီးကြီးတွေကဲ့သို့ မိမိတို့တွေသည် အဂ္ဂမဟာသီရိ သုဓမ္မသိင်္ဂီ သီဟသုဓမ္မသိင်္ဂီသီရိသုဓမ္မသိင်္ဂီ ဘွဲ့တွေရအောင် ကြိုးစားခြင်းငှာ မစွမ်းနိုင်သော်ငြားလည်း အရည်အချင်း ရှိသော၊ ဉာဏ်ပညာပြည့်ဝသော၊ တိုင်းပြည်အကျိုး၊ ဘာသာသာသနာ အကျိုးကို မိမိတို့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသည့် အားလျော်စွာ ဆောင်ရွက် နိုင်စွမ်းရှိသော မိန်းမတံခွန်လူရည်မွန်များ ဖြစ်နိုင်ကြပါတယ်။ ကြိုးစား အားထုတ်နိုင်ကြပါစေလို့ ဆန္ဒပြုရင်း...။

မြင့်မြင့်ကြည်

မိသားစုဝင်ဖြစ်တဲ့ ယောက်ျားတွေရဲ့
ဝင်ငွေနည်းပါးမှုကို ညီမျှအောင်ပြုပြင်ဖို့
တစ်နည်းပြောရရင် ဝင်ငွေနည်းတဲ့မိသားစုအတွက်
ဝင်ငွေထွက်ငွေကာမိစေဖို့
ပညာတတ်မိန်းမတော်တော်များများဟာ
အိမ်က ထွက်ပြီး စက်ရုံတွေနဲ့ အစိုးရရုံးတွေမှာ၊
ပြီးတော့ ပုဂ္ဂလိကအသင်းအဖွဲ့အစည်းတွေမှာ
စတင်ဝင်ရောက် အလုပ်လုပ်ကိုင်နေကြပါပြီ။
မငြင်းနိုင်တဲ့ ပြောင်းလဲတိုးတက်မှု
နိယာမသဘောတရားက တဖြည်းဖြည်းနဲ့
စီးပွားရေးစွမ်းဆောင်မှုကို ဦးဆောင်သွား ပြီးတော့
သက်သောင့်သက်သာ အကျိုးရှိရှိနဲ့ အုပ်ချုပ်တဲ့
ဘုတ်အဖွဲ့ရဲ့ရုံးခန်းထဲကနေ
ကြီးမားတဲ့စွမ်းဆောင်အားတွေကို ဖန်တီးပေးဖို့
မိန်းမတွေအတွက်လည်း
အခွင့်အလမ်းတွေဖြစ်လာစေခဲ့ပါပြီ။

# အုပ်ချုပ်ရေးမှူးရုံးအားလွှမ်းမိုးချုပ်ကိုင်လာသော အိန္ဒိယအမျိုးသမီးများ

**အောင်ပြည့်လင်း (ALO)**

အာဒမ်နဲ့ ဧဝတို့အချိန်တုန်းကတော့ လောကအဝှမ်းမှာ ဧဝအတွက် ရွေးချယ်စရာသည် အာဒမ်မှအပ ဘယ်သူမှမရှိခဲ့ပေ။ ဒါပေမယ့် သေရေးရှင်ရေးထက်အရေးကြီးတဲ့ ဒီနေ့လိုခေတ်ကြီးမှာ ဧဝအတွက်တော့ ရွေးချယ်စရာတွေက တစ်ပုံတပင်ကြီးပါ။ ဒီကနေ့ အမျိုးသမီးတွေဟာ ယောကျ်ားတွေနဲ့ ရင်ဘောင်တန်းနိုင်ပြီလေ။ မကြာခဏဆိုသလိုပဲ ယောကျ်ားတွေကို မှတ်သားလောက်အောင် ပညာကောင်းကောင်းပြနိုင်တယ်နော်။

တချို့လူတွေ ဘယ်လောက် ဦးနှောက်ခေါင်သလဲဆိုတာ ကြည့်။ "မိန်းမတွေကို ယောကျ်ားတွေနဲ့ တန်းတူရည်တူသဘောထားတာ သင့်သလား" တဲ့။ ဒီအပ်ကြောင်းထပ်နေတဲ့စကားတွေကို အသည်းအသန်ငြင်းခုံပြီးတော့ သူတို့ကိုယ်သူတို့ ပီတိတွေဖြစ်နေကြသေးတာ။ တကယ်တော့ ဒီလိုပြောတာတွေဟာ တကယ့်အလွဲအမှားတွေပါ။ တချို့က "ဒါဟာ ယောကျ်ားသားတွေရဲ့လောကပဲ"လို့ တစ်ခါတုန်းကပြောခဲ့တဲ့စကားကို ဆက်လက်ဆုပ်ကိုင်ထားဖို့ကြိုးစားရင်း အဲဒါကို ယုံကြည်လက်ခံနေတုန်းပဲ။ ဒီမှာ ရုတ်တရက်မျှော်လင့်မထားတဲ့ ဒီလိုအပြောင်းအလဲတွေ တကယ်ဖြစ်ပေါ်လာခဲ့တာကို နားလည်အောင်ကြိုးစားဖို့က သိပ်အရေးကြီးလာပါပြီ။

ဒီအပြောင်းအလဲတွေအတွက် ထင်ရှားပြတ်သားတဲ့ ဖြစ်ကောင်းဖြစ်နိုင်တဲ့ အထင်ရှားဆုံးအကြောင်းရင်းက စားသုံးသူတွေရဲ့ခေတ်မှာ ဖြစ်ပေါ်လာခဲ့တာ ဖြစ်တယ်ဆိုတာပါပဲ။ မိသားစုဝင်ဖြစ်တဲ့ ယောကျ်ားတွေရဲ့ဝင်ငွေနည်းပါးမှုကို ညီမျှအောင်ပြုပြင်ဖို့ တစ်နည်းပြောရရင် ဝင်ငွေနည်းတဲ့မိသားစုအတွက် ဝင်ငွေထွက်ငွေ ကာမိစေဖို့ ပညာတတ်မိန်းမတော်တော်များများဟာ အိမ်က ထွက်ပြီး စက်ရုံတွေနဲ့ အစိုးရရုံးတွေမှာ ပြီးတော့ ပုဂ္ဂလိကအသင်းအဖွဲ့ အစည်းတွေမှာ စတင်ဝင်ရောက် အလုပ်လုပ်ကိုင်နေကြပါပြီ။

မငြင်းနိုင်တဲ့ ပြောင်းလဲတိုးတက်မှုနိုယာမသဘောတရားက တဖြည်း ဖြည်းနဲ့ စီးပွားရေးစွမ်းဆောင်မှုကို ဦးဆောင်သွားပြီးတော့ သက်သောင့် သက်သာ အကျိုးရှိရှိနဲ့ အုပ်ချုပ်တဲ့ ဘုတ်အဖွဲ့ရဲ့ရုံးခန်းထဲကနေ ကြီးမားတဲ့ စွမ်းဆောင်အားတွေကို ဖန်တီးပေးဖို့ မိန်းမတွေအတွက်လည်း အခွင့်အလမ်း တွေဖြစ်လာစေခဲ့ပါပြီ။ ဒီဟာက ဘာကြောင့်လဲဆိုတော့ သူဟာ စားသုံးသူ ဖြစ်တယ်။ ပြီးတော့ သူဟာ အိမ်ထောင်သည်ဘဝရဲ့ လိုအပ်ချက်ရော တခြားသော မိန်းမသားတွေဟာ ယောကျ်ားတွေထက် ပိုပြီးသာတယ်ဆိုတာ နားလည်သဘောပေါက်ထားပါတယ်။

ယောကျ်ားတွေဟာ အသင်းအဖွဲ့ရဲ့ အမြင့်ဆုံးနေရာကို သက်တမ်းဆုံး အောင်ထိယူထားကြပေမယ့် အခုခေတ်အခြေအနေအရ တကယ်လို့ မိန်းမ တွေဟာ ယောကျ်ားတွေထက် ပိုမတော်ရင်တောင်မှပဲ အသင်းအဖွဲ့ကုမ္ပဏီရဲ့ အကျိုးအမြတ်တွေအတွက် တကယ်အကျိုးရှိရှိနဲ့ အဲဒီနေရာတွေမှာ မိန်းမတွေ ကို ထပ်ဖြည့်နိုင်တယ်ဆိုတာကို အသိအမှတ်ပြုဖို့ ဝန်လေးနေကြပါတယ်။

## ပြည့်နေသောအပိုင်း

ဒီနေ့ အမျိုးသမီးတွေရဲ့ တာဝန်ယူမှုဟာ လုံးဝနီးပါး ပြောင်းလဲသွားခဲ့ ပါပြီ။ ဒီဂရီနဲ့ပြောရမယ်ဆိုရင် ၁၆၀ ဒီဂရီလောက် စောင်းသွားပြီလို့ ပြောနိုင် ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ မရဲမဝံ့နဲ့ အသင်းအဖွဲ့ကုမ္ပဏီ

လောကထဲကို ရောက်ရှိလာခြင်းဟာ ပုံသေဖြစ်နေတဲ့ အိမ်တွင်းမှုအလုပ်တွေထက် ဥပမာ-လူမှုဝန်ထမ်းအလုပ်တွေထက် ပိုပြီးခေတ်မီတဲ့အလုပ်တွေမှာ ဝင်ဆန့်လာနိုင်လို့ပါပဲ။ ဥပမာ-လူထုနဲ့ဆက်ဆံခြင်းတွေ ညှိနှိုင်းဆိုခြင်းတွေလိုမျိုးဖြစ်တဲ့ အလုပြင်လုပ်ငန်းတွေ။ ပြီးတော့ ကြော်ငြာလုပ်ငန်းနှင့် စာရေးစာချီလိုမျိုးဖြစ်တဲ့ တီထွင်ဖန်တီးတတ်တဲ့လုပ်ငန်းတွေမှာ ဝင်ဆန့်လာနိုင်တဲ့အတွက်ကြောင့်ပါပဲ။

ကုမ္ပဏီလောကမှာ သူတို့ရှိနေခြင်းဟာ ခြွင်းချက်တစ်ခုထက်ပိုပြီး လုပ်ထုံးလုပ်နည်းတစ်ခုဖြစ်ဖို့ လူမှုအသိုင်းအသိုင်းက လက်ခံထားမှုကို အကဲစမ်းတဲ့အနေနဲ့ လူသိရှင်ကြားပြောနေကြပြီလို့ ပြောချင်ပါတယ်။ ဒါကြောင့်ကျားမတန်းတူထားရှိရေး အစီအစဉ်တစ်ခု၊ ဒါမှမဟုတ် အမျိုးသမီးများအတွက် အထူးစပယ်ရှယ်ထောက်ခံချက်က ခေတ်ကုန်သွားပြီလေ။

## အိန္ဒိယ ၈၀

အရောင်အသွေးမျိုးစုံတဲ့ ပွဲလမ်းသဘင်တွေရယ်၊ ကြီးမားတဲ့ဆင်းရဲမွဲတေမှုရယ်၊ တိုင်းတစ်ပါးကလာရောက်ကြတဲ့လူတွေရယ်၊ ညစ်ပတ်တဲ့ဖုန်တွေရယ်၊ အပူရယ်၊ ငန်စပ်တဲ့အစားအစာရယ်၊ ဆင်တွေရယ်၊ မြွေအလမ္ပါယ်ဆရာတွေရယ်၊ ပြီးတော့ သူတော်စင်ရဲ့ကောင်းကင်ဘုံရယ်ဆိုတာတွေဟာ အိန္ဒိယနဲ့ တသွေးတည်း တသားတည်းဖြစ်နေတဲ့ ပုံမှန်မြင်တွေ့နေကျဖြစ်တဲ့ အချို့ပုံရိပ်တွေပဲဖြစ်ပါတယ်။ ပြီးတော့ အိန္ဒိယကိုဝန်းရံထားတဲ့ စွဲလန်းမှု။ အကန့်အသတ်နဲ့ သူတို့အကြောင်းကိုသိအောင်လုပ်နေကြပြီး တစ်ခုခုကို ဖုံးကွယ်ထားကြတဲ့အမျိုးသမီးတွေ အိန္ဒိယမှာရှိပါတယ်။

ဒါပေမယ့် ဒီနေ့ခေတ်အိန္ဒိယအမျိုးသမီးတွေဟာ ပိုပြီးတော့မြင်နိုင်စွမ်းရှိလာကြတယ်။ လူထုနယ်ပယ်နဲ့ အသက်မွေးဝမ်းကျောင်းဆိုင်ရာနယ်ပယ်တွေမှာ ပိုပြီးတော့ အောင်မြင်လာကြပါတယ်။ ဒါက ဘာခါဒွတ်၊ အရုန်ဒါတီ။ ဒါမှမဟုတ် ကီရန်မာဇန်ဒါရှော တစ်ယောက်ယောက်ဖြစ်မှာပါ။

သူတို့ဟာ သူများထက်စောတဲ့ ဘိုင်အိုကွန်ကုမ္ပဏီနဲ့ လူထုကိုအလုပ်အကျွေး ပြုပြီးနောက်ပိုင်းမှာ သူတို့ဟာ အိန္ဒိယရဲ့အချမ်းသာဆုံး အမျိုးသမီးတွေဖြစ် လာကြပါတယ်။ သူတို့ဟာ မကြာမီကာလမှာဖြစ်လာမယ့် အိန္ဒိယနိုင်ငံရဲ့ တကယ်ကျွမ်းကျင်တဲ့ ပညာရှင်အမျိုးသမီးများ အရိပ်အရောင် နိမိတ်အားလုံး ကို ရရှိလိုက်ကြပါတယ်။

## အိုင်တီနယ်ပယ်က ဇဝ

ဒီကနေ့ အိန္ဒိယလူမျိုး ကွန်ပြူတာပရိုဂရမ်ရေးဆွဲသူ သုံးယောက်မှာ တစ်ယောက်ဟာ အမျိုးသမီးဖြစ်ပါတယ်။ တကယ်ပဲ NASSCOM က တော့ ၃၈ ရာခိုင်နှုန်းရှိတယ်လို့ ကိန်းဂဏန်းပြထားပါတယ်။ အဲဒီအရေ အတွက်ဟာ သူတို့ရဲ့အနောက်တိုင်းက အရေအတွက်ထက်ပိုများတဲ့ ကိန်း ဂဏန်းဖြစ်ပါတယ်။ အိုင်တီကဏ္ဍစွမ်းဆောင်မှုစွမ်းအားအတွက် အကြောင်း ရင်းများအနက် အချို့ကိုတော့ အိန္ဒိယနိုင်ငံရဲ့တန်ဖိုးစနစ်အဖြစ် ပေါင်းထည့် ပေးထားပါတယ်။

နောက်ထပ်ပြောရမယ်ဆိုရင် အင်ဂျင်နီယာကောလိပ်၊ ပြည်တွင်းနဲ့ စက်မှုအင်ဂျင်နီယာတွေကို အမျိုးသမီးနယ်ပယ်လို့ပဲ သတ်မှတ်ထားပါတယ်။ ဘာကြောင့်လဲဆိုတော့ အပြင်မှာ အဲဒီလိုအရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်တွေလိုအပ် တဲ့ အချိန်မျိုးမှာ အိန္ဒိယရဲ့အလယ်အလတ်တန်းစား မိန်းကလေးတွေအတွက် သင့်တော်မှုမရှိဘူးလို့ ထင်နေကြတယ်လေ။ ဒီတော့ မိန်းကလေးတွေဟာ ဘယ်ဘက်ကိုဦးတည်သွားကြသလဲဆိုတော့ အိုင်တီနဲ့ပတ်သက်တဲ့ နယ်ပယ် ဘက်ကို ဦးတည်သွားကြပါတယ်။ ဥပမာ- အီလက်ထရွန်းနစ်နည်းပညာ၊ ဆက်သွယ်ရေးနဲ့ ကွန်ပြူတာသိပ္ပံလိုမျိုးပေါ့။ ဒါကြောင့်ပဲ အမျိုးသမီးအများစု ဟာ အဲဒီလိုဘာသာရပ်တွေမှာ ဘွဲ့တွေယူထားကြပါတယ်။

## စာပေနယ်ပယ်က ဝေ

အိန္ဒိယအမျိုးသမီးတွေ ထူးချွန်တဲ့ အခြားနယ်ပယ်တစ်ခုကတော့ စာပေနယ်ပယ်ပဲဖြစ်ပါတယ်။ အိန္ဒိယအမျိုးသမီးတွေအတွက် ဒီလိုအခွင့်အလမ်းတွေရဖို့အတွက်ကလည်း အိန္ဒိယနိုင်ငံက ပုံနှိပ်လုပ်ငန်းတွေ၊ ပုံနှိပ်တိုက်တွေက နိုင်ငံခြားက ပင်ဂွင်း၊ ဟာပါကောလင်းလို ပုံနှိပ်ထုတ်ဝေသူတွေကို တံခါးဖွင့်ပေးထားပါတယ်။ အဲဒီတော့ မြောက်မြားလှစွာသော အမျိုးသမီးတွေဟာ ကမ္ဘာကြီးကို သူတို့ရဲ့အစွမ်းတွေကို ပြနိုင်ကြတာပေါ့။ အစပိုင်းမှာတော့ အိန္ဒိယအမျိုးသမီးစာရေးဆရာတွေဟာ အရေအတွက်သိပ်များများစားစား မရှိပါဘူး။ ဒါပေမယ့် ဒီနေ့အချိန်မှာတော့ လစဉ်လိုလိုယောတစ်ယောက် ယောတစ်ယောက် နာမည်ထွက်လာတဲ့ အမျိုးသမီးစာရေးဆရာတွေကို တွေ့ရတာဟာ သိပ်ထူးဆန်းတဲ့အရာ မဟုတ်တော့ပါဘူး။ မိမိတို့စာအုပ်စင်ပေါ်မှာ နာမည်သစ်စာရေးဆရာတွေရဲ့ စာအုပ်တွေကို တွေ့မြင်ရတာ ဘဝင်ကျစရာပဲ မဟုတ်လား။ နိုင်ငံတကာက စာပေဆိုင်ရာဆုတွေ အိန္ဒိယနိုင်ငံထဲကို ဒီကနေ့ သူတို့ကြောင့်ပဲ ရောက်လာကြတာပေါ့။ အရုန်ဒဟာတီရွိုင်းအတွက် Booker Prize ဆု၊ မန်ဂျူလာပါမန်နာဘတ်အတွက် အိုနာစစ်နိုင်ငံတကာပြိုင်ပွဲဆု၊ ပြီးတော့ ဂျွန်ပါလာဟီရီအတွက် ပူလစ်ဇာဆု အစရှိတဲ့ စာပေဆိုင်ရာဆုတွေပေါ့။

## ကုမ္ပဏီနယ်ပယ်က ဝေ

ဒီကနေ့ အိန္ဒိယကုမ္ပဏီလောကမှာ အမျိုးသမီးမန်နေဂျာတွေ၊ အမျိုးသမီးလုပ်ငန်းရှင်တွေရဲ့ အရေအတွက်ဟာ တဖြည်းဖြည်းနဲ့ မြင့်တက်လာနေပါတယ်။ အကြောင်းရင်းကတော့ အိန္ဒိယရဲ့စီးပွားရေးတံခါးပေါက်ကြီးကို ဖွင့်ပေးထားခြင်းပဲဖြစ်ပါတယ်။ နိုင်ငံတကာအခြေစိုက်ကုမ္ပဏီကြီးတွေရဲ့ အရေအတွက်တွေကလည်း နေ့ချင်းညချင်းကို တိုးပွားလာပြီး ပုဂ္ဂလိက

ကဏ္ဍပိုင်းဆိုင်ရာ အဆောက်အဦတွေလည်း ပိုမိုချောမောလွယ်ကူစွာ လည် ပတ်လာနိုင်တဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ အမေရိကန်ဒေါ်လာ သန်း ပေါင်း ၄၄၉ သန်းနဲ့ မတည်ခဲ့တဲ့ ကီရန်မာဇန်ဒါရှောရဲ့ ဘိုင်အိုကွန် ကုမ္ပဏီဟာ အခုအခါ အမေရိကန်ဒေါ်လာ ၁.၁ ဘီလျံကျော် အမြတ်အစွန်းရ နေပါပြီ။ ဂျမ်ဘိုဂရုကုမ္ပဏီရဲ့ ဥက္ကဋ္ဌဖြစ်သူ ဗိဒယမိုဟာန်ချာဗရီယာ၊ ပြီးတော့ HSBC က အစုရှယ်ယာများနှင့် အရင်းအနှီးဈေးကွက်များရဲ့ ဒုတိယဥက္ကဋ္ဌ လည်းဖြစ် အုပ်ချုပ်ရေးမှူးလည်းဖြစ်သူ နိုင်းနာလာကီဒဝီ တို့နှစ်ယောက်ကို နိုင်ငံတကာစီးပွားရေးလောကမှာ ဩဇာပါဝါအရှိဆုံး အမျိုးသမီး ၅၀ စာရင်း ထဲမှာ အိန္ဒိယနိုင်ငံက အမျိုးသမီးများအဖြစ် ဖော်ကျူမ်းမဂ္ဂဇင်းက အသားပေး ဖော်ပြထားပါတယ်။

## ရဲရဲရင့်ရင့်ပွဲလယ်တင့်

အမျိုးသမီးတွေဟာ မြင်နိုင်စွမ်းရှိသူတွေဖြစ်လာနေကြပြီး သူတို့ဟာ အခုအခါမှာ နိုင်ငံတကာနဲ့ရော ပြည်တွင်းနဲ့ပါ ဆက်စပ်တဲ့ နယ်ပယ်တွေမှာ ဝင်ဆန့်လာနိုင်ကြပါပြီ။ ဥပမာ– မီဒီယာလောက၊ ဖျော်ဖြေရေး၊ စီးပွားရေး လုပ်ငန်းကြီး၊ အိုင်တီနယ်ပယ်၊ နိုင်ငံရေးနယ်ပယ် ပြီးတော့ စာပေနယ်ပယ် တွေလိုမျိုး ဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံက စွမ်းဆောင်ရည်ပြည့်ဝတဲ့ အမျိုးသမီးတွေ ထွက်ပေါ် လာတာကို အသိအမှတ်ပြုမှုတွေကလည်း များလာခဲ့ပြီး အဲဒါကို စွမ်းဆောင် ရှင်အမျိုးသားတွေက အသိအမှတ်ပြုတဲ့အနေနဲ့ အမျိုးသမီးသီးသန့်ပုံနှိပ် လုပ်ငန်းကို တည်ထောင်နိုင်တဲ့အတွက် အမျိုးသမီးတွေအတွက် ကာလီဆုံ၊ ဒါမှမဟုတ် အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များအတွက် အီလက်ထရို လက် FE ဆုကို ချီးမြှင့်ပေးတာတွေရှိပါတယ်။ ရဲရဲရင့်ရင့်နဲ့ မိမိကိုယ်ကို ယုံကြည်မှုအပြည့်ရှိတဲ့ အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင် ကီရန်မာဇန်ဒါရှော ကို အိန္ဒိယအမျိုးသမီးများရဲ့မျက်နှာကို ပြောင်းလဲစေသူအဖြစ် တင်စားထား

ပါတယ်။ သူဟာ ပြင်းထန်တဲ့ရည်ရွယ်ချက်နဲ့ ခိုင်မြဲတဲ့ယုံကြည်ချက်ရှိသူဖြစ်ပြီး ဘယ်အရာမဆို ကြိုးမြင်တတ်သူလည်းဖြစ်ပါတယ်။ ဒါကြောင့် သူဟာ အိန္ဒိယနိုင်ငံက သိပ္ပံနယ်ပယ်မှာ ထူးချွန်တဲ့ပါရမီရှင် အမျိုးသမီးတွေကိုစုစည်းပြီး ကမ္ဘာ့အဆင့်အတန်းမီပညာရေးဌာနတစ်ခု ဖွင့်လှစ်ဖို့ ရည်ရွယ်ထားပါတယ်။ သူ့ရဲ့ဒေါ်လာဘီလျံပေါင်းမြောက်မြားစွာတန်တဲ့ ဘိုင်အိုကွန်အိန္ဒိယကုမ္ပဏီလီမိတက်ဟာ ၁၉၇၈ ခုနှစ်ကစခဲ့တဲ့ လုပ်ငန်းသေးသေးလေးကနေ အောင်မြင်ကြီးပွားနေတာဖြစ်ပါတယ်။ အခုအခါမှာ သူဟာ အင်ဇိုင်းထုတ်လုပ်တဲ့လုပ်ငန်းတစ်ခုကနေ ပြောင်းလာခဲ့တဲ့ ကုမ္ပဏီတစ်ခုကို ဦးစီးဦးဆောင်လုပ်နေပါတယ်။ အဲဒီကုမ္ပဏီဟာ ဆေးဝါးလုပ်ငန်းဆိုင်ရာမှာ အဓိကကျပြီး အင်ဆူလင်မှတစ်ဆင့် ရောဂါတိုက်ဖျက်တဲ့ဆေးတွေအတွက် အားလုံးကိုထုတ်လုပ်နေတဲ့ ကုမ္ပဏီဖြစ်ပါတယ်။ အဲဒီကုမ္ပဏီဟာ လူထုရှေ့ရောက်သွားတဲ့အခါ ကုမ္ပဏီကိုဖွင့်လှစ်တဲ့နေ့မှာကိုပဲ အဲဒီကုမ္ပဏီရဲ့ရှယ်ယာဟာ ၃၃ ဆ လောက် တိုးသွားခဲ့ပါတယ်။ အခုအခါ အဲဒီကုမ္ပဏီရဲ့ အစုရှယ်ယာဈေးကွက်ဟာ စုစုပေါင်း ၁.၂ ဘီလျံလောက် တန်ဖိုးရှိနေပါပြီ။ ၂၀၀၁ ခုနှစ်မှာ သူ့ရဲ့ကုမ္ပဏီဟာ ကမ္ဘာ့စီးပွားရေး ဖိုရမ်ရှေ့ပြေးပညာရှင်အဖြစ် ရွေးထုတ်သတ်မှတ်ခံရပါတယ်။

## ဟားဗတ်ပညာရေး

'နိုင်နာလာကီဒဝီ' ဆိုတဲ့ နာမည်ဟာ အိန္ဒိယကုမ္ပဏီလောကမှာ ရင်းနှီးကျွမ်းဝင်ပြီးသားနာမည်တစ်ခုသာဖြစ်ပါတယ်။ ကီဒဝီဟာ ဟားဗတ်စီးပွားရေးတက္ကသိုလ်ကဘွဲ့ရခဲ့တဲ့ ပထမဆုံး အိန္ဒိယအမျိုးသမီးဖြစ်ပြီး သူဟာ ရင်းနှီးမြှုပ်နှံမှုဘဏ်ရဲ့ ဂုရုကြီးလည်းဖြစ်ပါတယ်။ ဒါကြောင့် သူဟာ အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များနယ်ပယ်မှာ တကယ်စစ်မှန်တဲ့ အကောင်းဆုံးနမူနာစံပြပုဂ္ဂိုလ်ဖြစ်ပါတယ်။ လောလောဆယ်မှာတော့ ကီဒဝီဟာ ဟောင်ကောင်နှင့် ရှန်ဟိုင်းဘဏ်လုပ်ငန်းများအသင်း(HSBC)ရဲ့ ရင်းနှီးမြှုပ်နှံမှုဘဏ်လုပ်

ငန်းနှင့် အိန္ဒိယက အစုရှယ်ယာများရောင်းဝယ်ရေးလုပ်ငန်းမှာ ဦးဆောင်ပြီး လုပ်ကိုင်နေသူဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ်မှာ တိုင်းမဂ္ဂဇင်းနဲ့ စီအန်အန်ရုပ်သံဌာနတို့က ကီဒဝီကို ကမ္ဘာလုံးဆိုင်ရာသြဇာအရှိဆုံး စီးပွားရေးလုပ်ငန်းရှင်များလို့ နာမည်ပေးထားတဲ့ ငယ်ငယ်ရွယ်ရွယ်နဲ့ စီမံခန့်ခွဲနိုင်သူ ၁၅ ဦးထဲမှာ တစ်ဦးအပါအဝင်အဖြစ် ရွေးချယ်ဖော်ပြလိုက်ပါတယ်။ ၂၀၀၃ ခုနှစ်မှာတော့ သူဟာ ဖော်ကျူမ်းမဂ္ဂဇင်းကဖော်ပြတဲ့ ကမ္ဘာ့သြဇာပါဝါအရှိဆုံး စီးပွားရေးစွမ်းဆောင်ရှင်အမျိုးသမီးများစာရင်း ၅၀ ထဲမှာ ပေါင်းထည့်ခြင်းခံရတဲ့ အိန္ဒိယနိုင်ငံက အမျိုးသမီး ၂ ဦး အနက်က တစ်ဦးဖြစ်ပါတယ်။ ကီဒဝီဟာ အိန္ဒိယမှာလည်ပတ်နေတဲ့ မော်ဂန်စတန်လေကုမ္ပဏီနဲ့ ပေါင်းလိုက်တဲ့အခါ ပိုပြီးနာမည်ရလာခဲ့သူဖြစ်ပါတယ်။ ANZ ဘဏ်လုပ်ငန်းမှာ တဖြည်းဖြည်းချင်းအောင်မြင်လာပြီးနောက်ပိုင်း ၁၉၉၄ ခုနှစ်မှာ အဲဒီမော်ဂန်စတန်လေနဲ့ ပူးပေါင်းလိုက်တာဖြစ်ပါတယ်။ မော်ဂန်စတန်လေ(အိန္ဒိယ)နှင့် အိန္ဒိယနိုင်ငံငွေကြေးဆိုင်ရာလုပ်ငန်းအကြီးစားဖြစ်တဲ့ JM တို့ နှစ်ခုအကြား ပူးပေါင်းဆောင်ရွက်လုပ်ကိုင်နေတဲ့ နိုင်ငံခြားဖက်စပ်လုပ်ငန်းတစ်ခုအတွက် သူ့ကိုယုံကြည်အပ်နှံထားကြပါတယ်။ JM ငွေကြေးဆိုင်ရာအုပ်စုဟာ ၁၉၉၇ ခုနှစ်မှာ အိန္ဒိယနိုင်ငံတွင်းမှာ စက်မှုလုပ်ငန်းများရဲ့ အကြီးမားဆုံးကုမ္ပဏီတစ်ခု ဖြစ်ခဲ့ပါတယ်။ ကီဒဝီဟာ အိန္ဒိယနိုင်ငံက ထိပ်တန်းဘဏ်လုပ်ငန်းရှင်များထဲမှာ တစ်ဦးအပါအဝင်အဖြစ် သတ်မှတ်ခံရပြီး သူဟာ ဝစ်ပရိုကပြုစုထားတဲ့ NYSEs စာရင်းထဲမှာလည်း အဓိကကျတယ်လို့ ဆိုကြပါတယ်။ အဲဒါ ဘာကြောင့်လဲဆိုတော့ သူဟာ တာတာကုမ္ပဏီ ပြီးတော့ ဘီယာလာမိသားစုကုမ္ပဏီနှင့် AT&T ၊ နောက် ပုဂ္ဂလိကအဖြစ်ပြုလုပ်ထားတဲ့ လုပ်ငန်းတော်တော်များများတွေနဲ့ အကြီးအကျယ် ပူးပေါင်းဆက်သွယ်ကာ တစ်နိုင်ငံလုံးအနှံ့အပြား ဆယ်လူလာဖုန်းလုပ်ငန်းကို ထိထိရောက်ရောက် လုပ်ကိုင်နိုင်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

## ကလောင်ရှင်ကြီး

လူထုမီဒီယာနှင့် သတင်းစာဂျာနယ်တွေရဲ့အစွမ်းတွေကြောင့် အိန္ဒိယမှာ ပေါ်ပြူလာအဖြစ်ဆုံးအမျိုးသမီးကို ဖော်ပြရမယ်ဆိုရင် ဖြစ်နိုင်ချေအရှိဆုံးက 'ဘာခါဒွတ်' ပဲ ဖြစ်ပါတယ်။ သူဟာ နယူးဒေလီရုပ်မြင်သံကြား (NDTV) ဌာနမှာ ခေါင်းဆောင်သတင်းထောက်တစ်ယောက်ဖြစ်ပြီး အစီအစဉ်တင်ဆက်သူဖြစ်ပါတယ်။ လောလောဆယ်မှာ သူဟာ ည ၉ နာရီအချိန်မှာ ဒေးလီးနယူးသတင်းအစီအစဉ်ကိုတင်ဆက်ပြီး စတားတီဗီအတွက် Newshour အစီအစဉ်၊ ပြီးတော့ တစ်နာရီကြာ ခွဲခြမ်းစိတ်ဖြာကဏ္ဍနှင့် ဆွေးနွေးခန်းအစီအစဉ်တွေမှာ ပူးတွဲတင်ဆက်သူဖြစ်ပါတယ်။ ဘာခါဟာ ပြည်တွင်းမှာ လူသိအများဆုံးဂျာနယ်လစ်အဖြစ် ထင်ပေါ်ကျော်ကြားဖို့ ချိန်ရွယ်ထားပါတယ်။ အဲဒါ ဘာကြောင့်လဲဆိုတော့ သူဟာ ၁၉၉၉ ခုနှစ်တုန်းက ဖြစ်ပွားခဲ့တဲ့ ကာဂီစစ်ပွဲအတွင်းမှာ သတင်းထောက်(ဂျာနယ်လစ်) အလုပ်ကို ထိုက်ထိုက်တန်တန် ချီးကျူးလောက်အောင် လုပ်ဆောင်နိုင်ခဲ့သူဖြစ်ပါတယ်။ သူဟာ ဂျာနယ်လေးစောင်အတွက် တာဝန်ယူထားရပြီး မြောက်မြားလှစွာသော ဝေဖန်အကြံပြုချက်ဆောင်းပါးတွေအတွက်လည်း တာဝန်ယူထားရသူဖြစ်ပါတယ်။ ဘာခါဟာ နိုင်ငံအတွင်းမှာ အားကျစရာအကောင်းဆုံးနဲ့ လေးစား ကြည်ညိုစရာအကောင်းဆုံးဂျာနယ်လစ်ဖြစ်ပြီး သူဟာ အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံစေ့စပ်ဆွေးနွေးပွဲကနေ နိုင်ငံရေးဆိုင်ရာ သတင်းအချက်အလက်တွေဟူသမျှကို ရေးသားနိုင်ခဲ့သူဖြစ်ပါတယ်။

## ဖက်ရှင်ပြိုင်ပွဲ

ဖန်တီးတီထွင်တတ်တဲ့စွမ်းရည်တွေကို နှစ်သက်တတ်တဲ့ 'ရီတုကုမာ' ဆိုတဲ့ အမျိုးသမီးကြီးက အလွယ်တကူလေးပဲ စိတ်ကူးအတွေးပေါက်ခဲ့သူဖြစ်ပါတယ်။ နိုင်ငံတကာက လေးစားချီးကျူးခြင်းကိုခံရတဲ့ ဖက်ရှင်

ဒီဇိုင်းနာ ရီတုကုမာဟာ အိန္ဒိယရဲ့ရိုးရာအလှအပတွေကို တန်ဆာဆင်ပြနိုင်အောင် အိန္ဒိယရဲ့ရိုးရာအဝတ်အစားတွေကို တခမ်းတနားဖန်တီးထုတ်လုပ်နိုင်ခဲ့တဲ့အတွက် နာမည်ကောင်းတစ်ခုရခဲ့တာကြာပါပြီ။ သူ့ရဲ့ဖန်တီးမှုစွမ်းရည်ဟာ ဘယ်အတိုင်းအတာအထိ အောင်မြင်မှုကိုရရှိခဲ့သလဲဆိုတာ နိုင်ငံတကာအလှပြိုင်ပွဲတွေ၊ ဖက်ရှင်ပြိုင်ပွဲတွေမှာ တမူထူးခြားတဲ့သူ့ရဲ့လက်ရာကို မလွတ်တမ်း တွေ့နိုင်တဲ့အထိဖြစ်ပါတယ်။ မယ်စကြာဝဠာပြိုင်ပွဲတွေ၊ ကမ္ဘာ့အလှမယ်ပြိုင်ပွဲတွေ ပြီးတော့ အေးရှပစိဖိတ်အလှမယ်ပြိုင်ပွဲတွေမှာ သူ့ရဲ့ထူးခြားပြောင်မြောက်ပြီး ကျော့ရှင်းလှပတဲ့ဒီဇိုင်းတွေကို အမြဲတမ်းတွေ့ရမှာဖြစ်ပါတယ်။ ပြည်တွင်းက တကယ်ထင်ရှားကျော်ကြားတဲ့ အမျိုးသမီးတွေကစပြီး သူ့ရဲ့ဒီဇိုင်းကို ဝတ်ဆင်ပေးခဲ့တာဖြစ်ပါတယ်။ ဥပမာ-ဆုချ်မိတာဆန်၊ အာရှဝါရာရိုင်း၊ မန်းပရီဘာရေရာ၊ ရှချီမောလ်ဟော့တာ့၊ ဆန်ဒယချိဘ်၊ ရာနီဂျေရိုင်း နှင့် လာရာဒူတ စတဲ့ အမျိုးသမီးတွေအကုန်လုံးကို ဆွဲဆောင်မှုတွေအပြည့်ပေါင်းစပ်ပြီး တကယ်ထူးခြားသပ်ရပ်တဲ့ ရိုးရာဝတ်စုံတွေ ဝတ်ဆင်ပေးနိုင်ခဲ့တယ်လေ။ အိန္ဒိယနဲ့ အနောက်တိုင်းပေါင်းစပ်ထားတဲ့ ဇာပန်းထိုးလက်မှုပညာကို အပြည့်အဝဖော်ထုတ်ထားတဲ့ သူ့ရဲ့ဝတ်စုံတွေက ဓာတ်ပုံသမားတွေကို အမြဲတမ်းဖမ်းစားနိုင်ခဲ့ပါတယ်။ 'ရီတု'မှာ သီးသန့်ဖွင့်လှစ်ထားတဲ့ အရောင်း ဆိုင် ၁၇ ဆိုင် ရှိပြီး နိုင်ငံခြားကိုတင်ပို့နိုင်တဲ့အတွက်ကြောင့်လည်း အမြတ်အစွန်း တော်တော်ရရှိနေပါတယ်။ အဲဒါအပြင် သူဟာ UK မှာလည်း သီးသန့်အရောင်းဆိုင်ဖွင့်လှစ်ထားပါသေးတယ်။ အဲဒီဆိုင်ဟာ ဘုရင်မတွေ တော်ဝင်မင်းသမီးတွေမကြာခဏလာရောက်ဝယ်ယူကြတဲ့ အကြိုက်ဆုံးဆိုင်တစ်ဆိုင်လည်း ဖြစ်ပါတယ်။ ပြီးတော့ အဲဒီဆိုင်ဟာ ထင်ရှားကျော်ကြား လူသိများတဲ့ပုဂ္ဂိုလ်တွေသူ့ရဲ့ဒီဇိုင်းလက်ရာတွေကို အလုအယက်ဝယ်ယူတဲ့နေရာလည်းဖြစ်ပါတယ်။ စတိုင်လ်နဲ့ပတ်သက်လို့ အိုင်ကွန်ဖြစ်ကြတဲ့သူတွေ ပြီးတော့ ဂျင်မာမီခန်နဲ့ ကွယ်လွန်သူ ဒိုင်ယာနာမင်းသမီးအပါအဝင် တကယ်ထင်ရှားကြတဲ့ ပုဂ္ဂိုလ်

တွေဟာလည်း သူ့ရဲ့ဒီဇိုင်းဝတ်စုံတွေကြောင့်ပဲ ပိုမိုတောက်ပြောင်စေခဲ့ကြတာဖြစ်ပါတယ်။ သူ့ရဲ့ကြိုးစားမှုဟာ ဘယ်လောက်ထိအောင်မြင်သလဲဆိုတာ သူရထားတဲ့ဆုတွေကိုကြည့်ရင် သိနိုင်ပါတယ်။ သူဟာ NIFT ကချီးမြှင့်တဲ့ တစ်သက်တာစွမ်းဆောင်ရည်ဆုအပါအဝင် PHDCC က ချီးမြှင့်တဲ့ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်ဆုနဲ့ ၂၀၀၀ ခုနှစ်ကကင်းဖစ်ရှာဖက်ရှင်အဖွဲ့ကချီးမြှင့်တဲ့ တစ်သက်တာစွမ်းဆောင်ရည်ဆုတွေကိုရရှိခဲ့သူဖြစ်ပါတယ်။

## ဂျဲ(စ)မီ ရတနာလေး

ပါရမီထူးချွန်ပြီး ရုပ်ရည်ခန့်ညားချောမောလှပတဲ့ 'မီးရာဂျဲစ်မီ' ဟာအိန္ဒိယတောင်ပိုင်းရုပ်ရှင်လောကမှာ တကယ့်ကိုကြိုးစားသူလေးဖြစ်ပါတယ်။ သူဟာ တောက်မယ့်မီးခဲ တရဲရဲ ဆိုသလိုပဲ တကယ်အံ့သြစရာကောင်းတာက Sutradharan လို့ နာမည်ရတဲ့ မာလာယာရမ်းရုပ်ရှင်ဇာတ်ကားကိုစတင်ရိုက်ကူးထုတ်လုပ်ခဲ့လို့ မာလာယာရမ်းဒါရိုက်တာအဖြစ် နာမည်ထင်ရှားသူ လောဟိသာဒတ်နဲ့ အမှတ်မထင်တွေ့ဆုံသွားခဲ့တာပါပဲ။ တမီလ်စကားပြော သူ့ရဲ့ပထမဆုံးပွဲဦးထွက်ကားဖြစ်တဲ့ Run ဇာတ်ကားဟာ ငွေကြေးအရ အလွန်ပဲအောင်မြင်မှုရရှိခဲ့ပြီး သူဟာလည်း တောင်ပိုင်းရုပ်ရှင်လောကမှာခေါင်းဆောင်မင်းသမီးတစ်ယောက်အဖြစ် ထင်ရှားနာမည်ရစေခဲ့တာဖြစ်ပါတယ်။ ဆွဲဆောင်မှုအပြည့်ရှိတဲ့ ချစ်စရာကောင်းတဲ့ဒီမိန်းကလေးဟာ ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်း (ရုပ်ရှင်လောက)မှာ သူ့ရဲ့ဆက်တိုက်ရလာတဲ့ အောင်မြင်မှုဟာ နှစ်ခြိုက်ဖွယ်ရာတောက်ပမှုတွေနဲ့အတူ အောက်ထစ်ဆုံးကနေအမြင့်ဆုံးအဆင့်ကို ရောက်သွားခဲ့ပါတယ်။ စွယ်စုံရသရုပ်ဆောင်လေး မီးရာဟာ Padam Onnu Oru Vilapam ဇာတ်ကားနဲ့ Kastooriman ဇာတ်ကားတွေမှာ နိုင်ငံတော်ကချီးမြှင့်တဲ့ သရုပ်ဆောင်ထူးချွန်ဆုကို ရရှိခဲ့ပါတယ်။

ဒါ့အပြင် သူ့ရဲ့ထူးချွန်ပြောင်မြောက်တဲ့ သရုပ်ဆောင်မှုဟာ Padam Onnu Oru Vilapam ဇာတ်ကားမှာ အကောင်းဆုံးသရုပ်ဆောင်အဖြစ် (National Award) အမျိုးသားဆုကိုလည်း ရရှိစေခဲ့ပါတယ်။ သရုပ်ဆောင်မှုအပိုင်းမှာ အလွန့်အလွန်အလားအလာရှိနေတဲ့အတွက် သူ့ရဲ့နောက်ဆုံးသရုပ်ဆောင်ထားတဲ့ Ayutha Ezhuthu ဇာတ်ကားမှာ သူ့ကို ချီးကျူးဝေဖန်သံတွေအများကြီးရရှိစေခဲ့ပါတယ်။

## မတားဆီးနိုင်သောအောင်မြင်မှု

အိန္ဒိယရဲ့ပြေးခုန်ပစ်အားကစားသမိုင်းမှာ ရှင်မြိုးတက်ကြွမှုအပြည့်ရှိတဲ့ ကီရာလက ကလေးမလေး 'အင်ဂျူဘိုဘီဂျော့'ရဲ့နာမည်ကို မဖော်ပြဘူးဆိုရင် ပြီးပြည့်စုံမှာမဟုတ်ပါဘူး။ အိုလံပစ်အားကစားလောကမှာ သူ့ရဲ့အံ့ဩစရာကောင်းတဲ့ကြိုးစားမှုက ဒီနှစ်ကျင်းပတဲ့ အေသင်အိုလံပစ် အားကစားပြိုင်ပွဲမှာ နိုင်ငံကိုယ်စားပြုဆုကို ထိုက်တန်စွာရယူနိုင်ခဲ့ပါတယ်။ အင်ဂျူဟာ တကယ်ပဲ အိန္ဒိယရဲ့ တောင်ပံတွေပါတဲ့ အလှကျက်သရေလေးပါပဲ။ ပါရီမှာကျင်းပတဲ့ ၂၀၀၃ ခု ကမ္ဘာ့အိုလံပစ်ချန်ပီယံရှစ် အလျားခုန်ပြိုင်ပွဲမှာ ကြေးတံဆိပ်ဆုကို ဆွတ်ခူးရယူနိုင်ခြင်းဖြင့် သူဟာ သမိုင်းတွင်ခဲ့သူဖြစ်ပါတယ်။ ဒီကြိုးစားအောင်မြင်မှုဟာ ကမ္ဘာ့ပြေးခုန်ပစ်တံခွန်စိုက်ပြိုင်ပွဲမှာ အိန္ဒိယအားကစားသမားတစ်ယောက်ရဲ့ပထမဆုံးအနေနဲ့ ဆုတံဆိပ်တစ်ခုကို ဆွတ်ခူးရယူနိုင်ခဲ့တဲ့အတွက် ထိုက်ထိုက်တန်တန် သူ့ကိုချီးမြှင့်ခဲ့တာဖြစ်ပါတယ်။ သူဟာ ၂၀၀၂ ခုနှစ် မန်ချက်စတာမှာကျင်းပတဲ့ ဓနသဟာယအားကစားပြိုင်ပွဲမှာ ကြေးတံဆိပ်တစ်ခုကို ဆွတ်ခူးရယူနိုင်ခဲ့တဲ့ ပထမဆုံးသောအိန္ဒိယအမျိုးသမီးဖြစ်လာခဲ့ပါတယ်။ သူဟာ ဘူဆန်အာဆီယံဂိမ်းမှာလည်း ရွှေတံဆိပ်ဆုတစ်ဆုကို ဆွတ်ခူးရယူနိုင်ခဲ့သူဖြစ်ပါတယ်။ သူဟာ ၂၀၀၃ ခုနှစ် အာဂျူနာ လေးစားဂုဏ်ပြုဆုကို လက်ခံရယူခဲ့ပြီး အေသင်အိုလံပစ်

အားကစားပြိုင်ပွဲမှာ အကောင်းဆုံးကစားနိုင်ခဲ့တဲ့အတွက် ကမ္ဘာ့နောက်ဆုံး လက်ရွေးစင်အဆင့်မှာ နံပါတ်ခြောက်နေရာကို ရောက်ရှိခဲ့ပါတယ်။

## ကိုယ့်ဒူးကိုယ်ချွန်

သမ္မာအာဇီဝဆု(Right Livelihood Award) ဒါမှမဟုတ် Green Noble လို့လည်းခေါ်တဲ့ လေးစားဂုဏ်ပြုဆုကို လက်ခံရရှိခဲ့သူ 'အီးလာဘတ်' ဟာ သိမ်သိမ်မွေ့မွေ့နဲ့ တော်လှန်ပြောင်းလဲတတ်သူဖြစ်ပြီး လူမှုရေးတွေကိုလည်း တက်တက်ကြွကြွနဲ့ လုပ်ဆောင်တတ်သူဖြစ်ပါတယ်။ သူဟာ ချမ်းသာကြွယ်ဝတဲ့မျိုးရိုးက ဆင်းသက်လာခဲ့သူဖြစ်သလို အလုပ်သမားတွေရဲ့ လူမှုရေးဥပဒေအရာရှိဟောင်းတစ်ယောက်လည်းဖြစ်ပါတယ်။ သူဟာ ကိုယ်ပိုင်အလုပ်လုပ်တတ်သော အမျိုးသမီးများအသင်း (SEWA) ကို ၁၉၇၂ ခုနှစ်မှာ ချမှတ်အကောင်အထည်ဖော်ခဲ့ပါတယ်။ သူဟာ အမတ်ဒဘတ်မှာ အထည်အလိပ်အလုပ်သမားအသင်းရဲ့ အမျိုးသမီးရေးရာအကြီးအကဲအဖြစ် လုပ်ခဲ့တုန်းက အဲဒီအထည်အလိပ်စက်ရုံမှာ လက်ရှိအနေအထားအရ အရည်အသွေးညံ့ဖျင်းတာကို အမျိုးသမီးတွေရင်ဆိုင်နေကြရတာကို ကောင်းကောင်းတွေ့မြင်ခဲ့ရပါတယ်။ ဒါကြောင့် သူဟာ အမျိုးသမီးတွေကို အကူအညီအဖြစ် စုပေါင်းအင်အားတစ်ရပ်အနေနဲ့ ကိုယ်ပိုင်လုပ်ငန်းရှင်အမျိုးသမီးအသင်းကို ဖွဲ့စည်းတည်ထောင်ပြီး ဖြေရှင်းခဲ့ပါတယ်။ ဒီအခြေအနေတွေကို ဖော်ထုတ်ချင်တဲ့အတွက် သူဟာ ၁၉၇၂ ခုနှစ်မှာ SEWA ကို တည်ထောင်ခဲ့ရတာဖြစ်ပါတယ်။ သုံးနှစ်အတွင်းမှာကိုပဲ SEWA ဟာ အဖွဲ့ဝင်ပေါင်း ၇၀၀၀ လောက်ဖြစ်လာခဲ့ပြီး အစိုးရနဲ့ကုန်သွယ်မှုအသင်းအဖြစ် တရားဝင်မှတ်ပုံတင်ခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်မှာတော့ အဲဒီအသင်းရဲ့ အဖွဲ့ဝင်အရေအတွက်ဟာ ၂၁၈၇၀၀ ထိ ရှိလာခဲ့ပြီး အိန္ဒိယမှာအကြီးမားဆုံးသော အသင်းအဖွဲ့အစည်းတစ်ခုဖြစ်လာခဲ့ပါတယ်။ အင်အားတွေကောင်းလာခဲ့တဲ့အတွက် အဲဒီ SEWA

ဟာ (အိန္ဒိယမှာ ဆားဖစ်လို့လည်း ခေါ်ဆိုပါတယ်) ကျန်းမာရေးနဲ့ကလေး မိခင်တွေရဲ့ဘဝစိုပြေရေးအတွက် လုပ်ငန်းစဉ်တွေ အများကြီးပေးဝေနိုင်ခဲ့ပါ တယ်။ ဒီအသင်းရဲ့ အကြီးမားဆုံးပူးပေါင်းဆောင်ရွက်နိုင်မှုအချက်တစ်ခုက တော့ ၁၉၄၇ ခုနှစ်မှာ ကိုယ်ပိုင်ဘဏ်တစ်ခု တည်ထောင်နိုင်လိုက်ခြင်းပဲဖြစ် ပါတယ်။ အဲဒီဘဏ်မှာ အမျိုးသမီးတွေဟာ မဆိုစလောက်သော ရှူးပီးငွေ တွေနဲ့ စတင်ငွေစုနိုင်ပြီး ဒါမှမဟုတ် မိမိတို့လုပ်ငန်းများကို အများကြီးချဲ့ထွင် နိုင်အောင် အသေးစားအနေနဲ့ ငွေများထုတ်ချေးယူနိုင်ပါတယ်။ ဘတ်ဟာ နောက်ထပ်ကြိုးစားရန်းကန်တာတွေရှိပါသေးတယ်။ အဲဒါက ဘာလဲဆိုတော့ တရားမျှတမှုနဲ့ ကိုယ်ပိုင်အလုပ်ရှင်အမျိုးသမီးများကို ပြည်တွင်းမှာရော နိုင်ငံတကာအသိုင်းအဝိုင်းမှာပါ သတိပြုလာအောင်လုပ်ခြင်းပဲဖြစ်ပါတယ်။ SEWAဟာ နိုင်ငံတကာအလုပ်အသင်းအဖွဲ့အစည်းကြီးတွေနဲ့လည်း အဆက် အသွယ်လုပ်ထားပါတယ်။ ဥပမာ- နိုင်ငံတကာစားကုန်သောက်ကုန်နှင့် ဆေးရွက်ကြီးကုမ္ပဏီကြီးတွေ ပြီးတော့ မဟာမိတ်နိုင်ငံများ စိုက်ပျိုးရေး အသင်း၊ ပြီးတော့ လယ်ယာစိုက်ပျိုးနှင့် မဟာမိတ်လုပ်သားများအသင်းတွေ ဖြစ်ကြပါတယ်။ ပြီးတော့ ဒီအဖွဲ့အစည်းဟာ အိမ်မှုအခြေခံအလုပ်သမားများ အသင်းရဲ့ အသိအမှတ်ပြုမှုနှင့် နိုင်ငံတကာအလုပ်သမားသမဂ္ဂ ILO ရဲ့ ကာကွယ်စောင့်ရှောက်မှုတွေအတွက် သဘောတူညီမှုရဖို့ ကြိုးစားလုပ်ဆောင် နေပါတယ်။

ဖော်ပြလိုက်တဲ့စာရင်းတွေ ရှည်လွန်းသွားပြီလို့ ထင်ပါတယ်။ ဒါပေ မယ့် အကြောင်းရင်းကတော့ ဒီလိုအလှမ်းဝေးနေတဲ့ အိန္ဒိယက ဝေအကြောင်း ကို သတိပြုမိဖို့ မလွယ်ဘူးဆိုတာပါပဲ။ ဒီကနေ့ အပြောင်းအလဲတိုးတက်မှု နှင်းဆီရောင်သန်းနေပြီး အမျိုးသမီးတွေဟာ မြန်မြန်ဆန်ဆန် သွက်သွက် လက်လက်နဲ့ ပြောင်းလဲမှုလမ်းမထဲရောက်လာကြပြီး၊ ယောကျ်ားတွေရောက်ရှိ နေကြတဲ့ သူတို့ကိုယ်သူတို့ စွမ်းနိုင်တယ်လို့ အမြဲတမ်းထင်နေခဲ့တဲ့ အုပ်ချုပ် ရေးမှူးရုံးခန်းထဲကို ရဲရဲရင့်ရင့်နဲ့ ဝင်လာနိုင်ကြပြီဆိုတဲ့အကြောင်းကို လွန်ခဲ့

သောလအနည်းငယ်ခန့်က စီအင်အင်က မှတ်တမ်းပြုသွားခဲ့ပါတယ်။

**ကိုးကား**

စီအင်အင်မဂ္ဂဇင်းမှ PROSENJIT BHATTACHARYA ရဲ့ INDIAN EVE CONQUERING BOARDROOM ကို ပြန်ဆိုပါတယ်။

အောင်ပြည့်လင်း(ALO)

သူတစ်ပါးကို အမှန်တရားနဲ့ လွဲမှားစွာ
လည့်ဆည့်လိုက်သည့်အခါ ကိုယ်လည်း
အမှန်တရားကို ရှင်းလင်းကြည်လင်စွာ သိမြင်ဖို့
နည်းနည်း ခက်ခဲနိုင်သည်။ လွဲသွားတတ်သည်။
ကြောက်ဖို့ကောင်းလှသည်။

# မိန်းမတံခွန်

## ခင်စိမ်းရွက်

မိန်းမတံခွန်ဆိုတာဘာလဲ။ အောင်နိုင်သူ၊ အလံထူနိုင်သောသူ။ အရှုံးမပေး၊ ရဲဝံ့သောသူလို့ အဓိပ္ပာယ်ပြန်ချင်ပါတယ်။ ရာဇဝင်ထဲမှာ များပြားလှသော အာဇာနည် အမျိုးသမီး များစွာ ရှိခဲ့ပါတယ်။ တကယ်ရှိခဲ့ပါတယ်။ ပုံပြင်မဟုတ်။ ဒဏ္ဍာရီမျှသာမဟုတ်။ ကျွန်မတို့ ဗမာအမျိုးသမီးများ အတုယူသင့်သော မိန်းမများကတော့ တော်လေးဝဝင် စံပြမိန်းမသားတို့ ဖြစ်ပါတယ်။ ပထမ ထိုအမျိုးသမီးများအကြောင်း ရေးသားပြီးမှ မိခင်စိတ်ကို ရေးသားပါမယ်။

မဟော်သဓနှင့်တကွ ဘုရားလောင်း ဘဝအဆက်ဆက် ပါရမီဖြည့်ခဲ့သော အမရာကိန္နရီ၊ မဒ္ဒီ၊ သမ္ဗုလ အစရှိသော အမျိုးသမီးများ၏ quality အရည်အသွေးကို ကြည့်ပါ။ လေ့လာပါ။ အမှန်တရားကို ဦးထိပ်ရွက်၍ သစ္စာရှိသောအခါ နောက်ဆက်တွဲဖြစ်လာသမျှဘဝတွင် ကောင်းကျိုးချမ်းသာတွေ့ရခြင်းနဲ့ ကြုံတွေ့ရပါတယ်။ လှပချောမောခြင်း၊ ဉာဏ်ထက်မြက်ခြင်း၊ အရည်အချင်းရှိခြင်း စသော ကောင်းခြင်း အဆက်ဆက်တွေ့ရမည်မှာ မလွဲပေ။ ပြဿနာနှင့် အခက်အခဲများ တွေ့ရကြုံရသော်လည်း ဖြေရှင်းတတ်ခြင်းနှင့် ကံ၊ ဉာဏ်၊ ဝီရိယအကျိုးကို ခံစားရမှာမလွဲပေ။

မြတ်စွာဘုရားလက်ထက်တော်က လယ်သမားလေးဟာ အရာရာကို အောင်နိုင်ခြင်းထက် စိတ်ကို အောင်နိုင်လို့ ဝမ်းမြောက်စွာနဲ့ ချောက်ကမ်းပါးထိပ်က နေ 'အောင်ပြီ'လို့ ကြွေးကြော်ပါတယ်။ ထို့အတူ ရဟန္တာအပေါင်းတို့သည် စိတ်ကိုအောင်နိုင်ခြင်းဖြင့် သုခချမ်းသာနိဗ္ဗာန်သို့ ရောက်ရှိနိုင်သွားကြပါသည်။ တန်ခိုးကြီးမားသော ရဟန္တာမများ ဗြာဒိတ်ပေးခံထားရသော ရဟန်းအမများ ရှိခဲ့သည်။ စိတ်ကိုအောင်နိုင်ခြင်းပင်သည် တံခွန်ကဲ့သို့ မော်ကြွားရဲရင့်စွာ နေထိုင်နိုင်ကြသည်။

ထို့ပြင် အမျိုးသမီးဆိုသည်မှာ တည်ကြည်သူဖြစ်ရမည်။ အဝတ်အစား အပြင်အဆင်နှင့် မဆိုင်ပါ။ စကာဒ်တိုဝတ်ထားသော်လည်း လင်ကို မဖောက်ပြန်သောသူ ဖြစ်နိုင်သည်။ ရင်ဖုံးအင်္ကျီနှင့် ထဘီ၊ ပဝါနှင့် ရည်းစားများသူလည်း အများပင်။ တည်ကြည်သည်ဆိုသည်မှာ စက္ခုဣန္ဒြေမှအစ စိတ်ထားလော်လည်ခြင်း ပြုပြင်ရမည်။ လမ်းမှားရောက်သွားသော အမျိုးသမီးများအတွက် အားနည်းချက်တစ်ခုမှာ ပြင်မရနိုင်သော အမှားများ၊ လမ်းကြောင်းတွေရှိသည်။ တိမ်းစောင်းချော်သွားအောင် ပြုလုပ်နိုင်သော အမှားများ ငယ်ရွယ်စဉ်ကပင် မလုပ်မိအောင် ရှောင်တိမ်းရမည်။ အသိဉာဏ်ရှိသော အမျိုးသမီးဖြစ်အောင် စဉ်းစားချင့်ချိန်ပြီး ဗဟုသုတလည်း ကြွယ်ဝရဦးမည်။ ဘေးပတ်ဝန်းကျင်က အမျိုးသမီးများထဲမှ နမူနာယူ။ လင်မယားအမြဲရန်ဖြစ်သူ၊ မကောင်းတာလုပ်စားသူ၊ လောင်းကစားဖြင့် ဘဝရှုံးသွားသူ၊ မဖြစ်ရအောင် ဉာဏ်ပညာဖြင့် စောင့်စည်းရမည်ဖြစ်သည်။

ကိုယ်ကျင့်သီလက ဒီနေရာမှာ အရေးပါလာသည်။ မသတ်၊ မခိုးသူများ အိမ်ထောင် သမီးရည်းစားကို မဖျက်ဆီးခြင်း၊ မလိမ်တတ်ခြင်းနှင့် မူးယစ်ဆေးဝါးနှင့်အရက် မသုံးစွဲခြင်း ကိုယ်ကျင့်သီလမပျက်ရန် အမြဲသတိနှင့် စောင့်ကြပ်ရမှ တော်ကာကျမည်။ အရက်နှင့် မူးယစ်ဆေးဝါးက တားမြစ်ထား၍ လွယ်ကူပါသည်။ သူများအသက်မသတ်ဖို့ရာ ဒေါသအကြီးအကျယ် မဖြစ်ဖို့အတွက် အသိဉာဏ်ဖြင့် ဆင်ခြင်ရန်ကောင်းသည်။ ဒေါသ

ဖြစ်လျှင် ဓားဖြင့်ခုတ်မည်၊ ဆဲဆိုမည်။ ကြမ်းတမ်းသော အပြုအမူကို ပြု မည်။ မဖြစ်သင့်သော အရာပင်ဖြစ်သည်။ သူများအတွက်လည်း မကောင်း၊ ကိုယ့်အတွက်လည်းမကောင်း၊ ထိုအပြုအမူမျိုး ရှောင်ရမည်။ ခိုးယူခြင်း ဆိုသည်မှာ သူများ ကိုယ်ပိုင် ဥစ္စာပစ္စည်းကို နေရာတောင်မရွှေ့ရဘူးဟု ကြားဖူးပါသည်။ တချို့အမျိုးသမီးများ ကံကောင်းသည်။ မွေးရာပါသည့် အရည်အချင်းလေးနှင့် မွေးဖွားလာကြသည်။ သူတစ်ပါးပစ္စည်းဆိုလျှင် လက် နှင့်တောင် မထိပါ။

တချို့လူများလင်ရှိမယားကို ဖောက်ပြန်မိလျှင် ဖောက်ပြန်မိသော မယားကို တရားဝင်ယူလိုက်ခြင်းအားဖြင့် အပြစ်မှကင်းလွတ်သွားသည်ဟု ယုံကြည်သည်။ အမှန်မှာ နှစ်ပေါင်းများစွာ အနစ်နာခံပေးဆပ်လာသော ဇနီးမယားမှာ ဘယ်သို့ခံစားရမည်။ ပူဆွေးရှာမည်။ အကုသိုလ်သာလုပ်မိခြင်း ဖြစ်သည်။ မှောက်မှားမိသော မိန်းကလေးကလည်း နားလည်ရမည်။ သူတစ်ပါး အိမ်ထောင်ကို မဖြိုခွဲရ။ ဗမာအမျိုးသမီးများ သတိထားသင့် သည်မှာ ဒီတစ်ချက်ကို အထူးဂရုစိုက်သင့်သည်။ ကလေးတွေပါရှိလျှင် စိတ်တွင် အနာတရဖြစ်သွားမည်။ အဖေကို တစ်သက်လုံးမုန်းသွားနိုင်သည့် ဘေးထွက်ဆိုးကျိုးတွေရှိသည်။ သင်သုံးသင့်သော medicine မဟုတ်ပါ။ ဒုတိယအချက်၊ ဒါပေသည့် အရေးကြီးသည့် ပညာမှာ မလိမ်ညာတတ်ခြင်း ပင် ဖြစ်သည်။ လိမ်ညာသည်ဆိုသည်မှာ အမှန်တရားကို သူတစ်ပါးအား လှည့်စားလိုက်ခြင်းပင်ဖြစ်သည်။ သူများ ဒုက္ခရောက်စေနိုင်သည့် အကျိုး အတွက် ဆို ပိုလို့ အပြစ်ကြီးမည်ဟု ထင်သည်။ ကျွန်မဆို ပါးစပ်မှ အမှတ်တမဲ့ ထွက်တတ်သည်။ ကိုယ်အပြစ်လွတ်အောင် နားထောင်ကောင်း အောင် ပြောတတ်သည်။ ဤသည်ကို မှန်တယ်လို့မထင်ပါ။ ကျွန်မ အကျင့် လေးပြင်ချင်၏။ သူတစ်ပါးကို အမှန်တရားနဲ့ လွဲမှားစွာ လည်ဆည်လိုက် သည့်အခါ ကိုယ်လည်း အမှန်တရားကို ရှင်းလင်းကြည်လင်စွာ သိမြင်ဖို့ နည်းနည်း ခက်ခဲနိုင်သည်။ လွဲသွားတတ်သည်။ ကြောက်ဖို့ကောင်းလှ

သည်။

သင်တို့ The hunger games ဖတ်ဖူးကြပါသလား။ အစအဆုံး လက်မှ မချနိုင်သော ဝတ္ထုဆွဲဆောင်မှုအားကောင်းလှသည်။ ဖိနှိပ်ခံထားရသော အမျိုးသမီးတစ်ယောက်၏ ဘဝရင်ဆိုင်မှုတိုက်ပွဲကို အစအဆုံး မြင်တွေ့ရမည်။ သူ့ရဲ့ကဏ္ဍက ဘာလဲ၊ သူ့ရဲ့ စိတ်ထားက ဘယ်လိုလဲ၊ အနီးအနားပတ်ဝန်းကျင်က တစ်ယောက်ချင်းဇာတ်ကောင်ကို ဖွဲ့စည်းထားသည်။ သင်ဘယ်လိုလူလဲ၊ ပေးဆပ်ရတာတွေ များသလောက် နောင်လာနောင်သားအတွက် ကောင်းမွန်သော ဘဝကို ဖန်တီးပေးခဲ့သည်။ အရေးအကြောင်းကြုံတွေ့ရသော မိန်းမတို့၏ ဖြောင့်မတ်သော ရဲစွမ်းသတ္တိသည် အကျိုးများစွာဖြစ်စေသည်။ သင်၏ ကလေးငယ်အတွက် ဘာကိုလုပ်မည်နည်း။ အသက်စွန့် ကာကွယ်စောင့်ရှောက်မည့်သူလား၊ မေတ္တာဖြင့် အောင်နိုင်မယ့်သူလား၊ လူယဉ်ကျေးမှုနှင့် ထိန်းသိမ်းကာကွယ်မှာလား၊ ကလေးငယ်ကို ပြန်စားသည့် တိရစ္ဆာန်လို လူမျိုးမဖြစ်သင့်။ ကမ္ဘာမီးသင့်လို့ သားကောင်ချနင်းသည်ဟူသော စကားပုံသည် မိခင်တိုင်းကို မဆိုလို။ ဗမာမိန်းကလေးများကို ကျွန်မမေးချင်သည်မှာ သင်ဘယ်လိုမိခင်လဲ၊ ရွေးချယ်လို့ရသည်။

နိုင်ငံတကာ သမိုင်းထဲမှ အရေးပါအရာရောက်သော အမျိုးသမီးများထဲတွင် Queen Isabella of Spain (1893) ပြည်တွင်းစစ်ကို အဆုံးသတ်ခဲ့ပြီး နာမည်ရ Cristopher Columbus ကို မြေတောင်မြှောက်ပေးခဲ့သူဖြစ်သည်။ Cristopher Columbus သည် ကမ္ဘာ့အနှံ့ခရီးဆန့်၍ ဥရောပမှ America ကို ရှာဖွေတွေ့ရှိသွားသည်။ Hilary Clinton လို တော်သောအမျိုးသမီးတွေလည်းရှိသည်။ စိတ်ထားမှန်၍ တည်ကြည်အေးဆေးသူများလည်း ရှိသည်။ အဓိကအချက်ကတော့ ရင်ထဲမှာ အေးဆေးဖို့ပဲ လိုသည်။ အေးဆေးငြိမ်းချမ်းနေသောအခါ ဘဝလည်း အေးဆေးငြိမ်းချမ်းချမ်းသာ ကျန်းမာဘေးကင်းမည်ဟု ယုံကြည်ပါသည်။

လူသားအားလုံးမပူလောင်လျှင် စစ်ပွဲတွေလည်း မရှိတော့ပါ။

ထို့ကြောင့် မိန်းမသားတွေဟာ သူတို့ရဲ့ တာဝန်အသီးသီးထမ်းဆောင်ပြီး ငြိမ်းအေးသောဘဝကိုရောက်ရှိအောင် စိတ်ကို အေးချမ်းပျော်ရွှင်အောင်ထားကြလျှင် ကျွန်မတို့၏ လူ့လောကကြီးသည်လည်း တစ်နည်းတစ်ဖုံ ပြည့်စုံသာယာလာမည်ဖြစ်ပါသည်။

ခင်စိမ်းရွှက်

အိမ်ရှင်မရဲ့စီမံခန့်ခွဲအုပ်ချုပ်မှုက
အိမ်ရဲ့အရှင်သခင်မ ဆိုတဲ့
အဓိပ္ပါယ်မျိုးမဟုတ်ဘဲ
မိသားစုအပေါ်မှာ မေတ္တာ၊ ကရုဏာ၊
မုဒိတာတရားတွေနဲ့
ပြုံးရွှင်နှစ်လိုစွာ စီမံအုပ်ချုပ်တာပါ။

# မိန်းမတံခွန် လူရည်မွန်

**ရွှေစကား**

သားတို့သမီးတို့ရေ..

ဒီတစ်ပတ်တော့ 'မိန်းမတံခွန် လူရည်မွန်' ဆိုတဲ့ ခေါင်းစဉ်လေး ပြောကြမယ်နော်။ ဟိုရှေ့တစ်ပတ်ကျော်မှာက 'ယောကျ်ားတံခွန် လူရည်ချွန်' ဆိုတဲ့ ခေါင်းစဉ်နဲ့ ပြောပြီးသွားပြီလေ။

လောကမှာ သတ္တဝါရယ်လို့ဖြစ်လာတဲ့အခါ လိင်ခွဲခြားမှုအရသာ ဖိုရယ်၊ မရယ်၊ ယောကျ်ားရယ်၊ မိန်းမရယ် ဆိုပြီး ကွဲပြားခွဲခြားထားကြ ပေမယ့် အားလုံးဟာ လူချင်းအတူတူပါပဲ။ လူဆိုတော့ လူလိုတွေးမယ်၊ လူလိုပြောမယ်၊ လူလိုကျင့်ကြံနေထိုင်ကြတာပေါ့။ အခြေခံအသိနဲ့ တွေးကြံ ပြောဆိုနေထိုင်ရင်တော့ 'လူပီသတဲ့လူ' ပေါ့။ အဲဒါထက်ပိုပြီး သာလွန် မြင့်မြတ်တဲ့ အတွေးအကြံ၊ အပြုအမူကျင့်သုံးမှုမျိုး ရှိလာခဲ့ရင်တော့ အဲဒါကို ထူချွန်တယ်၊ ထက်မြက်တယ်၊ တံခွန်ထူနိုင်တယ်လို့ ဆိုရမှာ။

ဆရာမသဘောပြောရရင်တော့ ယောကျ်ားရယ်၊ မိန်းမရယ် ခွဲခြား မပြောချင်ပါဘူး။ လူချင်းအတူတူပဲ။ 'လူသားတံခွန်' လို့ပဲ ပြောချင်တယ်။

ဟုတ်တယ်။ စကားပြောကြတဲ့အခါ 'လူတစ်ယောက်လာတယ်' ဆိုရင် အားလုံးရဲ့အသိမှာ ယောကျ်ားတစ်ယောက်ကိုမြင်လိုက်ပြီး လာတဲ့သူဟာ မိန်းမဖြစ်နေရင်တော့ 'မိန်းမတစ်ယောက်လာတယ်'လို့ သုံးနှုန်းတတ်ကြတာ သတိထားမိလား။ တကယ်ဆို လူတစ်ယောက်လာတယ်ဆိုရင် မိန်းမလား၊ ယောကျ်ားလား လို့ မေးရမှာမဟုတ်လား။

ဆရာမ ခုပြောမှာက တံခွန်ထူနိုင်လောက်အောင် ထင်ရှားကျော်ကြားတဲ့ ထက်မြက်ထူးချွန်တဲ့ မိန်းမတွေအကြောင်း၊ အမျိုးသမီးတွေအကြောင်းကို ပြောမှာလေ။ ပြောစရာတွေတော့ အများကြီးပေါ့။ ဒါပေမယ့် အခုတော့ ဆရာမတွေးမိတာလေးကိုပဲ ပြောချင်တယ်။

ဆရာမတွေးမိတာက 'မိန်းမ' ဘယ်လိုမိန်းမလဲ။ 'မိန်းမတံခွန်'။

ဟုတ်ပြီ။ အများထက် သာလွန်ထူးချွန်တဲ့သူပေါ့။ အဲဒါဆို ဘယ်လိုသဘောလဲ။ ဘာကြောင့် သာလွန်တယ်ပြောနိုင်သလဲ။ ဘယ်အချက်တွေကို ကြည့်ပြီးပြောမှာလဲ။ ဘယ်လိုအရည်အသွေးတွေနဲ့ ပြည့်စုံနေလို့လဲဆိုတာကို စူးစမ်းရှာဖွေစေချင်တယ်။ အကဲဖြတ်စေချင်တယ်။ ဒါကြောင့် ဆရာမက အဲဒီလိုစဉ်းစားပြီး အချက်အလက်တွေကို ဖော်ထုတ်ပြချင်တာပါ။

'ပါပသမိံ ရမတိမနော' လူ့သဘာဝက မကောင်းမှုမှာ မွေ့လျော်တတ်တယ်တဲ့။ ဒါ ဘုရားဟောနော်။ အဲဒီလိုပဲ ကောင်းတာနဲ့ မကောင်းတာဆိုရင် မကောင်းတာကိုမှ လုပ်ချင်တတ်ကြတယ်လေ။ အဲဒီတော့ လုပ်သင့်တာကို လုပ်သင့်တဲ့အချိန်မှာ လုပ်သင့်သလောက်လုပ်တယ်ဆိုတဲ့လူနဲ့ လုပ်သင့်တဲ့ အလုပ်ကို အချိန်ပေးပြီး ကောင်းကောင်းအာရုံစိုက်လုပ်တယ်ဆိုတဲ့လူ ဘယ်သူ့ကို ပိုတော်တယ်ပြောမလဲ။ အာရုံစိုက်ပြီးလုပ်တဲ့သူကို ပိုတော်တယ်ပြောမှာ။ အဲဒါ သူ့စိတ်ကိုသူနိုင်တာလေ။ အဲဒါ အဖြေပဲပေါ့။ ဒါကြောင့် ကိုယ့်စိတ်ကို နိုင်ရမယ်။

ကိုယ့်စိတ်ကိုနိုင်ပြီဆိုရင် ကိုယ့်ရဲ့ကိုယ်ကျင့်တရားကိုလည်း ထိန်းချုပ်လို့ရပါပြီ။ စောင့်စည်းအပ်သော သီလနဲ့ထိန်းမယ်။ သီလရှိတဲ့သူဟာ ရိုးသားဖြောင့်မတ်မှုရှိမယ်၊ မှန်ကန်မှုရှိမယ်။ အဲဒါဆိုရင် တစ်ပါးသူတွေအပေါ်မှာ

ကိုယ်နဲ့ထပ်တူဆိုတဲ့ ကိုယ်ချင်းစာနာစိတ်လည်းရှိသွားမယ်။

အဲဒီတော့ အခွင့်အရေးမှန်သမျှ ကိုယ်တစ်ဦးတည်း မယူတော့ဘဲ မျှဝေမှုဆိုတဲ့ သာတူညီမျှစိတ်ရှိလာမယ်။ ကိုယ့်မှာရှိတာ မျှဝေမယ်။ ရလာတဲ့ အခွင့်အရေးကို တစ်ဦးတည်း မခံစားဘူး။ စာနာစိတ်နဲ့ ပေးကမ်းမယ်။ ထောက်ပံ့မယ်။

အဲဒီအခါမှာ အသိုက်အဝန်းအတွင်းမှာ ညီညွတ်လာမယ်။ စည်းလုံးလာမယ်။ ခိုက်ရန်ဒေါသမရှိဘူး။ အချင်းချင်းသံသယဆိုတာ မရှိဘူး။ တိုက်ပွဲမရှိဘူး။

တစ်ဦးကိုတစ်ဦးက ယုံကြည်တယ်။ အချင်းချင်း အပြန်အလှန် အားပြုကြမယ်။ သူ့ကြောင့် ကိုယ်ချမ်းသာရသလို ကိုယ့်ကြောင့် သူ အဆင်ပြေတယ်ဆိုတဲ့ အသိတွေ၊ ယုံကြည်မှုတွေက အချင်းချင်းရင်ထဲ ကိန်းအောင်းလာကြမယ်။ အပြန်အလှန်လေးစားမှု၊ ချစ်ကြည်မှုတွေ ဖြစ်လာမယ်။ အဲဒီညီညွတ်မှု၊ စည်းလုံးမှု၊ လေးစားချစ်ကြည်မှုဟာ လူ့အသိုင်းအဝိုင်း အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ငြိမ်းချမ်းမှုတွေပဲပေါ့။

'ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေး' နဲ့ တစ်ကမ္ဘာလုံးမှာရှိတဲ့ လူသားတွေ ပြောခဲ့ကြ၊ ပြောနေကြဆဲဖြစ်တယ်။ အဲဒီငြိမ်းချမ်းရေးကို ဘယ်ကရမှာလဲ။ ဘယ်သူကပေးမှာလဲ။ ဘယ်မှာဝယ်ရမလဲ။ ဘာနဲ့လုပ်ကြမလဲ။ ဘယ်မှာ တောင်းရမှာလဲ။ ဘယ်လိုတီထွင်ဖန်တီးရမလဲ။

တကယ်တော့ ငြိမ်းချမ်းရေးဆိုတာက ဝယ်လို့မရ၊ တောင်းလို့မရ၊ တိုက်လို့မရ၊ ပေးလို့မရ၊ လုယူလို့မရ၊ တီထွင်ဖန်တီးယူလို့မရတဲ့အရာပါ။ လုပ်လို့ရတာ တစ်ခုပဲရှိတယ်။

သတ္တဝါတွေမှာ အသိဉာဏ်အသာဆုံးပါဆိုတဲ့လူက သာ လုပ်နိုင်တာ ပါ။ တစ်ဦးချင်းစီကစပြီးတော့လေ။

ကိုယ့်ရဲ့ခန္ဓာထဲမှာ ရှိနေတဲ့ စိတ်ကို အေးချမ်းအောင်၊ အသိမှန်အောင်၊ အတွေးမှန်၊ အပြောမှန် အကျင့်မှန်အောင် အရင်ဦးဆုံး လေ့ကျင့်ပြောင်းလဲ ပစ်လိုက်။ လေ့ကျင့်မှုထက်မြက်ရင် ထက်မြက်သလောက် အဲဒီလူတစ်ဦးချင်း

စီရဲ့စိတ်တွေ၊ နေရာမှန်လာ၊ အေးချမ်းလာပါလိမ့်မယ်။

တစ်ဦးချင်းကစပြီး တစ်ရာ၊ တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်း၊ တစ်သန်း၊ တစ်ကုဋေ၊ သန်း ခုနစ်ထောင်အထိပေါ့။ မှန်လာပြီဆိုရင် ငြိမ်းချမ်းမှုအသီးသီးရလာပြီပေါ့။ စောစောကပြောခဲ့တဲ့ ဆန့်ကျင်ဘက်တရားတွေနဲ့ အဝေးကြီးဝေးလာခဲ့ပြီ။ အေးချမ်းခြင်း၊ ငြိမ်သက်ခြင်း၊ ညီညွတ်ခြင်း၊ မျှတခြင်းတွေရနေမှတော့ 'ငြိမ်းချမ်းမှု' ဆိုတာ ဘယ်မှာမှရှာနေစရာမလိုဘဲ လက်တွေ့ရနေရောက်နေပါပြီ။

အဲဒီအခါမှာ အလိုကြီးတဲ့ လောဘဆိုတာလည်း ဘယ်သူ့မှာမှမရှိတော့ဘူး။ အဲဒီတော့ ငါက သူ့ထက်ပိုလှတယ်။ ပိုတော်တယ်။ ပိုချမ်းသာတယ်။ ပိုရာထူးကြီးတယ်။ ပိုရှာနိုင်တယ်။ ငါ့အိမ်က၊ ငါ့ကားက၊ ငါ့ယောက်ျားက၊ ငါ့သားသမီးက၊ ငါ့ပိုင်ဆိုင်မှုက၊ ငါ့လုပ်ငန်းက၊ ငါ့လူမျိုးက၊ ငါ့နိုင်ငံက ဆိုတဲ့ ယှဉ်ပြိုင်လိုတဲ့စိတ်၊ ပိုင်ဆိုင်မှုအားကြီးတဲ့ လောဘတွေ မရှိတော့ဘူးလေ။ အဲဒါတွေမရှိတော့ အချင်းချင်းဝန်တိုခြင်း ဆိုတဲ့ မစ္ဆရိယစိတ်၊ အနိုင်အထက် ပြောချင်လုပ်ချင်စိတ်၊ ကိုယ်ပဲအရေးပါတယ်ဆိုတဲ့ အတ္တလွန်ကဲစိတ်တွေ မရှိတော့ဘူးပေါ့။

ကိုယ့်စိတ်ကို ကိုယ်တိုင်က နိုင်နေမှတော့ မလိုလားအပ်တဲ့ မထားရှိအပ်တဲ့ စိတ်ထားအပြုအမူတွေ မရှိတော့ဘူးပေါ့။ အဲဒီလူလောက် ငြိမ်းချမ်းတာရှိနိုင်ပါ့မလား။ သူက သူ့စိတ်ကိုဘယ်လိုပြုပြင်ရမယ်ဆိုတဲ့ ဉာဏ်ပညာရှိတယ်လေ။ 'အမောဟ' ပေါ့။

အဲဒီတော့ လူတစ်ယောက်ရဲ့ အေးငြိမ်းချမ်းသာမှုရဖို့ အဓိက ဘာတွေလိုအပ်သလဲဆိုတဲ့ အခြေခံအချက်တွေ ပြောခဲ့ပြီနော်။ မိန်းမဟာလည်း လူပဲမို့ မိန်းမတစ်ယောက်ရဲ့ဘဝ အေးငြိမ်းချမ်းသာဖို့ လိုအပ်တဲ့ အခြေခံအချက်တွေဟာလည်း အတူတူပါပဲ။ အဲဒီလို အခြေခံအချက်တွေပြည့်စုံနေတဲ့ မိန်းမတစ်ယောက်ဟာ 'ဘယ်နိုင်ငံ'၊ 'ဘယ်လူမျိုး'၊ 'ဘယ်ဘာသာဝင်'ပဲ ဖြစ်ဖြစ်၊ ဆင်းရဲချမ်းသာ၊ ရုပ်ဆိုး၊ ရုပ်ချော၊ ဘယ်လိုပဲ ကွဲပြားပါစေ။ 'လူကောင်းတစ်ယောက်၊ မိန်းမကောင်းတစ်ယောက်' ပါပဲ။

စာပေခရီးသွားများ

အဲဒီအခြေခံအချက်တွေထက်ပိုပြီး ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်တည့်မတ်နိုင်သူ၊ ခေတ်ပညာတတ်၊ အကြားအမြင်သုတများ၊ အတွေ့အကြုံများ၊ ကိုယ်ကိုယ်တိုင် လေ့ကျင့်ပျိုးထောင်မှု စနစ်ကျ၊ ကိုယ့်မိသားစု၊ ပတ်ဝန်းကျင်ကို ကောင်းစွာစောင့်ရှောက်မှုပေးနိုင်၊ လမ်းညွှန်မှုပေးနိုင်မယ်။ မျှတညီညွတ်ငြိမ်းချမ်းမှုပေးနိုင်မယ်။ အပြန်အလှန်ယုံကြည်မှု၊ လေးစားမှု၊ အားထားမှုတွေဖြစ်အောင်စွမ်းဆောင်နိုင်တဲ့သူဆိုရင်တော့ အဲဒီလိုမိန်းမမျိုးဟာ 'မိန်းမတာခွန်' လို့ ဆရာမ ပြောချင်တယ်။

ဟုတ်တယ်လေ။ သူက ထူးချွန် ထက်မြက်တဲ့ အတွေးအကြံ၊ အပြုအမူတွေ၊ အရည်အသွေးတွေပြည့်ဝနေတော့ အများထက် ခေါင်းတစ်လုံးမကတော့ သာနေမှာပဲပေါ့။ ဒီလောက်ဆို ရင်တော့ 'မိန်းမတာခွန် လူရည်မွန်' ဆိုတဲ့စကားကို ရှင်းလောက်ပါပြီနော်။

မိန်းမတွေရဲ့ နှလုံးသားနူးညံ့မှုနဲ့ တစ်ဖက်သားတွေအပေါ် ငဲ့ညှာတတ်မှု၊ ခွင့်လွှတ်သည်းခံမှု၊ စွန့်လွှတ်နိုင်မှုတွေက ထူးချွန်ထက်မြက်ပါတယ်ဆိုတဲ့ စကားလုံးနဲ့တင် မလုံလောက်တော့ဘူး။ ဒါကြောင့် ဆရာမက 'မိန်းမတာခွန် လူရည်မွန်' လို့ 'မွန်မြတ်တင့်တယ်မှု'၊ 'တန်ဖိုးမဖြတ်နိုင်မှု' ကို ကိုယ်စားပြုချင်လို့ 'မွန်' ဆိုတဲ့စကားလုံးကို သုံးလိုက်တာပါ။

ကဲ- ဆရာမရဲ့စာကို ဆရာတော်ကြီးတစ်ပါးရဲ့ တရားလေးတစ်ပုဒ်နဲ့ နိဂုံးချုပ်လိုက်မယ်နော်။ တရားဆိုလို့ ပျင်းမသွားပါနဲ့ဦး။ ပြုံးချင်စရာလေးမို့ မင်းတို့ စိတ်ဝင်စားမှာပါ။ ဆရာတော်ကြီးက ယောကျ်ားပေမယ့် မိန်းမတွေရဲ့ အရည်အသွေးကို အထင်မသေးတတ်ဘူး။ ဉာဏ်ပညာအမြော်အမြင်ရှိပြီး မျှတတဲ့ စာနာစိတ်ရှိတဲ့ ယောကျ်ားတွေဟာ မိန်းမတွေကို အထင်ကြီးတတ်ကြပါတယ်။ တကယ်တော့ ဆရာတော်ကြီးကလည်း ဘက်လိုက်ရာလည်း မရောက်အောင်၊ အမှန်တရားကိုလည်း ထင်ရှားစေအောင် ရယ်မြူးပေါ့ပါး မိန့်ကြားလိုက်ပုံကလေးက တစ်သက်မမေ့စရာကောင်းသလို မိန်းမတွေရဲ့ 'အား'၊ 'အစွမ်း'၊ 'အရည်အချင်း'၊ 'အခွင့်အခါသိမှု'၊ 'အမြော်အမြင်ရှိမှု'၊ 'ကြံရည်ဖန်ရည်' နဲ့ 'အားထုတ်နိုင်စွမ်းရှိမှု' တွေကို ချက်ကနဲ ဖော်ပြလိုက်

သလိုပါပဲ။

နတ်လူသတ္တဝါတို့- တရားရှာကျင့်ကြံပွားများရာမှာ ဆန့်ကျင်ဘက် လိုင်ကို ရှောင်ခွာနိုင်မှ တရားရနိုင်မယ်။ ယောကျ်ားကလည်း မိန်းမကို ရှောင်ခွာနိုင်ရမယ်။ မိန်းမကလည်း ယောကျ်ားကို ရှောင်ခွာနိုင်ရမယ်။ အဲဒီလို ရှောင်ခွာနိုင်ဖို့ဆိုတာ အပြစ်ကိုသိမှ၊ အပြစ်ကိုမြင်မှ မကောင်းမှန်း သိမယ်။ အပြစ်ကိုမြင်အောင်ကြည့်နိုင်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မိန်းမ တွေရဲ့အပြစ်ကို ဟောပြောပြတယ်လေ။ ဒကာကြီးများ တရားရစေဖို့ပေါ့။ တကယ်တမ်း သီလ၊ သမာဓိ၊ ဉာဏ်ပညာရှိတယ်ဆိုတဲ့ ပုဂ္ဂိုလ်များဟာ ဘယ်သူ့ဘက်ကိုမှ ဘက်လိုက်တယ်ဆိုတာ မရှိပါဘူး။

ကဲ- ဆရာတော်ကြီးရဲ့ ဟောကြားပုံလေး ကြည့်ပါဦး။

"ဒကာကြီး"

"ဘုရား"

"တရားရဖို့အတွက် မိန်းမတွေကို ရှောင်ရမယ်မဟုတ်လား"

"မှန်ပါဘုရား"

"အေး - ဒါဆို မိန်းမတွေရဲ့အပြစ်ကို သိမှဖြစ်မယ်၊ မြင်အောင်ကြည့်··ကွဲ့"

"ကြည့်ပါပြီဘုရား"

"မြင်လား"

"မြင်ပါပြီဘုရား"

"အေး - ကောင်းသလား"

"မကောင်းပါဘုရား"

"ဒါဆို ဘာလုပ်မလဲ"

"သူတို့ကို ဖောင်ပေါ်တင် ရေမျှောပစ်လိုက်မယ်ဘုရား"

"ဟေ - အဲဒါဆို တင်ကွာ"

"တင်ပါပြီဘုရား"

"အကုန်တင်"

"အကုန်တင်ပါပြီဘုရား"

"အားလုံးရောက်သွားပြီလား"

"ရောက်သွားပါပြီဘုရား"

"အေး - အေး"

"ဖောင်ကြိုးဖြုတ်လိုက်တော့မယ်ဘုရား"

"ဟဲ့ - ဟဲ့ ဒကာရဲ့ နေပါဦး"

"ဘာလုပ်မလို့ပါလဲဘုရား"

"ဟ - ဒကာမတွေအကုန် ဖောင်ပေါ်ရောက်ပြီဆိုမှတော့ ဘုန်းကြီးလည်း လိုက်သွားမှဖြစ်တော့မပေါ့"

"ဟင် - ဆရာတော်က ဘာလို့လိုက်မှာပါလဲဘုရား"

"ဟဲ့ - ဒကာမတွေနဲ့ လိုက်သွားမှ ငါ့အတွက် ဆွမ်းကွမ်းပြည့်စုံတော့မပေါ့။ နင်တို့နဲ့သာနေခဲ့ရင် ငါတော့ ငပိဖုတ်တောင် နပ်မှန်မှာမဟုတ်ဘူးဟဲ့" လို့ ပြောသတဲ့။

ရယ်မြူးစရာတရားလေးတစ်ပုဒ်ဆိုပေမယ့် အားလုံးဟာ သူ့အစွမ်းနဲ့၊ သူ့ သတ္တိနဲ့ သူ့အရည်အသွေးနဲ့သူရှိပြီးသားဆိုတာကို ဆရာတော်ကြီးက မှတ်သားစရာလည်းပါ၊ ရယ်မောရင်းနဲ့ သတိပြုမိအောင် ဟောပြောသွားတာ ဘယ်လောက်နမူနာယူဖို့ ကောင်းသလဲ။

တကယ်တော့ မီးဖိုချောင်ထဲက မိန်းမတစ်ယောက်ရဲ့ အရည်အသွေးဟာ မိသားစုထမင်းစားရုံလောက်သာ အသုံးကျတာမဟုတ်ပါဘူး။ 'အိမ်ရှင်မ' ဆိုတဲ့ အသုံးအနှုန်းဟာ ဒီအိမ်ရဲ့ 'စိုးပိုင်မှု၊ အုပ်ချုပ်မှုကို တာဝန်ယူထားသူ'၊ 'စီမံခန့်ခွဲသူ'လို့ အဓိပ္ပါယ်ရပါတယ်။

သူက အိမ်ထောင်မိသားစုကို စီမံခန့်ခွဲ အုပ်ချုပ်တဲ့အခါမှာ အိမ်ထောင်ဦးစီးဆိုတဲ့ ယောကျ်ားတစ်ဦးလို အုပ်ချုပ်ပုံ၊ စီမံပုံမျိုးမဟုတ်ပါဘူး။ အိမ်ရှင်မရဲ့စီမံခန့်ခွဲအုပ်ချုပ်မှုက အိမ်ရဲ့အရှင်သခင်မ ဆိုတဲ့ အဓိပ္ပါယ်မျိုးမဟုတ်ဘဲ မိသားစုအပေါ်မှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားတွေနဲ့ ပြုံးရွှင်နှစ်လိုစွာ စီမံအုပ်ချုပ်တာပါ။

မေတ္တာဆိုတာက တစ်ဖက်သားအပေါ်မှာ အေးချမ်းကြည်လင်စွာ ချစ်ခင်နှစ်သက်ခြင်း။ ကရုဏာဆိုတာက ကိုယ့်ထက်ငယ်ရွယ်သူ၊ အင်အားနည်းသူ၊ နိမ့်ကျသူတွေကို စာနာငဲ့ညှာတတ်၊ သနားတတ်ခြင်း၊ ကူညီဖေးမတတ်ခြင်း။ မုဒိတာဆိုတာက ကိုယ့်ထက်အရာရာမှာ သာလွန်သူတွေအပေါ်မှာ ဝန်တိုခြင်းမရှိ၊ ဝမ်းသာကြည်နူးစိတ်မျိုးနဲ့ ဂုဏ်ယူပေးတတ်ခြင်း ဆိုတဲ့ မြင့်မားမွန်မြတ်လှတဲ့ စိတ်ဓာတ်မျိုးဆိုတာတော့ သိကြရဲ့မဟုတ်လား။

အဲဒီလိုမျိုးစိတ်ထားတွေနဲ့ ပြည့်ဝနေတဲ့ အိမ်ရှင်မတစ်ယောက်၊ မိန်းမတစ်ယောက်ရဲ့အရည်အသွေးမျိုးကို ပညာရှိသူတော်ကောင်းတွေက သိတတ်၊ မြင်တတ်ကြပါတယ်။ ဆရာတော်ကြီးဟောလိုက်တာကလည်း ဟာသလေးနှောပြီး ပြောတယ်ဆိုပေမယ့် ဒီသဘောပါပဲ။

ကဲ - ဉာဏ်ပညာကြီးမားသော သားတို့သမီးတို့ 'မိန်းမတံခွန်လူရည်မွန်' ဆိုတဲ့ အဓိပ္ပာယ်ကို သဘောပေါက်လောက်ပြီ ထင်တယ်နော်။

ကိုယ်ရောစိတ်ပါ ကျန်းမာရွှင်လန်းကြပါစေ။
သားတို့သမီးတို့ရဲ့ဆရာမ
**ရွှေစကား**

# ထုတ်ဝေပြီးစာအုပ်များ

| | | |
|---|---|---|
| ၁။ | ဆရာတို့ကိုသာ…လွမ်း | ချစ်ဦးညို |
| ၂။ | တစ်ခိုင်နှစ်ခိုင် နှင်းပန်းခိုင် | ခင်ဆွေဦး |
| ၃။ | ကိုယ်ပိုင်လား အငှားလား ကိုယ်တိုင်တည်ဆောက်ယူမှာလား | စာရေးဆရာများ |
| ၄။ | ကိုယ်တိုင်တည်ဆောက်သူများ | စာရေးဆရာများ |
| ၅။ | ကိုယ်တိုင်တည်ဆောက်သူရဲ့ ခရီးလည်ပြန် | စာရေးဆရာများ |
| ၆။ | ဆယ်စုခေတ်တစ်နှစ်ခွန်း မန်းသကြြန် | ဝင်းဦး |
| ၇။ | လူငယ်တွေကဦးဆောင်ရမှာဖြစ်တယ် ကိုယ့်နေရာကိုယ်နေ ကိုယ့်အလုပ်ကိုယ်လုပ်နှင့်… | လူထုစိန်ဝင်း |
| ၈။ | သမီးလေးတို့အရေးဝိုင်းဝန်းတွေးဆပေးကြပါ | စာရေးဆရာများ |
| ၉။ | ရောက်တဲ့နေရာမှာရပ်နေမှာလား | စာရေးဆရာများ |
| ၁၀။ | မြပဝါ | ခင်ဆွေဦး |
| ၁၁။ | အောင်မြင်မှုဆီသို့ | ဒေါက်တာခင်မောင်ညို |
| ၁၂။ | ကိုယ်ပိုင်လား အငှားလား ကိုယ်တိုင်တည်ဆောက်ယူမှာလား(ဒုတိယတွဲ) | စာရေးဆရာများ |
| ၁၃။ | မလေးရောက်တဲ့ကလေးတစ်ယောက် | ရွှေကူမေနှင်း |
| ၁၄။ | ဒေါသကိုပယ်မေတ္တာနှယ် | သကျနွယ်(ရွှေပင်လယ်) |
| ၁၅။ | သာသနာပြုမှုကြို (မှုကြိုစာစဉ် - ၁) (သင်ကြားမှုသင်ယူမှုလက်တွေ့သရုပ်ပြစာစဉ်များ) | အောင်သင်း |
| ၁၆။ | ကွေ့ | စာရေးဆရာများ |
| ၁၇။ | ကိုယ့်ကိုယ်ကိုယ်ပြင္ဆင်ဖို့ | စာရေးဆရာများ |
| ၁၈။ | နပွေနီး ပလုံတွို | ကိုပိုက် |
| ၁၉။ | မိုးနှင့်ရေ | ခင်ဆွေဦး |
| ၂၀။ | ယောကျ်ားတံခွန် လူရည်ချွန် | စာရေးဆရာများ |
| ၂၁။ | ရွှေကြာပင်တိုက်ခန်းကမန္တလေးအလွမ်း | မန္တလေးစာရေးဆရာများ |

စာပေခရီးသွားများ

၂၂။ မင်းအချိန်ကိုမင်းပိုင်တယ် — အောင်သင်းနှင့် လူငယ်စာရေးဆရာများ

၂၃။ ပညာရေး…ပညာရေး၊ ရှက်ဖွယ်…ရှက်ဖွယ် — မင်းသစ်

၂၄။ နေဝန်းဖလ်ဝါ — ခင်ဆွေဦး

၂၅။ ဓာတုဗေဒအတွက်သော့ချက်တစ်ရာ — ဒေါက်တာခင်မောင်ညို

၂၆။ မှသားဆိုလျှင် ရယ်ဖွယ်မျှပင်မပြောလေနှင့် (သမီးချစ်ကလေးတို့အတွက်-တွေးမြင်ခံစားသုတရသစာစုများ) — ခင်လန်းဆန်း

၂၇။ ပြောင်းလဲတိုးတက်လာသည့်အာဆီယံနှင့် အာဆီယံအညွန်း — အောင်ထူး

(ယခု) မိန်းမတံခွန်လူရည်မွန် — စာရေးဆရာများ

## ဆက်လက်ထုတ်ဝေမည့် စာအုပ်များ

၂၉။ 'ချစ်ညီမလေးသို့' (အားဖြည့်စာများ) — ခင်လန်းဆန်း

၃၀။ 'တာဝန်သိစိတ်တာဝန်ယူစိတ်' — စာရေးဆရာများ

၃၁။ လူမှုဘဝရှခင်း — ကျော်ရင်မြင့်

၃၂။ ဆိုအံကြဲကာ အမှန်ရှာပွားဖို့ Poem မြန်မာပြန်ကဗျာများ — လန်ထောင်စပ်စုလေး

၃၃။ 'လူဆိုသည်မှာ' — စာရေးဆရာများ

၃၄။ 'သမီးချစ်ကလေးတို့အတွက် -၂' — ခင်လန်းဆန်း

၃၅။ 'ပညာအသိ' — စာရေးဆရာများ

၃၆။ 'ကိုယ်ကျင့်နဲ့သိက္ခာ' — စာရေးဆရာများ

၃၇။ 'ရွှေစကားစာစုများ' — ရွှေစကား